# ပန်းသီခိုင်



design : bo bo htoon

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် - ၇၅၁/၂၀၀၄ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၃၆/၂၀၀၄ (၉)

ပုံနှိပ်ခြင်း

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

ပုံနှိပ်သူ

ဦးမြင့်သန်း (မြဲ-၀၄၉၀၂)

စံပယ်အော့ဖ်ဆက်

၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ

ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၈၅၁)

အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊

ရန်ကုန်မြို့။

# ပန်းသီခိုင်




စိုးမိုး-စာပေ

## အခန်း(၁)

လှေကားလက်တန်းကို လက်နှစ်ဘက်နှင့် ဖွဖွလေး ဆုပ်ကိုင်ရင်း လှေကားထိပ်မှ စီးမြင်နေရသော ဧည့်ခန်းကျယ်ကြီးကို ငုံ့ကြည့်နေမိ၏။

သီချင်းသံတိုးတိုးနှင့်အတူ ဖွန်းခက်ရင်းသံတွေရော၊ ရယ်မော စကားပြောသံတွေပါ ကြားရသလို ပျော်ရွှင်စရာကောင်းလွန်းသော ဧည့်ခံပွဲမြင်ကွင်းကြောင့် နှုတ်ခမ်းလေးစေ့ထားရင်း တစ်ချက်ပြုံးဖြစ်သည်။

ရှေ့ရောက်ရှိနေသူအားလုံး အပေါ်ထပ် ဖြူး ငုံ့ကြည့်နေရာကို မော့ကြည့်ဖို့ စိတ်ကူးရှိပုံ မရ။

လွတ်လွတ်လပ်လပ် ရယ်မော. စားသောက်နေကြတာကို ကြည့်ရတာ 'တကယ်ပဲ ပီတိဖြစ်ချင်စရာ။

ဖေဖေကတော့ သူ့မွေးနေ့ပွဲမှာ. ရင်းနှီးခင်မင်မှုရှိသော မိတ်ဆွေတွေကို 'အားပါးတရ ဧည့်ခံနေလိုက်တာ မောပန်းပုံ ပင် မရ။

ဖြူးက ဖေဖေ့ကိုကြည့်ရင်း ဖေဖေ့ဆီမှ အပျော်လေး ကူးစက်လာသလို ခံစားရကာ လူက မြှောက်ကြွကြွလေး ဖြစ်လာရသည်။

ကလေးငယ်တစ်ဦးလို ခုန်ပေါက် ပြေးလွှားကာ ဖေဖေ့အနားမှာ သွားရပ်ပြီး ဖေဖေနှင့်အတူ ဧည့်ခံပစ်လိုက်ချင်

သည်။

"မမဖြူ ... ဖုန်းလာနေတယ်"

ကောင်မလေးတစ်ဦးက ခေါင်းလေး ငုံ့ချထားရင်း လာရောက်ပြောဆိုသည်။

"ဘယ်သူ့ဆီကလဲ"

"ဒါရိုက်တာတစ်ဦးလို့ ပြောပါတယ်"

"ဖုန်း ဘယ်သူကိုင်တာလဲ"

"မေမေကြီးပါ"

"အင်း ... လာခဲ့မယ်"

ဧည့်ခန်းကျယ်ကြီးထဲမှ မြင်ကွင်းကို တစ်ချက် ငုံ့ကြည့်ရင်း သည်နေရာမှ မခွာချင်အောင် ဖြစ်နေမိသည်။

သည်နေ့ လုံးဝ အနားယူမယ်လို့ တွက်ထားခဲ့တာ။ ဖုန်းလည်း မကိုင်ဘူးလို့၊ ဖုန်းလာရင် မခေါ်နဲ့လို့ အားလုံးကို မှာထားလျက်သားနဲ့ မေမေကြီးက ဘာလို့ခေါ်ပေးရတာပါလိမ့်။

မကျေမနပ်နှင့် နှုတ်ခမ်းစူချင်ရသည်။

စဉ်းစားကြည့်လေ။ ဖြူးမှာ နားရက်ရယ်လို့ ဘယ်မှာရှိလို့တုန်း။

ကားရိုက်ဖို့ နယ်ထွက်ရတာနဲ့၊ ကန်တော့ပွဲ သွားရတာနဲ့၊ အဝတ်အစားအတွက် စီစဉ်ရ၊ အစစအရာရာအတွက် ပြင်ဆင်ရနဲ့။ သည်ကြားထဲ မဂ္ဂဇင်းတွေက အကူအညီတောင်းလို့ လုပ်ပေးရတာ တစ်မျိုး၊ မသွားမဖြစ် သွားလာရသည့် ဧည့်ခံပွဲက တစ်မှောင့်။

စက်ရုပ်တစ်ရုပ်လို လှုပ်ရှားနေရတာ။ ကြာတော့



ရူးချင်စိတ်တောင် ပေါက်မိသည်။

"ဖြူးဖြူးဇော်မောင်" ဆိုပြီး ကျော်ကြားလွန်းလှတဲ့ နာမည်နောက်ကွယ်မှာ ဖြူး ဘယ်လောက် ပင်ပန်းခေါင်းရှုပ်ရသလဲ။

သည်နေ့တော့ ဖေဖေ့မွေးနေ့လည်းဖြစ်၊ ဖြူး လည်း နေမကောင်းဖြစ်ချင်သလိုလို ရှိတာကြောင့် ညစာ ထမင်းစားပွဲ လူစုံချိန်မှာ မနက်ဖြန် နားမည်ဟု ကြေညာထားလိုက်တာ။

ဖြူး မိသားစုကလည်း အားနာတတ်လွန်းသည်။

လူတစ်ဖက်သားကို အပြတ်မပြောချင်ကြဘဲ ညှာတာစာနာစိတ်ကလေး ကိုယ်စီရှိနေတာ ဖြူး ငြင်းပစ်ချင်သည့် ကိစ္စတွေမှာတောင် တစ်ချိန်က နာမည်ကြီးခဲ့သော ဖေဖေ ဒါရိုက်တာ ဦးဇော်မောင်က ...

"လုပ်ပေးလိုက်ပါ သမီးရယ်"

"ကူညီလိုက်ပါ သမီးရယ်"

"လက်ခံလိုက်ပါ သမီးရယ်"

နှင့် ပြောတတ်တာကြောင့် ဖြူး ခေါင်းညိတ်ရသည်။

ဖေဖေက ဒါရိုက်တာကြီးပေမယ့် ဖြူးက လွယ်လင့်တကူ မင်းသမီးတစ်လက် ဖြစ်လာခဲ့တာ မဟုတ်။

တခြားလူတွေလိုပဲ မျက်နှာငယ်ငယ်နှင့် အရံခန်းက စတင်ရိုက်ကူးခဲ့ရတာ။

လူတွေကလည်း နာမည်ကြီးမှ အရေးပေးချင်တာ။

ဖြူး အရှိန်မရသေးခင်ကဆို အထင်သေးချင်သလိုလို ပေါ့ပြက်ပြက် သဘောထားခဲ့ကြတာ။

ဖြူးကတော့ ခံစားခဲ့ရသူမို့ မေ့မပစ်နိုင်။

ကိုယ့်အရှိန်ကို မက်မောပြီး စီးပွားရေးတွက် တွက်ပြီး ချဉ်းကပ်လာသူတွေကို မလွဲသာလို့သာ ပြုံးပြရတာ။

အရင်တုန်းက ဖြူးနှင့် အခု ဖြူးကို ဆက်ဆံပုံက တခြားစီ။ အသည်းယားဖို့ ကောင်းလွန်းလှသည်။

"မမဖြူး"

ဒုတိယအကြိမ် လာအခေါ်မှာ လူက ဆတ်ခနဲ လှည့်ရင်း အပေါ်ထပ် ဧည့်ခန်းဘေးရှိ တယ်လီဖုန်းအနားကို ရောက်လာ ခဲ့ရသည်။

ချထားသော ဖုန်းခွက်ကို ကောက်ယူရင်း …

"ဟဲလို"

ဟု အသံပြုကာ ဒရင်းဘက်ပေါ် ပစ်လှဲချလိုက်သည်။

"ဖြူးလား"

သည် ဒါရိုက်တာအသံကို ဖြူး မှတ်မိပါသည်။ ဖြူးနဲ့ ကားပေါင်း နှစ်ဆယ်နီးပါး တွဲလုပ်ခဲ့ဖူးတာပဲလေ။

"ဟုတ်ကဲ့ ပြောပါဦး"

"ဖြူးအတွက် ကားကောင်းတစ်ခု ရထားလို့၊ ဇာတ်လမ်းဖတ်ကြည့်ဖို့ ပို့ခိုင်းလိုက်မယ်"

"အင်း"

"ဖြူး နေမကောင်းလို့ နားတယ်လို့ ပြောပါတယ်၊ အတင်းခေါ်ခိုင်းလို့ မေမေကြီးက ခေါ်ပေးတာ"

"ဟုတ်ကဲ့"

"ဖြူး … "ချစ်မှာလား မုန်းမှာလား ဖြေ" ရုံတင်ရက် ကျလာပြီ"



"ဪ … ဟုတ်လား၊ အယ်ရက်လဲ"

"(-) နေ့ပါ"

"ဇာတ်လမ်းဖတ်ပြီး ဖြူးကြိုက်မှာပါ၊ ဇာတ်က မိန်းကလေး ဇာတ်ပဲ၊ မင်းသားနှစ်လက်နဲ့ ရိုက်မှာ၊ ဖြူးနဲ့ သင့်တော်မယ်လို့ ယုံထားတယ်၊ လက်ခံဖို့လဲ စဉ်းစားနော်"

"ဟုတ်ကဲ့ … ဒိတ်တော့ စောင့်ရမှာနော်"

"အင်းပါကွာ … ကာလာဖလင် လျှောက်ထားတုန်း ရှိပါသေးတယ်"

ဖုန်းချပြီးတော့ ဖြူး မေမေကြီး ရှိရာကို လျှောက်လာ ခဲ့သည်။

မေမေကြီးက လသာဆောင်မှာ ခုံတစ်လုံးနှင့် ထိုင်ငေးမောနေ၏။

"မေမေကြီး … ဘာလို့ ဖြူး မရှိဘူးလို့ မပြောလိုက်တာလဲ"

"ကွယ် … သမီးရယ်၊ အားနာစရာ၊ တစ်ဖက်က အတင်းအကျပ်ဆိုတော့ အရေးကြီးသလားလဲ မသိ"

"မေမေကြီးကတော့ လုပ်ပြီ၊ အားနာတာပဲ အမြဲပါနေ"

ဖြူး မကျေမနပ်နှင့် ပွစိပွစိရေရွတ်ရင်း ထွက်လာခဲ့သည်။

ပရိသတ်တွေသာ ဖြူးအဖြစ်ကို မြင်လျှင် …

"အမယ်လေး …ကြီးကျယ်ရန်ကော"

ဟု အပြစ်တင်ချင်စိတ် ဝင်လျှင်ဝင်မှာ။

ဖြူး ဘက်ကတော့ မုန်းနေတာပါပဲ။

ဖြူး ဖုန်းက တစ်ချိန်လုံး အဆက်မပြတ် မြည်နေတတ်သည်။

ပရိသတ်ကို ပေးထားတာ တစ်ခု၊ အလုပ်ကိစ္စအတွက် သုံးတာက တစ်ခု။

ပရိသတ်ကို ပေးထားသော ဖုန်းက အောက်ထပ်ဧည့်ခန်းမှာ ရှိသည်။ အဲသည်ဖုန်းကတော့ တစ်အိမ်လုံး လက်လွှဲထားရတာ။ အချိန်မရွေး အလိုက်မသိ မြည်တတ်လွန်းလို့။

ဖြူးကတော့ အဲသည်ဖုန်းကို မကြည့်ချင်လောက်အောင် စိတ်ပျက်ပါသည်။

တချို့ကျတော့ တိုတိုတုတ်တုတ်။ မသိတာ နားမလည်တာ မရှင်းတာ မေးတတ်တာ။

တချို့ကျပြန်တော့ အဓိပ္ပာယ်မဲ့ လျှောက်ပြောနေတာ။

သို့ကြောင့် အဲသည်ဖုန်းကို ဖြူး လုံးဝမကိုင်ဖြစ်တော့။

မအားလပ်တာလည်း ပါသည်။

ပရိသတ်အတွက် ဖြူး ကြိုးစားနေရသည်။ တကယ်အပင်ပန်းခံလုပ်သည်။ ဘယ်တော့မှ ပြီးပြီးရော မလုပ်တတ်။

ဖြူး အနုပညာကို ပိတ်ကားပေါ်မှာပဲ တဝကြီး ခံစားစေချင်သည်။ ကိုယ်ရေးကိုယ်တာ စပ်စုတာမျိုးကျ ဖြူး မကြိုက်ချင်ပါ။

အလုပ်ကိစ္စအတွက် ပေးသင့်သည့်လူကိုမှ ပေးထားသော ဖုန်းနံပါတ်သည်ပင် တစ်ခါတစ်ရံ ပရိသတ်လက်ထဲ ဘယ်လိုလုပ် ရောက်သွားသည်မသိဘဲ ဖြူးဆီ ရောက်လာ



တတ်သည်။

"ဖုန်းမှားနေတယ်"

ဟု ညာပစ်ရင်း ရှည်လျားလွန်းသော စကားတွေကို နားထောင်ဖို့ အချိန်မပေးနိုင်ခဲ့ပါ။

"ဒီအခန်းအတွက် ဒီအဝတ်အစား၊ ဒီဆံပင်၊ ဒီပုံစံ"

ဟု ရွေးချယ်ရတာက တစ်မျိုး။

ဒီဇိုင်းအသစ်၊ ပုံသဏ္ဌာန်အသစ်ထွင်နိုင်ဖို့ စဉ်းစားရတာက တစ်မျိုး။

ဖြူး အနေအထားကို ဖြူးလည်း သိသည်။

လမ်းထွက်လျှောက်လည်း လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားလို့ မရတာကြောင့် သိပ် စိတ်ပျက်မိသည်။

လူတွေ ဝိုင်းအုံကြည့်သည့် ခဏမှာတော့ ကိုယ့်ဘဝကိုယ်စိတ်ပျက်ပါသည်။

တခြားလူတွေလိုပဲ လမ်းပေါ် လျှောက်သွားချင်သည်။ တွေ့ရာ လမ်းဘေးဆိုင်လေးတွေထဲ မုန့်ဝင်စားပစ်ချင်သည်။ ရုပ်ရှင်ရုံရှေ့မှာ တန်းစီပြီး တဟေးဟေး တဟားဟား နှင့် ပျော်ချင်သည်။

လူစည်ကားရာ နေရာတွေ လျှောက်လည်ပြီး တစ်နေကုန်နေပစ်ချင်ပါသည်။

ရင်ထဲမှာတော့ အဲသည် ဆန္ဒတွေသာ စိုးမိုးနေလျက် လူကတော့ အလုပ်ထဲမှာ နစ်မြုပ်နေရသည်။

အခန်းတံခါးကို တွန်းဖွင့်ရင်း ဖြူး အတွက် သီးသန့်ထားရှိသော အခန်းထဲကို ဝင်လာခဲ့သည်။

သည်အခန်းထဲမှာ ဖြူးနေတာ မဟုတ်ပါ။ ပစ္စည်း

ပစ္စယတွေ ထားသိုသိမ်းဆည်းတာ။

အခန်းက သိပ် ရှင်းရှင်းလင်းလင်း မရှိဘဲ မျက်စိနောက်စရာ ကောင်းနေ၏။

ခုတင်တစ်လုံးရှိပြီး ခုတင်ပေါ်မှာ ဖျာတစ်ချပ်ခင်းထားကာ ဖျာပေါ်မှာတော့ အဝတ်အစားထပ်တွေ။

ထဘီအထပ်တွေ၊ အင်္ကျီအထပ်တွေ၊ တခြားအဝတ်အစားထပ်တွေနှင့် ပြည့်နေ၏။

အခန်းပတ်လည် နံရံတစ်ပြင်လုံးမှာ နံရံကပ် မှန်ဗီရိုတွေရှိနေသည်။ အဲသည်အထဲမှာလည်း အဝတ်အစားတွေ၊ ဖိနပ်တွေ၊ ဆံပင်အတု ပုံစံအမျိုးမျိုးတွေ၊ ဗိုက်အတုတွေ၊ တခြား အသုံးအဆောင်ပစ္စည်းတွေ။

အလွယ်တကူ ယူနိုင်အောင် စီစဉ်ထားရသည်။

အင်္ကျီတွေဆိုလည်း ရှပ်တွေသတ်သတ်၊ ရယ်ဒီမိတ်တွေသတ်သတ် တစ်ထပ်စီခွဲထားရသည်။ ချိတ်ထားတာရော၊ ခေါက်ထားတာရော စုံနေ၏။

အင်္ကျီတွေက များလွန်းသဖြင့် တစ်ခါတစ်ရံ မမှတ်မိတော့ဘဲ တစ်ခါဝတ်ပြီးသားလည်း တစ်ခါ ပြန်ဝတ်မိကာ အင်္ကျီထပ်သွားတာမျိုး ဖြစ်တတ်တာကြောင့် မနည်းကြီးခွဲထားရသည်။

ဖိနပ်အမျိုးမျိုးကိုလည်း မထပ်အောင် သတိထားစီးရသည်။

အလှပြင်ပစ္စည်းတွေကို မှန်ဗီရိုနှင့် သီးသန့်ထားရသည်။

မဝတ်တော့မည့် အင်္ကျီတွေ၊ မသုံးတော့မည့် ပစ္စည်း



တွေအားလုံး ထည့်ထားဖို့ တောင်းကြီးတစ်လုံးလည်း ချထားသည်။

ကောင်မလေးနှစ်ယောက်နှင့်အတူ သည်အခန်းကို မကြာ ကြာ ရှင်းလင်းရသည်။

မေမေကတော့ ဘာမှမလိုအောင် လုပ်ပေးရှာပါသည်။

ဖြူး အခန်းကိုလည်း ဝင်ရှင်းပေးတတ်သည်။

ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ နားဆွဲတွေ၊ ကလစ်တွေ၊ ဖဲပြားတွေ၊ မျက်မှန်တွေ၊ ခေါင်းစည်းကြိုးတွေ လိုအပ်သည့် တိုလီမိုလီလေးတွေကို အခန်းအလယ်မှာ ပဒေသာပင်လို ဆုံလည်ကြီးလုပ်ပြီး တစ်ခုချင်း သေချာထားရသည်။

လိုချင်တာကို ဆတ်ခနဲ ဖြုတ်ယူသွားပြီး ပြန်လာလျှင် သူ့နေရာလပ်မှာသူ ပြန်ထားနိုင်အောင် ဖန်တီးထားရသည်။

ဗီရိုတို့၊ မှန်တင်ခုံတို့ထဲမှာ ဘူးနဲ့ ထည့်သိမ်းထားလို့ ရမှ မရနိုင်တာ။ ခုလို ပဒေသာပင်ကြီးလုပ်ထားရတာတောင် ရှာရသိပ်မလွယ်သေးတာ။

ထည့်သိမ်းထားလျှင်တော့ အဲဒါလေးတွေ တစ်ခုချင်း ရှာယူနေရတာနှင့်ပင် ခေါင်းမူးသွားနိုင်သည်။

သားရေသေတ္တာ အရွယ်စုံ၊ ဆိုက်စုံ၊ ပြီးတော့ အိတ်အကြီးအငယ်တွေ။

ရှူတင်သွားလျှင် အဲဒါတွေက သယ်ယူရေးမှာ တကယ်အဓိကကျသည်။ အခန်းထောင့်မှာ အဲဒါတွေကို တန်းစီချထားသည်။

မှန်ဗီရိုကို ဆွဲဖွင့်ရင်း လက်သည်းနီပုလင်းတွေဆီ

အကြည့်ရောက်သည်။ ဘယ်အရောင် ကုန်ခါနီးပြီလည်းဟု ဆန်းစစ်ရသေးသည်။

လက်သည်းနီပုလင်းအလွတ်တွေ၊ ရေမွှေးပုလင်း အလွတ်တွေကို တစ်ခါတည်း လွှင့်ပစ်ကျင့်လည်း လုပ်ထားရသည်။

လေးဘက်လေးတန် မှန်တွေကာထားသော အခန်းလေးထဲ ဝင်ပြီး ဖြူး လုပ်နေကျပုံစံတွေကို ထောင့်စုံကွက်စုံမှ သုံးသပ်ကြည့်မိ၏။

"နည်းနည်း မျက်နှာကျသွားတယ်"

ဟု တွေးရင်း သိပ်မကျေနပ်ချင်။ သည်ည စောစော အိပ်ရာဝင်ရမည်။ ပြီးတော့ မှောက်အိပ်ရမည်။

မှောက်အိပ်လျှင် မျက်နှာပြည့်တာ ဖြူး ယုံသည်လေ။

မတိုမရှည်ရှိသော ဆံပင်ကို မနက်ဖြန် ညှပ်ပစ်ဖို့ စဉ်းစားထားရသည်။ ဆံပင်အရှည်လည်း မထားနိုင်ပါ။ ခေါင်း လေးသည်။

မနေ့တုန်းကတော့ ကမ်းလှမ်းလာသော ဗွီဒီယိုသုံးကားကို ငြင်းပစ်လိုက်ရသည်။

ရိုက်ရက်မှ မပေးနိုင်တာ။

ဖြူးက ကောင်းသည်ထက်ကောင်းအောင် ကြိုးစားနေရသူမို့ ကားလေးတွေအတွက် အချိန်သိပ်မပေးနိုင်ပါ။

ဖြူးတို့လောကမှာတော့ ရုပ်ရှင်ကို 'ကားကြီး' ဟု ခေါ်ပြီး ဗွီဒီယိုကို 'ကားလေး' ဟု ခေါ်ဝေါ်သည်။

ကားလေးတွေထဲမှာ ဇာတ်လမ်းသိပ်ကြိုက်မှသာ ဖြူး လက်ခံဖို့ အချိန်ပေးနိုင်ဖို့ မနည်းစဉ်းစားရသည်။



ဖြူးကို ဘယ်လိုပဲထင်ထင် သိပ်ဂရုမစိုက်နိုင်ပါ။ ဖြူးကတော့ ...

"ကိုယ်မှန်တာကိုပဲ ကိုယ်ရွေးချယ်ရပါမည်"

ဖေဖေ့ဧည့်ခံပွဲ ကျင်းပရာနေရာ ဧည့်ခန်းကျယ်ထဲကို လှေကားရင်းမှ ငုံ့ကြည့်ရင်း လက်ဖမိုးပေါ် မေးလေးတင်ကာ ဖွင့်ထားသော တေးသွားအလိုက်မှာ မျောနေမိသည်။

မျက်လုံးလေး ထောင့်ကပ်ရင်း မနက်ဖြန် နေ့လယ်ပိုင်း သီတွဲ (ပေလီ)သို့ ကားရိုက်သွားရမှာ တွေးနေမိသေးသည်။

ထည့်စရာရှိတာတွေ၊ ယူစရာရှိတာတွေ အားလုံးတော့ မေမေ့ကို ပြောဆိုမှာထားပြီးသား။

ဖြူး ခရီးသွားခါနီးတိုင်း မေမေက သူ့စိတ်တိုင်းကျ ပြင်ဆင်ထည့်သိုပေးတတ်သလို တစ်ဦးတည်းသော ဖြူး အဒေါ်ကလည်း အမြဲကိုယ်တိုင် လိုက်ပါစောင့်ရှောက်ပေးတတ်သည်။

ဖေဖေ့အစ်မကြီး ဖြူး အဒေါ်သည် ဖြူးကို အင်မတန် ဂရုစိုက်ရှာသည်။ အလိုလည်းလိုက်သည်။

ဖြူးက အစားအသောက်တော့ ကြေး(ဂျီး)များတတ်သည်။

ဘယ်အစားအစာကိုမှ တမက်တမော မရှိလှပေမယ့် မနှစ်သက်သည့် အစားအစာဆို ကြိတ်မှိတ်စားမရပါ။

အဲသည်အကျင့်ကတော့ ငယ်စဉ်ကတည်းက၊ မင်းသမီးမဖြစ်ခင်ကတည်းက၊ ကျောင်းတက်နေကတည်းက ရှိခဲ့တာပါ။

မေမေဆို ဖြူး မကြိုက်သော ပဲပင်ပေါက်ကို စားစရာ အစာအဖြစ်ပင် မေ့လျော့မိသည့် အဖြစ်။

ဖေဖေက ပဲပင်ပေါက်မှာမှပဲ ဝယ်ဖို့ သတိရတော့သည်။

ဖြူးက မကြိုက်တာဆို ...

"ဟင့်အင်း ...ဒါ မကြိုက်ဘူး"

ဟု မပြောတတ်ပါ။ လုံးဝမစားဘဲ တိတ်တဆိတ် နေလိုက်သည်။

ဖြူးက မကြိုက်ပေမယ့် ကြိုက်တဲ့သူတွေက စားနေကြတာလေ။

အဲသည်လို အားနာသိတတ်မှုလေးတော့ ဖြူးမှာ ဟိုးကတည်းက ရှိခဲ့သည်။

ဖေဖေတို့ မေမေတို့ အကျင့်စရိုက်ပဲ ဖြစ်လိမ့်မည်။

မေမေ့ကို လှမ်းကြည့်မိတော့ အမျိုးသမီးကြီး သုံးလေးဦးနှင့် စကားပြောနေတာ တွေ့သည်။

ဖြူး မေမေလို့ မပြောရ၊ မေမေက တကယ်ပဲ ကျက်သရေရှိစွာ ချောမောသည်။

မင်းသမီး အမေမို့လားတော့ မသိ၊ တခြားတခြားသော အမျိုးသမီးကြီးတွေထက် မေမေက ပိုပြီးကြည့်ကောင်းနေသည်။

ဖြူး အရမ်းလှတာ မေမေ့ကြောင့်ပဲ ဖြစ်မည်။

ဖေဖေကလည်း ထောင်ထောင်မောင်းမောင်းနှင့် ခန့်ချောချောတာပါပဲ။

သို့ကြောင့်လည်း ဖြူးကို ...



"ချစ်စရာလေး ချောလိုက်တာ"

ဟု လူတိုင်းလက်ခံကြတာ ဖြစ်မည်။

ဖြူး ဝတ်သလို ဝတ်ကြသည်။ ဖြူး ပြောသလို လိုက်ပြောကြသည်။ ဖြူး အမူအရာလေးတွေကို စွဲမက်ကြသည်။ မြတ်နိုးကြသည်။

တွေးကြည့်လျှင်တော့ ဘဝင်မြင့်ချင်စရာကြီး။

ဖြူးကတော့ သိပ်ဘဝင်မမြင့်မိပါ။

ရှိနေသည့် အခြေအနေပေါ်မှာ မူတည်ပြီး ပျော်သင့်သလောက် ပျော်သလို၊ မာနလည်း ရှိသင့်သလောက်တော့ ရှိနေသည်။

××××

## အခန်း (၂)

"မောင် …သိပ်မိုးမချုပ်နဲ့နော်"

ရေမွှေးပုလင်းကို မောင့်ထံ လှမ်းပေးရင်း နွံ့သာ လှိုင်းဦး"မှာနေမိသည်။

"အင်းပါကွာ"

'ဟသ်ာရုံ'က ခေါင်းညိတ်တာမို့လည်း ကျေနပ်ရမြဲ သည်။

"သမီးကိုကြိုဖို့ကော"

"ဒရိုင်ဘာလွှတ် ကြိုခိုင်းလိုက်ကွာ၊ နော် …နွံ့သာ"

"အင်း …အင်း"

ဟသ်ာရုံက နွံ့သာ အသင့်ထုတ်ထားသော ရှပ်အင်္ကျီ နှင့် ပုဆိုးကိုဝတ်ပြီးမှ သိပ်မနှစ်သက်လှပုံနှင့် ဘောင်းဘီရှည် ပြောင်းလဲဝတ်ဆင်သည်။

"ကုတ်အရှည်ကြီးတစ်ထည် ထုတ်ပေးစမ်းပါကွာ"

နွံ့သာက လောင်းကုတ်အညိုရောင်တစ်ထည် ထုတ် ပေးတော့ ရှပ်အင်္ကျီအပေါ်မှ ထပ်ဝတ်ရင်း အချိုးတကျဖြစ် အောင် ပြင်ဆင်နေ၏။

ရေမွှေးဆွတ်နေသော ခင်ပွန်းဖြစ်သူကို ခုတင်စွန်းမှ ထိုင်လျက် နွံ့သာ ခပ်ငေးငေး ကြည့်နေဖြစ်သည်။



သားနဲ့သမီးတောင် ဆယ်တန်းတက်နေကြပြီ။ နွံ့သာ ယောကျ်ားကတော့ ချောမောခန့်ညားဆဲပါလားဟု တွေးရင်း ပြုံးဖြစ်သည်။

ယောကျ်ားကောင်း ပီသသော၊ တာဝန်ကျေလွန်းသော မောင့်ကို နွံ့သာ အားကိုးလွန်းစွာ တွယ်တာရတာတွေကတော့ ခုချိန်မှာ ကလေးကလားဆန်မှာမို့ ပြန်ပြောလို့ကောင်းသည့် စကားများ မဟုတ်တော့ပါ။

မောင်က 'အမြွာမောင်နှမ'ကို တကယ်ပဲ ချစ်ရှာ သည်။ ကျောင်းဆို ကိုယ်တိုင်ကြိုပို့၊ ကျူရှင်ဆို ကိုယ်တိုင် ကြိုပို့၊ သားသမီးကိုတော့ လိုလေသေးမရှိ ဂရုစိုက်ရှာသည်။

နွံ့သာကိုလည်း စိတ်ချမ်းသာအောင် ထားတတ်တာ ပါပဲလေ။

ဘာမှများ ပူပင်စရာရှိခဲ့လို့လဲ။

မောင့် အရိပ်အာဝါသအောက်မှာ နွံ့သာဘဝက အမြဲ အေးမြစိုပြည်နေခဲ့သည်။

ဒါတွေ ဒါတွေကြောင့်လည်း နွံ့သာ မောင့်ကို ချစ်ရ တာပေါ့။ အသက်အရွယ်ကြီးပြင်းလာပြီး သားသမီးတွေ အရွယ်ရောက်လာကြပေမယ့် နွံ့သာ မေတ္တာတွေကတော့ အိုမင်းသွားသည်မရှိဘဲ ထာဝရ လန်းဆန်းဖြူးသစ်နေခဲ့သည်။

နွံ့သာ ရင်ထဲမှာတော့ မောင်နှင့် လက်ထပ်ပြီးခါစ အချိန်တုန်းကလိုပဲ မောင့်ကို ရင်ခုန်စွာ ချစ်နေရသည်။

မောင့်ဘက်ကကော …

မောင်ကတော့ လူကြီးဆန်စွာ သိက္ခာအပြည့်နှင့် ရှိနေလေသည်။

နံ့သာ ဝမ်းသာရပါသည်။

နံ့သာတို့ သုံးဦးအပေါ်မှာ မောင်က တကယ်ကောင်းနေသည်။ တခြား ဘာလိုသေးလဲ။

သားနှင့်သမီး အမြွှာနှစ်ယောက်ကိုရော၊ နံ့သာကိုရော အစစအရာရာ ဖေးမမှုရှိသည်။ နားလည်မှုရှိသည်။ အကြင်နာကို အပြည့်အဝပေးထားသည်။

နံ့သာ ကျေနပ်သင့်ပြီပဲ။

"နံ့သာ"

"ရှင်"

"မောင့်ကို ထမင်းစားမစောင့်နဲ့"

"အင်းပါ၊ သိပါတယ်မောင်ရဲ့၊ မောင်က စားပွဲသောက်ပွဲသွားမှာပဲဟာ၊ နံ့သာ မစောင့်ပါဘူး"

မောင်စီးမည့် ရှူးဖိနပ်ပြောင်ပြောင်ကို ဖုန်စင်အောင်ခါပြီး မောင့်ရှေ့ချပေးလိုက်ရင်း မွေးကြိုင်သန့်ရှင်းနေသောမောင့်ကို မော့်ကြည့်မိ၏။

လူငယ်လေးတစ်ယောက်လို နုပျိုလတ်ဆတ်နေလိုက်တာကွယ်။

မောင့်ကို ဆယ်တန်းတက်နေသည့် ကလေးနှစ်ယောက်ဖခင်လို့ ထင်ရက်စရာကိုမရှိ။

"မသွားမဖြစ်လို့သာ သွားရမှာ၊ သမီးကြိုဖို့တော့ တာဝန်ပျက်ပြီ"

"တစ်ခါတလေပဲ မောင်၊ ရပါတယ်"

"သမီးက စိတ်ကောက်မယ် မထင်ပါဘူး၊ အမေတူလေးပဲဟာ၊ အဖေကိုချစ်ပြီးသား၊ ဟုတ်တယ်နော် နံ့သာ"



နံ့သာက ကြည်နူးပြုံးလေးနှင့် မောင့်မျက်နှာကိုပဲကြည့်နေမိသည်။

"မောင် သွားမယ်"

"ဟုတ်ကဲ့"

"မှန်းလာရင် မနက်ဖြန်မှဆက်ဖို့ ပြောလိုက်ဦးနော်နံ့သာ"

နံ့သာက ခေါင်းညိတ်မိသည်။

မောင်က စီးပွားရေးတော့ တကယ်လုပ်သည်။

မောင့် ကြိုးပမ်းမှုကြောင့်လည်း နံ့သာတို့ကို သူများတကာတွေ အားကျ၊ မနာလိုကြတာပေါ့။

မျိုးရိုးစဉ်ဆက် ချမ်းသာခဲ့သော မောင်က ပျင်းရိမနေဘဲ မနားမနေကြိုးစားတော့ နံ့သာတို့မှာ ရှိပြီးရင်း ရှိရင်းဖြစ်လာခဲ့သည်။

"သားကော သက်သာရဲ့လား၊ ဆေးတိုက်ရဲ့လား"

"သက်သာပါတယ်၊ အဖျားကျသွားပါပြီ၊ စိတ်ချသွားပါ မောင်ရယ်၊ ပူပန်နေလိုက်တာ"

"ဪ ...နံ့သာ၊ မောင့် စာရင်းဇယားတွေ အားရင် လုပ်ထားပေးကွာ"

"အင်း ...ဘယ်တုန်းက လုပ်မပေးဖူးလို့လဲ"

မောင်က နှုတ်ခမ်းစေ့ရင်း ပြုံးလိုက်တော့ ပါးချိုင့်ခွက်က ထင်းခနဲ ပေါ်လာရသည်။

ဘယ်လိုကြည့်ကြည့် နံ့သာ ယောကျ်ားက လူချောကြီးပါ။ တည်လိုက် ခန့်လိုက်တာ နေ့တိုင်းမြင်နေရသောနံ့သာပင် ကြည့်မဝချင်။

မောင့်ကားနားအရောက် လိုက်ပို့ရင်း မှာစရာတွေ ထပ်မှာရ၏။

"သိပ်မများနဲ့နော် မောင်၊ ဒရိုင်ဘာ ပါတာမဟုတ်ဘူး၊ အရမ်းမူးနေရင် ခက်မှာ"

"စိတ်ချပါ နံ့သာရာ၊ မောင် ဘာမှဖြစ်ဦးမှာ မဟုတ်ဘူး၊ နံ့သာ မေတ္တာတန်ခိုးနဲ့ မောင် မသေနိုင်သေးပါဘူး၊ ဘာဒုက္ခမှလဲ မရောက်နိုင်ဘူး"

မောင်က နံ့သာ စိတ်ချမ်းမြေ့အောင် ပြောတတ်လွန်းသည်။ မောင့်စကားတွေက နံ့သာရင်ကို အပျော်နှင့် ပြည့်စေ၏။

တဖိတ်ဖိတ် အရောင်လက်နေသော ကားလေးနှင့် ထွက်ခွာသွားသည့် ခင်ပွန်းချောကို မျက်စိတစ်ဆုံး ငေးကြည့်ရင်း နံ့သာ ကျန်ရစ်ခဲ့သည်။

မောင် ဘယ်နေရာလေးပဲသွားသွား၊ ချောမော အဆင်ပြေဖို့ ဆုတောင်းပေးတတ်တာ နံ့သာ အကျင့်။

နံ့သာက ဘုရားတရား မြဲသည်။

ခုလည်း မောင့်ခရီးတစ်လျှောက် အိမ်ပြန်ရောက်ချိန်အထိ အဆင်ပြေသာယာပါစေဟု စိတ်ထဲမှ ဆုခြွေနေမိပြန်သည်။

တိုက်ထဲပြန်ဝင်လာရင်း သားကြီးအခန်းဘက် လျှောက်လာခဲ့သည်။

သားကြီးနှင့် သမီးက အပြိုင်အဆိုင် စာဟော်ကြကာ တစ်တန်းတည်း တက်ကြသူတွေမို့ နံပါတ်တစ်နေရာကို မောင်နှမနှစ်ယောက် တလဲစီ လုနေကြရသည်။



သည်ရက်ပိုင်းမှာတော့ သားကြီး ဖျားသည်။ ကျောင်းလည်းမတက်နိုင်၊ စာလည်းမကျက်နိုင်၊ ခုတစ်ပတ် အစမ်းစာမေးပွဲမှာတော့ သမီးက ပြိုင်ဘက်မရှိ ဗိုလ်စွဲမှာ သေချာ၏။

ညပိုင်းဆို နေမကောင်းဖြစ်နေသည့် အစ်ကို့ကို စာတွေလာဖတ်ပြနေတတ်သည်။

"ကိုကို့စိတ်ထဲက မှတ်ထားပေါ့၊ ကျက်စရာမလိုတော့ဘူး၊ မီးက ကိုကို အလွတ်ရသွားအောင် အသံထွက်လာကျက်နေတာ"

ဟု ဆိုတာမို့ မောင်ရော နံ့သာပါ ပြုံးမိကြသည်။

ကိုယ်နှင့် ပြိုင်ဘက်ကို မလိုတမာစိတ် မထားနိုင်။ နစ်နာပါစေတော့ဟု လျစ်လျူမရှုနိုင်။

ပြိုင်ဘက်က ကိုယ်နှင့် မိနစ်ပိုင်းသာကြီးသည့် အမြွှာ အစ်ကိုရင်းလေ။

မောင်ကတော့ သားနှင့်သမီး၏ ဗိုလ်လုပွဲကို သူနှစ်ခြိုက်တတ်သော ဘောလုံးပွဲထက် ပိုစိတ်ဝင်စားကာ မျှတမှုရှိရှိ အားပေးနေ၏။

မမျှတလို့ မရဘူးလေ။ တစ်ဖက်က သား၊ တစ်ဖက်က သမီး။

ခြံရှေ့မှာ ကားရပ်ပြီး လှမ်းကြည့်လိုက်တော့ ဟသ်ာ၏ကားရှေ့မှာ ကားတွေ ပိတ်ကျပ်နေကာ အိမ်ကြီးကို မမြင်ရ။

ကားတံခါးကိုဖွင့်ပြီး ဆင်းလျှောက်မှ ဖြစ်တော့မှာမို့ ဟသ်ာ ကားထဲမှ ဆင်းလိုက်သည်။

ဒါရိုက်တာ ဦးဇော်မောင်က ဟသ်ာနှင့် ရင်းနှီးခင်မင်လွန်းလှသည်။ ဟသ်ာ၏ စီးပွားရေးကြော်ငြာတွေအတွက် အစစအရာရာ ကူညီပေးတတ်သူမို့ ဟသ်ာကလည်း ဦးဇော်မောင်မွေးနေ့ပွဲကို လာရောက်ဝင်နွှဲရခြင်းပါ။

ဧည့်ခန်းကျယ်ကြီးထဲမှာ လူတွေစည်ကားနေတာ တွေ့ရသည်။

"ဟာ …ခုမှရောက်လာရသလား မောင်ဟသ်ာရယ်လာ …ဒီမှာထိုင်ကွာ၊ မလာရင် ငါက စိတ်ဆိုးမလို့ကွ"

ဦးဇော်မောင် မျက်နှာက ရယ်ရွှင်မှုနှင့် နုပျိုနေသည်။ ခါတိုင်းလို လူကြီးတစ်ဦး၏ မျက်နှာတည်မျိုး မဟုတ်ဘဲ ဖျတ်ဖျတ်လတ်လတ် မြူးမြူးသွက်သွက်နှင့် လူငယ်တစ်ဦးလို ရှိနေ၏။

ဟသ်ာရဲ့၏ဘေးမှာ ဦးဇော်မောင်က ဝင်ထိုင်သည်။ စုံလင်လှသော စားစရာတွေနှင့် စုံလင်လှသော ပုလင်းကြီးတွေက ကြိုက်တတ်သူတွေ အတွက်တော့ ပွဲကြီးပွဲကောင်းပါပဲ။

ဟသ်ာကတော့ ဒါတွေ သိပ်မကြိုက်တတ်ပါ။

နှံ့သာလေးက အဲသည်ဘက်မှာ သူ့ကိုအားမပေးခဲ့။

အားကစားတို့၊ အလှူအတန်းတို့ဆို မမောမပန်းအားပေးကူညီတတ်သော ဇနီးက အပျော်အပါး အသောက်အစားတော့ နှာခေါင်းရှုံ့တတ်တာမို့ ဟသ်ာလည်း အလိုလိုရှောင်ရှားဖြစ်ခဲ့သည်။



'မောင်မောင်' ဆိုသော လေသံအေးလေးသည် ဟသ်ာ ကို လိုသလို ပုံပြောင်းပစ်နိုင်သော စွမ်းအားတွေ ရှိခဲ့သည်။

နှံ့သာအလိုကျ နေထိုင်လာခဲ့တာ အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး။

သူ့အပေါ် ကောင်းရှာလွန်းသော ဇနီးကို သူကလည်း စိတ်ချမ်းသာအောင် ထားခဲ့သည်။

ဦးဇော်မောင်နှင့် ဖန်ခွက်ချင်း မြှောက်ထိရင်း ပူရှသောအရည်ကို လည်ချောင်းထဲ စီးဆင်းစေသည့်ခဏမှာ …

"သိပ်မများနဲ့နော်"

ဆိုသော နှံ့သာအသံကို သတိရမိသေးသည်။

ကားတစ်စီးနှင့် လွတ်လပ်စွာ တစ်ဦးတည်း ထွက်လာခဲ့သော သူ့နောက်ပါးမှာ နှံ့သာက ကပ်ငြိပါလာခဲ့သေးသည်။ အိမ်မှာ မကျန်ရစ်ခဲ့။

မေတ္တာပြင်းသူ၏ စွမ်းအားက မြင့်မားလွန်းလှသည်။

နှံ့သာကိုယ်တိုင် လိုက်မလာသော်ငြား နှံ့သာအရိပ်က ဟသ်ာကို စိုးမိုးချုပ်ကိုင်ထားနိုင်သည်။

တော်ပါ နှံ့သာလေးရယ် …

ဦးဇော်မောင်က ဟသ်ာကို အရေးတယူနှင့် ဧည့်ခံကျွေးမွေး၏။

"ဪ …ဒါနဲ့၊ ဦးဇော် သမီးလေး မတွေ့ပါလား"

"ဖြူးကို မေးတာလား"

ဟသ်ာ ခေါင်းညိတ်မိသည်။

သည်ကလေးမ အတော်ပဲ နာမည်ကြီး သတင်းမွှေးနေသည်။ သူမ ရုပ်ရှင်ကားတွေမှာ လူတွေကျိတ်ကျိတ်ခဲခဲ။

မဂ္ဂဇင်းတွေမှာလည်း သူမ။ ပြက္ခဒိန်တွေမှာလည်း သူမ။

ဖြူးဖြူးဇော်မောင် ဆိုပြီး ပရိသတ်ကြီးကို ကိုင်လှုပ်နိုင်လွန်းသည်။

ဦးဇော်မောင်နှင့် ရင်းနီးပေမယ့် သမီးဖြစ်သူ ဖြူးကို အပြင်မှာ တစ်ခါမှ မမြင်ဖူးခဲ့ပါ။

ရုပ်ရှင်ထဲမှာတော့ တစ်ခါနှစ်ခါ ကြည့်ဖူးသည်။ သူမ ပြက္ခဒိန်တော့ အိမ်မှာရှိနေသည်။ လူချင်း တစ်ခါမှ မဆုံဖူး ခဲ့။

သူမ နာမည်မကြီးခင်က ဟာသ်ာတို့ ကြော်ငြာတစ်ခုကိုပါ ဝင်ပေးခဲ့ဖူးသည်။ ခုအနေအထားမှာတော့ ကြော်ငြာတွေ သူမ လက်ခံတော့မည်မထင်။

"သမီးဖြူးက ဒီနေ့နားတယ်လေ၊ သူ့မှာလဲ စက်ရုပ်လိုပါ၊ အနားရတယ် မရှိဘူး၊ ဟိုဟာချွတ်လိုက်၊ ဒီဟာလဲလိုက်လဲ ပင်ပန်းရှာပါတယ်၊ ဒီနေ့ နေလဲမကောင်းတာနဲ့၊ မနက်ဖြန် ဆို သံတွဲသွားရမယ်လေ၊ ငပလီမှာ ကားရိုက်ရှိလို့၊ ဒါကြောင့် ဒီနေ့ အပန်းဖြေ အားမွေးထားတာ"

"ဩော်"

ဟာသ်ာက ဦးဇော်မောင် စကားတွေကို နားထောင်ရင်း စိတ်ဝင်စားသွားရသည်။

နုနုငယ်ငယ် မိန်းကလေးတစ်ဦး ပင်ပင်ပန်းပန်း လုပ် ကိုင်ငွေရှာနေတာကို သူ လေးစားသည်။ အရည်အချင်းရှိ



သည့် သူမကို မြင်ဖူးချင်စိတ်၊ စကားပြောကြည့်ချင်စိတ် ရုတ်တရက်ပေါ်လာသည်။

"ကျွန်တော်နဲ့ တစ်ခါမှ မဆုံဖြစ်ဘူးနော်"

ဟာသ်ာစကားကို ဦးဇော်မောင်က ပြုံးရင်း ခေါင်းညိတ်သည်။

"သမီးက အေးပါတယ်၊ မာနတော့ ကြီးတယ်"

သမီးဖြစ်သူက အောင်မြင်ကျော်ကြားလွန်းလှသူမို့ ဦးဇော်မောင်က ကျေနပ်ဂုဏ်ယူဟန်နှင့် ပြောပြနေ၏။

"တော်ရုံလူနှင့် အရောတဝင် မနေတတ်ဘူး"

"အင်း"

"တစ်ဦးတည်း သီးသန့်နေရတာကို နှစ်သက်တယ်၊ လူတွေက သိပ်စိတ်ဝင်စားနေတော့ ဘယ်သွားသွား မလွတ်လပ်ဘူးလေ၊ အဲဒါတွေကို စိတ်တိုနေတတ်တယ်"

"ဟုတ်တာပေါ့"

ဦးဇော်မောင် စကားတွေကို ထောက်ခံခေါင်းညိတ်ရင်း ဟာသ်ာက စားလိုက်သောက်လိုက် ရှိနေသည်။

"သမီးလေးနဲ့ နောက်ကြုံတော့ မိတ်ဆက်ပေးရမယ်"

ဟာသ်ာက ခေါင်းညိတ်ပြလိုက်သည်။

သူမကို တွေ့ရဖို့က မလွယ်ပါလားဟု နားလည်သွားရာ ရယ်ချင်ရသည်။

အောင်မြင်ကျော်ကြားမှုက သူမရှေ့မှာ ကာဆီး ရပ်ပေးထားတာကိုးဟု တွေးမိရင်း ဦးဇော်မောင်ကို ငေးကြည့်နေဖြစ်သည်။

အိမ်မှာလည်း ရှိနေလျက်၊ အခါအခွင့်လည်း သင့်ပါလျက် ခဏလေး ခေါ်ယူတွေ့ဆုံပေးလိုက်ဖို့ကို ရက်ရွှေ့အစီအစဉ်ဆွဲနေတာကို မကျေမနပ်နှင့် အောင့်သက်သက် ဖြစ်ရသည်။

ညှော့သည်တွေကြားထဲ သမီးဖြစ်သူကို ခေါ်ချင်ဟန်မတူ။

သူမကကော နေနိုင်လွန်းလှချည်လား။

သည်လောက် ပျော်ရွှင်ဖွယ်ရာ စည်ကားနေသောဝန်းကျင်ကို မဆိုင်သလို နေတတ်သည်။

လိုက်ဖက်ညီတဲ့ သားအဖတွေပါလား။

ညှော့ခံပွဲလေး ကျင်းပနေရာ ညှော့ခန်းကို ယောင်၍တောင်ရောက်မလာခဲ့။

တွေ့ချင်စိတ်ဝင်လာမှ မမြင်တွေ့ရတာ စိတ်ထဲကသိကအောက်တော့ ဖြစ်ရသား။

ဟသ်ာဆိုတာကလည်း နှယ်နှယ်ရရမှ မဟုတ်တာ။

ချမ်းသာကြွယ်ဝမှုနှင့် နာမည်ကြီးလွန်းသော သူဌေး။

စီးပွားရေးလောကမှာတော့ အားလုံးလိုလို သိကြသည်။ အထင် ကြီးကြသည်။ ခင်မင်ချစ်ကြသည်။ အားကျကြသည်။ တချို့ကလည်း တိုးဟိုးကျိတ်ကျိတ်နှင့် မနာလို မရှုဆိတ်ဖြစ်နေကြသည်။

အနည်းငယ် မှုးယစ်စပြုတာမို့ ဟသ်ာ ရပ်ထားလိုက်သည်။

"မောင်ဟသ်ာ"

"ဗျာ"



"မောင်ဟသ်ာကို တစ်ရက်လောက် ထမင်းဖိတ်ကျွေးမယ်၊ သမီးဖြူးလဲ အားလပ်တဲ့ရက်ပေါ့၊ ညနေစာလေး၊ ဖုန်းဆက်ပြီး ဖိတ်မယ်"

"ကောင်းပါပြီဗျာ"

ဟသ်ာက ပေါ့ပေါ့တန်တန် ခေါင်းညိတ်လိုက်သည်။

ဖြူးဖြူးဇော်မောင်ဆိုသော မင်းသမီးနှင့် တွေ့ဆုံရဖို့ကိစ္စသည် သူ့အတွက် ဘာအရေးကြီးလို့လဲ။

သည်အကြောင်းအရာကို သည်ဝိုင်းမှာပဲ သူ မေ့လျော့သွားဖို့ရှိသည်။

## အခန်း (၃)

"သမီး"

"ရှင်"

"ဘယ်သွားမလို့လဲကွ"

"မသွားပါဘူး ဖေဖေ၊ ဟိုဘက်ခြံကို ခဏလေး သွားမလို့"

"အမြန်ပြန်လာဦး"

"ဟုတ်ကဲ့၊ ဒီနေ့ညနေ ဖေဖေ့ညှော့သည်တစ်ယောက်ကို ထမင်းစားဖိတ်ထားတာ သမီးသိပါတယ်၊ သမီး ပြန်လာမှာပါ"

"အင်း"

ဖေဖေက ကျေနပ်သလို ခေါင်းညိတ်သည်။

ကိုယ်က သမီးနှင့် မိတ်ဆက်ပေးမည်ဟု ကတိခံထားပြီးသား။

မောင်ဟသ်ာဆိုတာကလည်း ဦးဇော်မောင် ကင်းရှင်းနိုင်သူမဟုတ်။ အခက်အခဲရှိလျှင် ဟသ်ာဆီ အကျိုးအကြောင်းပြောပြီး အကူအညီတောင်းရတာမျိုး ရှိဖူးသည်။

တော်ရုံလူ ဘယ်လိုမှ လိုက်မမီအောင် ချမ်းသာကြွယ်ဝသော လူငယ်တစ်ဦးရှေ့မှာ ကတိဆိုတာကို ပိုမိုခိုင်မြဲစေချင်သည်။



"ခဏနေ သမီးလာမှာပါ၊ ဖေဖေ့ညှော့သည်လဲ ရောက်မှမရောက်သေးဘဲ"

ဖေဖေက ဖြူးပုံစံလေးကို ချစ်မဝစွာ ကြည့်နေမိသည်။

ဘယ်လို ဆတ်တတ်တတ်ပုံစံလေးမှန်း မသိ။

ခြေတံရှည်ရှည်၊ လက်တံရှည်ရှည်နှင့် စကားကို ချွဲတဲတဲလေးပြောပြီး ကလေးဆန်သော ချစ်စဖွယ် မျက်နှာပေးလေးဖြင့် လူတွေ အာရုံအမြောက်အမြားကို ထိန်းထားနိုင်တာ။

သမီးပါဝင်သော ရုပ်ရှင်ကားဆို အမြဲလူပြည့်သည်။

ဦးဇော်မောင်တို့ ခုလိုနေနိုင်တာလည်း သမီး ကြိုးစားမှုကြောင့်။ ထွက်ခွာသွားသော သမီးကို လိုက်ကြည့်ရင်း ပီတိ ပြုံးတစ်ခု ပြုံးမိသည်။

အခုမှပဲ သမီးလေးဘဝကို စိတ်သက်သာရတော့သည်။

သမီးလေး ဟိုတုန်းကတော့ ကုသိုလ်ကံ မကောင်းခဲ့ရှာ။ လောကဓံကို အံကြိတ်ခံစားခဲ့ရတာ နှစ်ပေါင်းများစွာ။

ကျက်သရေမဲ့သော အကြောင်းအရာတွေကို ဦးဇော်မောင် ပြန်မတွေးချင်။

သမီးလေး အတွေးထဲမှာလည်း လုံးဝမရှိစေချင်တော့တာ စေတနာအမှန်ပါ။

သမီးဖြူးက တိုင်းသိပြည်သိ နာမည်ကျော် မင်းသမီးတစ်လက်ဖြစ်နေပြီ။ သူ့ဘဝလေးလည်း အေးချမ်းစွာ ရှိနေပြီ။

ဦးဇော်မောင် အကဲခတ်မိသလောက် သမီးလေးသည် ဆွေးမြည့်ကြေကွဲနေပုံလည်းမရ။ ပျော်မြူးသွက်လက်နေပုံလည်းမရ။ ပကတိတည်ကြည်သော၊ မာကျောသော စိတ်ထားဖြင့် ရပ်တည်နေထိုင်လျက်ရှိသည်။

အရာရာကို ထိတ်လန့်နာကြည်းလျက် စိတ်ဓာတ်က ရင့်မာခက်ထန်နေပြီး အရှုံးကို နောက်တစ်ခါ ရင်မဆိုင်ရအောင် အသင့်ပြင်ထားသော ပုံစံမျိုး။

နူးညံ့ခြင်း၊ သိမ်မွေ့ခြင်း၊ ပျော့ပျောင်းညင်သာခြင်းတွေ အလျှင်းကင်းစင်လျက် ထာဝစဉ် ဘာမထီပုံစံနှင့် ရှိနေသည်။

စိတ်ကြမ်း ကိုယ်ကြမ်းနှင့် ဘယ်ကိစ္စလေးပဲဖြစ်ဖြစ် သာချင်စိတ်၊ နိုင်ချင်စိတ်နှင့်ပဲ ရှိနေတတ်သည်။

ရိုက်ကွင်းထဲမှာတော့ သမီးပုံစံလေးက နူးညံ့အပြစ်ကင်းစင်ကာ ကလေးငယ်တစ်ဦးနှယ် ရှိနေလိုက်တာ။

အနုပညာဆိုတာ အဲဒါပဲ ထင်ပါရဲ့။

လက်တွေ့ဖြတ်သန်းနေရသော ဘဝနှင့် ရုပ်ရှင်ထဲမှ ဘဝကလည်း ကွာခြားလှသည်။

အောင်မြင်ကျော်ကြားမှု နောက်ကွယ်မှာ ထိုအောင်မြင်မှုနှင့် ထိုက်တန်သော ကြိုးစားမှုလည်း ရှိရသည်ပဲ။

တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါ စိတ်ရှည်လက်ရှည် ကျေနပ်မှုရှိသည့်အထိ လုပ်ပေးရတာ။

သမီးကိုယ်တိုင်ကလည်း ပြီးပြီးရော မလုပ်ဘဲ တကယ်အပင်ပန်းခံသည်။ ဘယ်နှစ်ခါ လုပ်ရလုပ်ရ မောသည်မရှိဘဲ အလှဆုံး၊ ချစ်စရာအကောင်းဆုံး၊ သဘာဝ



သည်မျက်ဝန်းလေးတွေ၏ အကြည့်ပြင်းပြင်းကို ရရှိလျှင်တော့ ကောင်လေးတွေ ကြွေသွားမှာ သေချာသလောက်။

နှုတ်ခမ်းလေး တင်းတင်းစေ့ရင်း မျက်လုံးလေးဟိုဘက်သည်ဘက် ရွှေ့လျားလိုက်လျှင် ...

"အင်း ...ဒါတွေကြောင့်လည်း သည်လောက်ကျော်ကြားနေတာပေါ့" ဟုသာ တစ်ဦးတည်း မှတ်ချက်ချမိသည်။

အလိုမကျသလို နှုတ်ခမ်းလေး စူလိုက်သော ...

ကျေနပ်သွားသလို နှုတ်ခမ်းလေး စုပြုံးလိုက်သော...

ပါးကလေးတွေ မို့တစ်သွားအောင် နှုတ်ခမ်းစေ့ရယ်လိုက်သော ...

တစ်ခုခု ပြောချတော့မယောင် နှုတ်ခမ်းလေး ဖွင့်လိုက်သော ...

ဒေါသနှင့် မျက်လုံးလေးတွေ အေးစက်သွားရင်း နှုတ်ခမ်းလေး ချွန်ထားသော ...

ဘဝင်မကျနိုင်တာတွေ နှုတ်ခမ်းလေး လှုပ်ခတ်ရင်း ပွစိ၊ ပွစိ ပြောချလိုက်သော ...

အရာရာကို ကြည်နူးစိတ်နှင့် ပျော်ပျော်ရွှင်ရွှင် နှုတ်ခမ်းလေးနှစ်ခု ဖိကိုက်ထားသော ...

တအံ့တဩပုံစံနှင့် နှုတ်ခမ်းလေးတွေ ဝေးကွာသွားအောင် ခပ်ကျယ်ကျယ် ဖွင့်ဟလိုက်သော ...

လျှပ်တစ်ပြက် ပြုလုပ်လိုက်သော သူမအမူအရာအားလုံးအလိုလိုသည် ရုပ်ရှင်ကြည့်ပရိသတ်အတွက် အသည်းခိုက်စရာတွေချည်း ဖြစ်နေတာတော့ သည်ကောင်မလေး

ဟာသ်ာ ကျေနပ်သွားရ၏။

"ထိုင်ကွာ၊ အေးအေးဆေးဆေးပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

လယ်သာ ဂျာကင်ပြောင်ပြောင်နှင့် ဘောင်းဘီရှည် အပြာရောင်ကို ဝတ်ဆင်ထားသောကြောင့် ဟာသ်ာက လူငယ် တစ်ဦးနှယ် နုပျိုလန်းဆန်းနေရသည်။

တကယ်လည်း လူကြီးတစ်ဦးမှ မဟုတ်သေးတာ။

အရွယ်ကောင်းဟု ဆိုနိုင်သော လူလတ်ပိုင်း။

ဘဝတစ်လျှောက်လုံးမှာ အတင့်တယ်ဆုံးအရွယ်။

ဦးဇော်မောင်နှင့် ဟာသ်ာ အကြာကြီး ထိုင်စကားပြော ဖြစ်သည်။

ဖြူး တော်တော်နှင့် ရောက်မလာသေးတာကိုတော့ ဦးဇော်မောင် မနှစ်သက်ပါ။

ဟာသ်ာနှင့် ဦးဇော်မောင် စကားပြောနေကြတုန်း ဖြူး ဆီ ဖုန်း လေးငါးခါ ဝင်လာသည်။

"သမီး ကိုင်ခဲတာ သိသိကြီးနဲ့လဲ ဆက်ကြတာပဲ"

၆ ဦးဇော်မောင်က စိတ်မရှည်သံနှင့် ပြောတော့ ဟာသ်ာ ာအံ့တသြ ဖြစ်နေရသည်။

၈ ပြေငြေ ကိုယ်က သာမန်လူမို့လားမသိ၊ ခုလို မိနစ်ပိုင်း ခံယူတာဟုံသာခြားပြီး ခဏခဏ ဖုန်းလာနေတာကို အံ့သြရ လ်ါ။

ရှိထဲမှ ဆွဲဟာသ်ာဆီ ဖုန်းလာတာက မိတ်ဆွေတစ်ဦးဆီမှ ကပ်လေး ကိုး၊ရှိမှ။

•ဆီကျတော့ ဘာမှ ဟုတ်တိပတ်တိ အကြောင်း



မရှိဘဲ လာနေတာ။

"အိမ်ကို လာလည်တဲ့ လူတွေကော မရှိဘူးလား"

စိတ်ဝင်စားမှုကြောင့် စူးစမ်းလိုက်မိသည်။

"ရှိတယ်၊ ဒါပေမယ့် ဖုန်းနဲ့ စာကများတယ်၊ ခဏ ခဏဆိုတော့ တယ်စိတ်မရှည်ဘူး"

"ဟုတ်တာပေါ့လေ"

ဟာသ်ာလည်း ခေါင်းညိတ်ထောက်ခံမိသည်။

ခုပဲကြည့်ပါလား၊ ဦးဇော်မောင် စကားပြောရင်းတန်း လန်း ဖုန်းထကိုင်ရတာ အခေါက်ပေါင်း မနည်းတော့။

"အဲဒါကြောင့် သမီးဖြူးက ပြောတာ"

"ဟုတ်ကဲ့"

"ဘယ်အလုပ်မဆို အခက်အခဲ ရှိတာပဲတဲ့၊ သမီး အတွက်တော့ အဲ့ဒီလို ဖုန်းခဏခဏလာနေတာ အကြီးဆုံး အခက်အခဲပဲတဲ့"

"ဩော်"

"ရိုက်ကွင်းမှာက ပင်ပန်းမောဟိုက်မှုပဲ ရှိတယ်တဲ့၊ ဒီလို မခက်ခဲဘူးတဲ့၊ ပရိသတ်ဆီကဆိုတော့ စိတ်ပြုငြင်သွား မှာလဲ စိုးတယ်တဲ့၊ သမီးကို နားလည်မှုလွဲသွားမှာလဲ ကြောက် တယ်တဲ့၊ တစ်ချိန်လုံး ထိုင်စကားပြောဖို့ လာသမျှစာ ပြန်နေ ဖို့အချိန်ကျတော့ ဖြူးမှာ ရှိမှမရှိတာတဲ့"

"အင်းပေါ့"

ဟာသ်ာကတော့ ဖြူး အနေအထားကို နားလည်သွား ရသည်။

"ဟော ··သမီးလာပြီ"

ကောင်မလေးတစ်ဦးနှင့် ရယ်မောစကားပြောရင်း လျှောက်လာနေသော သူမက ရုပ်ရှင်ထဲမှာလိုပင် သူများတွေနှင့်မတူဘဲ အထူးအဆန်းလေးဖြစ်ကာ ကြည့်ကောင်းနေရသည်။

သွားလေးတွေပေါ်အောင် ရယ်ချလိုက်တော့ မျက်လုံးလေး မှေးစင်းကာ ပါးပြင်လေးတွေ ဖောင်းအိသွားရ၏။

သူမ ချစ်စရာကောင်းတာ အသိအမှတ်မပြုဘဲ နေလို့မရတော့။

တခြားတခြားသော မိန်းကလေးတွေနှင့် ဘယ်လိုမှမတူဘဲ လမ်းလျှောက်လာပုံလေးက ရယ်မောလိုက်ပုံလေးကပင် သူများအာရုံကို ဖမ်းစားထားနိုင်၏။

မမြင်ရသော ဆွဲအားတစ်မျိုး သူမမှာ ရှိနေတာတော့ အမှန်။ ရယ်သံလွင်လွင်လေးကိုက လူမမြင်ရလျှင်ပင် ဆတ်ခနဲလှည့်ကြည့်ချင်စိတ်ကို ဖြစ်စေမှာ ကျိန်းသေ။

လူက ပိန်သွယ်ပေမယ့် မျက်နှာလေးကျတော့ ဖောင်းအိဝင်းစိုနေ၏။ မျက်နှာပြည့်ပြည့်လေးမှာ နှုတ်ခမ်းပန်းနုရောင် လေးက ထင်ထင်ရှားရှား ပိပိရိရိလေး။ နှာတံစင်းစင်းလေးက မျက်ခုံးတန်းတန်းလေး စုစည်းရာမှ ထွက်ပေါ်လာပြီး တင်ထားသလိုလေး ဖြောင့်နေသည်။ အထူးခြားဆုံးက မျက်လုံးအစုံ။ ကလေးငယ်တစ်ဦးလို မျက်လုံးလေးတွေ လက်ဖြာစူးရှနေသည်။

အရည်လဲ့နေသော မျက်လုံးစူးစူးလေးတွေကို မြင်ရတာ အပြစ်ကင်းစင်လွန်းသော ပေါက်စနကလေးတစ်ဦးလို ချစ်စိတ်ကို ဖြစ်ပေါ်စေသည်။



ကဲချင်လာ၏။

တစ်ယောက်က ခာတ်ပုံတွဲရိုက်လျှင် ဘေးကလူတွေ လက်ခုပ်တီးလာကြ၏။ ဟေး ဟေး ဟား ဟားနှင့် အားပေးကြ၏၊

ဟသ်ာ ဒေါသဖြစ်ချင်လာရသည်။

ဒုတိယအကြိမ်မြင်ဖူးသောခဏမှာ ဖြူးဘဝလေးကို ကရုဏာစိတ်နှင့် နားလည်သွားရသည်။

ဖြူးရယ် ...

ဟသ်ာက စေ့စေ့စူးစူးကြည့်နေတာမို့ ဖြူး ခေါင်းငုံ့နေမိသည်။

တော်ပါသေးရဲ့၊ သူ ခုမှရောက်လာလို့။

စောစောက ဖြူးအနေအထားကိုများ မြင်ရင် ...

ထူးခြားစွာ ရှက်စိတ်ဝင်မိတာ တအံ့တသြနှင့် ကိုယ့်ကိုယ်ကို ဆန်းစစ်မိသည်။

သူ့ကို ဖြူး ဘာလို့ရှက်ရွံ့မိတာပါလိမ့်။

သူ မြင်တွေ့တော့ကော ဘာဖြစ်မှာမို့လဲ။

ဗလုံးဗလဲနှင့် မျက်လုံးလေးထောင့်ကပ်ကြည့်မိတော့ သူက ကြည့်နေတုန်း။

"ဦးဇော် မပါဘူးလား"

"ဖေဖေ လိုက်မလာပါဘူး"

"ဪ"

ခင်မာမာက ဖြူးနှင့် ဟသ်ာ သိနေတာကို အံ့သြစိတ်နှင့် အကဲခတ်နေ၏။

"ဖြူး စိတ်ညစ်သွားလား"

အင်မတန်ပါရမီကောင်းတာကြောင့် ဖြစ်လိမ့်မည်။

ဖြူးဖြူးဇော်မောင်က ဦးဇော်မောင်နှင့် ဟသ်ာတို့ ထိုင်နေသော စားပွဲအနီးသို့ ရောက်လာသည်။

"သမီး ...လာထိုင်"

ဖေဖေ့ဘေးမှာ ဝင်ထိုင်ရင်း ဧည့်သည်ကို တစ်ချက် လှမ်းကြည့်မိသည်။

ဘယ်လိုဧည့်သည်မျိုးမို့ ဖေဖေက သီးသီးသန့်သန့် မိတ်ဆက်ပေးရတာပါလိမ့်။

တော်ရုံတန်ရုံ၊ ဒါမျိုး ဖေဖေ မလုပ်တတ်ပါ။

ဧည့်သည်နှင့် မျက်လုံးချင်း ခဏဆုံစည်းခိုက်မှာ ဖြူး ရင်ထဲ လှပ်ခနဲ အေးသွားရသည်။

သည်လူ့မျက်လုံးတွေက ဆွဲဆောင်အား ပြင်းလှချည် လား။

ကမန်းကတန်း မျက်နှာလွှဲပစ်ရင်း ဖေဖေ့ကိုပဲ စူးစိုက် ကြည့်နေမိသည်။

"သမီး ...ဒါ မောင်ဟသ်ာတဲ့"

"ဟုတ်ကဲ့"

"ဖေဖေ့မိတ်ဆွေ၊ အရမ်းခင်မင်ကြတယ်၊ သမီး မှတ်ထားနော်"

ဖြူး ခေါင်းညိတ်ပြမိ၏။

"ဒါ သမီးဖြူးလေ၊ မောင်ဟသ်ာကတော့ ရုပ်ရှင်ထဲ မှာ မြင်ဖူးမှာပါ"

"အင်း ...လုံးဝမကြွာပါဘူး၊ ပိတ်ကားပေါ်မှာ ခုလိုပါပဲ"



"ကျေးဇူးတင်ပါတယ်"

ဖြူးက ခေါင်းလေးငဲ့စောင်းကြည့်ရင်း ဖွဖွလေးပြုံး ပြီးမှ ပြောလိုက်သည်။

ဟသ်ာရင်ထဲ တစ်မျိုးကြီးဖြစ်သွားရ၏။

သူမ အမူအရာလေးက သူ့စိတ်အစဉ်ကို လှမ်းဆွဲ ထားလိုက်သလို။

သူ မကျေမနပ်လည်း ဖြစ်သွားရ၏။

သည်လောက် ချစ်စရာကောင်းပြီး လူတစ်ဦးကို တစ်ချိန်တည်းနှင့် ရူးသွားလောက်အောင် လုပ်နိုင်မည်ဟု သူ အစက မထင်ထားခဲ့ပါ။

"ဖေဖေတို့ စကားပြောကြဦးနော်၊ ဖြူး **ကိစ္စတစ်ခု** ရှိလို့ပါ"

"ထမင်း အတူစားကြမယ်လေ သမီး"

"ဟုတ်ကဲ့ပါ သမီး ခုပဲထွက်လာမှာပါ၊ **ရှေ့နေ** တစ်ဦးဆီ ဖုန်းဆက်မလို့ ဖေဖေ၊ မနက်ဖြန် **မနက်ပိုင်း** သမီး အားတယ်လေ၊ အိမ်ကိုခေါ်မလို့ပါ"

"ဟိုကိစ္စလား သမီး"

"ဟုတ်ကဲ့"

ဖေဖေ ခေါင်းညိတ်တော့ ဖြူး ထမင်းစားပွဲမှ ထွက် လာခဲ့သည်။

ဖြူး 'သတိပေးတားမြစ်ချက်' ထည့်စရာ ရှိတာမို့ ရှေ့နေနှင့် စကားပြောရမှာပါ။ ဖုန်းပြောနေရင်းမှ ဖေဖေ့ မိတ်ဆွေ ဟသ်ာကို မြင်ယောင်နေမိသည်။

## အခန်း (၄)

"မလာရင် စိတ်ဆိုးမှာ"

ဆိုသော အကျီဒီဇိုင်းထွင်ပေးသူ၏ စကားကြောင့် ဖြူးဖြူး မွေးနေ့ပွဲတစ်ခုကို မလွှဲမရှောင်သာ တက်ရောက်ရ သည်။

ခြေသလုံးအထိရောက်သော ဂါဝန်ရှည် ပန်းဆီရောင် ကို ဝတ်ပြီး လေဒီရှူးအနက်ရောင်ပြောင်ပြောင်ကို စီးလိုက် ၏။

လက်အိတ်ဇာအနက်လေးနှင့် ဦးထုပ်အနက်လေးကို ဆောင်းလိုက်သောအခါ ပြည့်စုံသော ပြင်ဆင်ခြင်းသို့ ရောက် ပြီဟု မှတ်ယူကာ မျက်မှန်အနက်လေးကို တပ်လိုက်၏။

ဇာလက်အိတ်ပါးပါးလေးက တံတောင်ဆစ်အထိ ရောက်အောင် ရှည်လျားသည်။

မျက်နှာကိုတော့ ပန်းဆီရောင်လေးသမ်းအောင် ခပ် ပြေပြေခြယ်သည်။ ခါတိုင်း သူများလုပ်ပေးတာ ဇိမ်နှင့် ခံယူတာမို့ ခုလို ကိုယ်တိုင်ပြင်ဆင်ရတာ စိတ်မရှည်ချင်တော့။

လက်ကိုင်အိတ် ပန်းဆီရောင်လေးကို နံရံကပ် မှန်ဘီ ရိုထဲမှ ဆွဲထုတ်ရင်း လက်ကောက်နှင့်ဆွဲကြိုး၊ ကပ်နား ကပ်လေး ကိုပါ ဝတ်ဆင်လိုက်သည်။



အကျဆုံး အမူအရာဖြစ်အောင် ဂရုစိုက်သည်။

ကမ်းလှမ်းလာသော ကားတိုင်း လက်မခံဘဲ နှစ်ခါ၊ သုံးခါ ဇာတ်ညွှန်းဖတ်ကြည့်ပြီးမှ ကိုယ်နှင့်လိုက်ဖက်မှ လက် ခံခေါင်းညိတ်တတ်သည်။

သမီးဆန္ဒက ခုချိန်မှာ တစ်ခုတည်းပဲရှိသည်။

"အရာရာ မြင့်မားဖို့ တစ်ခုတည်း"

ကိုပဲ ဦးစားပေး စဉ်းစားထားပုံရသည်။

ဦးဇော်မောင်တို့ ချမ်းသာမှုက သမီးအောင်မြင်မှုနှင့် နှိုင်းယှဉ်လျှင် ဘာမှမဆိုင်။

သမီးက အရမ်းချမ်းသာချင်သည်။

မြင့်သည်ထက် မြင့်သော အနေအထားကို သမီး လိုချင်တောင့်တပုံရသည်။

အင်းလေ ...သမီးဘဝက သိပ်နိမ့်ကျခဲ့ဖူးတာကိုး၊ မြင့်ချင်ရှာမှာပေါ့။

သက်ပြင်းတစ်ချက်ရှိုက်ရင်း အတွေးစများကို အဆုံး သတ်သည်။

ကားဖြူလေးတစ်စီး ခြံထဲကွေ့ဝင်လာတာမို့ ဦးဇော် မောင်က မတ်တတ်ရပ်ရင်း ဧည့်ခန်းမှတစ်ဆင့် ခြံထဲ နေ ဆင်း လာခဲ့သည်။

"မောင်ဟသ်ာ၊ လာလေ"

"ဟုတ်ကဲ့"

ဟသ်ာက ကားပေါ်မှဆင်းရင်း ဖြည်းလည်သွား လျှောက်လာသည်။

ဦးဇော်မောင် အဆင်သင့်စောင့်နေတ

ဆိုဏ်၏။

"ရပါတယ်ကွာ"

အော်တိုစာအုပ်တွေ ကုန်သွားတော့ ဖြူး အေးအေးနေရပြီပဲမှတ်တာ။ တစ်ယောက်ပြီးတစ်ယောက် ဓာတ်ပုံလာရိုက်ယူနေကြပြန်သည်။

"**အမှတ်တရ** တွဲရိုက်ချင်တယ်"

ကောင်မလေးတစ်ဦးက တောင်းဆိုလာတော့ ဖြူး မနေသာတော့ဘဲ မတ်တတ်ရပ်လျက် ဓာတ်ပုံတွဲရိုက်ရသည်။

တစ်ဦးနှင့် တွဲရိုက်တော့ ကျန်လူတွေကပါ တစ်ယောက်ပြီးတစ်ယောက် တွဲရိုက်ချင်ပြန်ရော။

ဖြူး လက်ကလေးကို ဆွဲပြီး တွဲရိုက်သူကရိုက်။

ဖြူးလက်ကိုဆွဲယူပြီး သူတို့ပခုံးပေါ် တင်သူကတင်။

ယောကျ်ားလေးတချို့ကလည်း ဖြူးနှင့်ယှဉ်ရပ်ရင်း ဓာတ်ပုံလာရိုက်ကြသည်။

တစ်ယောက်က ဖြူးနှင့် ဓာတ်ပုံတွဲရိုက်တာကို သူငယ်ချင်းတွေက လက်ခုပ်တီးအားပေးကြတော့ ဖြူး မျက်နှာလေး တင်းသွားရသည်။

မေမေက ဖြူး အခက်အခဲကို နားလည်စွာ လာရောက်ခေါ်ထုတ်ပေးခဲ့၏။

"ငါ့သမီးကို အရုပ်များမှတ်နေကြသလား မသိဘူး"

ဒေါသနှင့် ပြောသော မေမေ့စကားသည် လှောင်ချင်ပြောင်ချင်သလို **မလေးမစားလုပ်သော** လူတချို့တလေကိုသာ ရည်ရွယ်ခြင်းပါ။

"အိမ်ထဲမှာပဲ ထိုင်ကြရအောင်၊ ခဏနေရင် ပြန်



မယ်လေ သမီး"

"ဟုတ်ကဲ့"

ခင်မာမာလည်း ဖြူးတို့ သားအမိနှင့်အတူ အိမ်ထဲလိုက်ဝင်လာ၏။

"ဖြူး ...အဝစားနော်၊ အားမနာနဲ့"

ခင်မာမာ၏ မောင်လေးမွေးနေ့ပွဲမှာ ဒံပေါက်နှင့် အချို ရည် ကျွေးမွေးဧည့်ခံ၏။

ဖြူး စိတ်ရှုပ်သွားရတာမို့ ဘာမှ စားချင်စိတ်ပင် မရှိတော့။

ကိုယ်က တစ်ယောက်တည်း၊ သူတို့က အများစု၊ နေရထိုင်ရတာ မသက်သာလှ။

ဖြူးက အတွေ့အကြုံရှိလို့သာ။

တစ်ခါတစ်ရံ ကားရပ်ပြီးမှ ကားပေါ်က ဆင်းမရတာမျိုးပင် ကြုံဖူးသည်။

ယဉ်ကျေးသောလူတွေရှိသလို ကြမ်းတမ်းယုတ်မာချင်သော လူမျိုးတွေလည်း ရှိသည်လေ။

ကားလေးဘေးမှာ မူးယစ်ရမ်းကားမည့် လူတွေ ရှိနေလျှင် ဖြူး လုံးဝမဆင်းတော့ပါ။

ဖြူးမှာ အခက်အခဲတွေ အများကြီးရှိသည်။

"ခဏနော် ဖြူး၊ ဧည့်သည်တစ်ယောက်ကို သွားနှုတ်ဆက်မလို့"

"အင်း"

ဖြူးက ဒံပေါက်ကို တစ်ဇွန်းနှစ်ဇွန်း ခပ်စားရင်း မေမေနှင့် စကားပြောနေမိ၏။

"ထိုင်ပါ ကိုဟသ်ာ၊ ဖြူးတို့ စားပွဲမှာပဲ ထိုင်လိုက်နော်"

ခင်မာမာ ခေါ်ဆောင်လာသော ဧည့်သည်ကို ဖြူး အထိတ်တလန့် မော့်ကြည့်မိသည်။

ဟင် ...

ဖေဖေ့မိတ်ဆွေ ဦးဟသ်ာ။

ဖြူး တအံ့တသြလေးဖြစ်လျက် ပြုံးယောင်ယောင်လေး ဖြစ်သွားရ၏။

ဟသ်ာက ခုံမှာထိုင်ချရင်း ရှေ့တည့်တည့်မှ မိန်းကလေးကို ငေးကြည့်မိသည်။ သူ့ကားရပ်ထားတာ ကြာလှပြီ။ ပျင်းပျင်းရှိတာနှင့် ကားထဲမှာပဲ ထိုင်နေရင်း ဝင်လာသမျှ လူတွေကို ကြည့်နေဖြစ်ခဲ့တာ။

ဖြူးတို့ကားလေး ရပ်လိုက်တာလည်း သူ လှမ်းမြင်သည်။

ခင်မာမာ သွားခေါ်တာလည်း တွေ့သည်။ စားပွဲပေါ်မှာ အော်တိုစာအုပ်တွေ ပြည့်သွားတာရော၊ ဓာတ်ပုံတဖျပ်ဖျပ် ရိုက်တာရော၊ နောက်ဆုံး ဇရတ်ကောင်လေးတွေရှုပ်၍ ဖြူး အိမ်ထဲရောက်သွားတာရော အားလုံးကို ကားထဲမှ တိတ်တဆိတ်ထိုင်ကြည့်နေခဲ့မိသည်။

ဖြူး အောင်မြင်မှုကို ဒုတိယအကြိမ် တွေ့မြင်ရပြန်သည်။

သနားစိတ်လည်း ဝင်သွားရ၏။

ခံစားချက်မဲ့သည့် အရုပ်မလေးလို ပရိသတ်လုပ်သမျှ ငြိမ်ခံနေလိုက်ရတာ တဖြည်းဖြည်းနှင့် ယောကျ်ားလေးတွေက



## အခန်း (၅)

ဟသ်ာ၏ ဥပဓိရုပ်။

ခန့်ညားထည်ဝါလွန်းသော အပြောအဆို အနေအထိုင်နှင့် ပုံပန်းသဏ္ဍာန်။ ဒရင်းဘက်ပေါ်တွင် မေးထိုင်လျက် သံပရာရည်တစ်ခွက်သောက်ရင်း ဖြူး တွေးနေမိသည်။

သည်နေ့မနက်ပိုင်း ကန်တော့ပွဲတစ်ခု သွားရ၏။ နေ့လယ်ပိုင်းမှာတော့ ဖြူး အားလပ်တာမို့ ဖတ်စရာ ဝတ္ထုဓာတ်ညွှန်းတွေကို စားပွဲပေါ် ချထားရင်း သံပရာရည်ချဥ်ချဥ်ကို တစ်ငုံချင်းသောက်နေမိခိုက်မှာ ဟသ်ာဆိုသူကို သတိတရခေါင်းစားဖြစ်တာ ဆန်းသည်။

မနက်ဖြန်ဆို ကားကြီးတစ်ခု စတင် ရိုက်ကူးရတော့မည်။ ခုကျတော့လည်း ဖြူးဘဝက မြင့်မားနေသား။

နိမ့်ကျခဲ့တာတွေကို ပြန်ပြင်မတွေးချင်တော့ပါ။

ဖြူးကတော့ ချမ်းသာကြွယ်ဝမှုကို အားမရနိုင်သေးပါ။ သည်ထက် အဆပေါင်းများစွာ ရှိချင်သည်။

တိုက်နှင့်ကားနှင့် လူတန်းစေ့ နေနိုင်ပေမယ့် ဘဏ်ကယ်တမ်းကျတော့ ဝင်ငွေနှင့်ထွက်ငွေက ညီမျှနေသည်။

ဖြူးက အရမ်းချမ်းသာချင်တာ။

အမြင့်ဆုံး၊ အကောင်းဆုံး ဆိုတာတွေကိုပဲ ဖြူးလို

"ရှင်"

"ခတ်ပုံတွဲရိုက်ရတာ စိတ်ရှုပ်လားလို့ပါ"

"ဟင်"

ဖြူး ကိုယ်လေး ဆတ်ခနဲဖြစ်လျက် မျက်လုံးလေး ဝိုင်းသွားရသည်။

"တွေ့လို့လား"

ထစ်ငေါ့ငေါ့ ဖြူး စကားသံလေးက တိုးသက်လွန်း၏။

"တွေ့သားပဲ၊ စဝင်လာကတည်းက"

မျက်နှာလေး ထူပူရင်း ရယ်မိသည်။

မျက်အိမ်လေး ကျဉ်းမြောင်းသွားအောင် ရယ်လိုက်သော ဖြူးကို ဟံသာ ငေးကြည့်နေမိပြန်၏။

"ဖြူး အနေအထားက မလွယ်ဘူး"

"ဟုတ်တယ်၊ ခင်မာမာ့ကို အားနာလို့သာ ဖြူး လာရတာ"

တစ်ခွန်းချင်း ပြောသော ဖြူး အသံလေး ချိုမြိန်လွန်းလှ၏။

"ကျွန်တော်နဲ့ကော ခတ်ပုံတွဲရိုက်မလား"

"အဟင်း ...ရပါတယ်"

သူက စသလို နောက်သလို ပြောတော့ ဖြူးလည်း ရယ်မောရင်း ပြန်ဖြေရသည်။

"စတာပါဗျာ၊ ဖြူး စိတ်ပင်ပန်းအောင် မလုပ်ချင်ပါဘူး"

"ကျေးဇူးတင်ပါတယ်"



"နှစ်ခါရှိပြီ"

သူက မှတ်မိသလို ပြော၏။

ဖြူးကို ပိတ်ကားပေါ်မှာနှင့် အပြင်မှာ အတူတူပဲဟု ပြောပုံနှန်းက ကျေးဇူးတင်ကြောင်း ပြောခဲ့တာ [illegible] ပုံမရပါ။

"ကိုဟံသာ ... စားလိုက်ပါဦး"

ခင်မာမာ တိုက်တွန်းမှ သူက ဇွန်းနှင့် ခက်ရင်းကို ကောက်ယူသည်။

"ဖြူးရော ...စားဦးလေ"

"အင်း ...စားပါတယ်"

ဟံသာနှင့်ဖြူး ပြိုင်တူပြုံးရင်း စားသောက်ဖြစ်ကြ၏။

မေမေက ဖြူးအနားမှာ တိတ်တဆိတ်နေလျက် စကားတစ်ခွန်းမှ ဝင်ရောက်ပြောဆိုခြင်း မရှိ။

ဟံသာကလည်း မေမေ့ကို ပြောစရာစကား ရှာမရပုံနှင့် တစ်ချက်ပဲကြည့်ပြီး ဘာမှမပြော။

"ဖြူး ဘယ်မှမသွားရဘူးပေါ့နော်"

"အင်း ...မြင်တဲ့အတိုင်းပဲလေ၊ တစ်ခါတလေကား ရပ်ပြီးမှ ဆင်းလို့မရတာတောင် ရှိဖူးတယ်၊ ချက်ချင်း ပြန် မောင်းပြေးရတယ်"

"ဖြူး ပျော်လား"

ရုတ်တရက်မေးလာသော သူ့စကားကို ဖြူး ပြန်မဖြေနိုင်ပါ။ စဉ်းစားငြိမ်သက်သွားရ၏။

"ပျော်လား၊ မပျော်လားတော့ ဖြူး မသိဘူး"

သူက ဖြူးစကားကို နားထောင်နေ၏။

"ဒါပေမယ့် ဒီအလုပ်တွေ မရှိတော့ဘူးဆို ဖြူး ပျင်းသွားမှာပဲ၊ ဟာတာတာကြီးလဲ ဖြစ်သွားမှာ"

ဟသ်ာက ခေါင်းညိတ်၏။

"အောင်မြင်ကျော်ကြားမှုဆိုတာ ဘာနဲ့မှ မတူတဲ့ မက်မောစရာတစ်ခုပဲလေ"

"ဖြူးတော့ အဲဒီလိုမထင်ဘူး"

သူ့အဆိုကို ဖြူး ငြင်းဆန်မိသည်။

"ဖြူးကတော့ ဖြူးအလုပ်လို့ပဲ မြင်တယ်၊ အလုပ်မရှိတော့ရင် ပျင်းစရာကောင်းသွားမှာပေါ့၊အဲဒီလိုပြောတာပါ"

"အင်း"

သူက ဖြူးနှင့် ပြိုင်ပြောချင်ပုံမရဘဲ တိတ်ဆိတ်သွား၏။

ဖြူးက ဟသ်ာကို တစ်ချက်ကြည့်ရင်းမှ စိတ်ဝင်စားမှု ပိုသွားရ၏။

ဖြူး မေးရခက်သော မေးခွန်းတစ်ခုကို ချက်ချင်း ကောက်မေးချခဲ့ပြီ။

သူပြောသော စကားတစ်ခွန်းကို ဖြူး မခံချင်ဖြစ်ရလျက် စိတ်ကသိကအောက် ဖြစ်သွားရသည်။

ခင်မာမာက ဖြူးကိုတစ်လှည့်၊ ဟသ်ာကိုတစ်လှည့် ကြည့်နေရင်း ငြိမ်ငြိမ်တိတ်တိတ်ပဲ ရှိနေသည်။



မှန်ရှေ့မှာ ရပ်လိုက်တော့ သိပ်အဆင်ပြေပြေ ကြည့်ကောင်းနေပြီ။

"မေမေ ...ကားအဆင်သင့်ဖြစ်ပြီလားဟင်"

"ဖြစ်နေပြီ သမီးရဲ့"

"သွားကြရအောင်နော်"

"အင်း"

မေမေ့လက်မောင်းကို တွဲရင်း ဆင်းလာခဲ့ကြသည်။

ကားအနီရဲရဲလေးက ဖြူးတို့အတွက် အဆင်သင့်ရပ်ထားပြီ။

မေမေကတော့ ဖြူးအတွက်ဆို အခက်အခဲမရှိရအောင် စီမံပေးထားလွန်းပါ၏။

မွေးနေ့ပွဲရောက်တော့ ဖိတ်ကြားထားသော အိမ်ရှင်က ကားဘေးနားအထိ လာရောက်ကြိုဆို၏။

မျက်လုံးပေါင်း မြောက်မြားစွာကို ရှောင်ရှားရင်း ဟန်မပျက် စကားပြောရင်း လျှောက်လာခဲ့ရသည်။

"ဖြူးဖြူးဇော်မောင် လာတယ်"

ဟူသော တီးတိုးအသံတွေကို ကြားလိုက်ရပြီး ဖြူး ထိုင်နေသော စားပွဲပေါ် အော်တိုစာအုပ် တစ်ထပ်ကြီး ရောက်လာတော့၏။

သက်ပြင်းတစ်ချက် မသိမသာ ရှိုက်လျက် နှုတ်ခမ်းလေးစေ့ပြုံးထားရင်း တစ်အုပ်ပြီးတစ်အုပ် လက်မှတ်ထိုးပေးသည်။

"တို့ခေါ်တာနဲ့ ယူ ဒုက္ခရောက်နေပြီထင်တယ်"

ခင်မာမာက ဖြူး ဘေးမှာ လာထိုင်ပြီး အားနာစကား

ချင်သည်။ ကားဆိုလည်း သူများတွေ မစီးနိုင်သော ကားမျိုးမှ စီးချင်သည်။

ဖြူးမှာ အဲသည်လိုစိတ်မျိုးရှိတာ လွန်သလား။

ဖြူးတော့ လွန်သည်မထင်။

ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာလုပ်လုပ်၊ ဘယ်လိုနေနေ လူအများ၏စိတ်ဝင်စားခြင်းကို ခံရသော ဖြူး၊ သည်လောက်တော့ လောဘကြီးမှာပေါ့။

များများ နိမ့်ကျခဲ့ဖူးတာမို့ များများ မြင့်မားချင်သည်။

သည်လိုတွေးမိတော့ ဖြူး မျက်နှာလေးက နာကျင်ရိပ်နှင့် အေးစက်မာကျောလာရသည်။

အတိတ်ဆိုတာ မေ့ချင်ယောင် ဆောင်ထားလို့သာ ရချင်ရမှာ၊ တကယ်တမ်း မေ့လျော့နေဖို့ဆိုတာတော့ မဖြစ်နိုင်။

ဖြူးလည်း အတိတ်ဆိုတာကို မေ့ထားချင်သည်။ မေ့ထားခဲ့သည်။ ဖြူးဖြူးဇော်မောင်ဆိုသော မင်းသမီးဘဝ ရောက်လာပြီးချိန်မှစလို့ အရင့်အရင် ဖြတ်သန်းခဲ့ရသော ဘဝကို လုံးလုံးလျားလျား ချန်လှပ်ထားခဲ့သည်။

ဘယ်မဂ္ဂဇင်းနှင့် ဘယ်အင်တာဗျူးမှ လက်မခံ။

ဖြူး၏ ကိုယ်ရေးကိုယ်တာ ဘဝအကြောင်းတွေကို စပ်စုလာလျှင် ဖြူး မကြိုက်တတ်ပါ။

ဖြူး ဖန်တီးသော အနုပညာကိုပဲ အားပေးကြစေချင်သည်။ ဖြတ်သန်းနေရသော လက်တွေ့ဘဝကို လှစ်ဟ မကြည့်စေချင်ပါ။

ဖုန်းသံ မြည်လာတာကြောင့် အတွေးလေးတွေ ရပ်



…န့်သွားရသည်။ ဒရင်းဘက်ပေါ်မှ ခပ်ဖြည်းဖြည်းထရင်း …န်းကောက်ကိုင်မိ၏။

"ဖြူး ပြောနေပါတယ်ရှင်"

"တွေ့မှ တွေ့ပါ့မလားလို့"

"ရှင်"

တစ်ဖက်မှ စကားကြောင့် ဖြူး ကြောင်အမ်းအမ်း …စ်သွားရသည်။

"အသံ မမှတ်မိဘူးလား"

ဖြူး စဉ်းစားကြည့်မိ၏။

"ဖြူး တကယ် မမှတ်မိဘူးဟုတ်လား"

"ဦးဟာသ်လား"

"အဟား …ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါဆို ကျေးဇူးတစ်ခါပဲ ကျန်တော့တယ်"

"အင်း"

ဖြူး ရယ်သံလွင်လွင်လေးက ကလေးဆန်စွာ ချစ်စ…ယ်လေး။

"ဖြူး ဘယ်မှမသွားဘူးလား"

"ခုနကမှ ပြန်ရောက်တာ၊ မနက်ဖြန်ဆိုရင်တော့ …စ်နေ့လုံးရှိမှာ မဟုတ်ဘူး၊ ညပိုင်းရော"

"ဘာလို့"

"ဆေးရောင်စုံ ကားကြီးတစ်ခု မနက်ဖြန်စမှာလေ"

"ဪ"

သူက တိတ်ဆိတ်နေတော့ ဖြူးလည်း ငြိမ်နေမိ…ည်။

စောစောကပဲ သူ့အကြောင်း တွေးမိနေသေးတာ။ ဖြူး ဖုန်းနံပါတ်ကို သူ ဘယ်လိုရပါလိမ့်။ မသိနိုင်တာတွေကို ခေါင်းရှုပ်ခံ စဉ်းစားနေမိသည်။

ဟိုးတစ်နေ့က မွေးနေ့မှာ တွေ့တုန်းကတော့ သူ ဖြူး ကို စကားတွေအများကြီး ပြောခဲ့သည်။

သူ့အကြောင်းတွေ ဘာတစ်ခုမှ မသိရပေမယ့် ဖြူး အကြောင်းတွေတော့ တော်တော်များများ သူသိသွားခဲ့သည်။

သူက ပါးနပ်လိမ္မာလွန်းသူလေ။ မေးခွန်းတွေလည်း မေးတတ်လွန်း၏။

"ညပိုင်းကော ရိုက်မှာ၊ ဟုတ်လား ဖြူး"

"အင်း ...ပထမဆုံးအခန်းက ညဘက်မှောင်မည်းမည်းထဲ ရိုက်ရမှာ၊ ကတ္တရာလမ်းပေါ် ပြေးရမှာလေ၊ မိုးတွေ သဲသဲမဲမဲရွာနေချိန်ပေါ့"

"မိုးမရွာရင်ကော"

"အဲဒါတွေက ဖြူး ကဏ္ဍမှမဟုတ်တာ"

"ဪ"

"ဖေဖေနဲ့ ပြောဦးမလား"

"မပြောပါဘူး၊ ဦးဇော်ဆီကို ဆက်ချင် နောက်ဖုန်းနံပါတ်တစ်ခုကို ဆက်မှာပေါ့"

ဟသ်ာ စကားကြောင့် ဖြူး တွေဝေသွားရ၏။

ဖြူးဆီ ဆက်ချင်တာလို့ တိုက်ရိုက်မပြောလည်း ဖြူး နားလည်သွားရ၏။

"ဖြူးအသက် ဘယ်လောက်ရှိပြီလဲဟင်"

ဟသ်ာ့စကားကြောင့် ဖြူး တိတ်သွားရ၏။



"အသက်မေးရင် ဖြူးက စိတ်ဆိုးတတ်တယ်"

ဖြူး အပြောကြောင့် ဟသ်ာ ရယ်ချ၏။

အပြင်မှာတော့ ခုလို အားပါးတရ ရယ်တာမျိုး မတွေ့ဖူးခဲ့။

ခန့်ညားသော ရုပ်သွင်က ရယ်မောလိုက်လျှင် နူးနူးညံ့ညံ့နှင့် ကြည့်ကောင်းမှာပါ။

"ဘာလို့ စိတ်ဆိုးတာလဲ"

"ကိုယ့်အသက်ကို သတိရသွားပြီး စိတ်ညစ်ရလို့ပါ၊ ဘာရားသဘောတွေ တွေးမိလို့ပါ"

"သိချင်လို့ မေးတာပါ"

"ဖြူး အသက်က လာမယ့် မေလမှာ နှစ်ဆယ်ခြောက်နှစ်ပြည့်မှာပါ"

"ဟာ...ကိုယ့်ထက် ဆယ်နှစ်တောင်ငယ်ပါလား"

"ဟင် ...ဦးဟသ်ာက သုံးဆယ့်ခြောက်နှစ်လား"

"ဟုတ်တယ်"

"ဖြူးထက် ဆယ်နှစ်ကြီးတာပေါ့"

"အင်း"

ဖြူးရော သူပါ ငြိမ်သက်သွားရပြန်၏။ ပြီးမှ ဖြူးက

"ကိစ္စရှိလို့ ဆက်တာလားဟင်"

"အင်း"

"ဘာကိစ္စလဲ၊ ပြောပါ ရပါတယ်"

"စောစောက မေးပြီးပြီလေ၊ အသက်သိချင်လို့"

"ဟင်း ...အသက်များ တကူးတက ဖုန်းဆက်မေးရတယ်လို့"

ဖြူး တခစ်ခစ် ရယ်နေမိ၏။

"ဟိုတစ်နေ့က မေးဖို့မေ့သွားလို့၊ ပြီးတော့ အန်
ရော ခင်မာမာရော ရှိနေတော့ ဖြူး ဖြေချင်ပါ့မလားလို့"

"စိတ်ချ၊ ဖြေချင်မှာမဟုတ်ဘူး"

"ကိုယ်လဲသိပါတယ်၊ အဲဒါကြောင့် မမေးတာ"

ဟင်္သာ၏အသံက တခြားတခြားသော လူတွေနှ
မတူဘဲ ပြတ်တောင်းတောင်း တိုးရှုရှုရှိ၏။

အသံ၏ ထူးခြားခြင်းကို ပိုင်ဆိုင်သူဟု ဆိုနိုင်သည်

"ဖုန်းဆက်ရင် တွေ့ဖို့လွယ်ပါ့မလား"

"မလွယ်လဲ အိမ်သိနေသားပဲ"

"ဖြူးက လက်ခံစကားပြောဖို့ အချိန်ရပါ့မလား"

"အားလပ်နေရင်တော့ ရပါတယ်"

"ဖြူးမှာ အားလပ်ချိန်ကော ရှိလို့လား"

"သိပ်မရှိဘူး"

"ဒါနဲ့များကွာ၊ အိမ်ခေါ်ရသေးတယ်"

"ဟင့်အင်း ...ဦးဟင်္သာ စကားမှားတယ်၊ ဖြူး
မခေါ်ပါဘူး၊ ဆန္ဒရှိရင် တွေ့ချင်ရင် လာပေါ့လို့ ပြောတာပါ

ဟင်္သာဘက်မှ ခဏတိတ်ဆိတ်သွား၏။

"ရှုတင်ကို လာတွေ့ရင်ကော"

"အဲဒါတော့ မဖြစ်ပါဘူး"

"ဘာလို့လဲ"

"ဖြူးက ရှုတင်ချိန်မှာ ဧည့်သည်မတွေ့တတ်လို့
အဲဒီတစ်ချိန်က ဖြူးဘဝရဲ့ အရေးအကြီးဆုံးအချိန်၊ ဖြ
အလုပ်ကို ဖြူး လေးစားရပါတယ်၊ မေးလို့သာ ဖြေရတာ



ဖြူးက ဟာဂါးလုပ်ပြီး မပြောချင်ဘူး"

"အင်း ...ဖြူးရဲ့ အရေးအကြီးဆုံးအချိန် ဟုတ်
လား"

"ဟုတ်ပါတယ်"

"ဖြူး ဘဝအတွက် အရေးအကြီးဆုံးလူကော
ရှိလား"

"အရင်တုန်းကတော့ ရှိခဲ့ဖူးပါတယ်၊ ခု မရှိပါဘူး"

"အဲဒါတွေ မစဉ်းစားဘူးလား"

"ဟင့်အင်း ...ခုအတိုင်းလဲ ဖြူးဘဝ ပြည့်စုံပါ
တယ်"

"သေချာရဲ့လား"

သူ့အမေးကြောင့် ဖြူး စိတ်ခုသွားရ၏။

"ဘာလို့ မသေချာရမှာလဲ"

"ဒါဆို တစ်ခါတလေ ပုဂ္ဂိုလ်ကြီးတချို့နဲ့ သွားတတ်
လာတတ်ကရော"

"ဘယ်ကပုဂ္ဂိုလ်အချို့လဲ"

"ခပ်မြင့်မြင့်အသိုက်အဝန်းထဲက ဘော့စ်အချို့နဲ့"

"ဦးဟင်္သာက ဘာလို့သိနေရတာလဲ"

ဟင်္သာက တစ်ချက်ရယ်လိုက်၏။

"ဖြူးဘဝ အခုအတိုင်းပဲ ပြည့်စုံတယ်ဆိုလို့ မေးမိ
တာပါ၊ ဆောရီး"

ခပ်တိုးတိုး တောင်းပန်ရင်း ရယ်မောနေတော့ ဖြူး
ဒေါသဖြစ်လာရသည်။

"ဖြူး ကိုယ်ရေးကိုယ်တာတွေကို စပ်စုတာမျိုး

မကြိုက်ပါဘူး”

“အဲဒါလဲ သိပါတယ်”

“ဖြူးကတော့ ဦးဟံသာအကြောင်း ဘာတစ်ခုမှ မသိသေးဘူး”

“တကယ်လား”

“ဖြူး ညာမပြောတတ်ပါဘူး၊ ဖေဖေ့မိတ်ဆွေဆို တာလောက်ပဲ ခေါင်းထဲထည့်ထားမိတာ၊ ခုတော့ စုံစမ်း တော့မလို ဖြစ်နေပြီ၊ ခင်မာမာဆိုရင်ကော ဦးဟံသာ အကြောင်း စုံစုံစေ့စေ့သိမလား”

“မဆိုးပါဘူး၊ သိသင့်သလောက် သိမှာပေါ့”

“ဒါဆို ခင်မာမာ မေးကြည့်မယ်”

“တိုက်ရိုက်မေးလေ”

“ဘယ်အမှန်ဖြေမလဲ”

“ကိုယ်နဲ့နှိုင်းပြီး တွေးလိုက်တာထင်တယ်”

“ဒါဆို တစ်ခုသိထားပြီပေါ့”

“သိပ်မကြာခင် အကုန်လုံးသိမှာပါ”

“ဆုံးဖြတ်လိုက်ပြီလား”

“အင်း ...ဦးဟံသာတောင် ကျွန်မအကြောင်းတွေ သိနေသေးတာ”

“ဖြူးက စိတ်ဝင်စားစရာကောင်းတယ်၊ ဖြူး သတင်းက ဘယ်မေးမေး လွယ်တယ်”

သူ့ကို ဘာမှပြန်မပြောတော့ဘဲ ဖြူး ရယ်နေလိုက် သည်။

“နေပါဦး၊ သေချာမေးထားရမှာက တစ်ခုတည်း



ပဲ”

“ဘာလဲ”

“ဖြူးကိုတွေ့ချင်ရင် ဘယ်လိုလုပ်ရမလဲ”

“အိမ်လာ၊ မလာချင်ရင် ဖုန်းဆက်၊ တခြားနည်း လမ်းမှမရှိတာ”

“မသေချာတဲ့အလုပ်ကြီး”

“နယ်မထွက်ရရင်တော့ ညပိုင်းရှိတာ များပါ တယ်”

“စောစောကပဲ ညပါရိုက်မယ်ဆို”

“အဲဒါက တစ်ခါတစ်ရံပါ”

“မနက်ဖြန်ည မရှိဘူးပေါ့”

“အင်း”

“ကြိုရက်ချိန်းယူထားရင်ကော”

“ဒီသုံးလေးလအတွင်းတော့ ရက်ချိန်းပြည့်နေပြီ၊ လက်မခံနိုင်သေးဘူး”

“ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းနေတာမှ မဟုတ်ဘဲ”

“သိပါဘူး၊ ဖြူးက ကြိုရက်ချိန်းယူမယ်ဆိုတော့ ဦးဟံသာက ဒါရိုက်တာများ လုပ်နေပြီလားလို့”

“ကိုယ်က ဒါရိုက်တာတော့ မဖြစ်ချင်ဘူး၊ လူကြမ်း မင်းသားပဲ ဖြစ်ချင်ပါတယ်”

“တစ်မျိုးလေးပါလား”

သူ့စကားကြောင့် ဖြူးကိုယ်လေး နွေးသွားရသည်။

မလွတ်တလွတ်စကားတွေ ဖုန်းဆက်ပြီးပြောနေတာ ဘာကြောင့်လဲ။ ဖြူးကတော့ သည်လောက်ကြာကြာ ဘာလို့

လက်ခံစကားပြော်နေမိပါလိမ့်။

မရိုးမသားမှန်းသိလည်း စကားစ ဖြတ်ပစ်သင့်တာ ပေါ့နော်။

အဲလိုလည်း မသေချာပါဘူး။

ဦးဟသ်ာက ခန့်မှန်းရခက်ပါတယ်လေ။

ဖြူးဖြင့် နားမလည်နိုင်ပါဘူး။

“ဖြူး”

“ဟင်”

“နောက်တစ်ပတ် ဆန်းဒေးနိုက် ဖုန်းဆက်မယ်”

“အင်း …ဖြူးရှိနေရင်တော့ ကိုင်မှာပါ”

“ဒါပဲကွာနော်”

“ကောင်းပါပြီရှင်”

“ကိုယ့်ဖုန်းနံပါတ် မပေးထားတော့ဘူး၊ ဖြူး ဆက်ဖြစ်မှာမှ မဟုတ်တာ”

“အင်း”

“ဖြူး ပျော်ရွှင်ပါစေ”

“ကျေးဇူးတင်ပါတယ်”

ဟသ်ာ ဖုန်းချသွားတော့ ဖြူး ယောင်နနနှင့် ကျန်ရစ်၏။

ဒရင်းဘက်ပေါ် ပြန်ထိုင်ရင်း ချထားခဲ့သော သံပရာရည်ခွက်ကို ယူလိုက်သည်။

လူကြမ်းမင်းသားပဲ ဖြစ်ချင်တယ်တဲ့။

ဘယ်လိုတွေလဲ ဦးဟသ်ာရယ်။

ဖြူးကတော့ အိမ်ထောင်ရေးတွေဘာတွေ မစဉ်းစားချင်တော့။



ဦးဟသ်ာကိုလည်း မိတ်ဆွေအဖြစ်တော့ ဆက်ဆံနိုင်ပါသည်။ အတည်တကျလက်ထပ်ယူဖို့တော့ ဘယ်တော့မှ စဉ်းစားဖြစ်မည် မထင်တော့ပါ။

ဖြူး အတွေးအခေါ်တွေက မာကျောရင့်ကျက်ခဲ့ပြီ။

## အခန်း (၆)

ဖြူး အိမ်ပြန်ရောက်တော့ ည ၁၁ နာရီခန့်ပင် ရှိနေပြီ။

အဝတ်အစားတွေ၊ ဖိနပ်တွေ၊ ပစ္စည်းပစ္စယတွေ သိမ်း ဆည်းဖို့ ကောင်မလေးနှစ်ယောက်ကို ညွှန်ကြားရင်း လူက ပင်ပန်းနွမ်းနယ်နေရပြီ။

"မေမေ …သမီး ဒီနေ့သိပ်မောလာတယ်၊ အိပ်တော့မယ်"

"အေး …အေး …အိပ်တော့သမီး"

မေမေက ညှိုးကျနေသော ဖြူးမျက်နှာလေးကို ကြည့် ရင်းပြော၏။

သည်နေ့ အခန်းတိုင်းအခန်းတိုင်း ဖြူး ပင်ပန်းသည်။ နောက်ဆုံးရိုက်ခဲ့သောအခန်းက အမောပန်းဆုံး။

မိုးရေကြီးထဲ ပြေးလိုက်ရတာ အဝေးကြီး။ သည် ကြားထဲ ကားတိုက်ခံရသေးသည်။

နည်းနည်းမှ မသက်သာလှပါ။

လမ်းဆုံးအောင် မိုးထဲရေထဲ ပြေးရတာမလွယ်။

သည်နေ့ည မိုးက သဲသဲမဲမဲ ရွာသွန်းသဖြင့် သဘာဝ ကျကျ ရိုက်ကူးနိုင်၏။



ကတ္တရာလမ်း မည်းမည်းပေါ်က မိုးရေထဲပြေးရတာ ဖြူး ချမ်းစိမ့်လှသည်။ စိတ်ပါလက်ပါ သရုပ်ဆောင်တာမို့ ပိုပင်ပန်း၏။

ဖြူးမှ မခိုချင်တာ။

အဖြစ်လောက် လုပ်လိုက်လည်း ရသား။

ဖြူးကိုယ်က ပီပီပြင်ပြင် သရုပ်ဆောင်ချင်တာ။

ပြီတော့ ကာလာဖလင်က ရှားပါးတာကြောင့် ဖလင် လည်း မဖြုန်းချင်ဘဲ တစ်ခါတည်းနှင့် အားရကျေနပ်အောင် လုပ်ချင်သည်။

ဒါရိုက်တာ ကျေနပ်ပြီဆိုတာထက် ဖြူးကိုယ်ဖြူး ကျေနပ်ဖို့က အရေးကြီး၏။

ဖြူးက သည်အလုပ်နှင့်ပဲ အသက်မွေးရတာ။

ခုလောက် အောင်မြင်ကျော်ကြားလာတာလည်း ဖြူး ကြိုးစားလွန်းလို့။

ဖြူးသာ ပေါ့ဆဆဆို ဘယ်သည်လို ဖြစ်လာလိမ့် မလဲ။

ပြေးရင်းလွှားရင်း ရင်တွေတဒိန်းဒိန်းတုန်ကာ ခေါင်း တွေမူးလာ၏။ ချွေးသီးချွေးပေါက်တွေလည်း မိုးရေကြီးထဲ ကျလာရသေးသည်။

ဖြူးမှ အကျင့်မရှိခဲ့တာ။

"မောလိုက်တာ မေမေရယ်"

ဟု မသက်မသာညည်းတော့ မေမေက မျက်ရည်ဝဲ တက်လာသည်။

သမီးလေး ပင်ပန်းရှာတယ်ဟု သနားမှာ မလွဲမသွေ။

ဦးဟာသ်ာဆိုရင်ကော ဖြူးကို သနားမှာလား။

ရုတ်တရက် သတိရလိုက်မိတာကို ဖြူး ဘာမှမ တတ်နိုင်။

"ဒီအခန်းပြီးရင် ဒီနေ့တော်ပြီ"

ဒါရိုက်တာစကားက ဖြူးရင်ကို အေးမြသွားစေသည်။

ဖြူးက စတင်ပြီး ...

"တော်ပါတော့"

ဟု မပြောချင်။ တစ်ခါမှလည်း မပြောဖူးခဲ့။ ဖြူး ရာဇဝင်မှာ ရှိကိုမရှိခဲ့တာ။

အိမ်ပြန်ရောက်တော့ အိပ်ရာကိုပဲ ဦးဆုံးသတိရသည်။

သည်နေ့ တစ်ရက်တည်းနှင့် ကျေနပ်လောက်အောင် ပြီးပြတ်သွားသည်။

ထိုကားရုံဝင်လျှင် ပရိသတ်တွေ တိုးဝှေ့ကြည့်ကြမှာ ဟု ဖြေသာအောင် တွေးထားရသည်။

အဲသည်လို တွေးထားမှပဲ ပန်းသမျှ ပြေရမည် မဟုတ်လား။

ခုတင်ပေါ် ပစ်လှဲချလိုက်တော့ လူတစ်ကိုယ်လုံး ကိုင်ရိုက်လိုက်သလို နာကျင်ကိုက်ခဲနေရသည်။

ကောင်မလေးတစ်ဦးကို ရေတစ်ခွက် ခပ်ခိုင်းပြီး သောက်ရသည်။

"မနက်စောစော နှိုးနော် မေမေ"

"နှိုးစက်ပေးထားမယ်လေ"

"ကောင်းပါတယ် မေမေ၊ ပြင်ဆင်စရာတွေ စော



စောထစီစဉ်ရမှာ"

ဖြူးက မျက်လုံးစုံမှိတ်ထားလျက် မေမေ့ကို ပြောနေမိသည်။

ငေးကားပင် ဟာဟာမပြောနိုင်ဘဲ မျက်ခွံတွေ လေးလာရသည်။

မေမေနှင့် ကောင်မလေးနှစ်ဦး အခန်းထဲမှ ထွက်ခွာသွားတာကို သိလိုက်ပြီး ဖြူး အိပ်ပျော်သွားရတော့သည်။

"ဟ ...မှောင်မည်းလို့ပါလား၊ မီးအမှောင်ချထားတာ မှဆိုးမတဲ့လား"

ကြားလိုက်ရသော အာလေးလျှာလေး အသံကြီးကြောင့် တွန့်ခနဲဖြစ်သွားရသည်။

"ဟော့ ...မိန်းမ၊ ဘာလို့မီးမထွန်းတာလဲကွ"

အော်ကြီးဟစ်ကျယ် အသံကြောင့် ရှက်စိတ်နှင့် ပါးပြင်လေးတွေ နွေးသွားရသေးသည်။

"ဟိတ် ...မရှိဘူးလား၊ ဒီမှာခေါ်နေတာ၊ မင်း မကြားဘူးလားကွ ...ဟင်"

"ဘာလဲ ...ဘာလို့အော်နေတာလဲ"

ဝါးခင်းကို တကျွတ်ကျွတ်မြည်အောင်နင်းရင်း ခပ်တိုးတိုးပြောမိ၏။

"ဘာဖြစ်လဲ ...ငါ့ဟာငါ အော်တာ မင်းက ရှက်

လို့လား၊ ရှက်ရင် မီးထွန်းထားပါလား"

"ရေနံဆီ မရှိလို့ပေါ့"

"မရှိရင် ဝယ်ပါလား"

"ပိုက်ဆံမှမရှိတာ"

"အမှောင်ချထားရင်တော့ အော်ရမှာပဲ၊ ရှက်တတ်ရင် မင်း မီးထွန်းထား၊ ဘယ့်နှယ်ကွာ၊ မီးမထွန်းဘဲ အမှောင်ထဲ ထိုင်နေရတယ်လို့"

"ရှင် တိုးတိုးပြောပါ၊ ပတ်ဝန်းကျင်ကို အားနာပါ"

"ဘယ်သူမှ ဂရုမစိုက်ဘူး၊ မင်းက ဘယ်ကောင့်ကို ဂရုစိုက်နေပြန်တာလဲ"

အသံကို အစွမ်းကုန်မြှင့်ရင်း အော်လိုက်တော့ ကြက်သီးဖုလေးတွေပင် ဖြန်းခနဲထသွားရသည်။

"ဟော့ ...မီးခွက်ထွန်းလို့ပြောနေတာ မကြားဘူးလား"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရေနံဆီဝယ်ဖို့ ပိုက်ဆံမရှိဘူးလို့ပြောနေတယ် မဟုတ်လား"

"အကြွေးသွားဝယ်၊ မြန်မြန်သွား"

"ကျွန်မ အကြွေးမဝယ်ရဲဘူး၊ ဝယ်လဲမဝယ်ဖူးဘူး"

"မဝယ်လို့ရမလား၊ ဝယ်လိုက်ရင် ဝယ်ဖူးသွားတာပဲ၊ ဘာဆန်းလဲ၊ မြန်မြန်သွားနော်၊ မီးမြန်မြန်ထွန်း၊ ကြာရင် ဒေါသဖြစ်လာမှာ"

လိမ့်ဆင်းကျလာသော မျက်ရည်စတွေကို သုတ်ပစ်ရင်း ပုလင်းပြားလေးကို ဆွဲယူထွက်ခဲ့ရသည်။

လမ်းထိပ်မရောက်တရောက်မှာ ရေနံဆီရောင်းသည့်



ကုန်စုံဆိုင်လေးရှိ၏။

"အဒေါ် ...ရေနံဆီ ငါးကျပ်သားလောက် ပေးစမ်းပါ"

ဆိုင်ရှင်မိန်းမကြီးက ပုလင်းပြားလေးထဲ ရေနံဆီ ထည့်ပေးသည်။

"ပိုက်ဆံ မနက်ဖြန်မှယူပါနော်"

"ဟင် ...အကြွေးမရောင်းဘူး"

"ဒီတစ်ခါတော့ ရောင်းပါ"

မထည့်သေးခင် ပြောလိုက်လျှင် မပေးမှာစိုး၍ ထည့်ပြီးမှ ပြောရသည်။

ရှက်လည်းရှက်သည်။ မျက်နှာလည်း ပူသည်။ လဲသေပစ်လိုက်ချင်စိတ် ဝင်လာရ၏။

"ခါတိုင်း ညည်း ယောက်ျား လာယူနေကျ၊ အယူသာရှိတာ ဖြန်လဲမဆပ်ပါဘူး၊ ခုတစ်ခါ ညည်းက လာပြန်ပြီ၊ ဒီတစ်ခါတော့ ယူသွား၊ နောက်တစ်ခါတော့ မလာပါနဲ့၊ အကြွေးရောင်းရင် လာဘ်တိတ်တယ်"

ရေနံဆီပုလင်းပြားလေးကို တုန်တုန်ယင်ယင် ဆုပ်ကိုင်ရင်း မှောင်ထဲမှာ ရွှံ့ဗွက်တွေနင်းပြီး အိမ်ပြန်ရောက်လာရ၏။

"တောက် ...တိုင်ကီစုတ်ထဲမှာ ရေတစ်စက်မရှိဘူး၊ မင်း ဘာလို့ ရေမခပ်ထားတာလဲ၊ ရေဘုံပိုင်က ဒီလောက်နီးတာ၊ မင်းကွာ ...အချိုးမပြေပါလား"

အရက်ရှိန်နှင့် အဆီပြန်နေသော သူ့မျက်နှာကို ရဲရဲမကြည့်ဝံ့ဘဲ မျက်နှာလွှဲနေမိသည်။

"ဟာ ...ဒီရွှံ့ပေခြေထောက်နဲ့ မင်း အိမ်ပေါ်တက်တယ် ဟုတ်လား၊ ညစ်ပတ်လှချည်လား၊ ငါတောင် ခြေထောက်ဆေးဖို့ရေမရှိလို့ ဒီမှာရပ်နေသေးတာ၊ သွား ရေသွားခပ်"

"ပုံးမရှိဘူး"

"ခါတိုင်းကော ရှိလို့လား၊ အမြဲငှားခပ်နေတာပဲ"

"မနေ့က ကျွန်မ ရေဆွဲလာတုန်း ကိုင်းပြုတ်သွားပြီး ရေပုံးလွတ်ကျသွားလို့ ပေါက်သွားတယ်၊ ဒါကြောင့် ဒီနေ့ ပုံးငှားလို့မရတော့ဘူး"

"ဪ ...မင်းက သူများရေပုံး ဖောက်ပစ်လိုက်တာကိုး"

သူက ခြေထောက်ရွှံ့ပေကြီးနှင့် ဝါးခင်းကို ခပ်ကြမ်းကြမ်းနင်းရင်း လျှောက်လာ၏။

မျက်လုံးတွေ ပြူးထွက်နီရဲလျက် ကြောက်စရာကောင်းလွန်းသော သူ့မျက်နှာကိုကြည့်မိပြီး ရင်ထဲ တထိတ်ထိတ်နှင့် တုန်ယင်နေမိ၏။

"မင်း ဘယ်တော့မှ ငါစိတ်ချမ်းသာအောင်၊ အဆင်ပြေအောင် မဖန်တီးနိုင်ဘူး၊ ရေမခပ်ထားဘူး၊ မီးမထွန်းထားဘူး၊ သိပ်ညံ့တဲ့မိန်းမ၊ ကဲကွာ ..."

ခုမှ ထွန်းညှိထားသော ရေနံဆီမီးခွက်နှင့် ကောက်ယူပစ်ပေါက်လိုက်တာမို့ အကြီးအကျယ် လန့်သွားရင်း မျက်လုံးတွေ ပြာဝေသွားရသည်။

"အမယ်လေး ..."



အိပ်ရာထက်မှ ငေါက်ခနဲ ထထိုင်ရင်း မွန်းကျပ်နေသော စိတ်ကို အသက်ပြင်းပြင်းရှူထုတ်ရင်း မောနေမိသည်။

ဖြူး တစ်ကိုယ်လုံး ချွေးစေးတွေ ရွှဲနေ၏။ နှုတ်ခမ်းတွေရော လည်ချောင်းတစ်လျှောက်ပါ ခြောက်သွေ့ပူလောင်နေရ၏။ ရင်ထဲမှာ တလှပ်လှပ်နှင့်။

မျက်နှာပေါ်ကျနေသော ဆံပင်တွေကို လက်နှင့်သပ်တင်ရင်း နွမ်းနယ်လွန်းစွာ သက်ပြင်းရှိုက်မိသည်။

အိပ်မက်ဆိုးရယ် ...နှိပ်စက်လိုက်တာ။

အိပ်ရာပေါ်မှဆင်းပြီး ရေတစ်ခွက်သောက်သည်။ ထိရင်ထဲမအေးချမ်းသေး။

အိပ်ရာထက်မှာ ပြန်ထိုင်ချရင်း စိတ်သက်သာရာအောင် စာအုပ်တစ်အုပ် ဆွဲယူဖတ်နေလိုက်သည်။

စာအုပ်ထဲမှာ ဘယ်လိုမှ စိတ်သွင်းမရဘဲ မငြိမ်သက်ဖြစ်နေ၏။ နောက်ဆုံးတော့ အခန်းတံခါးကို ဖွင့်ပြီး ရန်တာဘက် ထွက်ရပ်မိ၏။ အေးစိမ့်သော လေနုနက င်တွင်းမှအပူကို မငြိမ်းစေနိုင်ပါ။

ဘုရားကို အာရုံပြုလျက် အကြာကြီး ငြိမ်သက်နေမိ၏။ သည်အိပ်မက်မျိုး မြင်မက်တာ သည်တစ်ကြိမ် ပထမ ည်း။

လုံးဝမစဉ်းစားသော အကြောင်းအရာတစ်ခုကို အိပ်မက်မြင်မက်လာတော့ တုန်လှုပ်ချောက်ချားရပါသည်။

ပင်ပန်းသွားလို့ ထင်ပါရဲ့။

ပြန်လည်အိပ်ပျော်သွားရင်တော့ သည်အိပ်မက် ထ မြင်မက်မှာလား။ ဖြူး အိပ်ပင်မအိပ်ရဲတော့။

"သမီး"

အားပြည့်သော ခေါ်သံကြောင့် ဖြူး တစ်အားဖျ သွားရသည်။

"ဖေဖေ မအိပ်သေးဘူးလားဟင်"

"တစ်ရေးနိုးလာတာ၊ ဝရန်တာမှာ သမီးရပ်နေတ တွေ့လို့ လျှောက်လာတာ၊ ဒီနေ့ သိပ်ပင်ပန်းသွားတယ် ဘာလို့ မအိပ်သေးတာလဲ"

"အိပ်မက်ဆိုးမက်ပြီး လန့်နိုးတာပါ ဖေဖေ"

"ဩော်"

ဖြူးက ဖေဖေ့လက်မောင်းကို လက်နှစ်ဖက် ဖက်တွယ်ထားရင်း ပခုံးစွန်းပေါ် ဦးခေါင်းလေး မှေး ထားမိသည်။

"သမီး ကြောက်နေသလား"

ဖေဖေက ရိပ်စားမိပုံနှင့် မေး၏။

"ဟုတ်တယ် ဖေဖေ၊ ဖြူး အိပ်ရမှာ လန့် တယ်"

"မဟုတ်တာကွာ၊ ထပ်မမက်နိုင်တော့ပါဘူး အိပ်ရေးပျက်မခံနဲ့ သမီး၊ မနက်ကျလဲ ပင်ပန်းရဦးမှာ"

"ဟုတ်ကဲ့၊ ဖြူး အိပ်တော့မှာပါ"

ဖေဖေက ဖြူးကို အားပေးနှစ်သိမ့်၏။

ဖြူးလည်း ကိုယ့်အဖြစ်ကိုယ် ရယ်ချင်သည်။



"အိပ်မက်က ကြောက်စရာကောင်းလို့လား၊ ဖေဖေ့ ကိုပြန်ပြောပြလေ"

ဖြူးက ခေါင်းငုံ့ချရင်း စကားစရှာမရဖြစ်သွား၏။

"သမီး ...ဘာလဲ၊ အကြောက်မပြေသေးလို့လား"

"ပြယ်ပါပြီ ဖေဖေ"

ဖေဖေက ဖြူးကိုပြုံးကြည့်နေ၏။

"သမီးက ကလေးလိုပဲကွာ၊ မအိပ်ရဲတော့ရင် လာ၊ လိုက်ခဲ့၊ သမီးမေမေနဲ့ လာအိပ်"

"ရပါတယ် ဖေဖေ၊ သမီး အိပ်ရဲပါတယ်"

"လာပါ သမီးရာ၊ ဧည့်ခန်းထဲ စကားပြောတာ ပေါ့"

ဖြူးနှင့်ဖေဖေ ဧည့်ခန်းထဲ ထိုင်မိကြတော့ မေမေပါ နိုးထလာ၏။

"ဟင် ...သမီး ဘာဖြစ်လို့လဲ"

ဖြူးကိုမြင်တော့ ထိတ်ထိတ်ပျာပျာ မေးသည်။

"အိပ်မက်ဆိုး မက်လို့တဲ့၊ မအိပ်ရဲဘူးတဲ့လေ"

"ဩော် ...ဘာများလဲလို့၊ လန့်လိုက်တာ၊ မေမေ တို့နဲ့ လာအိပ်"

"ရပါတယ် မေမေ၊ ခုအိပ်ရဲပါပြီ"

"သေချာလို့လား သမီးရယ်၊ လာအိပ်ပါ၊ မေမေ စိတ်မချဘူး"

မေမေက ခပ်ပြတ်ပြတ်ပြောသည်။

ဖြူး ဖေဖေနှင့် မေမေ့အလယ်မှာ ထိုင်ရင်း ငြိမ်သက် နေမိသည်။

"ဘယ်လိုအိပ်မက်ဆိုးလဲလို့ မေးနေတာ"

ဖေဖေက မေမေ့ကို ပြောပြနေသည်။

"အင်း ...ဆိုပါဦး၊ သမီးက ဘာကြောက်စရာတွေ မက်လို့တုံး"

မေမေ့အမေးကို ဖြူး ပြန်မဖြေဖြစ်ပါ။

"သမီးလေး"

မေမေက ဖြူး လက်ကလေးကို ဆုပ်ကိုင်ရင်း ခေါ်သည်။

"ရှင် ...မေမေ"

ကျက်သရေရှိစွာ အေးချမ်းလွန်းသော မေမေ့မျက်နှာက ဖြူးကို လန်းဆန်းသွားစေသည်။

"ပြောလေ၊ ဘာမက်တာလဲ၊ ဘာတွေ တွေ့လို့လဲ"

သေသေချာချာ မေးလာပြီမို့ ဖြူး ဖြေရပါတော့မည်။

ဖြူး လုံးဝမဖြေချင်။

မျက်ရည်စတွေ မျက်လုံးအိမ်မှာ လျှံလာရ၏။

ဖေဖေနှင့် မေမေက ဖြူး ပြောလာမည့် စကားတွေကို စိတ်ဝင်တစား နားစွင့်ထားပုံပါ။

"လူတစ်ယောက်ကို အိပ်မက်မက်တာပါ မေမေ"

"ဘယ်သူလဲ သမီး"

မေမေက ဖြူး မျက်နှာကို အကဲခတ်သလိုကြည့်ရင်း မေးတော့ ဖြူး ခေါင်းငုံ့ချမိသည်။ ဆံပင်တွေက ဖြူး မျက်နှာကို မေမေ သေချာမမြင်အောင် ကာကွယ်ပေးထား၏။

"ရှိပါ မေမေ"



ဖြူး အသံက တိမ်တိမ်တိုးတိုးလေး။

ဖေဖေနှင့် မေမေ တိုင်ပင်ထားသလို ပြိုင်တူငြိမ်ကျသွားသည်။

မျက်နှာတွေ ပူလာရလျက် ဖြူး ခေါင်းမဖော်ရဲတော့။ သည်အမည်ကို မိဘရှေ့မှာ ချပြောမိတာ ဒါ ပထမဆုံး။

တစ်ခါမှ မပြောဖြစ်ခဲ့ပါ။

"သမီးကို ခွင့်လွှတ်ပါ မေမေ၊ သမီး သူ့အကြောင်း မပြောချင်ပါဘူး"

မေမေက သက်ပြင်းရှိုက်၏။

ဖေဖေက မတ်တတ်ရပ်လျက် တရွေ့ရွေ့ထွက်သွား၏။

"သမီးရယ် ...မေမေ နားလည်ပါတယ်၊ သူက အိပ်မက်ထဲမှာ သမီးကို ဘာလုပ်လို့လဲ"

"ရေနံဆီမီးခွက်နဲ့ ပေါက်လိုက်တာပါ မေမေ"

"သမီးရယ်"

မေမေက ဖြူး ကိုယ်လေးကို ဖက်ပွေ့ထားသည်။

"ဒီအကြောင်းအရာတွေ သမီး ခေါင်းထဲမှာ ရှိနေသေးလား"

"ဟင့်အင်း ...မရှိတော့တာ ကြာပါပြီမေမေ၊ ဒါပေမယ့် ဖြူး အဲဒီလိုအိပ်မက်မျိုး ထပ်မက်ဦးမှာ ကြောက်တယ်"

"ဒုက္ခပါပဲ သမီးရယ်၊ ဖြစ်နိုင်ရင် မေမေ မွေးတုန်းကလို ဘာဝေဒနာမှ မရှိတဲ့ သန့်သန့်စင်စင် သမီးလေးပဲ ဖြစ်စေချင်တယ်"

မေမေ့ရင်ခွင်ထဲ ခေါင်းတိုးငြိမ်သက်ရင်း မှိန်းနေမိသည်။

"မေမေနဲ့ ဒီတစ်ည လာအိပ်ပါ့ သမီး၊ ဒါမှမဟုတ် မေမေ သမီးနဲ့ လာအိပ်မယ်၊ အဲဒါ ကောင်းတယ်"

မေမေက ဆုံးဖြတ်လိုက်သလိုပြော၏။ ဖြူးက ဘာ တစ်ခွန်းမှ မပြောဖြစ်တော့။ မေမေ့ အစီအမံကို နာခံတော့မည်။



## အခန်း (၇)

"မမဖြူး ...ဧည့်သည်ရောက်နေပါတယ်"

ကောင်မလေး စကားကြောင့် ဖြူး ကြောင်အမ်းသွားရသည်။

"ဘယ်ကဧည့်သည်လဲ"

"ဦးဟသ်ာပါ"

"ဟင်"

ဖြူး ခဏတစ်ချက် ငြိမ်သက်တွေဝေသွားရ၏။ ပြီးမှ...

"ဆင်းလာခဲ့မယ်၊ စောင့်နေလို့ပြောလိုက်၊ ခုမှ ရေချိုးမလို့ လုပ်နေတုန်း၊ ကြာမယ်လို့"

"ဟုတ်ကဲ့"

ရေချိုးခန်းတံခါးကိုဖွင့်ပြီး ဝင်ခဲ့သည်။

ဦးဟသ်ာ။

သူ ဘာကိစ္စနှင့် လာတာပါလိမ့်။

ဖုန်းဆက်ပြီး အသက်မေးသည်။

လူကိုယ်တိုင်လာပြီး အရပ်များ တိုင်းဦးမလို့လား။

ပြက်ချော်ချော်တွေးရင်း တစ်ဦးတည်း အသံထွက် ရယ်မိသည်။

သွက်သွက်လက်လက်ချိုးပြီး အဝတ်အစား လဲလိုက်

၏။

ရေစိုနေသော ဆံပင်တွေကို စင်အောင် သုတ်ပစ်ရသေး၏။

မိုးချုပ်နေပြီမို့ ရေချိုးရတာ ခပ်လန့်လန့်။

မတော်တဆ ဖျားနာနေမှာ စိုးရိမ်သည်။

ဖြူးက ညပိုင်းရေချိုးလျှင် တစိမ့်စိမ့်ချမ်းကာ နေမကောင်းဖြစ်တတ်သည်။

ဧည့်ခန်းကို ဆင်းလာတော့ ဦးဟသ်ာက ခပ်လျော့လျော့ထိုင်လျက် တိုင်းမ်မဂ္ဂဇင်း ဖတ်နေ၏။

"အားနာလိုက်တာ၊ ဖြူး ရေချိုးနေလို့"

"ရတယ်"

ဦးဟသ်ာက ဖတ်လက်စ စာအုပ်ကိုပိတ်ရင်း ခပ်မတ်မတ်ပြင်ထိုင်လိုက်သည်။

"ဖြူး ရေချိုးတာ နောက်ကျလှချည်လား"

"စောစောကမှ ရုံုတင်က ပြန်ရောက်တာ"

"ဒါဆို ပင်ပန်းနေမှာပဲ"

"ဒီနေ့ သိပ်မပင်ပန်းပါဘူး၊ အားလုံး အင်ဒိုးချည်းပဲ"

"သြော်"

"ဒါရိုက်တာရဲ့ ခြံထဲမှာနဲ့ အိမ်ထဲမှာ ရိုက်ရတာ၊ ခြံထဲမှာ တစ်ခန်းလား ပါတယ်"

ဖြူးက ရှင်းပြရင်း ကော်ဖီကရားထဲမှ ကော်ဖီတစ်ခွက်ငှဲ့ပြီး ဦးဟသ်ာကို လက်ထဲအရောက် လှမ်းပေးသည်။



"ဘာတွေစပ်စုထားပြီးပြီလဲ"

"ရှင်"

"ကိုယ့်အကြောင်း သိရအောင် လုပ်မယ်ဆို"

"အင်း ...ဟုတ်ပါတယ်၊ ဒါပေမယ့် ဖြူး မအားလပ်သေးတာနဲ့"

"ဘာမှမစပ်စုဖြစ်သေးဘူးလား"

"အင်းပေါ့"

"ကိုယ်က သိလောက်ပြီမှတ်လို့"

"ခဏစောင့်လေ၊ ခင်မာ့ဆီ ဖုန်းဆက်လိုက်မယ်"

"ဟာ ...မလုပ်ပါနဲ့၊ ပေါ်တင်ကြီး"

ဖြူး နှုတ်ခမ်းလေး စေ့ထားရင်း ပြုံးမိ၏။

"ဦးဟသ်ာ ...ညစာ စားပြီးပြီလား"

"ပြီးပြီ၊ ဖြူးကော"

"ဟင့်အင်း"

"ဟာ ...စားလေ၊ အားနာစရာကွာ၊ ဒီဧည့်သည်ကို တော်တော်စိတ်ပျက်မှာပဲ"

"ဟင့်အင်း ...မပျက်မိပါဘူး၊ ကျွန်မလဲ ဦးဟသ်ာ ခုလိုလာတာ ပျော်ပါတယ်"

"တကယ်ပဲလား"

"မညာတတ်ပါဘူးဆို"

ဖြူး ပြောပုံက ချစ်စရာလေးမို့ ဟသ်ာ ငေးခနဲ ဖြစ်ရပြန်သည်။

"ချစ်စရာလေး"

ဆိုသော စကားလုံးသည် ဖြူးအတွက် ဖြစ်ပေါ်လာ

သည်များလား။

ဘာလေးပဲလုပ်လုပ် ချစ်စရာကောင်းသည်။

ဘယ်လိုနေနေ၊ ဘယ်စကားပြောပြော ချစ်ကိုချစ်စရာ ကောင်းတာ ဦးဟသ်ာတင် မဟုတ်။ လူတိုင်းလိုလို ဖြူးကို ချစ်စရာလေးလို ထင်ထားကြတာ၊ ယူဆထားကြတာ။

ဖြူးကိုဆို အားပေးကြတာ မနည်းမနော။

ဖြူး ပါဝင်သည့် ရုပ်ရှင်ကားဆို လူတွေ မလွတ်တမ်း ကြည့်ကြသည်။

ဘာကားဖြစ်ဖြစ် ဖြူးဖြူးဇော်မောင် ပါလျှင်တော့ ကြည့်လိုက်မည်မှာ ဆုံးဖြတ်ထားသူတွေက အများစု။

"ဩော် ...ဦးဟသ်ာ"

"ဗျာ"

"ဖုန်းဆက်ပြီး အသက်ဘယ်လောက်လဲ မေးထားတော့ အခု လူကိုယ်တိုင်လာပြီး အရပ်တိုင်းမလို့များလား"

"အဟား ...ဖြူးက နောက်တတ်သားပဲ"

ဟသ်ာက ဟန်ဆောင်မှုကင်းစွာ ရယ်မောသည်။

ခန့်ညားသောရုပ်သွင်က ပွင့်ပွင့်လင်းလင်း ရယ်လိုက်တော့ အရမ်းကြည့်ကောင်းသည်။

"ခဏထိုင်ဦးနော် ဦးဟသ်ာ၊ ကျွန်မ ပစ္စည်းလေးတွေ စစ်ဆေးစရာရှိလို့"

ဖြူးက ကောင်မလေးတစ်ယောက် လာချပေးသော သားရေသေတ္တာကို ဆွဲယူပြီး ဖွင့်ကြည့်သည်။

အဝတ်အစားတွေချည်း ထည့်ထားတာ ဟသ်ာပါ တွေ့လိုက်သည်။



ဖြူးက တစ်ထည်ချင်း သေချာဖြန့်ကြည့်ပြီးမှ ပြန်ခေါက်ထည့်၏။ အားလုံး ဂါဝန်တွေချည်း။ အရှည်ရော၊ တိုရော ရောင်စုံ။

"ဂါဝန်တွေ များလှချည်လား"

"အင်း ...ဟုတ်တယ်၊ မြန်မာပြည်မှာမွေးပြီး နိုင်ငံခြားမှာကြီးပြင်း၊ နောက်မှ မြန်မာပြည် ပြန်ရောက်လာတဲ့ကားမျိုး ရိုက်ရမှာဆိုတော့ ဂါဝန်တွေနဲ့မှ ဖြစ်မှာ"

အံဖြူရောင်ဇာဂါဝန်ရှည်ကို ဖြန့်ကြည့်ရင်း ဖြူးက ရှင်းပြနေ၏။

"မြန်မာပြည်မှာပဲ ရိုက်မှာလား"

"အင်း ...မြန်မာပြည်ကို ပြန်ရောက်လာတဲ့အခန်းက စမှာ"

သားရေသေတ္တာကို သေချာပြန်ပိတ်ပြီး ချထားလိုက်တော့ ကောင်မလေးက အိတ်တစ်အိတ်ကို ယူလာပေးသည်။

အိတ်ထဲမှာက ရှူးဖိနပ်၊ ဒေါက်မြင့် ကြိုးသိုင်းဖိနပ်မျိုးစုံ။

"အပြာရောင် ရှူးလေးကော"

"အဲဒါ၊ မတွေ့ဘူး မမ"

"ရှာကြည့်ပြီးပြီလား"

"ဟုတ်ကဲ့"

ဖြူးက ငြိမ်သက်စွာ စဉ်းစားကြည့်ပြီးမှ ...

"ဟိုတစ်နေ့က မင်္ဂလာဆောင်သွားတုန်းကတောင် စီးသေးတယ်၊ မမ အခန်းထဲမှာ သွားရှာကြည့်စမ်းပါဦး၊ တွေ့ရင် ထည့်ထားလိုက်၊ မတွေ့လဲ မတတ်နိုင်ဘူး"

ရှူးဖိနပ်ရောင်စုံထည့်ထားသော အိတ်ကြီးကို ကောင်မလေးထံ ပြန်ပေးရင်း ဖြူးက ညည်းညည်းလေး ပြော၏။

"ဒါတွေက ဂါဝန်တွေနဲ့ တွဲဝတ်ဖို့လား"

"အင်းပေါ့၊ နိုင်ငံခြားမှာ ကြီးပြင်းခဲ့သူဆိုပြီး အဲဒါတွေမဝတ်လို့ ဘယ်ရမလဲ၊ သဏ္ဍာန်လုပ် သရုပ်တူရမယ်လေ"

"ငွေ အတော်ကုန်မှာပဲ"

"ကုန်တာပေါ့၊ ဒီကားအတွက်ရတဲ့ သရုပ်ဆောင်ခ ဒါတွေပြန်ဝယ်ရတာနဲ့တင် ကုန်သလောက်ဖြစ်သွားပြီ"

"ဂါဝန်တွေက အရမ်းလှတယ်၊ ဖြူးနဲ့ သိပ်လိုက်မှာပဲ"

"ကျေးဇူး"

ဦးဟံသာက ချီးကျူးစကား ဆိုလိုက်တာမို့ ဖြူး မျက်နှာလေး ပြုံးသွားရ၏။

ဟံသာက ဖြူးကို ငေးစိုက်ကြည့်ရင်း မြတ်နိုးနေမိသည်။ အပိုင်လည်း လိုချင်မိသည်။

တစ်နိုင်ငံလုံးငေးရသော စတိုင်လေးကို အနီးကပ်မြင်တွေ့ရင်းနှီးခွင့်ရတော့ ပိုပြီးစွဲလမ်းသွားရ၏။

ချစ်စရာကောင်းလွန်းသော ဖြူး မျက်နှာလေးကို ကြည့်ရင်း နွေးထွေးစွာ ရင်ခုန်စပြုသည်။

သူ့ကိုယ်သူ မညာချင်တော့။

ညာလို့လည်း မရတော့။ ဖြူးဆီ ရောက်ရောက်လာတတ်တာ ဖုန်းဆက်ဖြစ်တာ သူ ဖြူးကို စိတ်ဝင်စားလို့ပဲလေ။



ဖြူးကို ချစ်သည်။ လက်ထပ်ချင်သည်။

ကိုယ့်ဘဝ လက်ရှိအနေအထားအားလုံးကို ခဏမေ့ထားချင်တော့သည့်အဖြစ်။

တစ်ခွန်းချင်းပြောလာသော စကားသံ ဖြည်းဖြည်းလေးကို နားထဲ စွဲငြိကြားယောင်ရင်း ဖြူးကိုပဲ အချိန်တိုင်း သတိရနေမိသည်။

ကြွေရုပ်လေးလို လှပလွန်းသော ဖြူးကို တစ်ခါမှ မဖြစ်ပေါ်ဖူးသော မေတ္တာစစ်တစ်မျိုးနှင့် ချစ်မိတာပါ။

အစစပြည့်စုံသော ကိုယ့်ဘဝကိုပင် ခြောက်သွေ့သလိုကြီး ခံစားလာရသည်။

ပြီးတော့ ကျော်ကြားသောမင်းသမီးဆိုတာလေးကို ဟံသာ နှစ်သက်၏။

သူမဘဝလေး လှုပ်ရှားနေရသော အခြေအနေအားလုံးအားလုံး တခြားလူတွေနှင့် သိပ်မတူဘဲ ထူးခြားဆန်းသစ်နေရသည်။

ခုပဲကြည့် ...ဂါဝန်ရောင်စုံလေးတွေ သေတ္တာထဲထည့်၊ ဖိနပ်မျိုးစုံ အိတ်ထဲထည့်ပြီး ရှူတင်သွားဖို့ ပြင်ဆင်နေတာလေးက သူ့အတွက်တော့ တကယ်ပဲ အထူးအဆန်း အံ့ဩစရာလေး ဖြစ်နေရ၏။

သည်လိုမျိုး သူ တစ်ခါမှ မကြုံဖူးခဲ့ပါ။

"ဖြူး"

"ရှင်"

ငြိမ်သက်နေသော ဖြူးက မျက်လုံးလေးလှန်ကြည့်သည်။

သူမ စတိုင်လေးက ဘယ်တော့မှ ရိုးအီသွားသည် မရှိ။

ခေါင်းငုံ့ထားပြီး မျက်လွှာလေးလှန်ကြည့်ပုံကပင် ရင်ခုန်ချင်စရာ။

"ဖြူး"

"ရှင်"

သူ ဒုတိယအကြိမ်ခေါ်တော့ ဖြူးက တစ်ချက်ပြုံးပြီး ထပ်ထူးသည်။

"ဖြူးကို လက်ထပ်ချင်တယ်"

ဖြူးက မယုံတာလား၊ အံ့သြသွားတာလား မသိ။ သူ့စကားကို ပြန်ရွတ်ကြည့်သည်။

"ဖြူး လက်ခံမှာလားဟင်"

"ကျွန်မအတွက် ထူးဆန်းနေတယ်"

ဖြူးအသံလေးက အဆမတန် တိုးဖွသွားလျက် လေသံလေးလောက်သာ ထွက်ပေါ်လာ၏။

"ဦးဟံသာကို ကျွန်မ ဒီလိုမထင်ထားဘူး"

"ဖြူးပြောတာ နားမလည်ဘူး"

"ဒီလိုပါ၊ ဖြူးကို အပျော်သဘောလောက်၊ ပြီးတော့ ဖြူးနဲ့ တွဲနေကြတဲ့လူတွေကိုလဲ သိနေတယ်ဆိုတော့"

"ကိုယ်ဆိုလိုတာ အဲဒီလိုမျိုးမဟုတ်ဘူး၊ ဖြူးကို ကိုယ် သိပ်ချစ်တယ်"

ဟံသာက ဖြူးကိုမကြည့်တော့ဘဲ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ထားလျက် ပြောလာသည်။

ဖြူးက ဦးဟံသာကို အံ့သြစရာလေးလို ကြည့်နေမိ



၏။

လက်ထပ်ချင်ပါသည်တဲ့။

ဖြူးက အဲသလိုအနှောင်အဖွဲ့ကို မလိုချင်ပါ။

အိမ်ထောင်ပြုရမှာကိုလည်း ဖြူး ကြောက်သွားရပြီ။

"ဖြူး"

ဖြူး ဘာမှမပြောနိုင်တော့။ တိတ်ဆိတ်ငြိမ်သက်သွားရ၏။

"ဖြူး စဉ်းစားကွာ ...နော်"

"ဟိုလေ...ကျွန်မ အိမ်ထောင်မပြုချင်ဘူး"

"စကားကို အပြတ်မပြောနဲ့လေ၊ အေးအေးဆေးဆေး အချိန်ယူစဉ်းစားဦး ဖြူးရာ၊ နော်"

သူက တောင်းပန်သလိုပြောတော့ ဖြူး တစ်မျိုးကြီးဖြစ်သွားရ၏။

အိပ်မက်များ မက်နေရော့သလား။

ဦးဟံသာ ဖြူးကို ခုလိုစကား ပြောလာလိမ့်မည်ဟု ဖြူး လုံးဝမထင်ထားခဲ့ပါ။ ကြားရတာ တကယ့်ကိုမယုံနိုင်။

"ဖြူး ကိုယ့်အကြောင်းတွေလဲ သိအောင်လုပ်ထားဦးလေ"

ဖြူး ခေါင်းညိတ်မိသည်။

ဦးဟံသာက ဖြူးကို နှုတ်ဆက်ပြီး ပြန်သွား၏။

ဖြူး တစ်ဦးတည်း ယောင်ချာချာနှင့် ကျန်ရစ်၏။

ဆိုဖာမှာမှိုင်ချထိုင်ရင်း ဦးဟံသာစကားတွေကို ပြန်ကြားယောင်နေမိသည်။

ဖြူးကို ချစ်တယ်တဲ့။

ဟုတ်ပါ့မလား။

ဖြူးအနေအထားကို မက်မောလိုချင်တာတော့ မဖြစ်နိုင်ဘူးလား။ အဟင်း ···ဖြူးက ကျော်ကြားမှုသာရှိတာ ငွေကျတော့ မရှိပါဘူး၊ ဖြူးတို့ မချမ်းသာပါဘူး ဦးဟာသ်ာ။

ဘာကိုတွက်ပြီး ဦးဟာသ်ာက လက်ထပ်ချင်တာပါလိမ့်။

လျှောက်စဉ်းစားရင်း ဖြူး ခေါင်းရှုပ်လာရသည်။

ဖေဖေ့ကို ဦးဟာသ်ာအကြောင်း မေးစမ်းကြည့်ဖို့ သတိ ရသည်။ မခင်မာမာဆီလည်း ဖုန်းဆက်ရဦးမည်။

ဖြူးကို လက်ထပ်ချင်သည်ဟုဆိုသော ဦးဟာသ်ာ အကြောင်းကို ဖြူး အနည်းအကျဉ်းတော့ သိထားမှ ဖြစ်တော့မည်။

ဆုံးဖြတ်ချက်ချရင်း ဖြူး ငြိမ်သက်နေမိ၏။

ဦးဟာသ်ာ၏ ရယ်သံလွင်လွင်ကို နားထဲကြားယောင်နေမိပြန်သည်။



# အခန်း (၈)

"ဟင်···သားနဲ့သမီးက ဆယ်တန်းဟုတ်လား"

"အင်းလေ ···ဖြူး မသိဘူးလား"

"မသိဘူး၊ မိန်းမကော"

"နို့သာလှိုင်းဦးလေ၊ ဖွေးဖွေးသန့်သန့်နဲ့ ချောပါတယ်၊ သူတို့မိသားစုက နာမည်ကြီးတွေပဲ၊ သိပ်ချမ်းသာတယ်လေ"

"ချမ်းသာတယ်"

"အင်း ···မြန်မာပြည်မှာ အချမ်းသာဆုံး စာရင်းဝင်တွေလေ"

"ဖြူး လုံးဝမသိဘူး"

"ဦးဟာသ်ာက တကယ်လုပ်တာဟ၊ စီးပွားရေးလုပ်ငန်း ကြီးကြီးမားမားတွေ အများကြီးပဲ၊ ဒေါ်နို့သာကလဲ ဇနီးကောင်းပီသလွန်းတယ်၊ ရှေ့သွားနောက်လိုက်ညီတယ်၊ ဘရိန်းလဲမြင့်တယ်၊ အစကတည်းက ချမ်းသာတယ်၊ ခုဆိုပိုတောင် ချမ်းသာလာသေးတယ်"

"ဩော်"

ဖြူးက သက်ပြင်းလေး တစ်ချက်ရှိုက်သည်။

"ဖြူးက ဘာလို့မေးတာလဲ"

"သိချင်လို့ပေါ့"

"ဦးဟသ်ာက ချမ်းသာလွန်းလို့ နာမည်ကြီးတာ၊ စီးပွားရေးလောကမှာ သူက ဖြူးလိုပဲ၊ နာမည်ကြီး"

"ဖြူးက မချမ်းသာပါဘူး"

"အင်း …ဟုတ်ပါတယ်၊ တို့ဆိုလိုတာက ဖြူး ရုပ်ရှင်လောကမှာ နာမည်ကြီးသလို ဦးဟသ်ာက စီးပွားရေး လောကမှာ နာမည်ကြီးတယ်"

"အင်း"

"ဖြူးဆီ လာသေးလား"

"ဦးဟသ်ာလား"

"အင်း"

"လာပါတယ်"

ခင်မာမာက တစ်ချက်ငြိမ်သက်နေ၏။ ပြီးမှ …

"ဦးဟသ်ာရဲ့ သားနဲ့သမီး သိပ်စာတော်တာ၊ အမြွာ လေးတွေကွ၊ ဖြူဖြူသန့်သန့်လေးတွေ၊ ဆရာဝန်ပဲ ဖြစ်ချင် ကြတယ်တဲ့"

"အင်း"

ဖြူး ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရ၏။

ဦးဟသ်ာ အကြောင်းတွေက ဖြူး တွေးထင်ထားတာ နှင့် တခြားစီပါလား။

"ခင်မာ"

"ဟင် …ပြောလေ ဖြူး"

"ဦးဟသ်ာက ဖြူးကို လက်ထပ်ချင်တယ်တဲ့"

"ဟယ် …ဟုတ်လား"

"ဖြူးက လူလွတ်ပဲမှတ်တာ"



"သားကြီး မယားကြီး ရှိပါတယ်"

"ဖြူးက သိမှမသိတာ"

ဖြူး ရယ်နေမိသည်။

ဟသ်ာကို သည်လောက်အထိ ကြွယ်ဝချမ်းသာမှန်း ဖြူး မသိခဲ့ပါ။ ကြားရတာတွေက အံ့သြစရာတွေချည်း။

"ဖြူးက ဘယ်လိုစဉ်းစားထားလို့လဲ"

"မစဉ်းစားသေးပါဘူး"

"ချမ်းသာတာတော့ အရမ်းပါပဲ၊ ဒါပေမယ့် နံ့သာ က ရှိနေသေးတယ်"

ဖြူး ဘာမှပြန်မပြောမိဘဲ တိတ်ဆိတ်နေမိ၏။

ခင်မာမာ့ဆီ ဖုန်းဆက်ပြီးတော့ ဖေဖေနှင့် စကားပြော ကြည့်သည်။

"ဦးဟသ်ာက အရမ်းချမ်းသာတယ်ဆို ဖေဖေ"

ဖေဖေ စာအုပ်ဖတ်နေတာကို မသိသလိုလုပ်ရင်း အဆက်အစပ်မရှိ မေးချတော့ ဖေဖေ အံ့သြသွားပုံနှင့် …

"ဟုတ်တယ်လေ သမီး၊ ဘာဖြစ်လို့လဲ"

"သမီး သိချင်လို့"

"ဖေဖေတောင် ဟိုတုန်းက ငွေလိုရင် သူ့ဆီက ဆွဲရ သေးတာပဲ"

"ဟုတ်လား"

ဖြူးက ဖေဖေ့ရှေ့မှာ ငြိမ်သက်စွာထိုင်ချရင်း …

"ဖေဖေ"

"ဟင် …ဘာလဲ သမီး"

"ဦးဟသ်ာက သမီးကို လက်ထပ်ခွင့်တောင်း

တယ်''

''ဟော''

ဖေဖေက ဖတ်လက်စ စာအုပ်ကို ချထားလိုက်၏။

''သူ့မှာ နံ့သာလေး ရှိတယ်လေ''

ဖေဖေက မယုံချင်သလိုလို၊ အံ့ဩလိုလို ရှိနေ၏။

''သမီးလဲ မသိပါဘူး ဖေဖေ၊ ခု ခင်မာပြောမှသိတာ''

''အင်း''

ဖေဖေက ညည်းညူနေ၏။

''သမီးက ဘာပြောလိုက်လဲ''

ဖြူး ခေါင်းခါမိသည်။

''ဘာမှမပြောလိုက်ဘူး''

ဖေဖေက စဉ်းစားနေ၏။

သည်တစ်ခါတော့ ဖြူး ဖေဖေ့အမိန့်ကိုပဲ နာခံတော့မည်။

''သမီး စဉ်းစားပြီးပြီလား''

''ဟင့်အင်း …ဖေဖေရယ်၊ ဖြူး အိမ်ထောင်မပြုချင်တော့ဘူး''

''အင်းလေ သမီးသဘောပါ၊ ဖေဖေ ဘာမှမပြောချင်ဘူး၊ မေတ္တာရှိနေကြလဲ ပြေလည်အောင် ဖန်တီးကြပေါ့''

ဖေဖေက တစ်ခုမှ ဝင်မစွက်ချင်ပုံနှင့် ရှောင်ထွက်သွား၏။

ဖြူးက ဖေဖေထိုင်နေသော ခုံကို ပခုံးနှင့် မှီချရင်း ရောက်တတ်ရာရာ တွေးကြည့်နေမိသည်။



''သိပ်ချမ်းသာကြွယ်ဝတယ်''

ဆိုသော အချက်သည် ဖြူးအတွက်တော့ တွေးစရာတွေဖြစ်လာရ၏။

ဖြူးက အရမ်းချမ်းသာချင်သည်။

လက်ရှိအနေအထားကို ဖြူး လုံးဝအားမရနိုင်။

ဦးဟာသ်ာနှင့်ယှဉ်လျှင် ဖြူးတို့ ကြွယ်ဝမှုသည် ရယ်ချင်စရာလေး ဖြစ်နေရော့မည်။

အစစသာယာပြည့်စုံသော ဘဝမှာ ဖြူးကို ဘာလို့ လက်ထပ်ခွင့်တောင်းရတာပါလိမ့်။

ဦးဟာသ်ာ ဖြူးကို ချစ်တာကြောင့်ပဲ ဖြစ်မည်။

ဖြူးကိုချစ်သော သူဌေးတစ်ဦးကို ဖြူး ငြင်းပယ်သင့်သလား။

ဖေဖေက ဖြူး အိမ်ထောင်ရေးကိစ္စထဲမှာ ဝင်ပါချင်ပုံမရ။

ပထမအကြိမ်တုန်းကတော့ ဖေဖေ အရမ်းပဲ စိတ်ဆိုးမာန်ဆိုး တားမြစ်ခဲ့သည်။

ဖြူးကလည်း ခေါင်းမာစွာနှင့် ဖွတ်တိုးခဲ့သည်။ ဖေဖေ့ သဘောထားကို ခေါင်းထဲမထည့်ခဲ့။

ခင်မာမှာဆီ ဖုန်းမဆက်ခင်အထိ ဦးဟာသ်ာကို လက်ထပ်ဖို့ ဖြူး လုံးဝမစဉ်းစားခဲ့ပါ။

ခုတော့ စဉ်းစားစရာတွေ ရှိလာ၏။

ဦးဟာသ်ာ၏ ကြွယ်ဝချမ်းသာမှုကို ဖြူး မက်မောလိုချင်သည်။ လူလွတ်မဟုတ်တာကိုတော့ နည်းနည်းပါးပါး ခေါင်းရှုပ်ရ၏။

"သမီး"

"ရှင်"

"မောင်ဟသ်ာကတော့ သမီးလေးကို မြတ်နိုးပုံပါ၊ ဖွဲ့လဲကောင်းမယ့်ပုံ၊ ဒါပေမယ့် သူများအိမ်ထောင်ရေးကို အင်းလေ ...သမီး စဉ်းစားပါဦး"

ဖေဖေက ဖြူး ဆန္ဒနှင့် ဆုံးဖြတ်ခိုင်းသည်။

"လောလောဆယ်တော့ ဖြူးမှာ အဖြေမရှိသေးဘူး ဖေဖေ"

"အချိန်ယူပြီး စဉ်းစားတာ ကောင်းပါတယ်"

"ဟုတ်ကဲ့"

ခြေလှမ်းနှေးများဖြင့် အခန်းထဲအထိ လျှောက်လာရင်း ဖြူး ခေါင်းထဲ ရှုပ်ထွေးပူလောင်လာရ၏။

ဦးဟသ်ာကို လက်ခံရမလား၊ ငြင်းပစ်လိုက်ရမလား၊ ဇဝေဇဝါနှင့် ခိုင်မာသော ဆုံးဖြတ်ချက် ကျမလာ။

ခုတင်ပေါ် လှဲချရင်း မနက်ဖြန်မနက် ဦးဟသ်ာ ရောက်လာမှာ သတိရ၏။

တိကျသော အဖြေမရှိသေးဘဲ ဦးဟသ်ာနှင့် တွေ့ဆုံရမှာ ဖြူး မကျေနပ်ချင်။

"ဦးဟသ်ာကို ဖြူး ချစ်သလား"

ဆန်းစစ်မိ၏။

ဟင့်အင်း ...မချစ်ပါ။

ရင်လည်း မခုန်။

သို့ပေမယ့် ဦးဟသ်ာကို ဖြူး မမုန်း။ လက်ထပ်ဆိုလည်း ခေါင်းညိတ်နိုင်သည့်။ ရင်မှာ အမျက်ရှိမနေ။ နာကျင်



စိတ်လည်း မရှိ။

နှစ်သက်လိုလားစိတ်မရှိသလို မုန်းတီးအမြင်ကတ်စိတ်လည်း မရှိပါ။ ဦးဟသ်ာ မျက်လုံးတွေကို နားလည်မိသလိုတော့ ရှိသည်။

ဦးဟသ်ာနှင့် ပတ်သက်ပြီး ဖြူး ရင်မှာ ခံစားချက်ကင်းသည်။ တစ်စုံတစ်ရာ ဘာဆန္ဒမှ ဖြစ်ပေါ်မနေ။

ဦးဟသ်ာ၏ ပြည့်စုံကြွယ်ဝမှုက ဦးဟသ်ာကို လက်ထပ်ရန် တစ်ခုတည်းသော တွန်းအားပင် ဖြစ်နေ၏။

ဖြူး စိတ်ကို ဖြူး မညာချင်။

လက်ထပ်ဖြစ်လျှင်တောင် အကြောင်းတစ်ခုတည်းကြောင့်ပဲ ဖြစ်လိမ့်မည်။

"ငါတော့ တားမြစ်ချင်တယ် ဟသ်ာ၊ သဘောမတူဘူး၊ စိတ်အလိုမလိုက်ပါနဲ့ကွာ၊ အရာရာကို ငဲ့တွက်ချင့်ချိန်စမ်းပါ၊ မဟုတ်သေးပါဘူး၊ မင်း ...နဲ့သာကို ဘယ်လိုလုပ်မလဲ၊ ကွာပေးလိုက်မလား၊ သားနဲ့သမီးကော၊ မဖြစ်နိုင်တာတွေ၊ စိတ်ထိန်းချုပ်မှု ရှိစမ်းပါ"

သူငယ်ချင်း ဇော်၏စကားသံတွေ နားထဲပြန်ကြားယောင်လာသည်။

"ငါ့ဘဝကို ခြောက်သွေ့နေတယ်လို့ ငါ ခံစားရတယ် ဇော်၊ ငါ ဖြူးနဲ့ လက်ထပ်မှ ပျော်မယ်လို့ ထင်တယ်၊

ဖြူးကို သိပ်ချစ်တယ်"

"အချစ်ကို ဦးစားပေးရမယ့်အရွယ် လွန်ခဲ့ပြီ"

"အချစ်မှာ အရွယ်ရှိလို့လား၊ ထာဝရ နုပျိုရှင်သန်နေတာ၊ လောကကြီးမှာ တစ်ခုတည်းရှိတယ်၊ အဲဒါ အချစ်တဲ့"

"ဖြူးတစ်ယောက်နဲ့ မင်း မိသားစုသုံးယောက် လဲနိုင်သလား"

"ငါ အဲဒီလို လဲဖို့မရည်ရွယ်ဘူး"

"ဟာ ...မဟုတ်သေးဘူး ဟဿာ၊ မင်း မှားမယ်"

"တစ်ချိန်ချိန် နောင်တရချင်ရမယ်၊ ခုချိန်မှာတော့ ငါ ဖြူးကို လက်ထပ်ချင်တယ်၊ ဒါပဲ"

ဇော်က သက်ပြင်းချရင်း ဟဿာကို စူးစိုက်ကြည့်ပြီး ခေါင်းခါ၏။

"ငါ နောက်မဆုတ်တော့ဘူး ဇော်၊ မင်း ဘာမှ မကန့်ကွက်နဲ့တော့"

"အင်းလေ ...ငါ ဘာမှမပြောတော့ဘူး၊ မင်းသဘောပါ၊ အချိန်ယူစဉ်းစားပေါ့"

"ငါက ဆုံးဖြတ်ပြီးသား၊ ဖြူး စဉ်းစားမှာကို စောင့်နေတာ"

"နံ့သာ သနားပါတယ်ကွာ"

ဇော့်စကားကြောင့် ဟဿာ ငိုင်ကျသွား၏။

"ဒီလောက်ကြာကြာ နိုင်မြဲလာခဲ့ပြီးမှ၊ မင်းကို သိပ်မုန်းသွားမှာပဲ"

"ငါ ဘာတတ်နိုင်မှာလဲ"



"ဖြူးကို မင်း တကယ်ပဲ ချစ်သလား"

"အင်း ...ငါ့ဘဝမှာ အချစ်ကို ပထမဆုံးအကြိမ် တွေ့ဖူးခြင်းပဲ"

ဇော်က စိတ်ရှုပ်ပုံဖြင့် ဆံပင်တွေကို ဖွပစ်သည်။

"မင်းကို ငါ ရှုတ်ချအပြစ်တင်ချင်တယ် ဟဿာ"

"မင်းသဘောပဲ ဇော်"

ငယ်စဉ်ကတည်းက ရင်းနှီးခဲ့သော သူငယ်ချင်းတွေမို့ ဇော်က အားမနာတမ်း ပြောချသည်။

"မင်းကို ငါပြောချင်သေးတယ် ဇော်"

"ဘာလဲ"

"ဖြူးက ငါ့ကိုမချစ်ဘူး၊ လက်ခံရင်တောင် ငါ့ကြွယ်ဝမှုကြောင့်ပဲ ဖြစ်လိမ့်မယ်"

"မင်းကွာ ..."

ဇော့်မျက်နှာက တင်းမာ ခက်ထန်သွား၏။

"ဘာကြောင့်ပဲရရ၊ ရရင် ပြီးရော၊ ငါ ကျေနပ်နိုင်တယ်၊ ငါက ဖြူးကို ပိုင်ဆိုင်ချင်တာတစ်ခုပဲ"

"မင်း ဒုက္ခရောက်မယ် ဟဿာ"

ဇော်က ပိုင်နိုင်စွာ ပြောလာ၏။

"မင်းကို မချစ်တဲ့လူတစ်ယောက်ကို မင်း ဘာလို့ ယူချင်ရတာလဲ၊ ငါ နားမလည်ဘူး"

"နားလည်အောင် ငါ မရှင်းပြတတ်ဘူး၊ ငါ့စိတ်ငါပဲ နားလည်တယ်၊ ဖြူးကိုပဲ သတိရနေတယ်၊ လက်ရှိအနေအထားအားလုံးကို ငါ ဘာတစ်ခုမှ မလိုချင်တော့ဘူး၊ ဖြူးသဘောထားကိုလဲသိတယ်၊ ဒါပေမယ့် ငါ ဖြူးကို လက်ထပ်

ဖို့ ဆုံးဖြတ်ထားပြီးပြီ''

''ဖြူးဘက်က ခေါင်းခါပါစေလို့ပဲ ဆုတောင်းရတော့မယ်''

''မင်း ဆုတောင်းပြည့်ဖို့ မလွယ်ဘူး၊ ဖြူးက ငါ့ချမ်းသာမှုကို မက်မောမှာပဲ''

''ကျွတ် ...တော်တော့ ဟာသ်''

''မင်း မကြားချင်ရင် မပြောတော့ဘူး''

ဟာသ်နှင့် ဇော် အကြာကြီး တိတ်ဆိတ်သွားပြီးမှ ဇော်က ...

''တစ်ခုမေးရဦးမယ်''

ဟာသ် ဇော့်ကို ကြည့်မိသည်။

''ဘာလဲ၊ မေး''

''ဖြူးရဲ့ယောကျ်ားကကော၊ ဖြူးနဲ့ ခု ကင်းရှင်းကြရဲ့လား''

''ဟိုလူက သူ့မိန်းမနဲ့သူ ဖြစ်နေပါပြီ''

''ဖြူးဘက်ကကော''

''ဖြူးနဲ့ အဆက်အသွယ်တောင် ရှိပုံမရဘူး''

''ဟုတ်ပါ့မလား''

''ငါထင်တာပဲလေ''

''မင်းက သူ့ဇာတ်လမ်းအကုန်သိလို့လား''

''မသိသေးဘူး''

''မင်းမှာ အိမ်ထောင်ရှိတာကော ဖြူး သိသွားပြီလား''

''သိလောက်ရော့ပေါ့၊ သိပြီးမှ ငါနဲ့ ထပ်မတွေ့သေး



ဘူး''

''ဘာလို့ သွားမတွေ့တာလဲ''

''သူ့ဖို စဉ်းစားပြီးသား ဖြစ်နေအောင်ပါ''

ဇော်က ဟာသ်ကို စိတ်ပျက်သလို တစ်ချက်ကြည့်သည်။

''ငယ်တဲ့အရွယ်တွေလဲ မဟုတ်တော့ဘူး၊ မင်း ဒီကိစ္စတွေ ဒီလောက် ဦးစားမပေးသင့်တော့ဘူး''

''ပြောချင်သလို ပြောတော့ကွာ၊ ငါ နောက်မဆုတ်တော့ဘူး''

''ခက်တယ်ကွာ''

ဟာသ်က ငြိမ်သက်တိတ်ဆိတ်နေရင်း တစ်ခုခုကို တလေးတနက် စဉ်းစားနေ၏။

''ငါ ဖြူးအကြောင်း အသေးစိတ် စုံစမ်းခိုင်းထားတယ်၊ အဲဒါ သွားမေးရဦးမယ်''

ဟာသ် ထွက်ခွာသွားတော့ ဇော် တစ်ဦးတည်း ကျန်ရစ်ခဲ့၏။ ဇော့်ရင်ထဲ လေးပင်ထိုင်းမှိုင်းသွားရ၏။

ဟာသ် အတွက်ရော၊ နှံ့သာ အတွက်ရော။ ကလေး နှစ်ဦးအတွက်ရော။

ဖြူးရေ မင်းဆုံးဖြတ်ချက်တွေ မှန်ကန်ပါစေကွာ။

## အခန်း (၉)

"နေပါဦးဟယ်၊ ခဏလေးပါ၊ ပြီးတော့မယ်"

ရှုပ်ပုပ်ပုပ်နှင့် ပွစိပွစိ လုပ်နေသော ဝင့်ကို တောင်းတောင်းပန်ပန်နှင့်ပြောရင်း ဗီရိုထဲမှ ကျောင်းစိမ်းဝတ်စုံလေးကို ဆွဲထုတ်သည်။ သနပ်ခါးကို မြန်မြန်သွေးပြီး မညီမညာဘဲ လူးပစ်လိုက်၏။

အချိန်မှ မရှိတော့တာ။

ညကတည်းက ဖြစ်သလို စုစည်းထားသော ဆံပင်လေးကို ဆွဲဖြုတ်ကာ ဘီးလေးနှင့် လေးငါးချက် ဆင့်ဆွဲချတော့ ခေါင်းဖြီးပြီးသား ဖြစ်ရပြီ။

"အပျင်းကိုထူပါတယ်ဟာ"

"ညက အိပ်ရာဝင် နောက်ကျလို့ပါတဲ့"

"အင်းပါ၊ နေ့တိုင်း ဒီလိုချည်းပဲ၊ တစ်ခါမှ ရယ်ဒီ ဖြစ်နေတာမရှိဘူး"

ဝင့်က မျက်နှာတင်းလျက် စိတ်မရှည်သလို ပြော၏။

"မနက်ဖြန်မနက် ဝင်မခေါ်တော့ဘူး၊ ကျောင်းကပဲ စောင့်မယ်၊ တစ်ခါမှ 'သစ္စာဓိဋ္ဌာန်'မီတယ်မရှိဘူး"

ဝင့် ပြောနေတာကို မကြားသလိုလုပ်ရင်း လွယ်အိတ်ထဲကို စာအုပ်တွေ ထိုးသွင်းထည့်သည်။



"လာ ...လာ၊ ပြီးပြီ"

ဝင့်က ဖြူး ခုတင်ပေါ်မှ မထသေးဘဲ မျက်စောင်းထိုး၏။

"လာလေ သွားမယ်"

ဖြူးက လွယ်အိတ်ကို လွယ်ထားလျက် ပြောတော့ ဝင့်က မျက်နှာပုပ်သိုးလျက် 'ကျောင်းအဝက ပြန်လှည့်လာချင်လို့လား'ဟု မေး၏။

"ဟင် ...ဘာလို့ပြန်လှည့်ရမှာလဲ"

"ဘယ်မှာလဲ အင်္ကျီမှာ ကျောင်းတံဆိပ်"

ဖြူးက ဝင့်စကားကြောင့် အင်္ကျီကိုငုံ့ကြည့်ရင်း ...

"ဟောတော့ ...ဟုတ်သားပဲ၊ ဒီအင်္ကျီမှာ ကျောင်းတံဆိပ်မတပ်ရသေးဘူး"

လွယ်အိတ်ကလေးကို စားပွဲပေါ်ပစ်ချပြီး အင်္ကျီအဖြူလေးကို ပြန်ချွတ်ရသည်။ ချိတ်နှင့်ချိတ်ထားသော ရင်ဖုံးအင်္ကျီအဖြူလေးကို ဆွဲယူပြီး ဝတ်လိုက်၏။

"ကဲ ...အိုကေရဲ့လား"

ဘာမှမပြောတော့ဘဲ ရှေ့မှထွက်ခွာသွားသော ဝင့်နောက် အပြေးကလေးလိုက်လာရင်း ဖြူး ပြုံးမိသည်။

ဟုတ်တော့လည်း ဟုတ်သား။

ဝင့် စိတ်တိုမယ်ဆိုလည်း တိုချင်စရာ။

ဝင့် ကျောင်းသွားဖို့လာခေါ်မှ ဖြူး အိပ်ရာက လူးလှိမ့်ထသည်။

မျက်နှာသယ်လေးနှင့် ဆင်ခြေတွေပေးရင်း သနပ်ခါးလူး၊ အဝတ်လဲ၊ စာအုပ်ထည့်၊ ဆက်တိုက် ဆက်တိုက် ပျာနေ

အောင်လုပ်လိုက်ပြီး ကျောင်းကိုပါလာရတာ တစ်ရက်မဟုတ်၊ နေ့စဉ်နေ့တိုင်းလိုလိုပါ။

ကျောင်းတက်ချိန်ဆိုရသော သစ္စာဓိဋ္ဌာန် ငါးချက်ကို နှစ်သာကုန်သွားရော ဖြူး တစ်ခါမှ ဆိုလိုက်ရသည်မရှိ။

ကြာတော့ မမှတ်မိသလိုပင် ဖြစ်နေရသည်။

ဝင့်က စာလည်းတော်၊ ကျောင်းမှာလည်း ဟိုပါသည် ပါမို့ ကျောင်းကို စောစောသွားချင်ရှာသည်။

ဆရာ ဆရာမတွေကလည်း ဝင့်ကို ချစ်ကြသည်။

"မနက်ဖြန်မနက် လာမခေါ်ဘူး သိလား၊ ကျောင်းကပဲစောင့်မယ်"

ဝင့်က လေသံအေးအေးနှင့်ပြောတော့ ဖြူး စိုးထိတ်သွားရသည်။

"တကယ်မခေါ်ဘူး၊ ဟုတ်လား"

"အင်း"

ဝင့်က ဆတ်ခနဲ ခေါင်းညိတ်သည်။

ဖြူး မျက်နှာလေး မသိမသာပျက်သွားပြီးမှ တင်းခနဲ ဖြစ်သွားရ၏။

အမြဲတမ်း အလျော့ပေး အနွံတာခံသူမို့ ခုလို မာမာ ကျောကျော ဆက်ဆံလာတာ အထိနာစေသည်။

"ဘာလဲ၊ စောင့်ရလို့လား"

ဝင့်က ဘာမှပြန်မပြော။

ဖြူးလည်း တိတ်ဆိတ်နေမိသည်။

"ဖြူး နောက်နေ့ အဆင်သင့်လုပ်ထားပါ့မယ်ဟာ"

ဝင့် စိတ်ဆိုးတိုင်း ပြောနေကျ စကားတစ်ခွန်းကို



ဆိုမိသည်။

"ကျောင်းကပဲ စောင့်မယ်"

ဝင့် မျက်နှာလေးက ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပုံနှင့် ခပ်တည်တည်ရှိနေသည်။

သည်တစ်ခါတော့ ခါတိုင်းလို အလျှော့ပေးသံလေးနှင့် ...

"မနက်ဖြန် ပြီးအောင်လုပ်ထားနော်၊ ခြံဝက အော်ဘာနဲ့ ဆင်းခဲ့"

ဆိုတာမျိုးလေး မကြားရတော့ပါ။

အတန်းထဲဝင်ခါနီးတော့ စာသင်နေသော ဆရာဆီမှ ခွင့်တောင်းရသေး၏။

ဖြူး မျက်နှာလေး ညှိုးသွားရ၏။

ဝင့်နဲ့ ဖြူးက တစ်ခုံတည်းမှာ ဘေးချင်းကပ်လျက်ထိုင်တာ ငါးတန်းကတည်းက ခု ဆယ်တန်းသာရောက်ရော ဘာတစ်ခါမှမခွဲဘူးသေးပါ။

ထူးချွန်ထက်မြက်သော ဝင့်က ဖြူးကို အမြဲလက်တွဲခေါ်သည်။ ဖြူး နားမလည်တာဆို ရှင်းပြသည်။

အရမ်းရင်းနှီးခင်မင်သူတွေမို့ မသိတာမေးဖို့လည်း ဘာမလေးပါ။

သည်နေ့တော့ ဝင့်က ပုံမှန်မဟုတ်ဘဲ တစ်မျိုးဖြစ်နေ၏။

ဖြူးကို စကားတစ်ခွန်းမှ လှည့်မဆိုပါ။

ဘေးချင်းကပ်ထိုင်နေပေမယ့် ဖြူးနှင့် ဝင့် စကားမပြောဖြစ်။

ခဏာပဲ စိတ်တိုတတ်သော ဝင့်က သည်နေ့ အကြ
ကြီး ပုပ်စပ်နေတော့ ဖြူးက ဒေါသဖြစ်လာရသည်။

ခဏတစ်ဖြုတ်လေး စောင့်ရတာများ ဖြစ်နေလိုက်
တာဟု ဖြူးမျက်နှာ ခက်ထန်စပြုလာ၏။

မျက်နှာသစ်၊ သနပ်ခါးလူး၊ အဝတ်လဲတာ အားလုံး
ပေါင်းမှ ကြာလှ ဆယ့်ငါးမိနစ်ပေါ့၊ ပြီးတော့ သူ့ကို ဖြူးက
တောင်းတောင်းပန်ပန်နဲ့ မျက်နှာချိုသွေးလိုက်ရတာ။

လာမခေါ်ချင်လည်း နေပေါ့။

ဖြူးဟာ ဖြူး တစ်ယောက်တည်းလာတော့ကော
ဘာဖြစ်မှာလဲ။

ဖြူးက ဝင့်လို ထွားထွားဖွံ့ဖွံ့နှင့် ချောတာလည်း
မဟုတ်။

စာကလေးလို စုတ်ချွန်းချွန်းလေးမို့ ဘယ်ကျောင်း
သားမှလည်း စိတ်မဝင်စားပါ။

ဖြူးမှာ လှတာဆိုလို့ နှုတ်ခမ်းလေးနှင့် မျက်လုံး
လေးပဲ ရှိသည်။

အစကတည်းက မလှရသည့်အထဲ အဆင်အပြင်က
လည်း နည်းနည်းမှ အချိုးမကျပါ။

ပြင်ပြင်ဆင်ဆင်ကို မနေတတ်သေး။

ကလေးတစ်ဦးလိုပဲ ဓတ်ချင်ရာကောက်ဝတ်၊ ဆံပင်
တွေပွလျှင်ပွ နေတတ်သလို နေပစ်လိုက်တာ။

ဝင့်လို ကျောင်းသွားခါနီး ရေချိုး၊ မီးပူတိုက်ပြီး
သန့်ပြန့်သော ပုံဆန်းဆန်းဘလောက်စ်အဖြူလေးကိုဝတ်
စကပ်ထဘီ စိမ်းမှောင်မှောင်လေးက အနားမှာ အတွန့်လေး



တွေနှင့်။ ပြီးတော့ ဆံပင်စင်းစင်းတွေကို အထပ်ထပ်ဖြီးရင်း
ဖြန့်ချထား။

မိတ်ကပ်တစ်မျိုးမျိုး အရင်လူးပြီးမှ သနပ်ခါးပါးပါး
လေးလိမ်း။ ပြီးတော့ နှုတ်ခမ်းနီပြေပြေလေးကို မထင့်တထင်
ဆိုး၊ စပရေးဖြစ်ဖြစ် ရေမွှေးဖြစ်ဖြစ် တစ်ခုမဟုတ် တစ်ခု
ဆွတ်။ လွယ်အိတ်ကို တစ်ပတ်မှာ သုံးလေးရောင်လောက်
ပြောင်းလွယ်။ တစ်ခါတစ်ရံကျတော့ သားရေအိတ်ကလေး၊
ဒါမှမဟုတ် ဂျင်းအိတ်ကလေးကို ကျောပိုးလို့။

ခြေသည်းရှည် လက်သည်းရှည်ကို လက်သည်းနီ
အပျက်မခံဘဲ ဖိနပ်အမျိုးမျိုးနှင့် လှပကြော့ရှင်းနေတတ်သော
ဝင့်ကိုသာ ကျောင်းသားတွေ ဂရုတစိုက်နှင့် နောက်ပြောင်
အရောဝင်တတ်တာ။

ဝင့်ဘေးမှ ပိန်သေးကျုံလှီလှီ၊ ဘယ်နေရာလေးမှ
အဆင်တပြေမရှိသော ဖြူးကို သတိပင်မထားမိ။

ဖြူးကတော့ နေတတ်သလို လွတ်လပ်စွာပဲ နေပစ်
သည်။ စတိုင်လုပ်ရမှန်းလည်း သိပ်မသိ။ ဝါသနာလည်း
မပါ။

တစ်ခါတစ်ရံတော့ ဝင့်ကို ငေးကြည့်ရင်း သူ့လိုမျိုး
လေးဖြစ်ချင်သည်။

"ဖြူးကျတော့ ဝင့်လိုလဲ မလှဘူး၊ မနာလိုပါဘူး"

ဟု ပွင့်လင်းစွာပြောချလျှင် ဝင့်က ကျေနပ်စွာ
ဝင့်ဝင့်ကြွားကြွား ပြုံးနေတတ်၏။ ပြီးမှ တိုးတိုးဖွဖွလေသံ
လေးနှင့်

"ဖြူးက ပျင်းတာကိုး၊ အလှပြင်မှပြင်တာ"

ဟု ပြောတတ်သည်။ အဲသည်လို လုပ်ပြောပြော လျှင် ဖြူး မုန်းမိသည်။

သိပ်မရင်းနှီးသော ကျောင်းသားတွေနှင့် စကားပြော လျှင် အဲသည်လိုပဲ ဝင့် လုပ်ပြောတတ်သည်။

ပုံမှန်အသံ၊ ပုံမှန်အမူအရာမဟုတ်ဘဲ တမင်ဖန်တီး ထားသော စတိုင်မှန်းသိတော့ ဖြူး ဟားချင်၏။

ဖြူးကတော့ ဘယ်သူနှင့်ပြောပြော သည်ပုံစံပါပဲ။

ဟိုရှေ့တစ်မျိုး၊ သည်ရှေ့တစ်မျိုးလည်း မကျွမ်းကျင် ပါ။ လုပ်လည်းမလုပ်တတ်။

ဆယ်တန်းကျောင်းသူချင်းပေမယ့် ဖြူးကျတော့ ဝင့် လောက် ဘယ်နေရာ ဘယ်ရှုထောင့်ကမှ မကျွမ်းကျင်။

ဖြူးက အေးအေးရိုးရိုးပဲ နေတတ်သည်။

ကျောင်းသွားခါနီး ဝင့်လာခေါ်မှ အိပ်ရာထတတ်တာ ပဲကြည့်။

ဝင့်ကတော့ တစ်နာရီနီးပါး ကြိုတင်ပြင်ဆင်ထားခဲ့ ပုံရသည်။ ဖြူး အဲသည်လောက်လည်း အချိန်မပေးချင်။

အအိပ်မက်သော ဖြူးက အချိန်အနည်းငယ်ရတာနှင့် အိပ်ရာပေါ်ရောက်နေတတ်ပြီ။

ဝင့်လောက်လည်း ဉာဏ်မကောင်းဟု ဖြူး ထင် သည်။

ဆရာသင်လျှင် ဝင့်က ဦးဆုံးနားလည်ပြီးသားဖြစ် လျက် ဖြူးက တလည်လည်နှင့် အူတူတူ၊ အတတ ကျန်ရစ် ပြီး ဝင့် ထပ်ဆင့်ရှင်းပြမှ …

"သြော်"



ဟု ရေရွတ်နားလည်ရသည်။

စာတစ်ပုဒ်ကို အတူတူကျက်လည်း ဝင့်ပဲ အရင်ရ သည်။ ဝင့်က ကြွားချင်စိတ်ကလေးနှင့် ဖြူးကို ကြည့်ခိုင်း ထားပြီး အလွတ်ဆိုပြတတ်၏။

ဖြူးကတော့ အားငယ်စိတ်၊ မခံချင်စိတ်နှင့် ရချင် ချင် ဖြစ်နေသော အကြောင်းတွေပင် မေ့ကုန်ရတော့သည်။

ဘာတစ်ခုမှ ညီမျှခြင်း ချမရသော ဝင့်နှင့်ဖြူး။

ဝင့်က ဖြူးကိုတော့ ခင်ရှာသည်။

စာမေးပွဲနီးလျှင် ဖြူးအတွက် စိုးရိမ်စိတ်တွေနှင့် စာ တွေ ရွတ်အတင်းကျက်ခိုင်းသည်။ သင်္ချာတွေ တစ်ပုဒ်ပြီး တစ်ပုဒ် တွက်ပြသည်။

သူက စာတော်သူပီပီ စာကျက်လျှင်လည်း ပညာ သားပါသည်။ ရွေးချယ်ကျက်တတ်၏။

"ဒီတစ်ပုဒ်ဆို ဒီတစ်ပုဒ်"

စပေါ့ရိုက်တာမျိုး မဟုတ်ဘဲ မလွတ်တမ်း ရွေးကျက် တတ်တာ။

"ဖြူး"

"ဟင်"

"သေချာနားထောင်၊ ဒီတစ်ခုအတွက် နင် စိတ်ညစ် ဘယ် မဟုတ်လား၊ အစကတည်းက မကျက်ထားဘဲနဲ့ ကျက်စရာတွေများတယ်ဆိုပြီး စိုးရိမ်တကြီး ဖြစ်မနေနဲ့၊ က်လုံးလဲ ပြူးမနေနဲ့၊ ငါ ပြောပြမယ်"

"အင်း"

"တစ်မှတ်တန်လေးတွေက အခု နှစ်ဆယ်ပါမှာ၊

အဲဒါလေးတွေအတွက် ဆရာ ရိုက်ပေးထားတာ ရှိတယ်လေ၊ ဖြူး ရပြီးသားမဟုတ်လား"

"အင်း"

"ဒါဆို အမှတ်နှစ်ဆယ်ရပြီ၊ နှစ်ဆယ်မရတောင် တစ်ဆယ်ကတော့ သေချာပြီ"

"ဟုတ်တယ်နော်"

"အားလုံးပေါင်း (၁၀) ခန်းရှိတယ် မဟုတ်လား၊ ရှေ့ဆုံးကနှစ်ခန်း အပိုင်ကျက်၊ အမှတ် (၁၅) မှတ်တန် တစ်ပုဒ်တော့ပါမှာပဲ၊ နောက်ဆုံးက သုံးခန်း အပိုင်ကျက်၊ အဲဒီအထဲကလဲ တစ်ပုဒ်ပါမှာပဲ၊ အဲဒါဆို အောင်ပြီ၊ မပါမှာလဲ မစိုးရိမ် ရဘူး၊ အောင်မှတ်တော့ အသာလေးပဲ"

စာမေးပွဲကြီးနီးလာလျှင် စီမံခန့်ခွဲပေးတတ်တာ နှစ်စဉ် နှစ်တိုင်း။

ဖြူး ကျကျန်ရစ်မှာတော့ သူ စိုးရိမ်တတ်ပါသည်။

ကြိုးစားမှုတစ်ခုတည်းမဟုတ်ဘဲ ပါးနပ်မှုလည်းရှိ ဖြတ်ထိုးဉာဏ်လည်းကောင်း၊ ဉာဏ်ကို တစ်လွှာချင်း အသုံးချတတ်တာကြောင့် ဝင့်က နံပါတ်တစ်နေရာက ဆင်းကို မဆင်းရတော့။

ယှဉ်ပြိုင်ဘက်တွေကို အပြုံးအေးကလေးနှင့် အသာလေးကျော်နိုင်တာ ဝင့် အရမ်းတော်လို့ပါ။

အမြဲတမ်း စာနှင့်လုံးထွေးနေတာမျိုးလည်း မရှိဘဲ ဝင့်က အတန်းထဲမှာ အတော်ဆုံး။

"ဝင့်ကြိုးစားတာ နည်းလမ်းကျတယ်"

ဟု ဆရာတိုင်းက ချီးကျူးသည်။



သည်လို ဘက်စုံရသော သူငယ်ချင်းအနားမှာ နေတာကြောင့်လည်း ဖြူး တစ်နှစ်တစ်တန်း မှန်မှန်တက်လာတာ ဖြစ်မည်။

ခုလို ဝင့်က မာနကြီးနှင့် အထာကိုင်တော့ ဖြူး စိတ်ထဲ ကွက်ချင်လာသည်။

ကျောင်းဆင်းချိန်အထိ ဝင့်က ဖြူးကို စကားမပြော။ ဖြူးကလည်း အရင်စပြောရမှာ ဝန်လေးနေမိသည်။

"မနက်ဖြန် ဝင့် မလာဘူးပေါ့"

"အင်းလေ ...ကျောင်းကပဲ စောင့်လိုက်မယ်"

သချာစာအုပ်ကို လက်ထဲတွင်ပိုက်ထားသည့် ဝင့် ပုံစံလေးကို ဖြူး အမြင်ကတ်မိသည်။

တကယ်လည်း ဝင့်က နောက်တစ်နေ့မနက် ရောက် မလာခဲ့ပါ။

ဖြူးလည်း စိတ်တွေရှုပ်ထွေးကာ ကျောင်းတစ်ရက် ပျက်လိုက်၏။

ဝင့် လာမခေါ်တာကို စိတ်ဆိုးသည်။

ဘယ်လိုမှ မကျေနပ်နိုင်ပါ။

ဝင့်က တကယ်ပဲ ပြတ်သားမာကျောနိုင်တာမို့ ခံရခက်လှသည်။

ဟိုးတုန်းကတည်းက ကျောင်းသွားကျောင်းပြန်ရော၊ အတန်းထဲမှာပါ တတွဲတွဲရှိခဲ့ကြသူတွေမို့ ခုလိုစိမ်းသွားတာ ဖြူး မနေတတ်။

အနားမှာ ဝင့်ရှိနေတာမို့ တခြားသူငယ်ချင်းလည်း မရှိသလောက် ဖြစ်ခဲ့ရသည်။

ဝင့်နှင့် ဖြူးနှင့် နှစ်ဦးတည်းပင် စကားလုပြောရတာ မောလှပြီ။ နောက်ထပ် သူငယ်ချင်းလည်း မလိုတော့ပါ။

မေးထူးခေါ်ပြောလောက်သာ ဆက်ဆံပြီး ဝင့်တစ်ဦးနှင့်ပဲ တကယ် တရင်းတနှီး ပေါင်းခဲ့တာ။

အင်းလေ …ကြာတော့လည်း ဘယ်သည်းခံနိုင်ပါ့မလဲ။ တစ်ရက်လည်းမဟုတ်။ တစ်နှစ်လည်းမဟုတ်ဆိုတော့ ဝင့် မှားသည်ဟုလည်း အပြစ်တင်မရ။

ဖြူးက ဘာအရည်အချင်းမှသာမရှိတာ မာနတော့ အပြည့်ရှိသည်။

ဝင့် လာမခေါ်တာကို စိတ်မကောင်းဖြစ်ပေမယ့် မနက်ဖြန် ကျောင်းသွားတက်လျှင်တော့ ဘာမှမဖြစ်သလို နေပြရမည်ဟု တေးထား၏။

"လာခေါ်ပါ ဝင့်ရာ"

ဟုလည်း ပြောဖို့မရည်ရွယ်။

ကိုယ့်ဟာကိုယ်သွားလည်း ရသားပဲဟု အားတင်းပစ်သည်။

အမြဲတတွဲတွဲရှိခဲ့သော သူငယ်ချင်းနှင့် ကတောက်ကဆတ် ဖြစ်ခဲ့ရခြင်းသည် ရှိနှင့် ဆုံတွေ့ပြီး ဖြူးဘဝလေး ယိမ်းယိုင်ပျက်စီးသွားဖို့ ဖြစ်လာခဲ့ရတာ ဖြူး မသိသေးပါ။

ကျောင်းသွားကျောင်းပြန် အဖော်မဲ့သွားသော လမ်းခရီးကို ဟိုတုန်းကထက် ပိုပြီး စူးစမ်းစိတ်ဝင်လာရသည်။

အစကဆို အိမ်ကနေ ကျောင်းကို ဘယ်လိုရောက်သွားမှန်းမသိအောင် ဝင့်နှင့် စကားတွေပြောရင်း လျှောက်သွားဖြစ်တာ။



တစ်ဦးတည်းဆိုတော့ ကိုယ်လိုပဲ ကျောင်းသွားကျောင်းလာတွေကို ငေးမောရင်း ပျင်းရိနေသည့်အဖြစ်။

ဝင့်ကတော့ ဆုံးဖြတ်ချက်ချထားသလို လုံးဝကို လာမခေါ်တော့ပါ။

# အခန်း (၁၀)

ဖြူးတို့ ကျောင်းရှိရာလမ်းထိပ်မှ တိုက်အိမ်ကြီးသည် မော့မကြည့်ရဲအောင် ထည်ဝါလွန်းလှသည်။

ခြံအတွင်းရှိ ပန်းအိုးတွေကို ငေးကြည့်မက်မောရင်း အဲသည်ခြံရှေ့ရောက်လျှင် လှည့်မကြည့်ဘဲ မနေနိုင်အောင်ပါ။

ကျောင်းသွားကျောင်းပြန်တိုင်း ထိုအိမ်ကို ကျော်ဖြတ်သွားလာရတာမို့ အိမ်ကြီးက ဖြူး မျက်စိနှင့် စိမ်းသက်မနေခဲ့ပါ။

ဖြူးတို့က အသင့်အတင့်ရှိပေမယ့် သည်အိမ်ကြီးနှင့်စာလျှင်တော့ အင်မတန်မှ နိမ့်ကျဖို့ ရှိသည်။

"အိမ်ကြီးက တကယ်လှတယ်နော်၊ နေချင်စရာလေး"

ဝင့်က အဲသည်လိုပြောတိုင်း ဖြူးက …

"ဟင့်အင်း …အိမ်ကမလှပါဘူး၊ ခြံဝင်းကြီးက လှတာ၊ ပြီးတော့ ပန်းပင်တွေ ဖြူး အရမ်းလိုချင်တာပဲ"

ဟု ဝင့်နှင့် ဆန့်ကျင်ဘက်ပြောတတ်သည်။

အိမ်ကြီးနှင့် ခြံဝင်းကြီးကို ကြိုက်နှစ်သက်ပေမယ့် ထိုအိမ်က လူတွေကိုတော့ ဖြူး မသိပါ။ မြင်လည်း မမြင်ဖူးခဲ့။



သည်နေ့လည်း နံနက်စောစော ကျောင်းအသွားမှာ အဲသည်အိမ်ကြီးဘက် ငေးမောကြည့်နေမိ၏။

လမ်းကလေးမှာ လူသူကင်းရှင်း တိတ်ဆိတ်နေတာကြောင့်လည်း လွတ်လပ်စွာ ငေးခွင့်ရနေသည်။

"တီ …တီ"

ရုတ်တရက် ကားဟွန်းတီးသံကြောင့် ဖြူး လန့်သွားရသည်။

ခြံဝင်းဘက်ကို ငေးနေတာကြောင့် ရှေ့မှလာနေသော ကားကို မမြင်မိ။ ကားလေးကလည်း စက်ကောင်းလွန်းလှသည်။ ဘာသံကိုမှကို မကြားရပါ။

ဖြူးနှင့် နီးကပ်စွာ တုံ့ခနဲရပ်ပြီး ဟွန်းတီးမှ ထိတ်ထိတ်ပျာပျာနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်တော့တာ။

ကမန်းကတန်း ဘေးကပ်ပေးပေမယ့် ကားလေးက ဖြတ်မသွားဘဲ ရပ်မြဲရပ်နေတုန်း၊ ခြံပေါက်တံခါးက ပွင့်လာ၏။

ကားလေးက ခြံဝင်းထဲ ချိုးကွေ့သွားတော့ ဖြူး မျက်နှာပူလွန်းစွာ ခေါင်းငုံ့မိသည်။

သူတို့အိမ်ကို အထင်တကြီး ငေးမောနေတာ အိမ်ရှင်တွေ သိသွားကြပြီ။ ရှက်စရာနော်။

ခပ်သွက်သွက် ဆက်လျှောက်လာရင်း ကျောင်းရောက်ချိန်အထိ အရှက်မပြယ်နိုင်သေး။

ကားထဲမှာ ဘယ်သူတွေပါမှန်းပင် မော့မကြည့်ရဲလောက်အောင် မွန်ထူသွားသည်။

ဖေဖေက ရုပ်ရှင်ထဲမှာသာ ကောင်းကောင်းမွန်မွန်

နေရတာ၊ အပြင်ဘက်မှာတော့ ဖြူးတို့ သိပ်မချမ်းသာပါ။ သာမန်ထက် နည်းနည်းပဲ ပိုချင့်ပိုမည်။ သည်အိမ်ကြီးက လူတွေလောက်တော့ မချမ်းသာတာ ဖြူး သိသည်။

အတန်းထဲရောက်တော့ ဝင့်ကို ပြန်ပြောပြရင်း ရယ်နေဖြစ်သည်။

ဝင့်က ညနေပိုင်း လာခဲ့မည်ဟု ဆိုသည်။

ကျောင်းသွားချိန် ဝင့်မခေါ်တော့ပေမယ့် အတန်းထဲမှာတော့ အခေါ်အပြောမပျက်ခဲ့။

တစ်ခါတစ်ရံတော့ ဝင့်က ဖြူးဆီ လာလည်တတ်သည်။

အရင်တုန်းကလို စောင့်ခေါ်ဖို့တော့ စိတ်ကူးရှိပုံမရတော့တာ ဖြူး သိသည်။

"မေမေက ပိန်းပန်းလိုချင်တယ်တဲ့၊ အဲဒီခြံထဲမှာ ဝင်ဝယ်ကြည့်မယ်၊ သဇင်လဲ ရရင်ဝယ်ခဲ့တဲ့၊ ဖြူး လိုက်ခဲ့နော်"

"ဟာ …မလိုက်ချင်ပါဘူး၊ ရှက်စရာကြီး"

"ဘာကိုရှက်ရမှာလဲ"

"အဲဒီခြံထဲကို ဖြူး မလိုက်ချင်ပါဘူး၊ အပြင်ကပဲ စောင့်မယ်"

"အစကတော့ ရောက်ဖူးချင်တယ်ဆို၊ ပိန်းပန်းတွေ လျှောက်ကြည့်ချင်တယ်ဆို"

"ခုမကြည့်ချင်ဘူး"

ဖြူး စကားကို ဝင့်က အံ့သြနေ၏။

"ညနေပိုင်း လာမယ်၊ ဖြူး စောင့်နေနော်"



ဟု သေချာမှာထားတော့ ဖြူး တကယ်ပဲ စောင့်နေမိ၏။

မေမေ ဈေးဘက်ခေါ်တာတောင် လိုက်မသွားဘဲ ဝင့် ကို မျှော်နေမိ၏။

ဝင့် ရောက်လာတော့ တွက်မရသော သင်္ချာပုစ္ဆာတွေ အရင်မေးပြီးမှ အင်္ဂလိပ်စာအက်ဆေး (စာစီစာကုံး)တစ်ပုဒ် တိုင်ပင်ရေးကြည့်ကြသည်။

ဖြူး အတွေးထဲမှာတော့ မနက်တုန်းက အဖြစ်အပျက်တွေ မေ့သလောက်ရှိသွားရပြီ။

ဝင့်က ပြန်ခါနီး …

"ပန်းဝယ်ရမယ်"

ဟု ပြောလာမှ ပြန်သတိရသည်။

ဝင့်ကို လိုက်ပို့ရင်းမှ …

"သူတို့ခြံရှေ့မှာ ငါက အပြတ်ငေးနေတာ၊ ကားဝင်ဖို့ ဟွန်းတီးမှ ငါ အရမ်းရှက်သွားတော့တယ်"

အတန်းထဲမှာ ပြောပြီးသားကို တစ်ဖန်ပြန်ပြောကာ အသစ်ဖြစ်စေလျက် ဖြူး ရှက်နေမိပြန်သည်။

ဝင့်ကတော့ ဖြူးထက် အစစ ထူးချွန်ထက်မြက်လိမ္မာပါးနပ်သူပီပီ ခြံရှေ့မှာ ခပ်တည်တည်ရပ်လျက် ဘဲလ်လေးကို ဖိနှိပ်ချသည်။ ဖြူးက ဝင့်ဘေးမှာကပ်လျက် ကြောက်ရွံ့နေမိသည်။

ခြံစောင့်ဦးလေးကြီး ရောက်လာတော့ …

"ပိန်းပန်း လိုချင်လို့ပါ၊ ရောင်းလားဟင်"

ဟု ချိုကြည်သော လေသံလေးနှင့် လုပ်မေး၏။

"မေးပေးမယ်"

ဝင့်ကို တစ်ချက်ကြည့်ပြီး ဦးလေးကြီးက လှည့်ထွက်သွားသည်။ ဝင့်ကို ငဲ့စောင်းကြည့်မိသည်။

ပန်းဆီရောင်ဖျော့ဖျော့ ဂါဝန်ရှည်လေးနှင့် ဆံပင်ကို အမြင့်ကြီးတင်ပြီး ဖဲကြိုးပန်းရောင်လေးနှင့် စည်းနှောင်ထားသည်။

ကျောင်းယူနီဖောင်းလေးကိုပင် သူများထက် ထင်ရှားပေါ်လွင်အောင် ဝတ်ဆင်ထားသော ဝင့်က သည်လိုပုံစံနှင့်ဆိုတော့ ဖြူးပင် အကြာကြီး စိုက်ကြည့်ရအောင် လှပနေတော့သည်။

"ကြာလိုက်တာ"

ဝင့်က ခြံထဲကို မျှော်ကြည့်ရင်း မျက်နှာလေး ရှုံ့မဲ့လျက်ဆိုသည်။

ဖြူးကတော့ မဝံ့မရဲပုံစံလေးနှင့် ဝင့်ဘေးမှာ ခေါင်းပင်မဖော်ရဲတော့။

"ဟော ...ဟိုမှာ၊ ဟိုလူကြီး လာနေပြီ"

ခြံစောင့်ဦးလေးကြီးက ခြံဝင်းတံခါး ဖွင့်ပေးသည်။

"ဝင့် ...ငါမလိုက်ဘူးနော်"

"တစ်ယောက်တည်းဖြစ်နေမှာပေါ့၊ လိုက်ခဲ့ပါ"

"ဟင့်အင်း ဒီခြံဝကပဲ စောင့်နေမယ်"

ဖြူး ဇွတ်ပေကပ်ရပ်နေတော့ ဝင့်က ခပ်မတ်မတ်လျှောက်သွားသည်။

သိပ်ကြာကြာမစောင့်လိုက်ရဘဲ ဝင့်က ပိန်းပန်းတွေကိုင်ထားလျက် ပြန်ရောက်လာသည်။



"ဖြူး ပျင်းနေပြီလား၊ အန်တီကြီးက အရမ်းသဘောကောင်းပါတယ်သိလား"

ဖြူး ဝင့်ကို ငေးကြည့်နေမိသည်။

"သစ်ခွပန်းလေးက လက်ဆောင်ပေးတာ"

"ဪ"

ဖြူးနှင့် ဝင့် ယှဉ်လျှောက်လာတော့ ခြံစောင့်ဦးလေးကြီးက တံခါးပြန်ပိတ်သည်။

"ဝင့်က ဝယ်ရဲတယ်နော်"

"အင်း ...ဒါများ ဘာမဝယ်ရဲစရာရှိလဲ"

ဝင့်က နှုတ်ခမ်းလေးစေ့ရင်း ပြုံးနေသည်။

ဖြူး ဘာလို့ ဝင့်လောက် သတ္တိမရှိတာပါလိမ့်။

မနက်တုန်းက ကားလေးနှင့် ဆုံတာပင် တစ်ချက်မှ မကြည့်ဝံ့ခဲ့။

"သစ်ခွပန်းလေး ဖြူး ယူလေ"

"ဟင့်အင်း ...မယူပါဘူး"

"ဘာလို့လဲ"

"ဖြူးက အလှမှ မပြင်တတ်တာ၊ သစ်ခွပန်းပန်လဲ ဘယ်လှမှာလဲ"

တကယ်လည်း သစ်ခွပန်း ညိုညစ်ညစ်ကလေးက ကတ္တီပါလေးလို နူးညံ့နေတာကြောင့် ဖြူးနှင့်တော့ မလိုက်ဖက်ပါ။

ဖြူး ငြင်းဆန်တာကြောင့် ဝင့်က သစ်ခွပွင့်ကလေးကို သူ့ဂါဝန်အင်္ကျီမှာ ချိတ်သေးသေးနှင့် ချိတ်ထားလိုက်၏။

ခုမှ ပိုပြီးပြည့်စုံသွားသလို ဝင့်အလှက ကြည့်မဝ

ချစ်စရာလေး ဖြစ်နေ၏။

"လှလား"

"အင်း …လှပါတယ်၊ လှတာပေါ့"

ဖြူးက ဝင့်ကို အားကျလွန်းစွာကြည့်ရင်း စိတ်ထဲရှိသလို ပြောမိသည်။

"ဖြူး စားပွဲပေါ်မှာထိုးဖို့၊ ရော့ …"

ဝင့်က ပိန်းပန်းပန်းရောင် သုံးပွင့်ကို ဖြူးထံ လှမ်းပေးသည်။

"သဇင်တွေကျ အော်ဒါရှိလို့ မရောင်းဘူးတဲ့"

"အကုန်ဝယ်ထားပြီးသားပေါ့နော်"

"အင်း …ဟုတ်မှာပေါ့၊ မိန်းမကြီးက အရမ်းပြတ်တယ်၊ စည်းကမ်းလဲ ကြီးပုံရတယ်၊ ဝင့်ကို သမီးလေးကချစ်စရာလေးတဲ့၊ တော်ရုံလူဆို အန်တီတို့ မရောင်းဘူးတဲ့"

"ဖြူး ပုံစံဆို ရောင်းမှာမဟုတ်ဘူး၊ အင်းလေ ဖြူးကလဲ ဝယ်ရဲမယ်မထင်ပါဘူး"

ပိန်းပန်းလေး သုံးပွင့်ကို ရင်ခွင်မှာ ပိုက်ကိုင်ထားရင်းငုံ့ကြည့်နေမိသည်။

စာကြည့်စားပွဲပေါ်မှာ ထိုးထားတော့လည်း ညပိုင်းစာကျက်ချိန် မြင်တွေ့နေရတာမို့ သည်အဖြစ်အပျက်တွေကိုမှတ်မှတ်ရရ ရှိနေတော့၏။

နောက်တစ်နေ့ ကျောင်းသွားကျောင်းပြန်မှာတော့ ခြံကြီးဘက်ကို လုံးဝလှည့်မကြည့်တော့ပါ။

ဘာရယ်မဟုတ်ဘဲ ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသလိုလို။



သူတို့တွေက ဝင့်လို အဆင်တပြေ၊ အချိုးတကျကောင်မလေးကိုပဲ အရေးလုပ်မှာဟုတွေးပြီး စိတ်နာနေမိသည်။

ဖြူးလိုဟာလေးကို ဘယ်ဂရုစိုက်ရှိမှာလဲ။

"မင်းသားသမီး"

ဆိုတာလေးတစ်ခုပဲ ဖြူးမှာ စိတ်ဝင်စားစရာရှိသည်။

"အဲဒါ မင်းသားဇော်မောင်ရဲ့ သမီးပေါ့"

ဟု စူးစူးစမ်းစမ်းကြီး ကြည့်ပြီးလျှင်တောင် နှာခေါင်းရှုံ့ချင်ကြတာ။

ဖြူးက ဖြစ်သလိုပဲနေတာကိုး။

ဝင့်ကတော့ …

"စာတော်တယ်၊ ချမ်းသာတယ်၊ အရမ်းချောတယ်"

ဆိုသော အထင်ကြီးစရာတွေနှင့် ပြည့်နေတာမို့ ခင်ချင်သူလည်း ပေါများသည်။

ရှိနေသော အနေအထားပေါ်မှာ မူတည်ပြီး ရဲတင်းမှုလည်းရှိသည်။ ယုံကြည်မှုလည်း ရှိနေသည်။

ဖြူးနှင့်တော့ ကွာပါ့။

တစ်နေ့တော့ ဝင့် ပြောပြတာကို ဖြူး အံ့သြခဲ့ရသည်။

"ဖြူးရေ …ဟိုခြံကြီးကို နာမည်ပေးလိုက်တာအရမ်းလှတာပဲနော်"

"ဟင် …ဟုတ်လား၊ ဖြူး မသိဘူး"

"ဖြူး မသိဘူး"

ဖြူး မသိတာကို ဝင့်က မယုံချင်။

ဖြူးက အမြဲတမ်း အဲသည်ခြံကြီးဘက် တငေး တမော ရှိနေတတ်တာ မဟုတ်လား။

,ဖြူးက အရေးတယူ အထင်ကြီးသော ခြံကြီးကို ဝင့်က ရောက်ဖူးအောင် သွားပြလိုက်ကတည်းက ဖြူး စိတ်ထဲ ညိုသွားရတာ။

ဝင့်က အဲသည်လိုပါပဲ။

ဖြူး မက်မောတာဆို အထင်ကြီးတာဆို သူက ချက်ချင်းထလုပ်ပြလိုက်သည်။

ခုကိစ္စပဲ ကြည့်လေ။ ဖြူးက စိတ်ဝင်စားမှန်း သဘောကျမှန်းသိနေတော့ ဝင့်က ပန်းဝယ်ဖို့ အကြောင်းပြကာ သွားပစ်လိုက်တာပဲ။

ပိန်းပန်းက ဈေးထဲမှာဝယ်လည်း ရသားနဲ့။

အဲသည်ကိစ္စ ပြီးကတည်းက နောက်ဆို ရင်ထဲ ရှိသလို ချပြောတတ်ကျင့်ကို ပြင်ခဲ့ပြီး သိုသိပ်လျှို့ဝှက်လာ တတ်သည်။

"ဖြူး မသိဘူး ···ဟုတ်လား၊ ဝင့် ယုံတောင် မယုံချင်ဘူး"

"ငါမှ အဲဒီခြံဘက် မကြည့်တာ"

"ဟုတ်လား၊ ခြံနာမည်က ···"

"နှင်းဆီဘုရင်မပေါ့၊ ဟုတ်လား"

ခြံအမည်လေးကိုတော့ ဖြူး အရမ်းနှစ်ခြိုက်သွားရ သည်။

"ရို့စ်ကွင်း"



တစ်လုံးချင်း ရေရွတ်ရင်း ရင်ထဲပျော်သွားသလိုလို။

"နှင်းဆီပန်းပင် ရှိလို့လား"

"အများကြီးပဲ၊ နှင်းဆီအများဆုံးရှိတာ ခြံဝကမမြင် ရလို့"

"သြော်"

"အဲဒါကြောင့် ဖြူးကို လိုက်ခဲ့ပါလို့ ခေါ်တာ"

ဝင့် ပြောလိုက်ပုံကိုလည်း ဖြူး မနှစ်သက်ပါ။

ခုတလော ဝင့်ကို နေရင်းထိုင်ရင်း ကြည့်မရ ဖြစ်နေ သည်။

ဖြူးအပေါ် ဝင့် ဆက်ဆံပုံတွေက ခါတိုင်းလို မဟုတ်ဘဲ အခြားလူတွေနှင့် ဆက်ဆံသလိုပဲ ဟန်ဆောင်မှု တွေ၊ ပရိယာယ်တွေ ပါဝင်လာပြီဟု ဖြူး ထင်မိသည်။

အရင်ကလောက် ပွင့်ပွင့်လင်းလင်းမရှိဘဲ ဖြူးအပေါ် မှာပါ သူက မာနထားချင်လာ၏။

အကုန်လုံးက သူ့ကို ဦးစားပေး အရေးတယူရှိတာမို့ ဖြူးကိုလည်း အောက်ကျို့ဆက်ဆံရမှာ ဝန်လေးသွားသလိုလို၊ ဖြူးက သူများတွေလိုပဲ သူ့ကို အလျှော့ပေးလိုက်လျော ပြေလည်အောင် နေစေချင်သလိုလို။

ဝင့်အကြောင်းကို သိနေတော့ ဖြူးလည်း ရင်ထဲချဉ် တာလျက် အပေါ်ယံပဲ ပြောဆိုမိပြီး ခပ်တန်းတန်း ဖြစ်လာရ သည်။

ခါတိုင်းဆို ဘာလေးဖြစ်ဖြစ် ဖြူးကို ဦးစားပေးတတ် သော ဝင့်။ ခုတော့ ဓာတ်ပုံအယ်လ်ဘမ် ယူလာတာတောင် ရှေ့ဆုံးမှ ညွှန်ကြားရေးမှူးသမီးတွေကို ဦးဦးဖျားဖျား ထုတ်

ပြနေ၏။

နေပေါ့။ ဖြူးကလည်း ပြတ်သားပါတယ်။

အချိုးပြောင်းနေတာကိုလည်း နားလည်သားပဲ။ မခင်ချင်လည်း အကြောင်းမဟုတ်ပါ။

မုန့်စားဆင်းချိန်ကျမှ သူ့ဓာတ်ပုံအယ်လ်ဘမ် ဖြူးလက်ထဲလာထည့်ပေးတော့ ...

"ခေါင်းကိုက်တယ်ဟာ၊ မကြည့်ချင်ဘူး"

ဟု ပြောင်ပြောင်တင်းတင်း ငြင်းပစ်လိုက်သည်။

ဝင့်က မျက်နှာပျက်သွားရင်း အယ်လ်ဘမ်ကို လွယ်အိတ်ထဲထည့်ပြီး နှစ်ခုံ သုံးခုံကျော်မှ ကောင်မလေးတွေနှင့် စကားသွားပြောနေသည်။

ဖြူးက မြန်မာစာစီစာကုံးတစ်ပုဒ်ရေးရင်း ရင်ထဲမှာတော့ နင့်နေမိသည်။

အခင်ဆုံး သူငယ်ချင်းနှင့် ခုလိုသဘောထားချင်း မတိုက်ဆိုင်တော့တာ။

သူက ကိုယ့်ကို ဦးစားမပေးတော့တာ။

အခံရခက်ခက်နှင့် ဒေါသလည်း ဖြစ်သည်။

"သူ့ထက်သာတာတွေနဲ့ ပေါင်းပြမယ်"

ဟု စိတ်ရိုင်းကလေး ဖြစ်ပေါ်သော်လည်း တကယ်တမ်းကျ တစ်ဦးတည်း တိတ်ဆိတ်နေတတ်ကျင့်ရမှန်းမသ ရလာသည်။

စာသင်နှစ်ကလည်း တစ်ဝက်နီးပါး ကျိုးခဲ့ပြီ။

ဆယ်တန်းအောင်လည်း ခွဲကြရမည့်အတူတူ ခု တည်းက ခပ်ခွာခွာနေကြတာ တစ်မျိုးကောင်းပါသည်။



ဝင့်က ဆေးဆိုတာကို ကျိန်းသေ မှန်းထားလို့ရသည်။

ဖြူးကတော့ ပေဂျာတစ်ခုခုရဖို့တောင် အသည်းအသန် ကြိုးစားရမှာ။

အင်းလေ ...အဲသည် ကွာခြားချက်တွေကြောင့်လည်း နင် အထာကိုင်နိုင်တာပေါ့ ဝင့်ရယ်။

ငါ့လို စာလည်းညံ့၊ ရုပ်ရည်လည်းမရှိ။ ခပ်တုံးတုံး သူငယ်ချင်းမျိုးကို နင် ဘယ်အဖက်လုပ် ရင်းနှီးချင်တော့မလဲ။

ဖြူး နားလည်ပါပြီ။

## အခန်း (၁၁)

သည်နေ့တော့ ဝီရိယကောင်းစွာပဲ အစောကြီး နိုးလာ
ခဲ့သည်။

ဝင့် ဝင်မခေါ်ကတည်းက စောစောနိုးကျင့်ရအောင်
လုပ်ခဲ့၏။

ဝင့်ထက် စောစောရောက်အောင် သွားသည်။

အရင်ရောက်နေသော ဖြူးကို ဝင့်က တအံ့တ
လေးကြည့်လျက်...

"တယ်ဟုတ်ပါလား"

ဟု ဆိုတတ်၏။

ဖြူးက စိတ်မပါရင်သာ ပေါ့ပေါ့နေပစ်တာ။

တကယ်တမ်း ဆုံးဖြတ်ချက်ချထားလျှင် သူများ
ထက်တောင် တိကျပြတ်သားသေးသည်။ ဖွဲလည်း ကော
သည်။

"ဝင့် လာခေါ်တုန်းကတော့ ဒီလိုမဟုတ်၊ ညဉ်း
ရမှန်းသိတော့ ညဉ်းတာပေါ့လေ"

ဟု ခပ်ညည်းညည်းပြောရင်း နာကျင်သွားပုံရတာ
ဘာဖြေရှင်းချက်မှ မထုတ်ဘဲ ငြိမ်နေလိုက်သည်။

သူ မကျေနပ်နေတာကို ဖြူးက ချော့မော့နေရဦးမှ



လား။

ဖြူးအပေါ် သည်းမခံနိုင်သော သူငယ်ချင်းကို ဖြူး
ကလည်း နွေးထွေးမှုတွေ မပြချင်တော့။

ဖြူး၏ မူလဗီဇစိတ်ကိုက မာသည်။ အလျှော့ပေး
လိုက်လျှော့ပြီး နေချင်စိတ်ရှိလျှင် နေလိုက်မည်။

တကယ်တမ်းကျတော့ ဖြူးစိတ်က ကြမ်းတမ်းမာ
ကျောချင်၏။

ကိုယ့်ကိုထိလာလျှင် လုံးဝအောင့်အည်း သည်းမခံ
တတ်ပါ။

ဖြူးကို စိတ်ဆင်းရဲအောင်လုပ်လျှင် သူ့ကိုလည်း
ပြန် လုပ်ပစ်မည်။ ဖြူးကို စကားတစ်ခွန်း ကျောတော၊
မောတော ပြောလာလျှင် ချက်ချင်း ပက်ခနဲ ပြန်ပြောလိုက်
မည်။

ကိုယ့်အပေါ် ဂရုတစိုက် ကြင်နာသူဆိုလျှင်တော့
ဖြူးက ချွဲမှချွဲ။ အဲသည်လိုမျိုးဆို အနွံအတာ ခံဖို့လည်း
ဝန်လေးခြင်းမရှိဘဲ ပျော်နေတတ်သည်။

အစောကြီး နိုးလာတာမို့ အိုက်စပ်စပ်လည်း ဖြစ်နေ
တာကြောင့် ရေချိုးပစ်လိုက်၏။

ရေချိုးပြီးတော့ သနပ်ခါးကို အေးအေးဆေးဆေး
လူး သည်။

ဝင့် လာခေါ်တုန်းကလို အားနာစရာလူလည်း မရှိ။
အချိန်နောက်ကျမှာလည်း တွေးမပူရ။

သနပ်ခါးလိမ်းပြီး အင်္ကျီအဖြူ လက်ရှည်လေးကို
ဝတ်သည်။ ထဘီက အစိမ်းရင့်ရင့်ကလေး။ အဖြူအင်္ကျီပေါ်

မှ အစိမ်းရောင်ဖဲ့စိကုတ်ကလေးကို ထပ်ဝတ်လိုက်တော့ ကိုယ့်ကိုယ်ကို ကျေနပ်သွားသလိုလို။

ပြင်လေ့ပြင်ထမရှိတော့ ဖြူး ပုံစံလေးက ဆန်း ၏။

ဆံပင်လေးကို သည်အတိုင်းပဲချထားလိုက်ပြီး နေထွက်လာလျှင် အိုက်မှာပဲဟု တွေးကာ ကျစ်ဆံမြီးလေး နှစ်ဖက်ကျစ်သည်။

ဖိနပ် အဖြူပါးလေးကိုစီးဖို့ ရည်ရွယ်ရင်း လွယ်အိတ် အဖြူဆွတ်ဆွတ်ကို ဗီရိုထဲမှ ထုတ်ယူသည်။

မှန်ရှေ့မှာရပ်ရင်း ဖြူး ရယ်ချင်နေမိသည်။

သည်လိုကျတော့လည်း ဖြူးကမဆိုးပါဘူး၊ ချစ်စ ကောင်းသားဟုတွေးရင်း ကျေနပ်နေမိသည်။

မေမေက ...

"သမီးလေး လှနေပါလား"

ဟု အိမ်မှထွက်ခွာခါနီး ချီးကျူးစကားဆို၏။

"စိတ်ပါလို့"

ဖြူး အရှက်ပြေပြောတော့ မေမေကရယ်သည်။

လမ်းရောက်တော့ ဟိုကျောင်းသားကြည့်၊ သ ကျောင်းသားကြည့်နဲ့မို့ ဖြူး မနေတတ်ပါ။ စိတ်ကျဉ်းကျ လာလျက် ကိုယ့်ပုံစံ အမှန်လေးကို နှစ်သက်မိတော့သည်

"ဟိတ်"

"ဟင်"

ဖျတ်ခနဲ အနားရောက်လာပြီး ခေါ်လိုက်သံကြော ဖြူး ခြေလှမ်းလေးတွေ ရပ်တန့်သွားလျက် ဘေးကိုလှ



ကြည့်မိ၏။

'ရိုစ်ကွင်း' ဟူသော အဖြူပေါ် အနီရဲစာလုံးနှင့် ရေးထားသော ခြံဝင်းကြီးကို ဦးဆုံးမြင်ရပြီးမှ ခြံတံခါးပွင့်လာလျက် ကောင်လေးတစ်ဦး ထွက်လာသည်။

ဖြူး အရမ်းပဲ အံ့ဩလျက် ခြေလှမ်းတွေ ရွေ့မရအောင်ရှိ၏။

ကောင်လေးဆိုပေမယ့် ဖြူးထက်တော့ ကြီးပုံရသည်။

ဖြူးဆီ တန်းတန်းမတ်မတ် လျှောက်လာနေတော့ အသက်ရှူပင် မဝချင်တော့။

ဖြူးဆီ ဘာလာလုပ်တာပါလိမ့်။ ဘာကိစ္စများ ရှိလို့ပါလိမ့်။ အတွေးတွေများသွားရလျက် ငြိမ်သက်စွာ ရပ်စောင့်နေမိ၏။

"ဖြူးဖြူးဇော်မောင် ဆိုတာနော်"

"ဟုတ်ကဲ့"

သူက ဖြူးကို မေးဆတ်ပြရင်း မေးတော့ ဖြူး ခေါင်း ညိတ်မိသည်။

သူ့ပုံစံက တည်တည်တံ့တံ့နှင့် ပြက်ချော်ချော်ပုံစံ လုံးဝမရှိပါ။

"ဟိုတစ်နေ့က ပန်းလာဝယ်တယ် မဟုတ်လား"

"အင်း ... ဟုတ်ပါတယ်"

"ဘာလို့ ခြံထဲမဝင်တာလဲ"

"ဟို"

ဖြူး ပြောရခက်သွားသည်။

သူက ဘာလို့ ဖြူးကို အဲဒါတွေ မေးနေရတာလဲ။

ပြီးတော့ သူက ဘယ်သူလဲ။ သည်အိမ်ကြီးနဲ့ ဘယ်လိုပတ်သက်လဲ။ ခြံထဲမဝင်လာတာဘဲ အပြစ်ရှိသလိုလို ပြောပုံကြောင့် စိတ်ထဲစနိုးစနောင့် ဖြစ်ရသည်။

“ရော့”

**သူက** **ဖြူး**ကို သစ်ခွပန်းခိုင်လေး တစ်ခိုင် ကမ်းပေးသည်။

“အဲသည်နေ့က မင်းဝင်လာမလားလို့၊ တို့ ကြည့်နေသေးတယ်၊ မင်းက ခြံထဲဝင်မလာဘူး၊ မေမေ ဟိုတစ်ယောက်ကို ပိန်းပန်းတွေ ဖြတ်ပေးလိုက်တာ တွေ့တယ်”

ဖြူး သူ့ကိုမော့ကြည့်ရင်း နှုတ်ခမ်းလေးပွင့်ဟသွားရသည်။

**သူက** သည်ခြံ၊ သည်အိမ်က လူတစ်ယောက်ပေါ့။

**ပြီးတော့** ဝင့်ကို အားပါးတရ ပြန်ပြောခဲ့တာက သူ့ **မေမေပေါ့**။

“တို့နာမည်က ‘ရှိ’ ပါ၊ ရော့လေ၊ တို့က ပေးချင်လို့ပေးတာ၊ ယူမှပေါ့”

ဖြူး လက်ထဲကို သူက အတင်းထည့်ပေးတာကြောင့် ခရမ်းရောင်သစ်ခွပွင့်ကလေး သုံးပွင့်ပါသည့် အခိုင်လေးကို ယူထားလိုက်ရသည်။

သည်နေ့နံနက် သည်လိုအချိန်မှာ . . .

ဖြူး အထင်တကြီး ငေးကြည့် ကြိုက်နှစ်သက်ခဲ့ရသော ခြံကျယ်ကြီးထဲမှ . . .

သားနားသန့်ပြန့်သော ကောင်ချောလေးတစ်ဦး။



အဖိုးတန် စွဲမက်စရာကောင်းသည့် သစ်ခွပန်းခိုင်ကလေးကို . . .

တကူးတက တယုတယ ပေးလိုက်မည့်သူ အိပ်မက်ပင်မမက်ဖူးခဲ့ပါ။

တစ်ခါတစ်ရံ မက်ခဲ့လှသော အိပ်မက်လှလှလေးတွေထက်ပင် ကြည်နူးကျေနပ်ချင်စရာ ကောင်းနေရသည်။

“ဆယ်တန်းတက်နေတာ တို့ သိသားပဲ”

တစ်ချက်ပြုံးပြီး ပိုင်နိုင်စွာ ပြောချလိုက်ပုံက ဟိုအဆောင်ကြီးကတည်းက ဖြူးကို သိထားရင်းနှီးနေပုံမျိုး။

“တို့ ခြံဘက်ကို မကြည့်တာကကော ဘာဖြစ်လို့လဲ”

ဟင် . . . အဲဒါလည်း သိနေတယ်။

ဖြူး မလုံမလဲနှင့် ရှက်သွားရသည်။

“ခြံဝင်းကြီးနဲ့ ပန်းပင်လေးတွေကို သဘောကျလို့ ကြည့်တာပါ”

ဖြူး၏ မပွင့်တပွင့်စကားကြောင့် သူက ဆံပင်တွေကို ဆတ်ခနဲခါယမ်းရင်း ရယ်သည်။

“တို့က ဘာပြောလို့လဲ”

“ဘာမှမပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ဖြူးက အဲဒီအိမ်မှာ ဘယ်သူတွေရှိလို့ ဘယ်သူတွေနေမှန်းကောင်း မသိခဲ့တာ ပြောပြတာပါ”

“အင်း . . . ယုံပါတယ်၊ ဟိုတလောက တို့ ကားနဲ့ ဝင်လာတုန်း မင်းကိုတွေ့တယ်၊ ကားထဲကို လှမ်းမကြည့်ဘူး”

ဘာတော့ . . . အဲဒါလေးရော သိနေတာပဲလား။

ဒုက္ခပဲနော်။

"လူတွေက ခြံကျယ်ကြီးနဲ့ ပန်းပင်တွေလောက် စိတ်ဝင်စားစရာမကောင်းဘူးပေါ့၊ ဟုတ်လား"

"ဟင့်အင်း"

ထူထူပူပူနှင့် ဖြူး ခေါင်းယမ်းမိသည်။

"လူတွေကို မြင်မှမြင်ဖူးခဲ့တာ"

"မမြင်ဖူးချင်တာ စိတ်မဝင်စားတာဖြစ်မှာပေါ့၊ မင်းကို တို့ ဟွန်းတီးလိုက်တုန်းက ကားထဲမှာ မိသားစုအားလုံးပါတယ်"

ဖြူး မျက်နှာလေး ရဲတွတ်သွားရသည်။

အဲဒါဆို ခြံကြီးဘက် ဖြူး ငေးမောနေတာ တစ်အိမ်လုံး သိကုန်ပြီပေါ့၊ သွားပါပြီ။

"ဖေဖေနဲ့ တို့က ရှေ့ခန်းမှာ၊ ခို့ရယ်၊ မေမေရယ်၊ ဘွားဘွားရယ်က နောက်ခန်းမှာ၊ ဒီအိမ်မှာ မိသားစု အဲဒါပဲရှိတယ်"

သူက ပျက်ယွင်းနေသော ဖြူး မျက်နှာလေးကို မသိ မလိုနေပစ်ရင်း ရှင်းပြနေ၏။

"ခို့က တို့ ကိုကို၊ တို့ထက် သုံးနှစ်ကြီးတယ်၊ သူလဲ ကျောင်းမပြီးသေးဘူး"

သူ ပြောသမျှ တိတ်တဆိတ်ပဲ နားထောင်နေမိသည်။

"ဒီနေ့ မင်း တကယ်ချစ်စရာကောင်းတယ်၊ ဟုတ်မှ ဟုတ်ရဲ့လားလို့ သေချာကြည့်ယူရတယ်"

ဘယ်လောက် ဘဝင်မြင့်ချင်စရာကောင်းတဲ့ စကားလေးလဲ။



ဝင့်ကို ဘယ်လိုမှ မယှဉ်နိုင်မှါဘူးလို့ လက်လျှော့ထားမိတာ။

သူတစ်ယောက်တော့ ဝင့်ထက် ဖြူးကိုမှ စိတ်ဝင်တစားရှိတာ ဆန်းသားပဲကွယ်။

"မင်း ကျောင်းသွားတိုင်း တို့တွေ့တယ်၊ ကျောင်းပြန်ချိန်တော့ တို့ အိမ်မှာမရှိတာ များတယ်"

ဖြူးက သူက ဘာလို့များ တရင်းတနှီး စိတ်ပါနှုတ်ပါ လာရောနေရတာပါလိမ့်။

"နောက်နေ့တွေလဲ တို့ စောင့်နေမယ်ကွာ"

သူက စကားဆုံးတာနှင့် လှည့်ထွက်ဖို့ ပြင်လိုက်တာကြောင့် ...

"ကျေးဇူးတင်ပါတယ်"

ဟု ပန်းကလေးကို ငုံ့ကြည့်ပြီး ခပ်မြန်မြန် ပြောလိုက်ရသည်။

"တို့ခြံထဲကို ကြည့်ချင်ရင် ဝင်ကြည့်လေ၊ ရတယ်"

ဖြူး တုံ့ပြန်စကားမဆိုမိ။

"တို့မရှိလဲ ဝင်လာလို့ရတယ်၊ တို့မိသားစုက သဘော ကောင်းပါတယ်၊ ခို့ကလဲ ခင်တတ်ပါတယ်"

"ဟုတ်ကဲ့"

"မနက်ဖြန်ကော၊ ဒီအချိန်ပဲလား"

"ဖြူးက အချိန်မတိကျပါဘူး၊ ဒါကြောင့် သူငယ်ချင်းက စိတ်မရှည်ဘဲ လာမခေါ်တော့တာ"

"ဩော် ...ဟို ရှုံးများတဲ့ ကောင်မလေးလား"

ဝင့်ကို နှစ်သက်ပုံမရသော သူ့စကားကို ကျေနပ်မိ

သည်။

"**အင်း**"

"**လာမခေါ်တော့ကော** ဘာဖြစ်လဲ၊ မနက်ဖြန် တို့ လိုက်ပို့မယ်လေ၊ ဖြစ်မလား"

အထိတ်တလန့် မော့ကြည့်ပြီး ခေါင်းခါတော့ သူက ပြုံးချင်သလို ကြည့်၏။

"လိုက်မပို့စေချင်လဲ မပို့ပါဘူး၊ ဒါပေမယ့် ခဏ တစ်ဖြုတ်တော့ စကားထွက်ပြောခွင့်ပြုကွာနော်"

ခေါင်းညိတ်ပြလိုက်ဖို့ တုံ့ဆိုင်းနေပေမယ့် သူက ဖြူး အဖြေစကားကိုလည်း မစောင့်ပါ။

လှည့်ထွက်သွားသော သူ့သဏ္ဌာန်ကို ငေးကြည့်ရင်း ဖြူး နေရာမရွေ့ ရပ်နေမိသေး၏။

ပြီးမှ သတိဝင်ကာ ခြေလှမ်းစမိသည်။

ကျောင်းရောက်လျှင် ဝင့်က သစ်ခွပန်းခိုင်လေးကို စိတ်ဝင်တစား ရှုးစမ်းမှာ ကျိန်းသေ။

ဖြူး ဘယ်လိုဖြေရမလဲ။

အမှန်အတိုင်းပဲ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရမှာ လား။

အဲသည်လိုတော့ ဖြူး မပြောချင်ပါ။

ဘာရယ်မဟုတ်ဘဲ သည်ကိစ္စကို ဖြူး လျှို့ဝှက်ထား ချင်မိသည်။ ဝင့်ကို အသိမပေးချင်ပါ။

ဝင့်ကတော့ ဖြူး အမှန်အတိုင်းပြောလည်း ယုံချင်မှ ယုံမှာ။

"ဝယ်လာတာ"



ဟု ညာပြောလိုက်တာကမှ ယုံချင်ယုံလိမ့်ဦးမည်။

ရို့စ်ကွဲင်းခြံထဲမှ လူငယ်လေးတစ်ဦး ဖြူးကို အဖိုး တန် ပန်းခိုင်ကလေးတစ်ခု လာပေးတာဆိုလျှင် ဝင့် တအံ့ တသြနှင့် ကြွားတာဟု ထင်ချင်**ထင်နေမှာ**လေ။

## အခန်း (၁၂)

"ဟယ် …လှလိုက်တာနော်၊ ဖြူး ဘယ်ကဝယ်လာတာလဲဟင်"

သစ်ခွခိုင်လေးကို ဆတ်ခနဲဆွဲယူလျက် မက်မပြေစွာ ပြောချလိုက်သော ဝင့်စကားကြောင့် ဖြူး ဖျော့တော့စွာ ပြုံးမိ၏။

"မနေ့ကတည်းက ဝယ်ထားတာ၊ ဈေးဘက်က ဝယ် လာတာလေ"

"ဘာလုပ်ဖို့ ယူလာတာလဲ"

ဖြူး အဖြေစကားအပေါ် သံသယစိတ် လုံးလုံးဖြစ်ပေါ်ပုံ မရဘဲရှိနေတာမို့ ကျေနပ်သွားရသည်။

"ဟင် …ဖြူး၊ ဘာလုပ်ဖို့ယူလာတာလဲ"

ဝင့် အမေးကိုတော့ အဖြေရခက်သွားရ၏။

"အင်္ဂလိပ်စာသင်တဲ့ တီချယ်ကို မေးမလို့"

"ဪ"

ပြောချလိုက်မိပြီးမှ ဖြူး သက်ပြင်းလေး ရှိုက်မိသည်။

ပန်းကလေးကို ပေးလိုက်ရမှာ နှမြောစိတ်မရှိပေမယ့် တစ်မျိုးလေးတော့ ဖြစ်ရသည်။



အင်္ဂလိပ်စာ အချိန်ရောက်တော့ တီချယ့်ကို သစ်ခွခိုင်လေးပေးလိုက်သည်။ တီချယ်က နှစ်ခြိုက်လွန်းစွာပြုံးလျက် ခေါင်းကိုပုတ်ပြီး …

"ကျေးဇူးပဲ သမီးရယ်"

ဟု အေးငြိမ်းသော လေသံနှင့်ပြောလာတော့ ဖြူး ရင်ထဲ ပျော်သွားရ၏။

တီချယ်က ထုံးထားသော ဆံထုံးပုံ့ပုံ့လေးမှာ ပန်လိုက်တော့ ကျက်သရေရှိလိုက်တာ။

ဖြူး ဝမ်းသာသွားရသည်။

ဆရာသမားကို သည်လိုမျိုးလေး ပေးခွင့်ရတာ ဂုဏ်ယူမိသည်။

"သစ်ခွပန်းလေးနဲ့ အရမ်းတင့်တယ်တာပဲနော်"

ဝင့် စကားလေးက ပီတိလှိုင်းခတ်စေ၏။

သူ့ကိုတွေ့လျှင်တော့ တီချယ့်ကို ပန်းကလေးပေးလိုက်တာ ပြောပြရပါမည်။

သူကကော ဘာပြောလေမလဲ။ သူလည်း သဘောကျနှစ်သက်မှာပါဟု တွေးထားမိသည်။

ဖြူး လုပ်လိုက်တာ မင်္ဂလာရှိတဲ့ အလုပ်ပဲနော်။ သူက ဘာလို့မကြိုက်ရမှာလဲ။

ဆရာမတွေထဲမှာ အင်္ဂလိပ်စာ သင်ပြသည့် တီချယ်လေးက အငယ်ဆုံး။ ပြီး ချစ်စရာလည်း ကောင်းသည်။ အသံလေးက ချိုချိုတိုးတိုးလေး။

သူ့အကြောင်းလေးတွေ၊ သူ့အဖြစ်အပျက်လေးတွေ၊ သူ့ခံစားချက်လေးတွေနှင့် နှိုင်းယှဉ်ပြီး သင်ကြားပေးတတ်

သည်။

"တီချယ်က အက်ဆေးမကြောက်ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ တီချယ့် ဒယ်ဒီက နိုင်ငံခြားမှာလေ ဒယ်ဒီ့ဆီ စာရေးရင်း ရေးရင်းနဲ့ နောက်ဆို အက်ဆေးရေး မပျင်းတော့ဘူး၊ ဒယ်ဒီက သူ့ဆီစာရေးရင် အင်္ဂလိပ်လိုရေး သဘောကျတတ်တယ်"

တီချယ့်စကားလေးတွေက စိတ်ဝင်စားဖွယ် ကောင်း လွန်းလှ၏။

"ဒယ်ဒီကို ပြောချင်တာတွေက အများကြီး၊ တီချယ် က အင်္ဂလိပ်စာ မကျွမ်းတော့ စိတ်ရှုပ်လိုက်တာ၊ ငိုတောင် ငိုမိတယ်၊ အဝေးကြီးမှာရှိနေတဲ့ အဖေဆိုတော့ သူ့အကြိုက်လ ကိုယ်က လိုက်လျောချင်တယ်၊ ရေးချင်စိတ်နဲ့ ရေးချတော့ တစ်ခါတလေတော့ အရမ်း ရယ်စရာဖြစ်သွားရော၊ အဲဒါဆို ဒယ်ဒီက 'ဒါကို ဒီလိုရေး၊ သမီးလေး ရေးတာမှားတယ်' ဆိုပြီး ပြင်ပေးတယ်၊ တီချယ်နဲ့ ဒယ်ဒီက အင်္ဂလိပ်စာသင်တန်း ပို့ချနေသလိုပဲ၊ အဲဒီအချိန်ကစပြီး တီချယ် အင်္ဂလိပ်စာ ကျွမ်း လာတာ၊ ဒယ်ဒီလဲ ပြန်ရောက်လာရော တော်တော်ဟုတ် နေပြီ"

တီချယ့်စကားကို နားထောင်ရင်း ကျောင်းသူကျောင်း သားတွေ ပြုံးလာကြသည်။

"မင်းတို့ ဒိုင်ယာရီ မရေးကြဘူးလား၊ ဒိုင်ယာရီကို အင်္ဂလိပ်လို ရေးကျင့်လုပ်ပါလား၊ ရေးတတ်သလို ရေးသား နောက်တော့ ကျွမ်းကျင်လာလိမ့်မယ်၊ ရေးပြီးရင် တီချယ် ပေးဖတ်ပေါ့၊ မှားတာတွေ့ရင် တီချယ် ပြင်ပေးမယ်"



တီချယ်က ပြောပြီးရယ်နေ၏။

"မင်းတို့က ပေးဖတ်ရဲမှာ မဟုတ်ပါဘူး"

တပည့်တွေအကြောင်းလည်း တီချယ်က သိနေ၏။

"ပြော ...တီချယ့်ကို ပေးဖတ်မှာလား"

တီချယ် မေးတော့ တစ်ယောက်တစ်မျိုး လှမ်းအော် ကြကာ ဆူဆူညံညံဖြစ်လျက် ဘာတစ်ခွန်းမှ မသဲကွဲတော့။

ဖြူးကတော့ စာရေးခုံပေါ် ခေါင်းလေး မှီချထားရင်း ဒိုင်ယာရီ တစ်ခါမှ မရေးဖူးတာ တွေးနေမိသည်။

သူများတွေကော ဒိုင်ယာရီရေးကျင့် ရှိကြသလား။

ဇဝေဇဝါတွေးနှင့် ဝင့်ကို ခေါ်မိသည်။

"ဝင့်"

"ဟင်"

"ဝင့်ကော ဒိုင်ယာရီရေးလား"

"ဟင့်အင်း ...စာကျက်ဖို့တောင် အချိန်မလောက်ပါ ဘူး"

ဖြူး မျက်နှာလေး မဲ့သွားရသည်။

တခြားစာတော်သူ တစ်ဦးဦးက ပြောလာလျှင် ...

"အင်း ...ဟုတ်မှာ"

ဟု လက်ခံလျှင် လက်ခံမိလိမ့်မည်။

ဝင့် ပြောတာကျတော့ ...

"အပိုတွေ"

ဟု မြင်မိထင်မိသည်။

ဒိုင်ယာရီ ရေးတာများ ဘာကြာတာလိုက်လို့။

နေ့စဉ်မှတ်တမ်းကို တိုတိုနဲ့လိုရင်း ချရေးလိုက်

ပြီးတာပဲဟာ။

အချိန်မလောက်ဘူး ဆိုတာတော့ 'ပဏာ' လုပ်…

တာပါ။

လက်သည်းနီကျတော့ တစ်နေ့တစ်နေ့ အ…

မထပ်အောင် ပြောင်းဆိုးဖို့ အချိန်ရနေသားပဲ။

ဖျက်ဦး၊ ပြန်ဆိုးဦးနဲ့ အဲဒါလည်း အချိန်ပေးရ…

လေ။

မျက်မှန်လေးတပ်၊ ခါးလေးကုန်းပြီး အခြယ်အ…

ကင်းကင်း၊ စာမှစာဆိုတာမျိုးဆိုလျှင်လည်း ထားပါတော့…

ဝင့်ကတော့ ဘယ်အချိန်ကြည့်ကြည့် ကြော့လို့…

လို့၊ ဒါများ ဒိုင်ယာရီရေးချိန် မရဘူးလို့ ဟစ်ချင်သေးသ…

ဖြူး မြင်ပြင်းကတ်စွာ ကြည့်မရ ဖြစ်ရတော့သ…

"ဖြူးကော ရေးလား"

"အင်း"

တမင်ရွဲ့ပြီး ခေါင်းညိတ်မိသည်။

အဲသည်လို ရွဲ့ချင်၊ ခနဲ့ချင်စိတ်က ဖြူးမှာ အမြ…

တတ်သည်။

"အင်းလေ … ဖြူးကတော့ အချိန်ရမှာပေါ့၊ …

သိပ်မကြိုးစားတာ"

ညည်းညည်းညူညူကလေး ပြောလိုက်ပေမယ့် …

ကို ခေါင်းမဖော်နိုင်အောင် ထိုးနှက်ပြီးသား။

ရင်ထဲရှိသလိုသာ ပေါက်ကွဲပြောချလိုက်ရလျှင် …

တစ်ခုဖြစ်လာနိုင်သည်။

မကျေနပ်တာတွေ မျိုချပစ်ရင်း တီချယ် ရေး…



…ာ စာကိုပဲ စိတ်ပါလက်ပါ ကူးနေလိုက်၏။

ဝင့်က ထက်တော့ ထက်သည်၊ ကြိုးစားမှုလည်း …သည်။ သို့သော် ဦးနှောက်ကြီးသလောက် အပြောကြီး …သည်။ အခြေကြီးသည်။ မာနကြီးသည်။ ကိုယ့်ကိုယ်ကို …ထင်ကြီးသည်။ တကယ့်ကို 'ကြီး' 'ငါးကြီး' ပိုင်ဆိုင်ရှင် …ပဲ။

သည်နှစ် ဆယ်တန်းရောက်မှ ပိုပြီးတောင် ဘဝင် …မြင့်၊ အထာကိုင် ဖြစ်လာ၏။

ရှိရင်းစွဲ ခင်မင်စိတ်ကလေးပင် ခန်းခြောက်စ ပြုရ …ပြီ၊ အလကားနေရင်း ထိုင်ရင်း စျေးတက်နေတာ။

သူ့ စာတော်တာလေးကိုပဲ မော်မဆုံး၊ ကြွားမဆုံး။

အစကမှ နည်းနည်း 'ပြည့်' သေးသည်။ အခု လုံးလုံး …င်ချင်စရာ မကောင်းတော့။

ပြီးတော့ ဖြူးကို တော်တော်မျက်ရှုနေပုံရ၏။

သူ့ မကြည်လင်တော့ကော ဖြူးက ဂရုစိုက်စရာ …ဘား။

စာတော်တာလေးများ အထင်ကြီးစရာလား။

ဖြူးက မကြိုးစားဘဲ ပျင်းနေလို့သာ။

တော်ပြီ၊ သည်နေ့ကစပြီး ကြိုးစားတော့မည်။

'ပထမ' နေရာကို ရအောင် ယူပြမည်။

ဝင့်ကို ကျော်ဖြတ်တက်နိုင်အောင် ကြိုးစားမည်။

မခံချင်စိတ်နှင့် နှုတ်ခမ်းလေး တင်းထားမိသည်။

ဟိုအစဉ်အဆက်ကတည်းက ပထမ ဆိုတာကို သူပိုင် ပစ္စည်းလို ရနေခဲ့သော ဝင့်၊ ခုတော့ တွေ့ရတော့မည်။

ဖြူးက စိတ်မပါလျှင်သာ ပေါ့ပေါ့နေပစ်ချင် နေပ
မှာ။

တကယ်လုပ်ပြီဆို အားလုံးထက် သာမှ။

ဆုံးဖြတ်ချက်တွေ ချရင်း ဖြူး မျက်လုံးလေးတွေ
စူးရှတောက်ပလာရသည်။

ဝင့်လို ပြင်ဆင်တာများ ခက်ခဲလို့လား။

အဲဒါလည်း ဖြူးက မလိုအပ်ဘူးထင်လို့ မလုပ်တာ
ခုတော့ အလှပြင်ဖို့လည်း အချိန်ပေးတော့မည်။

တစ်ဦးတည်း ကြံစည်နေရင်း စာထဲမှာ စိတ်လွင့်
ထွက်ကာ တစ်ကြောင်းနှင့်တစ်ကြောင်း လွဲချော်ကူးမိသည်။

ဝင့်လောက် ဉာဏ်မကောင်းတာတော့ ကိုယ်တိုင်သိ
သည်။ ဝင့်က နှစ်နာရီစာကျက်ချိန်ယူလျှင် ဖြူးက လေးနာရီ
ယူမှ။

သူ့ထက် နှစ်ဆ၊ သုံးဆပိုပြီး ဖွဲကောင်းမှ သူ့ကိုနိုင်
မှာ ...

အတန်းထဲက ဒုတိယ၊ တတိယတွေကလည်း
သူနှင့် အမှတ်အတော်ကွာတာမို့ သူ မြောက် နေတာလည်း
မဆန်း။

ပြိုင်ဘက်တွေက အနီးအနားမှာပင်မရှိဘဲ ခပ်ပျပျမှာ
ကျန်ရစ်ခဲ့တာ သူ့အတွက်တော့ မာနတက်စရာပေါ့။

ပြိုင်ဘက်တွေကို လျှော့တွက်ထားပုံလည်း ရသည်။
သူ့ကို ဘယ်သူမှ မမီနိုင်ဟုလည်း ယုံကြည်ထားပုံရသည်။

အဟင်း ...ဖြူးကတော့ ရအောင်လုပ်မှာပဲ။ ပေါ့နေ
ရင်တော့ တစ်နေ့ ဝေးပြီးသာမှတ်တော့ ဝင့်။



ဖြူးဘဝမှာ လိုချင်တာ မရတာ ဘာမှမရှိခဲ့သေး။

တကယ်လိုချင်သည့် အရာဆို ရအောင် ယူနိုင်ခဲ့သည်
ည်း။

ခုလည်း တစ်ကျောင်းလုံးမှာ ပထမဆိုတာကို လိုချင်
ိတ်ပြင်းပြခဲ့ပြီ။ ရကိုရမှဖြစ်မှာ။ မရလို့ မဖြစ်ဘူး။

ဖြူးတို့ကျောင်းမှာ ဆယ်တန်း အခန်းပေါင်း ငါးခန်း
၏။ အဲသည်အထဲမှာမှ ဖြူးတို့အခန်းက အေ ထိပ်ဆုံးအခန်း။
ိုးတန်းကို တစ်ဘာသာ ပျှမ်းမျှ ခြောက်ဆယ်နှုန်းဖြင့် အောင်
ာခဲ့သည့် အဖော်တွေချည်း စုထားသောအခန်း။ အခန်းမှာ
ဘစ်ဆို တစ်ကျောင်းလုံးမှာလည်း တစ်ပဲ။

“ဖြူး”

“ဟင်”

ဝင့် ခေါ်လိုက်သံကြောင့် အတွေးစတွေ ပြတ်တောက်
ကုန်ရသည်။

“ဘာလဲဟင် ဝင့်”

“ညနေ ပိန်းပန်းသွားဝယ်ရဦးမယ်”

“ဝယ်ပေါ့”

“ဖြူး မလိုက်ခဲ့ဘူးလား”

“ဟင့်အင်း ...ညနေ မေမေနဲ့ ဈေးလိုက်သွားရ
မယ်”

“ဟင်း”

ဝင့်မျက်နှာလေး ရှုံ့မဲ့လျက် ညည်းသည်။

ဖြူးမှ မလိုက်ချင်တာ။

အဲသည်ခြံကို ဝင့်နှင့် မလိုက်သွားချင်။

ဝင့်ကိုလည်း ချဉ်နေမိတာကြောင့် ငြင်းပစ်ရတာလည်း အားမနာပါ။

မုန်းစိတ်က ပြတ်သားမှုကို ပေးနိုင်သည်။

ဝင့်အပေါ် သည်းခံစိတ် အနွံတာခံချင်စိတ် လုံးဝရင်မှာမရှိတော့။

မရှင်းလင်းသည့် စာတချို့ပင် သူ့ကို မမေးဖြစ်တော့တာ ကြာပြီ။ ဝင့်ကလည်း အရင်တုန်းကလို လိုလိုလားလားနှင့် ပြပေးတာမျိုး မရှိတော့။

ဖြူးနှင့် ဝင့်တို့ ဆက်ဆံရေးက တစ်နေ့ထက်တစ်နေ့ မာကျောစ ပြုလာသည်။

ဝင့်ကလည်း လျှော့မည့်ပုံမရ။ ဖြူးကလည်း လျှော့ဖို့မစဉ်းစား။ ကြာလာလျှင် ပြတ်တောက်သွားဖို့ပဲ ရှိသည်။

ပြတ်တောက်သွားမှာလည်း ဖြူး မစိုးရိမ်ပါ။ လောလောဆယ်လည်း ပြေလည်ကြတာမှ မဟုတ်ဘဲ။ သူများတွေသာ မသိကြတာ၊ ဖြူးတို့နှစ်ဦးက မသိမသာ တင်းနေကြတာ။

"အင်းလေ ဖြူးမအားလဲ မတတ်နိုင်ဘူး၊ ဝင့်ဟာဝင့်ပဲ သွားလိုက်တော့မယ်"

ဖြူး စကားမဆိုဖြစ်။

လိုမှ အသုံးချချင်လို့တော့ မရဘူး ဝင့်ရာ။

အစကလို အားအား မအားအား ဝင့်အတွက်ဆို ဖြူးက ငြင်းဆန်ဆန့်ကျင်ဖို့ သိပ်ခက်ခဲတာ။

ဘောလ်ပင်လေးကို ဖွင့်ချထားသောစာအုပ်ပေါ် တဒေါက်ဒေါက်ခေါက်ရင်း ဘာမှမဖြစ်သလိုပဲ နေပစ်၏။



ဝင့်ကို မျက်နှာပူ အနေခက်တာမျိုးလည်း မဖြစ်မိပါ။

ဖြူးက ကိုယ့်ကိုခင်မှ ခင်ချင်သည်။ ကိုယ့်အပေါ်ကောင်းမှ ကောင်းချင်သည်။

သူက တစ်ခါဆိုးလျှင် ကိုယ်က သုံးခါလောက်ဆိုး ပစ်လိုက်ရမှ။

လည်ပင်းဖက် ပေါင်းလာခဲ့ပေမယ့် ဖြူး စိတ်ရင်းကိုဝင့် နားလည်ပုံမရ။ ဖြူးကလည်း ဝင့်အပေါ်ဆို ကလေးလိုအနိုင်ယူချင်သာ ယူလိုက်မည်။ ကိုယ့်အဆိပ်ကို တစ်ခါမှ သိအောင်ပြဖူးတာ မဟုတ်တော့ သူက အဆိပ်မဲ့ လို့များထင်နေသလားမသိ။

ဖြူးအပေါ် အလကားနေရင်း တိုက်ချင် ထိချင်နေသော ဝင့်ကို တစ်ခါလောက်တော့ ပညာပေးချင်သည်။

ဖြူးကို ...

"ငထုံ၊ အနုံ၊ ငအ၊ ငပေါ၊ ချော"

လို့ ထင်ထားသမျှ ဟင်ခနဲ မျက်လုံးပြူးအောင်လုပ်ရဦးတော့မည်။

ဆရာဝန်ဖြစ်ချင်လို့၊ အင်ဂျင်နီယာဖြစ်ချင်လို့၊ အဲသည် လိုရည်ရွယ်ချက် တစ်စုံတစ်ရာမရှိဘဲကို စာကြိုးစားတော့မှာ။

ဆရာဝန်ဆိုတဲ့ ရည်ရွယ်ချက်မျိုးတော့ ဘယ်ရှိမှာလဲ၊ ဖြူးက စာကျက်သိပ်ပျင်းထူတာလေ။

ဖြေရသည့်စာမေးပွဲကို အောင်ရုံလောက်ပဲ မှန်းကြိုးစား၏။ နှစ်ခန်းကျက်ထားလျှင် အောင်နိုင်သည့် ဘာသာရပ်ဆို နှစ်ခန်းပဲ ကျက်သည်။ သုံးခန်းကျက်မှ အောင်နိုင်မည့်ဟန်ရှိ

သော **ဘာသာ**ရပ်ဆို သုံးခန်းကျက်သည်။ တစ်အုပ်လုံးကျက်ထားမှ အောင်နိုင်မည့် ဘာသာရပ်ဆို (ဆရာက ဘာအရိပ်အမြွက်မှ ပြောမထား) ငိုချင်စိတ်ဝင်ရင်း ဒေါသဖြစ်ရင်း စာအုပ်ကို ကိုင်ပေါက်ချင်စိတ်နှင့် နှုတ်ခမ်းစူပြီး ကျက်မိသည်။

ဖြူးက သည်လောက် စာကျက်ပျင်းရိတာ ဘယ်လိုလုပ် **ဆရာ**ဝန်မှန်းမှာလဲ။

"ကိုယ့်အနေအထားကို ကိုယ်တိုင်သိရှိနားလည်ထားခြင်း"

ဆိုတာလေး တစ်ခုပဲ ဖြူး တော်တာရှိသည်။

"ဖြူး ဒီနေ့ ဈေးမလိုက်သွားနဲ့ဟာ"

ဖင့်က ဟိုတုန်းကရှိခဲ့သော ရင်းနှီးမှုလေးနှင့် ပြောလာ၏။

"ဟင့်အင်း. . .မေမေက ဆူမှာ၊ မနေ့ကလဲ လိုက်**သွားရတယ်**၊ အဲဒါကြောင့် ပန်း ဝယ်လာနိုင်တာ"

"**အင်း** . . .ဒါဆိုလဲ ပန်းကို ဈေးထဲကပဲ လိုက်ဝယ်မယ်**လေ**၊ ဈေးမှာလဲ ရှိတာပဲဟာ၊ နော် 'ဖြူး"

"**မေမေ** ဘယ်အချိန်သွားမယ်မှန်း မသိဘူး"

"ရပါတယ်၊ ဒီနေ့ ကျူရှင့်လည်းမရှိဘူး၊ ဝင့်**နေ့လယ်**ပိုင်းကတည်းက လာမယ်လေ"

ဖြူး မတတ်သာတော့ဘဲ ခေါင်းညိတ်ရသည်။

ဝင့်ရေ ခုမှတော့ ငြိမ်းချမ်းရေးမလုပ်နဲ့တော့။ ဖြူး**ရင်ထဲမှာ ခါးသီးသွား**ရပြီ၊ မရနိုင်တော့ဘူး သိလား။



## အခန်း (၁၃)

ဖြူး လိုချင်ခဲ့သော အဆင့်တစ် ပထမနေရာကို ပထမ အစမ်းစာမေးပွဲမှာ ဖြူး ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ပါသည်။

သို့သော် ငယ်စဉ်ကတည်းက တရင်းတနှီး ခင်မင်လာခဲ့သော ဝင့်နှင့်တော့ အခင်ဆုံးသူငယ်ချင်းဘဝမှ အမုန်းဆုံး ရန်သူကြီးတွေလို အငြိုးအတေး ကိုယ်စီနှင့် ဖြစ်ခဲ့ကြရသည်။

ဖြူးက ဝင့်ထက် အမှတ်ပေါင်း ငါးမှတ်အသာနှင့် ကပ်ပြီး ဗိုလ်စွဲခဲ့တာ။

အဆင့်တစ် ဆိုတာလည်း တော်တော်ပျော်စရာကောင်းသား။

ဖြူးကတော့ မျက်နှာလေးပြုံးရင်း အကျေနပ်ကြီး ကျေနပ်ခဲ့သည်။ အင်္ဂလိပ်စာ တီချယ်ကလည်း အမှတ်အများဆုံးရရှိသူအနေဖြင့် ဖြူးကို သီးသန့်ဆုချခဲ့သည်။

အတန်းထဲမှာ ကျရှုံးသည့် ကျောင်းသားများထံမှ တစ်ဘာသာ တစ်ကျပ်နှုန်းနှင့် ပိုက်ဆံကောက်ပြီး အဆင့်တစ်ရသည့် ကျောင်းသားကို ဆုတစ်ခုပေးတတ်တာလည်း ဖြူးတို့ကျောင်း အစဉ်အလာတစ်ခုမို့ ဖြူးအတွက် ဆုက နှစ်ခါရသည်။

ခါတိုင်း ခါတိုင်း ဝင့် တစ်ဦးတည်းသာ အလှည့် အပြောင်းမရှိ ဗိုလ်စွဲနေကျမို့ ရိုးအီနေခဲ့ရာမှ သည်တစ်ခါ ဖြူး ပထမရတာလေးက ဆန်းသစ်နေခဲ့သည်။

ဝင့်အတွက်တော့ နာကျင်စရာတစ်ခုပေါ့။

ဝင့်က ဖြူးကို စကားလည်းမပြော၊ ပြုံးပြခြင်းလည်း မရှိတော့ဘဲ ဘယ်တုန်းကမှ မသိခဲ့သူလို နေခဲ့သည်။

အစကဆို နားမလည်တာပင် ရှင်းပြနေကျ။ ခုတော့ ဖြူးကို သာသွားသည့်ပြိုင်ဘက်အဖြစ် သတ်မှတ်ကာ ဒေါသ ဖြစ်နေတော့သည်။

ဖြူး ပထမရလိမ့်မည်ဟု သူ ထင့်ပုံမရ။

အောင်စာရင်းကတ်တွေ ပေးမည့်နေ့က ဖြူး အစော ကြီးနိုးလာပြီး လှလှပပကလေး ပြင်မိသည်။ မိုးကုန်ပြီး ဆောင်းဝင်စမို့ ရာသီဥတုကလေးက ကြည်လင်လှပလို့ နေ သည်။

ထဘီပြောင် အစိမ်းလေးနှင့် အင်္ကျီအဖြူလက်ရှည် ရင်ဖုံးလေးကိုဝတ်ပြီးမှ မည်းနက်ပြောင်လက်နေသော သိုးမွေး ခြုံထည်ကလေးကို လည်ပင်းမှာချည်သည်။ ခြုံထည်ဆိုပေ မယ့် အင်္ကျီပုံစံလေး။ ဆရာမတွေ ခြုံတတ်သော ခြုံထည်ကြီး မျိုး မဟုတ်ဘဲ ဖြူး ကိုယ်လေးမှာ ကပ်နေ၏။ ဖိနပ်ပါးအနက် ကလေးကိုစီးပြီး ကချင်လွယ်အိတ် အစိမ်းလေးနှင့် ဖြူးကိုယ် ဖြူး မှန်ထဲကြည့် ကျေနပ်မိ၏။

"ချစ်စရာလေး"

"လှတယ်"

ဆိုတာတွေလည်း မကြာခဏကြားနေရတာမို့ ရိုးအီ



လို့ပင် နေပြီ။

ဝင့်ကို သည်လိုလုပ်ပြရတာ ဖြူး ပျော်သည်။

ပြီးတော့ ရို့ကလည်း ဖြူးကို မနက်တိုင်းစောင့်ပြီး စကားပြောတတ်၏။

ရိုနှင့်လည်း ရင်းနှီးမှန်းမသိ ရင်းနှီးလာရပြီ။

သူ့ပုံစံက ဖြူးအပေါ် တရင်းတနှီးမို့ ဖြူး ကျေနပ် စိတ်နှင့် ရယ်ချင်နေခဲ့၏။

အဲသည်ကိစ္စတောင် ဝင့် မသိသေးလို့။

သိများသိခဲ့လျှင် မနာလို မရှုဆိတ်ဖြစ်ကာ ပုပ်သိုးနေ မှာ သေချာသလောက်။

ဝင့်၏ အဲသည်လို 'ယုတ်'စိတ်ကို မကြိုက်တာ။

သည်လောက် ရင်းနှီးခင်မင်ခဲ့သည့် သူငယ်ချင်းတွေ ပြိုင်စရာမဟုတ်လည်း လိုက်ပြိုင်ချင်သည်။

ခက်တဲ့ ဝင့်။

"ဖြူး"

"ဟင်"

ရိုက ဖြူးတို့အိမ်နှင့် ခပ်လှမ်းလှမ်းမှာပဲ လာစောင့် နေ၏။

"ဒီနေ့ နည်းနည်းနောက်ကျတယ်"

"ဟုတ်တယ်"

"အရမ်းချစ်စရာကောင်းနေတယ်ကွာ၊ ကောင်လေး တွေ ငေးတော့မှာပဲ၊ ဘာလို့ ဒီလောက်လှနေရတာလဲ"

ရို့ စကားကို ပြုံးပဲပြုံးနေမိသည်။

မထိတထိနဲ့ ရိုတိုတွေ ဆိုနေကျမို့ မဆန်းတော့။

ရှိကတော့ တစ်နေ့ထက်တစ်နေ့ စတိုင်ကျကျ ခန့်ချောလာသည်ဟု ဖြူး ထင်သည်။ ပြီးတော့ ဖြူးကိုလည်း အရမ်း ဂရုတစိုက်ရှိ၏။

ဖြူးအတွက် အဘက်ဘက်က စိတ်ချမ်းမြေ့စရာချည်း ကြုံနေရသည်။

တစ်ခါမှ မရဖူးသော အဆင့်တစ်ဆိုတာလည်း ရရှိခဲ့သလို ဘယ်သူမှ အဖက်လုပ် အထင်မကြီးချင်သော ပုံစံလေးမှလည်း အထင်တကြီး ခင်မင်ချင်သော ပုံစံလေးအဖြစ် ရောက်လာခဲ့သည်။

ကျောင်းသွားကျောင်းပြန်တိုင်း တမေ့တမော ငေးကြည့်ခဲ့ရဖူးသည့် ခြံကြီးထဲမှ ကောင်လေးက ဖြူးကို မမြင်ရမနေနိုင်အောင်ဖြစ်လျက် တစ်ရက်မပျက် နေ့တိုင်း စောင့်ဆိုင်းကြိုဆိုနေတတ်ပြီး မပွင့်တပွင့် စကားတွေနှင့် သံယောဇဉ်ကို ပြနေခဲ့ပြီ။

ဘယ်လောက် ကျေနပ်စရာလေးလဲ။

"ဖြူးကို ပြောစရာရှိတယ်"

"ဘာများလဲဟင်"

"ညနေပိုင်း အချိန်ရရင် တွေ့ချင်တယ်"

ရှိကို ငုံကြည့်ပြီး ခေါင်းယမ်းပြဖို့ အားနာသွားရသည်။

"ရပါတယ်"

ဟု ဆိုမိတော့ သူက နေရာနှင့်အချိန်ကို တိတိကျကျ ပြောလာသည်။

သူပြောသည့်အချိန်က အင်္ဂလိပ်စာအတွက် ပေးထားသောအချိန်။ အင်းလေ ...တစ်နေ့တစ်လေ ပျက်ကွက်တာပဲဟု ဖြေသိမ့်လိုက်သည်။

ကြည့်မဝနိုင်သလို ငေးနေသော ရှိ့ မျက်လုံးတွေအောက်မှာ ဖြူး ရင်ခုန်လှုပ်ခတ်ရတာတွေလည်း မနည်းတော့ပါ။

ဖြူးကို အရေးတယူရှိတာကို ဖြူးက နှစ်သက်တာမို့

ပြီးတော့ ရှိနေသည့် အနေအထားလေး ပျက်စီးသွားရမှာ၊ ယိမ်းယိုင်သွားမှာလည်း စိုးရိမ်သူမို့ ရှိ တောင်းဆိုချက်ကို မငြင်းဖြစ်တော့။

ရှိနှင့်တွေ့ရမည့် မနက်ခင်းကလေးကို နေ့စဉ်ရနေပါလျက် မကျေနပ်နိုင်သေးဘဲ ညနေပိုင်း စာကျက်ချိန်ပါ သတိတရဖြစ်နေမိသေးတာ။ သူက ညနေဆုံဖို့ပြောလာတော့ ဆန္ဒပါစွာပဲ ခေါင်းညိတ်မိတာ မရှက်တမ်း ဝန်ခံရတော့မည်။

"ဖြူး"

"ဟင်"

"ကျောင်းကကောင်လေးတွေကို စိတ်မဝင်စားနဲ့နော်"

"အဟင်း ...သိတောင်မသိဘူး"

"တို့ကိုကော"

ရုတ်တရက် မေးချလိုက်တော့ ဘယ်လိုဖြေရမှန်းမသိပါ။

"တို့ကတော့ သတိရစေချင်တယ်"

ဖြူး မဖြေတော့ သူက ဆက်တိုက်ပြောလာ၏။

"တို့က သတိရတော့ ဖြူးကိုလဲ သတိရစေချင်တာ

ပေါ့''တဲ့။

သူ့စကားတွေကို ဖြူး ယုံမိသလိုပါပဲ။ ပြီးတော့ ပျော်လည်းပျော်သည်။ ကျေနပ်မှုလည်း ရှိသည်။ သူ့အသံလေးကိုပဲ ထာဝရကြားနေမိသည်။

''ဖြူး တို့ကို သတိရမှာလား''

ဖြူး ခေါင်းညိတ်တော့ သူ့ပုံစံက အားပါးတရကြီးနှင့် ...

''တကယ်လား''

ဟု ထပ်မေး၏။

ဖြူး မျက်နှာလေး ရဲတွတ်လျက် ခေါင်းငုံ့နေတော့ သူက အော်ရယ်သည်။

''ဖြူး သွားတော့မယ်''

''အင်း''

သူ့ကို မော့ကြည့်နှုတ်ဆက်တော့ တောက်ပလွန်းသော မျက်ဝန်းတွေနှင့် ဆုံစည်းမိသည်။

''ညနေ ဆက်ဆက်လာနော်''

''အင်း''

သူက ဖြူးကို ရပ်ကြည့်ကျန်ရစ်တာမို့ ဖြူး ရင်ထဲလေးပင်သွားလျက် ကျောင်းသွားဖို့ ခြေလှမ်းတွေပင် အားမ ချင်ဖြစ်ရသည်။

မခွဲချင်သလို ကြည့်လိုက်သော သူ့မျက်ဝန်းတွေက ဖြူး စိတ်အစဉ်ကို ဆွဲယူထားလိုက်နိုင်ပါလားဆိုတာ အဲသည်တုန်းက သိပ်မတွေးတတ်ခဲ့။

ကျောင်းရောက်တော့ ငြိမ်သက်စွာထိုင်နေရင်း ရှိ



ပဲ တွေးတောတမ်းတနေမိသည်။

သူ ညနေ ချိန်းသွားခဲ့တာကို သတိရပြီး အရမ်းပျော်မိတာလည်း ငြင်းမရပါ။

ကျောင်းတက်နေမှ ရောက်လာသော ဝင့်က မြင်မြင်ဆင်ဆင်သိပ်မရှိတာ ဖြူး တွေ့ရသည်။

ဘေးချင်းကပ် ယှဉ်ထိုင်နေမိကြလျက် ဘာစကားတစ်ခွန်းမှ မဆိုဖြစ်ပါ။

ဆရာမက ပထမဆုံးအချိန်အပြီးမှာ အောင်စာ ကတ်ပြားလေးတွေ တစ်ဦးချင်း ခေါ်ပေးသည်။ ပြီး ဆုံးမစကားပြောသည်။ နောက်ဆုံးမှ ဆုပေး၏။ ပံရှား

ဖြူးကို ဆုထွက်ယူဖို့ခေါ်တော့ ဖြူး ရင်ခုန်

အတန်းသူ အတန်းသားတွေက လက်ခုပ်တီးပေး။ မိ တော့ ပိုပြီး မနေတတ်ဖြစ်ရသည်။

ပက်ကင်ထုပ်ထားသော ဆုပစ္စည်းလေးကို စာရေးခုံပေါ်ချထားရင်း ခေါင်းငုံ့ထိုင်နေမိတာ အကြာကြီး။

အတန်းပိုင်ဆရာမ ထွက်ခွာသွားမှ ဖြူး ခေါင်းမော့လာရသည်။

''နှင် ပျော်လား ဖြူး''

''ဟင်''

လှုပ်ခတ်စွာမေးသော ဝင့်အသံကြောင့် ဖြူး ဆတ်ခနဲ လှည့်ကြည့်မိ၏။

ဟယ် ...ဝင့် ငိုနေတယ်။

ဖြူး မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်သွားရသည်။

''ဘာရယ်မဟုတ်ဘဲ၊ ငါ့ကိုကျော်ရရင် ပြီးရောဆိုပြီး

နှင်လုပ်တာ ငါ့သိပါတယ်၊ နှင် ကျေနပ်တယ်မဟုတ်လား"

"ဟာ …"

ဝင့် စွပ်စွဲချက်ကို ဖြူး ဘာပြောရမှန်းပင် မသိ၊ မှန်နေတာကြောင့်လည်း ဖြေရှင်းရခက်သည်။

"တကယ်လိုချင်လို့ ကြိုးစားတာဆို ငါ ဝမ်းသာတယ်၊ အားလဲပေးမယ်၊ ဒါပေမယ့် ခုတော့ …"

ဝင့်က တစ်ဝက်တစ်ပျက် ရယ်ထားရင်း ရှိုက်ငိုသည်၊

"ငါ အဆင့်တစ်မရလို့ ငိုတာမဟုတ်ဘူး၊ နှင် အဆင့်တစ်ရလို့ ငိုတာလဲမဟုတ်ဘူး၊ နှင့်ကိုမကျေနပ်လို့"

ဝင့် အံကြိတ်ပြီး ပြောသည်။

သူ့ဂ မျိုသိပ်မထားနိုင်လို့ ပွင့်ထွက်လာရပုံမျိုးပါ။

ဝင့်က ဖြူး ဘေးမှာ မထိုင်တော့ဘဲ နောက်ဆုံးတန်းကို ချက်ချင်းပြောင်းရွှေ့သွားတော့သည်။

အဲသည်နေ့ကစပြီး ဝင့် ဖြူးကို မုန်းသွားခဲ့တာ။

သို့ပေမယ့် သူ့ရင်ထဲ ကြောက်စရာကောင်းလောက်အောင် အစိုင်အခဲဖြစ်သွားမှန်းတော့ ဖြူး မရိပ်စားမိခဲ့ပါ။

ဝင့် အမုန်းကြီး မုန်းသွားသည့်နေ့ ညနေပိုင်းမှာလဲ ရိုနှင့် ဖြူး ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

အဲသည်နေ့က ဖြူးအတွက်တော့ အထူးခြားဆုံးနေ့ ဖြစ်ခဲ့ရ၏။

အပျော်ဆုံးနေ့ဟု ဖြူး ထင်ခဲ့ပေမယ့် ပျော်လည်း ပျော်ခဲ့ပေမယ့် တကယ်တမ်းကျတော့ အဲသည်နေ့သည် ဖြူး ဘဝကြီး အမှောင်ကျသွားဖို့ အစပျိုးခဲ့သော ပထမဦးဆုံးရက် ပင် ဖြစ်ခဲ့သည်။



တစ်ကြိမ်တစ်ခါမှ မရဖူးသော အဆင့်တစ်နေရာကို သည်း ရသည်။ ရိုအချစ်ကိုလည်း ပိုင်ဆိုင်ရရှိသည်။

ဝင့်အကြောင်းကိုတော့ သေချာတွေးကြည့်လျှင် စိတ် ှုပ်လာရသည်မို့ တွေးပင်မတွေးတော့ဘဲ မေ့ထားလိုက်၏။

သူငယ်ချင်းတွေ၏ အထင်တကြီး အကြည့်၊ ဆရာမ တွေ၏ ချီးကျူးစကား။ ပြီးတော့ ရို၏ မြတ်နိုးမှု။

အားလုံး ပီတိဖြစ်စရာ၊ ဂုဏ်ယူစရာတွေကြားထဲမှာ ဝင့် မုန်းသွားတာလေးသည် ပြောပလောက်အောင် ထိခိုက် ခံစားရလောက်အောင် မကြီးကျယ်တော့ပါ။

အဲသည်နေ့က ကျောင်းအပြန်မှာ ဖြူး ရင်ခုန်လှုပ်ရှား နေခဲ့မိသည်။

ရို ပြောဆိုထားသောအချိန်က နီးကပ်လာပြီလေ။

အိမ်ရောက်တော့ ဆုကလေးကို ဖွင့်ဖြေကြည့်မိ သည်။

တန်ဖိုးမြင့်မားမည့် အစတစ်စဟု သိ၏။ ဝတ်စုံ ာစ်ခုစာ သုံးကိုက်ကျော်ကျော်ရှိတာ တွေ့ရသည်။

ပုံဆန်းဆန်းကလေး ချုပ်ဝတ်မည်ဟု အားပါးတရ ပြုံးရင်း ဆုံးဖြတ်၏။ သည်လိုအစမျိုး ဖြူးတစ်ခါမှ မမြင်ဖူး ဲပါ။ ဆရာမက ထိုက်ထိုက်တန်တန်ကို လုပ်ပေးသည်။

ပြီးတော့ ဆံပင်စည်းစရာ ဖဲပွင့်ကလေးက သုံးခု၊ ပက်ကိုင်ပဝါလေးလည်း ပါသေးသည်။

ဖြူး မေမေ့ကို ဝမ်းသာအားရလေးကြွားရင်း အင်္ကျီ ျုပ်ဖို့ပါ စဉ်းစားနေမိ၏။

မေမေကတော့ ချိုကြည်စွာပြုံးနေခဲ့သည်။ မေမေ

သည်လိုပြုံးတာမျိုး တစ်ခါမှ မမြင်ဖူးခဲ့။ အရမ်းကြည်နူးနေ
မို့ ဖြူး ပိုပြီးဘဝင်ကျသွားရသည်။

"မေမေ ...ညနေ ဝင့်အိမ်ဘက် သွားမယ်နော်"

"အင်း"

မေမေက ကြည်ဖြူစွာပဲ ခွင့်ပြုသည်။

"ဝင့်လေးက ဒုတိယပေါ့၊ ဟုတ်လား သမီး"

"အင်း"

သည်တစ်ခုတော့ မေမေ စိတ်မကောင်းဖြစ်ပုံ
သည်။

"မေမေရယ် ...ပထမနှစ်ယောက်မှ မရှိနိုင်တာ
အမှတ်တူနေရင်တော့ တစ်မျိုးပေါ့၊ သမီးက အဲဒီလို တွဲ
ကြီးလဲ မလိုချင်ပါဘူး၊ ရစရာရှိ တစ်ဦးတည်း ရှင်းရှင်းလင်း
လင်း ရချင်တာ"

မေမေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြူးကို
ငေးကြည့်နေ၏။

ဖြူးကတော့ တောက်ပသစ်လွင်သော အဝတ်စ
လေးကို ကိုင်တွယ်ကြည့်ရင်း ပြုံးရယ်နေခဲ့မိသည်။

အဲသည်အချိန်တုန်းကတော့ ဖြူး ဘာမှမသိသေးပါ

ပထမအစမ်းစာမေးပွဲမှာ အဆင့်တစ်ရ၍ ဆရာ
ဆုချခဲ့သော ဝတ်စုံလေးနှင့် တစ်နိုင်ငံလုံးဖြန့်ဖို့ ပြက္ခဒိန်ရိုက်
လိမ့်မည်ဟု မထင်ခဲ့။

တကယ်တမ်းကျတော့ အဲသည်ဝတ်စုံလေးနှင့် ဖြူး
ပြက္ခဒိန်ရိုက်ခဲ့ရသည်။ အဲသည် ပြက္ခဒိန်လေးကို လူတိုင်းလို
လို နှစ်သက်ကြလျက် ဧည့်ခန်းတော်တော်များများမှာ တွေ့



ရတာ အိပ်မက်လိုလို၊ အမှန်တကယ်ရှိလို။

ဆရာမ ဆုချခဲ့သော ဝတ်စုံကလေးကို ဖြူး တစ်ခါပဲ
ဝတ်ဖူးသည်။

ပြက္ခဒိန် ရိုက်တုန်းက တစ်ခါပဲ ဖြူး ဝတ်ခဲ့၏။

ဖြူးအတွက် အဝတ်အစား အခက်အခဲရှိနေတုန်းမှာ
သည်ဝတ်စုံလေးက တကယ့်အားတက်စရာ ဖြစ်ခဲ့သည်။

ထိုက်ထိုက်တန်တန် ရခဲ့တာကြောင့်လား မသိ။
အဲသည်ဝမ်းဆက်ကလေးက ဖြူးနှင့် အရမ်းလိုက်ဖက်သည်။

"သမီး ...ထမင်းစားကြရအောင်"

"ဟုတ်ကဲ့"

မေမေက ဖြူးကို ထမင်းခူးခပ်ပြီးမှ ခေါ်သည်။

ဖြူး နှစ်ခြိုက်သော ပုစွန်တုပ်ကြော်နှင့် ကြာဆံဟင်း
ခါး၊ ပြီးတော့ ရှောက်သီးနှင့် ပုစွန်နှင့်သုပ်သည်။

တမက်တမော စားသောက်ရင်းနှင့် ဖြူးရင်ထဲ
တဒိန်းဒိန်းရှိခဲ့၏။

ရို့က အရင်စောရောက်နေမှာလား။

ဖြူး ကျိန်းသေလာမှာဟု တွက်ထားမှာလား။

ပြီးတော့ တကူးတကချိန်းထားတာ ဘာကြောင့်လဲ။

ဖြူး တွေးထင်ထားသလို ဖြစ်လာရင်ကော။

သူ့ကို ဖြူး ငြင်းသင့်သလား။

ခေါင်းညိတ်လက်ခံသင့်သလား။

သူ ဖြူးကို တကယ်ကော နှစ်နှစ်ကာကာ ရှိရဲ့လား။

အတွေးပေါင်းစုံနှင့် ပူလာရပေမယ့် ...

ဘယ်လိုအကြောင်းနှင့်မှ သူနှင့် ပြတ်တောက်သွား

မှာ မလိုလားတာ အမှန်ပါ။

အဲဒါဆို ...

ရှေ့ဆက်မတွေးရဲဘဲ မွေးညင်းစိမ်းလေးတွေ လက်မောင်းတစ်လျှောက် ဖြန်းခနဲ ထောင်ထသွားရသည်။

ဖြူး စိတ်အာရုံတွေ သူ့ဆီပဲရောက်နေမိတာ ဘာကြောင့်လဲ။

"သမီး"

"ဟင် ...ရှင်"

မေမေ့ခေါ်သံကို အထိတ်တလန့်ဖြစ်သွားတာ ရှက်စရာ။

"ဘာလဲဟင် မေမေ"

"သမီးကို ကောင်လေးတစ်ယောက် မနက်တိုင်းလာ စောင့်တယ်ဆို"

ဖြူး ခေါင်းလေး ဆတ်ခနဲမော့သွားရ၏။

"သူငယ်ချင်းလား သမီး၊ လမ်းမှာ လာစောင့်ခေါ်တော့ သူများအထင်လွဲစရာ ဖြစ်တာပေါ့"

"ဟုတ်ကဲ့"

ဖြူး ဘာတစ်ခုမှ မဖြေရှင်းတတ်ခဲ့။

"မေမေကတော့ သမီးကိုယုံပါတယ်၊ သမီးလေးက ပဟိုတုန်းကထက်တောင် ကြိုးစားလာသေးတာ၊ စာမေးပွဲအောင်ရင်တော်ပြီ၊ ကျန်တာ မေမေ ဘာမှမပြောလိုပါဘူး၊ ချုပ်ချယ်တာမျိုးလဲ မလုပ်ချင်ဘူး"

"ဟုတ်ကဲ့"

ရင်ထဲမွန်းကျပ်လာလျက် ခေါင်းညိတ်မိ၏။



"အကောင်းအဆိုးကို သမီးကိုယ်တိုင် စဉ်းစားပေါ့၊ ကိုယ်ကောင်းကိုယ်စံ၊ ကိုယ်မကောင်းကိုယ်ခံပဲ၊ သမီးနားလည်ထားအောင် မေမေက ပြောတာ"

"သမီး သိပါတယ် မေမေ"

မေမေက ဖြူးကို ဘာမှထပ်မပြောတော့။

ရိုရယ် ...

ဖြူး ညည်းညူမိသည်။

တွေ့တောင်မတွေ့ရသေးဘူး၊ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရပြီ။

ထမင်းစားပြီးတော့ သင်္ချာတွေ ထိုင်တွက်သည်။

ခေါင်းထဲမှာတော့ ရိုအကြောင်းက ခဏခဏရောက်နေသည်။

စတိုင်ကျလာသော လှုပ်ရှားပုံတွေရော၊ အသက်ပါလွန်းသော မျက်လုံးစူးစူးရှရှတွေရော။

စေ့စေ့တွေးလေ ရင်ခုန်ရှက်ရွံ့စရာ ကောင်းလေပါပဲ။

"ရို" ဆိုသော ရိုအစ်ကိုကိုတော့ တစ်ခါမှ မမြင်ဖူးသေးပါ။

ရိုကိုလည်း ဖြူးက မြင်ဖူးအောင်၊ ရင်းနှီးအောင် ဘာတစ်ခုမှ ဖန်တီးခဲ့တာမဟုတ်။ ရို့ကိုယ်တိုင်က ပေါ်တင်ကြီး လာပတ်သက်ရောနှောခဲ့တာ။

## အခန်း (၁၄)

"တို့စောင့်နေတာ ကြာပြီ၊ ဖြူးလေး မလာတော့ဘူး မှတ်တာကွာ"

ဖြူးအနားကို လျှင်မြန်စွာလျှောက်လာရင်း မောဟိုက်သံနှင့် ပြောတော့ ရင်ထဲသိမ့်ခနဲ ဖြစ်ရသည်။

"လာမယ်လို့ ပြောထားသားပဲ"

"တို့ တစ်နေ့လုံး နေလို့တောင်မရဘူး၊ အရမ်းရင်ခုန်နေတယ်"

သူက ဖြူးလက်ကလေးကို ဖျတ်ခနဲ ဆွဲယူဆုပ်ထွေးလာလျှင် လှိုင်းထနေသော အသံနှင့် တိုးတိမ်စွာ ဆိုသည်။

"ဖြူးကို တို့ အရမ်းချစ်တယ်"

သိပ်သိပ်သည်းသည်း ပြောလာသော သူ့စကားကြောင့် အသက်ရှူရပ်သွားရသည်။

"ဖြူးရယ် ...ဖြူးကိုချစ်နေတာ ကြာလှပြီ"

သူက ဖြူး တစ်ကိုယ်လုံးကို ပိုင်နိုင်စွာ ပွေ့ဖက်လာ၏။

"ဟင့်အင်း ...ဖယ်"

အားမပါစွာ တွန်းဖယ်ပစ်တော့ သူက မျက်နှာလေးကို အတင်းငုံ့ကြည့်ပြီး ...



"ချစ်တယ်ကွာ"

ဟု ထပ်တလဲလဲ ဆို၏။

"ဖြူး တို့ကိုချစ်ရမယ်နော်"

အမိန့်ဆန်ဆန်စကားက စိတ်ချယုံကြည်ထားပုံမျိုး။

ဖြူး သူ့ကိုမလွန်ဆန်နိုင်တာ၊ အကျော့မျှ မပြုနိုင်တာသူ ကျိန်းသေသိနေခဲ့ပြီ။

သူ့ အယုအယ ပြင်းပြင်းထန်ထန်အောက်မှာ ငြိမ်သက်မျောပါရင်း ဖြူး ခေါင်းထဲ ရိုတစ်ဦးတည်း ရှိနေရတော့သည်။

ဖြူးကို သူ သည်လောက် ပျော်စေနိုင်စွမ်း ရှိမယ်လို့ ထင်မထားခဲ့။

တစ်ကြိမ်တစ်ခါမှ မရရှိဖူးသော ခံစားမှုတွေကို တအံ့တသြနှစ်သက်မိလျက် ပျောက်ဆုံးသွားမှာ စိုးရိမ်မိသည်။

ရို့နှင့် တွေ့ချိန်ခဏမှာ အိမ်ကိုလည်းမေ့၊ မေမေ့ကိုလည်းမေ့၊ ကျက်စရာ စာတွေရော ဝင့်ကိုရော အားလုံးကို သတိမရနိုင်တော့။

ရို့ကိုပဲ ထွက်ပြေးလွင့်ပျောက်သွားမှာ စိုးသလို ဖက်တွယ်ထားမိသည်။

"တို့ကို မေမေက အရမ်းချစ်တယ်၊ ရည်းစားထားမှာလဲ စိုးရိမ်တယ်"

ရိုစကားလေးတွေကို မကြားတစ်ချက် ကြားတစ်ချက်။

"ယောကျ်ားလေးမို့လို့ လွတ်လပ်ခွင့် ပေးထားပေမယ့် မိန်းမ မယူရသေးဘူးတဲ့၊ စိတ်ညစ်စရာပဲ တို့က ဖြူးနဲ့

အတူ နေချင်ပြီ"

သူ့စကားကို တလေးတနက် နားထောင်စဉ်းစားဖို့လည်း ခေါင်းထဲမရောက်ပါ။

အချစ်တစ်ခုတည်းပဲ ဖြူး ရင်မှာအပြည့်ရှိနေသည်။

"ဖြူးလေးရာ ...အရမ်းချစ်တယ်၊ ဘယ်လိုလုပ်ရမလဲ"

သူ မချင့်မရဲဖြစ်နေပုံက ဖြူးအတွက်တော့ ရင်ခုန်ချင်စရာ အရမ်းကောင်းပါသည်။

"မေမေက နှင်းဆီပန်း အရမ်းကြိုက်တာ၊ ဒါကြောင့် တို့ကို ရိူ့စ်နှင်းဆီလို့ ခေါ်တာ"

"ဟာင် ...ဟုတ်လား"

"အင်း"

သည်တစ်ခုတော့ အထူးအဆန်းလေးအဖြစ် မှတ်သားမိ၏။

"ယို့လို့ထင်တာ၊ ရိုစ်လို့မထင်ဘူး၊ ဒါဆို သူ့နာမည်က Rose ပေါ့"

"အင်း ...ဟုတ်ပါတယ်လေ"

ဖြူး မျက်နှာလေးကို နီးနီးကပ်ကပ်ကြည့်ရင်း ငြိမ်သက်နေသော သူ့ကို ယှဉ်ပြိုင်မကြည့်ဝံ့ပါ။ မျက်လွှာလေးချလိုက်မိတော့ သူက နှုတ်ခမ်းဖွင့်ပြုံးပြီး ဖြူး မျက်နှာနားတစ်အားကပ်လာတာ သိ၏။

ရှိရယ် ...

ဖြူး ရူးအောင် လုပ်နေတာလား။



ရှိနှင့် တစ်ကြိမ်ပဲ တွေ့ဖူးသေးသည်။ ဖေဖေ သိသွားရ၏။ ဖေဖေက ဖြူးကို တစ်အားဆူသည်။ ဒေါသဖြစ်နေပုံလည်း ရသည်။

"ငယ်သေးတယ်၊ လုံးဝသဘောမတူဘူး၊ အဲဒီကောင်က ဘာအရည်အချင်းမှ မရှိဘူး၊ မိဘချမ်းသာတာ၊ သူချမ်းသာတာမဟုတ်ဘူး"

ဟု ပြတ်သားစွာ တားမြစ်သည်။

မေမေကတော့ မျက်ရည်လေးနှင့် ချော့မော့ဆုံးမ၏။

ဖြူး နားထဲ ဘာမှမဝင်နိုင်တော့အောင် ရှိစ်၏စကားများ၊ အချစ်များက ပိတ်ဆို့ထားခဲ့ပြီ။

ပြတ်သားလွန်းသော ဖေဖေ့ကိုပင် စိတ်နာမိသည်။

ကျောင်းစာလည်း ဖြူး အာရုံမရောက်တော့။

ရှိ့နှင့်တွေ့ရဖို့၊ ရှိ့စကားလေးတွေ နားထောင်ဖို့။ ပြီးတော့ ရှိ့အကြင်နာတွေကို ပိုင်ဆိုင်ရရှိဖို့ ...

အဲသည်အတွေးပဲ ရှိနေခဲ့သည်။

ရှိ မြတ်နိုးတာကို ယုံကြည်။

သည်းသည်းခိုက်ခိုက် ပုံစံရှိသော အမူအရာလေးတွေကို ဖျောက်ဖျက်မရ။

ရှိ ချိန်းဆိုထားသော နေ့ရက်မှာ ဘယ်လိုမှ မသွားတွေ့ဘဲ နေလို့ရမည်မဟုတ်ဟုတော့ သိနေ၏။

သွားတွေ့ဖြစ်မှာလည်း သေချာနေသည်။

ဖြူး ရှိကိုချစ်တယ်၊ ရှိနဲ့မှ မခွဲနိုင်တော့တာ။

ဘယ်အနေအထားရောက်ရောက် ရှိ့အနားမှာ ရှိနေလျှင် ကျေနပ်ပြီ။

စာကြည့်စားပွဲမှာ ထိုင်ရင်း စာအုပ်ဖြန့်ချထားလျက် ရှိအကြောင်းပဲ ပြန်တွေးမိသည်။

ရှိ ကြင်နာတတ်ပုံကိုတွေးရင်း ရင်ခုန်ရှက်ရွံ့ရင်း ဖြူး မျော်နေမိသည်။

ရှိရေ တွေ့ပြီးရင်း တွေ့ချင်စိတ်ဖြစ်နေရတာ၊ တွေ့မှ ပြောရမည်။

မေမေကတော့ ဖြူးကို ခပ်ဝေးဝေးမှ အကဲခတ်နေ၏။ မျက်လုံးတွေ မှိန်ဖျော့နေသော မေမေ့အကြည့်က ဖြူး ငိုင်တွေသွားစေပေမယ့် ရှိကို ဖြတ်ပစ်နိုင်လောက်အောင်တော့ တွန်းအားမပေးခဲ့။

သည်လောက် အသည်းအသန်ဖြစ်သွားရတာ ဖြူး ကိုယ်ဖြူးပင် မယုံချင်တော့။

ဖြူး ချစ်အောင် လုပ်တတ်လိုက်တာ ရှိရယ်။

အဲသည်ပညာရပ်တွေ ဘယ်တုန်းက သင်ကြားတတ်မြောက်ထားတာလဲ။

ရှိမှာ ဖြူးထက်အရင် ကောင်မလေးတွေရှိခဲ့မလား။

သည်အတွေးက ဖြူးကို နွမ်းလျစေသည်။

ရှိကို ဖြူး တစ်ယောက်တည်းပဲ ,ချစ်မယ်။

ဘယ်ကောင်မလေးမှ မချစ်ရဘူး။ ဒါပဲ။

ဗလာစာရွက်အလွတ်ပေါ် ရေးချင်တာတွေ ရေးချလျက် အိပ်ငိုက်လာရ၏။ စာကြည့်စားပွဲမှထပြီး အိပ်ရာပေါ် တက်ခွေနေမိသည်။

အိပ်ပျော်သွားတော့ အိပ်မက်ထဲမှာလည်း ရှိက ဖြူးကို တစ်အားချစ်နေပြန်သည်။



## အခန်း (၁၅)

ဒုတိယအကြိမ် ရှိနှင့်တွေ့ဖြစ်ကြတော့ ...

"လွမ်းတယ် ဖြူးရယ်၊ အတူနေချင်ပြီ"

ဟု ရှိက ဆိုလာခဲ့သည်။ ဖြူးလည်း ရှိ့ကိုလွမ်းတာပဲ ရှိလို ထုတ်ပြောရမှာကျ ရှက်သည်။

ရှိက ဖြူးကို သူငယ်ချင်းတစ်ဦးအိမ် ခေါ်သွားခဲ့၏။

ဖြူးလည်း လိုလိုလားလားပဲ လိုက်သွားခဲ့သည်။

အပြန်လမ်းမှာတော့ ဖြူး မျက်ရည်တွေ ကျနေမိ၏။

အသွားတုန်းက ဖြူးနှင့် အခုဖြူး မတူတော့တာ ကိုယ်တိုင်ပဲ သိသည်။

ရှိက လမ်းတစ်လျှောက်လုံး နှစ်သိမ့်အားပေးလေ ဖြူး ငိုချင်လေပါ။

ကိုယ်တိုင်က မငြင်းမဆန် ကြည်ဖြူခဲ့တာပေမယ့် ယူကျုံးမရဖြစ်တာတော့ ဘာနဲ့မှ နှိုင်းမရ။

သူက လက်ထပ်ကြဖို့ တစ်ခွန်းမှမဟတော့ ပိုတုန်လှုပ်သည်။

ဖြူး ဆုံးဖြတ်ချက်တစ်ခုကို တိခနဲချသည်။

"ရှိ"

"ဟင် ...ဘာလဲ ဖြူး၊ ဖြူး ဘာဖြစ်ချင်လဲ၊ တို့

အကုန်လုံး လိုက်လျှော့မယ်ကွာ …ပြော”

ရှိပုံစံက အရမ်းစိတ်ထိခိုက်နေပုံ ရသည်။

ဖြူး လက်ဖျားကလေးကိုလည်း တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား၏။

“ဖြူးကို အရမ်းချစ်လို့ပါကွာ၊ ဖြူး နားလည်ပါ”

ဖြူး သူ့ကို မော့မကြည့်ရဲ။ လမ်းလျှောက်ရတာလည်း ပေါ့ရှပ်ရှပ်ကြီး ဖြစ်နေသည်။

“ဖြူး အိမ်မပြန်ချင်တော့ဘူး”

“ဟင်”

နှုတ်ခမ်းလေးကိုကိုက်ရင်း ပြောလိုက်သော ဖြူး စကားကို သူ တအံ့တသြနှင့် ခြေလှမ်းတွေပင် ရပ်သွား၏။

ဖြူးက မျက်ရည်တွေစီးကျလျက် ခေါင်းငုံ့နေဖြစ်သည်။

“တို့နဲ့ အပြီးလိုက်ခဲ့တော့မလို့လား”

“အင်း”

ဖေဖေနှင့် မေမေကို ဖြူး ရင်မဆိုင်ရဲတော့ပါ။ ဖြူး စိတ် ဖြူး မလုံခြုံသလို ခံစားရသည်။

“ခက်တယ်ကွာ”

ရှိ့က ခပ်ညည်းညည်းဆို၏။

“မေမေက အရမ်းတင်းမာကွ၊ တို့ကို မိန်းမ မယူစေချင်သေးဘူး”

“ဘာ”

ဖြူး အသံကုန် အော်ပစ်လိုက်သည်။

“ဖြူးရာ …စိတ်မဆိုးပါနဲ့၊ တို့ အလုပ်ရှာဦးမယ်၊



တစ်ပတ်လောက်တော့ အချိန်ပေးကွာနော်”

“ဟင့်အင်း”

ဖြူး မျက်နှာလေး ရေခဲပြင်လို အေးစက်သွားတော့ ရှိ့က ချောက်ချားတုန်လှုပ်သွားပုံရ၏။

“ဖြူးကလဲကွာ”

ရှိ့ မျက်ဝန်းထဲကို တစ်ချက်စိုက်ကြည့်ရင်း …

“မခေါ်ချင်လဲနေ၊ ရတယ်၊ ဖြူး စိတ်ထဲရှိသလို လုပ်ပစ်လိုက်မယ်”

“ဟာ …မဟုတ်တာ”

“ဖြူး ဆုံးဖြတ်ပြီးသား”

ရှိ့ မျက်နှာက အကြီးအကျယ်ပျက်နေတာမို့ နာကျင်စိတ်ကလေး စတင်ဝင်ရောက်လာရသည်။

“ရှိ့ မခေါ်ချင်ရင် မလိုက်ပါဘူး၊ အဖြစ်အပျက်ကို စာရေးထားခဲ့ပြီး အဆိပ်သောက်သေပစ်မယ်”

“ဘာ…ဖြူး”

ဟိန်းထွက်လာသောအသံက ကျယ်လောင်လွန်းလာ၏။

“ဖြူးမှ ရှိ့ကို မခွဲနိုင်တော့တာ”

ရှိ့ ရှေ့မှာရပ်ရင်း ပြောတော့ ရှိက ဖြူး ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းထားလျက် …

“အင်းပါ ဖြူးရယ်၊ ရှိ ခေါ်ပါတော့မယ်”

ဟု ကတိပေး၏။

ဖြူးကို သူ့သူငယ်ချင်းအိမ်မှာ ခဏထားခဲ့ပြီး အိမ်ပြန်သွား၏။ ပြီးတော့ သိပ်မကြာဘဲ ပြန်ရောက်လာ၏။

"လာ ... ဖြူး၊ လစ်စို့"

ဒုတိယအကြိမ် အတွေ့မှာပဲ ဖြူး ရှိနောက် လိုက်ဖြစ်ခဲ့သည်။

ရှိက ဖြူးကို တစ်အားချစ်သည်။ အလိုလည်းလိုက်သည်။

ယူလာခဲ့သော ပစ္စည်းတွေရောင်းချပြီး အိမ်ငှားခဲ့သည်။

အစပထမမှာတော့ သာယာကြည်နူးစရာလေး ဖြစ်ခဲ့၏။

ရှိ့ကို သူတို့မိသားစုမှ အမွေပြတ်ကြော်ငြာသည်။

"ကိုကိုက ရှိ့ကို တစ်အားဆုံးမတာ၊ ဒီပစ္စည်းတွေလဲ ကိုကိုပေးလိုက်တာ သိလား၊ တို့ဖွင့်ပြောတော့ တားမြစ်သေးတယ်၊ တို့က နောက်ဆုတ်လို့ မရတော့ဘူးဆိုမှ ခွင့်ပေးတာ ကိုကို မျက်ရည်တောင် ဝဲနေတယ်"

ရှိ့စကားတွေက ဖြူး အတွက်တော့ ရင်မချိစရာပါ။

သူ့စကားတွေက ဖြူးကို အပြစ်တင်ချင်သလိုမျိုး မဟုတ်လား။

ပေါ်ပေါ်တင်တင်ပြောမချပေမယ့် အဲသည်အဓိပ္ပာယ်ပဲ သက်ရောက်တာ။

အခုလောလောဆယ် ဘာပူပင်သောကမှ မရှိသေး။

သုံးစရာပိုက်ဆံလည်း ရှိသေးသည်။

ဖြူးကတော့ မိန်းမသားပီပီ ရှေ့ခရီးကို မျှော်ကြည့်လျက် စိုးထိတ်စပြုပြီ။

ရှိ့ကို အလုပ်လုပ်ဖို့ပြောရမှာလည်း နူတ်လေးနေ



သည်။ ပြောမထွက်အောင်ရှိနေတာ ●က်သည်။

ရှိနှင့် စကားတွေပြောရင်း ရှိ အယုအယတွေအောက်မှာ နစ်မွန်းရင်ခုန်ရင်း အချိန်တွေကုန်ခဲ့ရ၏။

**ဆယ်တန်းစာမေးပွဲကြီး** နီးလာတော့ ဖြူး စိတ်ထိခိုက်**ရသည်။**

**နာကျင်**မှုတွေပြည့်နေသော ရင်နှင့် ငိုရှိုက်မိသေး၏။

**ဆီမရှိ**၊ ဆန်မရှိသော ဘဝကိုလည်း ကြုံဖူးခဲ့ပြီ။

စားချင်တာ မစားနိုင်။ ဝတ်ချင်တာ မဝတ်နိုင်၊ မဝယ်နိုင်သော အနေအထားကိုလည်း ရောက်မှန်းမသိ ရောက်ခဲ့ပြီ။

အဆိုးရွားဆုံးကတော့ ရှိ၏ ဆက်ဆံရေး။

ကျရာအလုပ်ကလေးတွေလုပ်ရင်း ညတိုင်းလိုလို အရက်သောက်သည်။ မူးလာလျှင် ရမ်းတတ်သည်။ ဖြူးကို ဆုငေါက်ရိုက်ပုတ်တတ်သည်။

ချစ်သူ၏ ရိုက်နှက်ခြင်းကိုလည်း ခံစားဖူးခဲ့သည်။

"မင်းကြောင့် ငါ့ဘဝပျက်တာ"

ဆိုသော စွပ်စွဲချက်ကို ပူလောင်စွာ ကြားခဲ့ရပြီ။

ငရဲတွင်းဆန်ဆန် အိမ်ကလေးထဲမှာ စုတ်ပြတ်နုံချာရသော ဖြူး အဖြစ်။

ရင်မှာ ဒဏ်ရာဒဏ်ချက်တွေ ပြင်းထန်လာခဲ့သည်။

နဂိုကတည်းက မာချင်သော စိတ်ကလေး ကြမ်း

တမ်းရင့်ထော်လာရ၏။

ရန်ဖြစ်ရမှာလည်း သိပ်မရှက်တော့။ အော်ကျယ်အော်ကျယ်ပြောတတ်ကျင့်လည်း ရမှန်းမသိ ရလာခဲ့သည်။ မျက်နှာအောက်ချ အကြေးဝယ်တတ်ခဲ့တာလည်း အမှန်။

ရှိလည်းအေးအေး၊ မရှိလည်းအေးအေး နေတတ်ကျင့်ကို ရရှိခဲ့၏။

ရှိကလည်း တစ်နေ့တစ်နေ့ အခြေအနေဆိုးလာခဲ့သည်။

ပက်စက်စွာ ပြောထွက်သော စကားတွေ။

ဟိုတုန်းကနှင့် လုံးဝမတူသော အေးစက်မာကျောသည့် အတွေ့အထိတွေ။

ဖြူး ပုံစံလေးက အတိုက်အခိုက်ခံ၊ အကြမ်းပတမ်းခံ ခေါင်ခေါင်မြည်လေး ဖြစ်လာရတော့သည်။

ငိုရဖန်များလွန်း၍ မျက်ရည်ပင် ကုန်ခန်းသွားရပြီ။ ခံစားရဖန်များလွန်း၍ ခံစားမှုဆိုတာ မရှိတော့။

ရင်တလှပ်လှပ်ခုန်ရင်း၊ ရှက်ရွံ့ထူပူရင်း၊ ငိုရှိုက်အားငယ်ရင်း ရှိခဲ့သော အနေအထား ကျော်လွန်လာတော့ နာကျင်သော အေးစက်စက်ပုံစံ ဖြစ်လာခဲ့ရ၏။

ဘာကိုမှ သိပ်တလေးတနက် မခံစားတော့။

သည်လိုအချိန်မှာပဲ ဆယ်တန်းအောင်စာရင်းတွေ ထွက်လာခဲ့သည်။ ဝင့်က လေးဘာသာဂုဏ်ထူးနှင့် ထူးချွန်စွာ အောင်မြင်၏။

ဖြူးအတွက်တော့ ရင်နင့်စရာပါ။

ဖြူးက ဝင့်ရှေ့မှာ ရပ်ပြခဲ့သူလေ။



"ဘဝက"

ဟု သဘောပိုက်လျက် ဟိုတုန်းကလောက် မခံစားရတော့တာ အမှန်။

အရာရာကို သွေးအေးအနည်ထိုင်စ ပြုခဲ့ပြီ။

ရင့်ကျက်ခြင်း၏ တခြားတစ်ဖက်ကိုပင် ကျော်လွန်ကာ ကျောက်ရုပ်ပမာ ထုံကျဉ်အေးစက်သွားခဲ့ရသည်။

ဖြေခွင့်မရခဲ့သော စာမေးပွဲအတွက်လည်း ထူးပြီး စိတ်မဆင်းရဲတော့။

ဝင့်နှင့်လည်း တစ်ခါမှ မဆုံဖြစ်ပါ။

နှစ်ယောက်အတူတူ အတန်းတစ်တန်းတည်း ဘေးချင်းကပ်ထိုင်ပြီး ပညာသင်ခွင့် ရခဲ့ပေမယ့် ခုတော့ အနေအထားက တခြားစီ။

ဝင့်က—ဆရာဝန်လောင်းဘဝ။

ဖြူးကတော့ အိမ်ထောင်ရေး ဒုက္ခတွေကြားထဲ လူးလှိမ့်ခံစားရင်း နာလန်မထူနိုင်အောင် ရှိခဲ့ရပြီ။

အပြောင်းအလဲမြန်သော ကိုယ့်အဖြစ်ကို ငိုချင်ပေမယ့်လည်း ရယ်နေဖို့ပဲ ကြိုးစားခဲ့သည်။

သရုပ်ဆောင်ပညာတွေ ဘဝက သင်ပေးထားပြီလေ။

ရှိကို စိတ်ပျက်ရပေမယ့် လက်တွဲဖြုတ်ဖို့ လုံးဝမစဉ်းစား။

ယောကျ်ားအပေါ် သစ္စာလည်းရှိချင်သည်။ တစ်ယောက်ဆိုတစ်ယောက်နှင့်ပဲ တစ်သက်လုံး မြဲချင်သည်။

ဘာတစ်ကွက်မှ ကျေနပ်လောက်စရာ မရှိပေမယ့်—

ရို့နှင့်အတူရှိနေရခြင်းမှာ ဖြူးအတွက် တစ်ခုတည်းသော ဝမ်းသာစရာလေးပါ။

အတတ်နိုင်ဆုံး လိုက်လျောသည်းခံရင်း နေဖြစ်ခဲ့သည်။

နာကျင်ခဲ့တာတွေ့ကိုလည်း တတ်နိုင်သမျှ ခွင့်လွှတ်မေ့ဖျောက်ထားခဲ့သည်။

အမြင့်၊ အနိမ့် တစ်လှည့်စီရှိတာပဲဟု အားတင်းခြေသိမ့်ရင်း ရို့နှင့်အတူ မြင့်မားပျော်ရွှင်ရမည့် နေ့ရက်ကလေးတွေကို စိတ်ကူးယဉ်နေမိသည်။ အဲသည်လို စိတ်ကူးယဉ်နေချိန်မှာသာ ဖြူး နူးညံ့သိမ်မွေ့တာလေး တွေ့နိုင်တော့၏။

ဘာပဲဖြစ်ဖြစ် ရို့ကိုတော့ နှစ်နှစ်ကာကာ ချစ်တုန်းပါ။ ဖြူးကြောင့် ဆင်းရဲပင်ပန်းရှာတာကိုလည်း ကြည့်ပြီး စိတ်မကောင်းဖြစ်ရသလို ဖြူးကို အသိအမှတ်မပြုသော ရို့ အသိုက်အဝန်းကို စိတ်နာသည်။

ဝတ္တရားမကျေဘူးဟုဆိုလျှင် ရို့ ဒေါသဖြစ်သွားမှာသေချာတာမို့ မပြောဖြစ်ခဲ့ပေမယ့် စိတ်ထဲမှာတော့ အစိုင်အခဲဖြစ်ခဲ့၏။

တကယ်ဆို သူ့သားမိုက်တာ မုန်လျှင်တောင်တစ်ဖက်မိန်းကလေးကို ငဲ့ဖို့တော့ ကောင်းသည်။

ဘည်လောက် ပစ်ပစ်ခါခါကြီး မလုပ်သင့်ပါ။

သူတို့က တန်ဖိုးမထားခဲ့တော့ ဖြူး ရက်ရွဲ့သိမ်ငယ်မိကာ ဖေဖေတို့ မေမေတို့ဆီပင် မသွားဖြစ်တော့ပါ။

"ကိုယ့်တန်ဖိုး ကိုယ်ဖြတ်တာလေ၊ ခုတော့ ဘယ့်နှယ်ရှိစ"



ဟု မေမေ မေးမှာ စိုးကြောက်သည်။

ခြုံငုံဆိုရလျှင်တော့ အားလုံးကို စိတ်နာသည်၊ မုန်းသည်။

ဘယ်သူတစ်ဦးတစ်ယောက်မှ ဖြူးအပေါ် မစာနာကြ။

ဖြူး နှလုံးသားလေး ရေခဲလို မာကျောတောင့်တင်းလာရသည်။

ဘယ်သူ့ကိုမှ သံယောဇဉ် မထားချင်တော့။

သူတို့ဖြတ်တာထက် ဖြူးက ပိုဖြတ်ပြချင်သည်။

ရက်စက်ပြချင်သော၊ ရွဲ့ပြချင်သော၊ ခေါင်းမော့ပြချင်သော စိတ်ရိုင်းတွေ သွေးထဲ လှည့်လည်စီးဆင်းလျက် မြင့်တက်လာဖို့တစ်ခုပဲ ဆန္ဒပြင်းနေတော့သည်။

အရှမ်းချမ်းသာချင်တာ။ ပြီးတော့ အားလုံးနှင့် အဆက်အသွယ်ဖြတ်ချင်သည်။

ဖြူးမှာရှိနေတဲ့ အရည်အချင်းလေးလည်း ထုတ်ပြချင်တာပေါ့။

သည်တစ်ကြိမ်ဆိုလျှင်တော့ ဘဝမှာ ကိုယ်မခံရဖို့ပဲ စဉ်းစားပြင်ဆင်မိတော့မည် ထင်သည်။

## အခန်း (၁၆)

လက်ထပ်ခဲ့ကြတုန်းက ဘာစာချုပ်မှ မရှိခဲ့ကြပေမယ့် ပြတ်စဲခါနီးကျတော့ ရို့က စာချုပ်စာတမ်းနဲ့ တရားဝင်ဖြစ်ချင်ပုံ ရသည်။

ရပါတယ် ရို့ရယ်။

ဖြူးကို သည့်လောက်လည်း အထင်မသေးပါနဲ့။

နောက်တစ်ကြိမ် ပတ်သက်ဖို့ဆိုတာ သည်ဘဝမှာတော့ မရှိတော့ဘူးကွယ်။ မဖြစ်နိုင်တော့ဘူး။

ရို့ကိုလည်း အကြီးအကျယ် နာကြည်းသွားရပါပြီ။

ပြတ်သားမှုကို ပြခွင့်ရတာပဲ ကျေနပ်ပါတော့မယ်။

ရန်ဖြစ်လိုက်၊ စကားများလိုက်နှင့် အဆင်တပြေမရှိသော ဘဝကို ငြိမ်းချမ်းစေပြုပေမယ့် ကွာရှင်းကြရအောင်လို့တော့ ဖြူးဘက်က စတင်မဆိုခဲ့ပါ။

ရို့က ပြောလာတော့လည်း အလွယ်တကူပဲ ခေါင်းညိတ်မိသည်။

သိပါပြီ ရို့ရယ်။

သုံးနှစ်ကျော်၊ လေးနှစ်နီးပါး ပေါင်းသင်းနေထိုင်ခဲ့သူတွေပဲ။ ရို့စိတ်ဓာတ်၊ ရို့အကျင့်၊ ရို့ဗီဇ အားလုံး သဘောပေါက်ပါပြီ။



လမ်းခွဲမှာ မျက်ရည်မကျဘဲ ကျောခိုင်းနိုင်လောက်အောင်ကို ဒဏ်ရာဒဏ်ချက်တွေ အသည်းမှာ ပြည့်နေရပြီ။

သွားချင်ရာကို သွားဖို့ လွတ်လပ်ခွင့်ကို ပေးပါ့မယ် ရို့။

ရို့ စိတ်ချမ်းသာစေတော့။

တရားရုံးမှာ နှစ်ဦးသဘောတူ ကွာရှင်းကြတော့ လူကြီးတွေက ဖျောင်းဖျသေးသည်။

နှစ်ဦးစလုံး ခေါင်းမာတင်းခံနေကြတော့ အဆုံးမှာ ဖြူးတို့ဆန္ဒအတိုင်း ဆောင်ရွက်ပေးကြရ၏။

တရားရုံး၏ တောက်ပသစ်လွင်သော ခုံမှာ ထိုင်နေသည့် ဖြူးကိုယ်ဖြူး ငုံ့ပင်မကြည့်ရဲ။

မကြည့်ဝံ့လည်း သိနေတာကတော့ သိနေတာပဲ။

ဖော့ဖိနပ်တစ်ရန်က ကြိုးရောင်တစ်မျိုး၊ အောက်ခံတစ်မျိုး၊ ခြေဖဝါးနင်းထားသည့် အရောင်က အပြာရောင်၊ အပေါ်မှကြိုးက အနီရောင်။

ထဘီက နွမ်းနွမ်းညစ်ညစ်၊ နည်းနည်းပင် ရှိချင်နေပြီ။ အထက်ဆင်လည်းမပါ။ အင်္ကျီကတော့ သိပ်မဆိုး။ ကြယ်သီးငါးလုံးက အရောင်ငါးရောင်ကွဲနေရုံမှ ချိုင်းအောက်ထဲ အနည်းငယ်စုတ်ပြဲနေရုံမှ လွဲလျှင်ပေါ့။

ဆံပင်ကို သားရေကွင်းနှင့် ဖြစ်သလိုချည်ထားသည်။

ရို့ပုံစံတော့ အဆိုးကြီး မဟုတ်လှ။ မိသားစုကို ဘာကတိတွေ ဘယ်လိုပေးပြီး ကြံဖန်လာသည်မသိ။

ဂျာကင်အကောင်းစားနှင့် ဖိနပ်အသစ်နှင့်။

အင်းလေ …ကျေနပ်ပါတယ်။

တစ်ချိန်တုန်းက သိပ်ပြတ်နိုးခဲ့ရသည့် ချစ်သူလေး သူပျော်နေလျှင် ပြီးတာပဲ။

ကိုယ်တိုင်ကလည်း ဝမ်းပန်းတနည်းမှ မခံစားရတာ ကိုယ့်အပေါ်ထားသော မေတ္တာအတိမ်အနက်ကို သိခဲ့ပြီပဲ။

"ဖြူး ကျေနပ်တယ်နော်"

"အင်း"

တရားရုံးကအထွက်မှာ သူမေးတော့ ခေါင်းညိတ်ပြမိသည်။

သူက ဖြူးကို ခပ်ကြာကြာစိုက်ကြည့်ပြီးမှ ...

"သွားမယ်"

ဟု ခပ်တိုးတိုးပဲ နှုတ်ဆက်သည်။

"အင်း"

ဖြူး ခေါင်းထပ်ညိတ်သည်။

ချာခနဲ လှည့်ထွက်သွားသော ယောကျာ်းသားသည် ဖြူးဘဝအတွက်တော့ ဘာခံစားချက်မှ မရှိတော့။

ပြီးဆုံးခဲ့ပြီ။

လာစောင့်ကြိုနေသော ကားသစ်ကလေးပေါ် ရှိ လိုက်ပါသွားတာ တရားရုံးလှေကားထစ်ပေါ်မှာ ရပ်ရင်း ငေး ကြည့်နေမိသည်။

သာယာစရာကောင်းတဲ့ ဘဝတစ်ခုကို စပါတော့ ရှိ့ရယ်။

မျက်ရည်နှစ်စက ပါးပြင်ပေါ် လိမ့်ဆင်းကျလာသည်။



ဖြူး ... ဖြူး ...

ဘယ်ကိုသွားရမှာပါလိမ့်။

ဘယ်နေရာကို သွားသင့်သလဲ။

ဖြူးအတွက် အကောင်းဆုံးနေရာသည် မိဘအိမ်၊ မိဘ ရင်ခွင်။

နွေးထွေးမှု၊ ညှာတာမှု၊ ဖေးမစာနာမှုတွေနှင့် စောင့်ကြိုနေမည့် မေမေ။

ဖြူးဘဝကို နားလည်ပေးနိုင်ပါစေတော့။

အိမ်ထောင်ပျက် တစ်ခုလပ်ဘဝနှင့် မိဘအိမ် ပြန်တက်ရမည့် ဖြူးအဖြစ်ကို ဖြူးပဲ ခံစားတတ်သည်။

တခြားသူ ဘယ်သူမှ ခံစားပေးနိုင်မှာ မဟုတ်။

အားလုံးထဲမှာတော့ မေမေသည် ဖြူးအပေါ် စာနာပေးတတ်ဆုံး လူသားဖြစ်မှာ သေချာပါသည်။

တော်ပါသေးရဲ့ ဖြူး စိတ်ကူးကောင်းခဲ့လို့။

သားလေး သမီးလေးတွေသာ ရှိလျှင် ...

ဆက်မတွေးဝံ့စရာပါ။

ရှိ့က ဘယ်သူ့မျက်နှာမှ ထောက်ထားမည့်ပုံလည်း မရပါ။

ဖြူးအပေါ် 'ရက်စက်သည်' ဆိုတာထက် အဆပေါင်းများစွာ ပိုယုတ်မာခဲ့သည်။ ယောကျာ်းကောင်းတစ်ယောက်၏ ဘာတာဝန်တစ်ခုကိုမှ မကျေပွန်ခဲ့ပါ။

သည်လိုလူမျိုးကို ဆုံးရှုံးရတာ ဖြူး ငိုကြွေးစရာလား။ ပူဆွေးစရာလား။

တကယ်တော့ ဝမ်းသာစရာ။ ကြည်နူးစရာပါ။

ဖြူး လျှောက်ချင်သည့် လမ်းကို လွတ်လပ်စွာ အချုပ်အနှောင်ကင်းကင်း လျှောက်လှမ်းနိုင်ပြီ။

ဝေးသွားရတာ ပျော်ပါတယ်ဟု မဆိုနိုင်ပေမယ့် ဖြူး သက်ပြင်းမရှိုက်ချင်တော့ဘူးကွယ်။

ရိုကို တမ်းတရင်းလည်း အချိန်ကုန် မခံနိုင်တော့ဘူး။ အချစ်မဲ့ကမ္ဘာကို ကြုံဖူးလိုက်ပြီ။

ယောက်ျားသားတွေ၏ သဘောထားအမှန်ကို စိတ်တွင်းသရုပ်ကိုလည်း ကြည့်တတ်လာခဲ့ပြီ။

သို့ပေမယ့် သည်လိုသိလာချိန်က နောက်ကျလွန်းသည်။

ဖြူး၏ ပျိုမျစ်သောသဘာဝ၊ နူးညံ့သောစိတ်ဓာတ်စွဲမက်စဖွယ်ကောင်းသော အလှအပအားလုံးလိုလို ဆုံးရှုံးစတေးပြီးမှ ရရှိလာခဲ့သည့် သင်ခန်းစာ။

အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် မေမေတို့ဆီမှ ထွက်လာခဲ့သော ဖြူး အိမ်ပေါ်ပြန်တက်တော့လည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်ပါ။

"သမီးလေး"

မေမေက ဖြူးကိုဖက်ပြီး ငိုရှိုက်သည်။

ဖြူးတို့ စီးပွားရေးက ထင်ထားတာထက်ပင် ကျဆင်းနေခဲ့၏။ ဖေဖေနှင့် မေမေကိုလည်း ဖြူး သနားသည်။

မေမေနှင့် ဖေဖေ့ကို ကတိတွေအထပ်ထပ်ပေးရင်းတကယ်လည်း ဖြူး တစ်အားကြိုးစားခဲ့သည်။

သတ္တိနှင့် ရဲဝံ့မှုက ဖြူးမှာအပြည့်။

အားလုံးကို ထွင်းဖောက်ဖြတ်သန်းခဲ့ရသည်။



ကြောက်ရွံ့စိတ်လည်း လုံးဝမရှိခဲ့။

အပ်လာသမျှကားတွေ လက်ခံရိုက်သည်။

အစပထမမှာ ဖြူးအပေါ် နှိမ်ထားခဲ့သော လူတွေကိုလည်း ကောင်းကောင်းပြန်ချေပသည်။

နေ့မအားညမအား ကြိုးစားမှုကြောင့် တစ်နှစ်အတွင်းမှာပင် အရောထင်သလောက် ထင်ခဲ့သည်။

ရိုက်ပြီးသားကားတွေ ရုံတင်ဖို့ တန်းစီစောင့်နေဆဲမှာပင် ဖြူးဘဝက မြင့်သထက် မြင့်ခဲ့ရပြီ။

ဖေဖေနှင့် မေမေကို ကောင်းကောင်းမွန်မွန် ထားနိုင်ခဲ့ပြီ။

ရိုနှင့်ပတ်သက်တာ မှန်သမျှကိုတော့ ခေါင်းထဲက ထုတ်ထားသည်။

တစ်ခါတစ်ရံတော့လည်း သတိတရ ဖြစ်မိတာပေါ့။

သုံးနှစ်သုံးမိုး ပေါင်းသင်းလာခဲ့သည့် ယောကျ်ားပဲလေ။

ဖြူးဘဝမှာ နောက်ထပ်တစ်ဦးကို လက်ထပ်ယူဖို့လည်း စိတ်ကူးမရှိတော့။

ဂရိတ်တွေနှင့် တွဲချင်တွဲလိုက်မည်။ အတည်တကျယူဖို့ ဆန္ဒမရှိတော့။

ဖြူး၏ အောင်မြင်မှုကလည်း မြန်ဆန်လွန်းလှသည်။

ပထမဦးဆုံး ရိုက်သောကားမှာပင် လူကြိုက်များခဲ့၏။

တတိယကားမှာ အကယ်ဒမီဆု ရရှိခဲ့သည်။

အဲသည်နေ့ကတော့ ဖြူး အပျော်ရွှင်ဆုံးပေါ့။

ဖေဖေနှင့် မေမေလည်း ဖြူးအတွက် ဂုဏ်ယူနေခဲ့ကြသည်။

ဖြူးကိုယ်တိုင်ပင် သည်လောက်ထိ ဖြစ်တွန်းလာမည်ဟု မျှော်လင့်မထားခဲ့။

"ဖေဖေ ...ထိပ်ဆုံးရောက်အောင် ဖြူး ဆက်ကြိုးစားမယ်၊ ပြီးတော့ ထိပ်ဆုံးနေရာကို အကြာကြီး ယူထားမယ်၊ သိလား"

ဖြူး ရည်ရွယ်ချက်ကို **ဖေဖေ သဘော**တကျ ပြုံးနေခဲ့၏။

သည်သမီးကိုတော့ **လောကကြီး**မှာ စိတ်ချလက်ချ လွှတ်ထားနိုင်ပြီဟု ဖေဖေ ယုံ**ကြည်ထား**ပုံရ၏။ ဖြူးက ဘဝ စုံခဲ့ပြီ။ နာကျင်ထိခိုက်မှုတွေလည်း ကြုံခဲ့ဖူးပြီလေ။

ငြိမ့်ညောင်းလှပသော **ကားသစ်**ကလေးထဲ ဖေဖေ**နှင့် မေမေက** နောက်ခန်းမှာ ယှဉ်ထိုင်၊ ဖြူးက ကက်ဆက်ကလေးဖွင့်၊ ကိုယ်တိုင်မောင်းလို့ ပူပင်သောက ကင်းဝေးနေချိန်မှာ တဲကုပ်ကုပ်ကလေးထဲ တစ်ဦးတည်း အင်အားမဲ့စွာ ထိုင်နေရင်း မီးခွက်ထွန်းစရာ ရေနံဆီဝယ်ဖို့ ပိုက်ဆံမရှိခဲ့သော လမိုက်ည တစ်ခုကို ဖျတ်ခနဲ သတိရမိသေးသည်။

ဖြူးဘဝရဲ့ လမိုက်ညတွေ ကျော်လွန်ခဲ့ပြီထင်ပါရဲ့။

ဖြူးကတော့ ခုချိန်မှာ ဘာကိုမှ တွေးမကြောက်တတ်တော့။

"ဘာဖြစ်ဖြစ် ...ရတယ်"

ဆိုသော ကြံ့ကြံ့ခိုင် စိတ်ဓာတ်ကလေး ပိုင်ဆိုင်ထားခဲ့ပြီလေ။



တရင်းတနှီးရှိခဲ့သော လူတစ်ဦးထံမှ ငှားစီးနေရသော ကားလှလှကလေးကို ပိုင်ရှင်ထံပြန်အပ်ပြီး ကိုယ့်ရှေ့မှောက် အရောက်လာပြသော ကားတွေထဲမှ အနှစ်သက်ဆုံး ကားကလေးတစ်စီးကို ရွေးချယ်ပြီး ကိုယ်ပိုင်ငွေနှင့် ဝယ်လိုက်သောနေ့မှာပင် ဖြူးအတွက် ထိတ်လန့်အံ့သြစရာ အဖြစ်တစ်ခု ကြုံခဲ့ရသည်။

တိုက်ရှေ့တွင်ရပ်ထားသော ကားသစ်ကလေးကို ကြည်နူးစွာ ငေးကြည့်နေတုန်းမှာပဲ သတင်းစာက ဖြူးဆီ တည့်တည့်မတ်မတ် ရောက်လာခဲ့တာ ထူးဆန်းသည်။

ဖျားချင်သလို ဖြစ်နေတာကြောင့်ရော၊ ကားဝယ်စရာ ကိစ္စရှိတာကြောင့်ရော သည်နေ့ ရုံးတင်ဖျက်ထားခဲ့သည်။

သတင်းစာလေးကို လက်ထဲဆုပ်ကိုင်ထားရင်း ကားကလေးကို စေ့စေ့ပေါက်ပေါက် ကြည့်နေမိ၏။

တော်ကြာဆို ငွေချေရတော့မှာလေ။

ဝယ်ပြီးမှ တစ်စုံတစ်ရာဖြစ်ခဲ့လျှင် အရမ်းနစ်နာမှာ။

ကားပိုင်ရှင်ကတော့ အသစ်စက်စက်ဟု ပြောသည်။

ကူရှင်ဖုံးပန်းရောင်ကလေးတွေက တဖိတ်ဖိတ်လက်နေသလို ကားလေးက တကယ်သန့်သည်။ စက်ပိုင်းဆိုင်ရာတော့ ဖြူး မကျွမ်းကျင်ပါ။ ကျွမ်းကျင်သူတွေကိုပဲ အားကိုးတိုင်ပင်ရသည်။

ဖြူးကိုဆို (မင်းသမီးမို့လားတော့ မသိ) စိတ်ပါလက်ပါ ကူညီချင်သူ ပေါများလွန်းသည်။

"ခုံတစ်လုံး ယူလာခဲ့ဟေ့"

ကောင်မလေးကိုပြောရင်း လိပ်ထားသော သတင်းစာကို ဖြန့်သည်။ ရွက်လှပန်းအိုးတွေဘေးနားမှာ ခုံတစ်လုံးချရင်း ထိုင်မိ၏။

မှတ်မှတ်ရရ အဲသည်နေ့က ဗိုလ်ချုပ်ဈေးထဲမှ အသိတစ်ဦး လက်ဆောင်အတင်းပေးခဲ့သော တီရှပ်အနက်စိုစိုကလေးကို ဝတ်ထားမိသည်။

ကောင်မလေးက ဖြူးအတွက် နက်(စ်)တစ်ခွက်လာချပေးသွား၏။

"မမ ... ဦးခန့်ဇော်ဆီက ဖုန်းလာပါတယ်"

"အင်း ... ညမှဆက်လို့၊ ခု မအားဘူးလို့ပြောလိုက်"

ကောင်မလေးက ချက်ချင်းလှည့်ထွက်သွားပြီး ပြန်ရောက်လာကာ ...

"မမ ... ကားကိစ္စတဲ့"

"ဟာ"

စိတ်မရှည်စွာ ရေရွတ်ရင်း ဖုန်းကိုင်ရသည်။

"ဖုန်းယူလာခဲ့"

ဧည့်ခန်းမှဖုန်းကို ကောင်မလေးက ဖြူးဆီ မ,ပြီး ရွှေ့ယူလာခဲ့သည်။

"ဟဲလို ... ပြော"

"ဖြူးလား၊ ကိုယ် ကားအတွက် ငွေချေလိုက်ပြီ"



"ဟင်"

"ဖြူး ကြိုက်တယ်မဟုတ်လား၊ ကိုယ် ညနေလာတော့မှ ငွေပြန်ပေးချင်ပေးပေါ့၊ ဖြူး အလုပ်မရှုပ်အောင်ပါ"

"ဩော် ... အင်း ... အင်း"

ဖြူး ခေါင်းညိတ်ပြီး ဖုန်းချသည်။

ဘာဆက်ပြောစရာကော ရှိမှာလဲ။

ဦးခန့်ဇော်က ကားနှင့်ပတ်သက်လျှင် ကျွမ်းကျင်သည်။

သူ့တိုက်တွန်းမှုကြောင့်လည်း ဖြူး ယူဖြစ်သွားတာ။ ဖြူးက အပေါ်ယံ အလှအပပဲ ကြည့်တတ်တာ။

ဘာတစ်ခုမှ နားလည်တာ မဟုတ်။

ဦးခန့်ဇော်ကို ကျေးဇူးတော့ တင်သွားရသည်။

ဖြူးအတွက် သက်သက်သာသာ ရှိသည်။

စကားပြော ဧည့်ခံစရာလည်း မလိုတော့။

တယ်လီဖုန်းကလေးကို ပေါင်ပေါ်တင်ထားလျက် သတင်းစာကို စိတ်ရှည်လက်ရှည် ဖတ်မိသည်။

"ဟယ်"

ဖြူး ခေါင်းထဲ မိုက်ခနဲဖြစ်သည်။

မယုံနိုင်လွန်းစွာ နောက်ထပ်တစ်ကြိမ် ကြည့်မိ၏။

သေချာနေမှန်းသိလျက် ရင်ထဲ ကတုန်ကယင်နှင့် လက်မခံချင်အောင် ရှိသည်။

ရီ လက်ထပ်သွားခဲ့ပြီ။

သတင်းစာကို တယ်လီဖုန်းပေါ် ဖြန့်ချထားလျက် လည်ချောင်းတစ် လျှောက် ဆို့နင့်နေရတော့သည်။

ရန်ကုန်မြို့ ·····ခြံနေ
မောင်ဘုန်းသန့် (······)နှင့်တဲ့။

ရင်ထဲမှာ အချစ်မရှိတော့ပေမယ့် ခုထိ သတိတရ တမ်းတနေဖြစ်တာတော့ အမှန်ပါ။

ဖြူး နာကျင်ခံခက်စွာ ပြုံးမိသည်။

ရန်ကုန်မြို့ အောင်သိဒ္ဓိလမ်းနေ
ဒေါက်တာ ဝင့်မောင်မောင်ခင် (ဝင့်)တဲ့။

ဖြူး နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း မျက်ရည်တွေ ဝဲတက်လာရသည်။

ဝင့်က ဆရာဝန်မကြီးတောင် ဖြစ်သွားခဲ့ပြီပဲ။

သတင်းစာက ဖြူး မျက်လုံးအိမ်ထဲ ဝေဝါးစပြုလာ၏။

"ဩော်"

ရင်ထဲ မချိမဆံ့ ခံစားရလျက် လူက အရုပ်ကြိုးပြတ် ဖြစ်ရသည်။

ရိုကို ပြန်လည်တမ်းတနေတာလည်း မဟုတ်ရပါဘူး။

ဖြူး ကိုယ်တိုင်က စိတ်ပါလက်ပါ လက်မှတ်ထိုးကွာရှင်းပေးပြီးသားပါ။ သို့ပေမယ့် သည်မြင်ကွင်းက ရင်ထဲ စွဲနစ်နေအောင် ခံရခက်စေသည်။

ဝင့်နှင့်မှ လက်ထပ်လိုက်သတဲ့လား။

လူတွေကို ဖြူး ပိုပြီး နာကျင်စပြုသည်။

ဝင့်ကကော ရိုကိုမှ အတင်းလက်ထပ်ယူရသတဲ့လား။



ကောင်းပါတယ်။

ဖြူး မျက်လုံးစုံမှိတ်ထားလျက် ရိုတို့ ခြံဝင်းထဲ ပိန်းပန်းသွားဝယ်ခဲ့သော ဂါဝန်ပန်းရောင်လေးနှင့် ကောင်မလေးကို မျက်စိထဲ ပြန်မြင်သည်။

"ဩော် ···ဟို ရှိုးများတဲ့ကောင်မလေးလား"

ရို ပြောခဲ့ဖူးသော စကားသံကို ပြန်ကြားယောင်မိသည်။

အဲသည်အချိန်တုန်းကတော့ ဝင့်အပေါ် စိတ်ဝင်စားမှု မပြခဲ့ပါလား။

ဩော် ···အင်းလျားလိတ်မှာ လုပ်တာတဲ့။

အဟင်း ···

ဖြူး မျက်နှာမဲ့ကျရင်း ရယ်ဖြစ်သည်။

ဝင့်ရေ ···မင်းပျော်နေမှာလား၊ ကျေနပ်နေမှာလား။

ဖုန်းမြည်သံစူးစူးကြောင့် အတွေးစတွေ ပြတ်တောက်လျက် မျက်လုံးလေး ပွင့်လာရသည်။

"ဟဲလို ···ပြောပါရှင်၊ ဖြူးပါ"

"ဖြူးလား"

တရင်းတနှီး ကြားဖူးသော အသံကြောင့် ဖြူး ကိုယ်လေး မတ်သွားရသည်။

"ဝင့်ပါ"

ဖွင့်မပြောလည်း ဖြူး သိပြီးသားပါ။

"မနက်ဖြန်ညနေ ဖြူး အားမလားဟင်"

"ဘာကိစ္စရှိလို့လဲ ဝင့်"

"တို့ ဧည့်ခံပွဲလေးကို ဖိတ်မလို့ပါ၊ အရမ်းရင်းနှီးတဲ့

သူတွေကိုပဲဖိတ်တာ၊ အင်းလျားလိတ်မှာ ဖြူးကို မဖိတ်ဖြ
ဘူး၊ လူသိပ်များတော့ ဖြူးအတွက် အနေခက်မှာ စိုးလို့လေ

"ဩော်"

ရင်ထဲမှာ နာကျင်သွားတိုင်း မချိမဆံ့ ခံစားရတိုင်း—

"ဩော်"

တစ်လုံးသာ နှုတ်ဖျားမှ ထွက်လာခဲ့သည်။

"ညနေပိုင်းလုပ်မယ့် ပွဲကလေးကတော့ သိပ်ခင်တဲ့ လူတွေပဲ ရွေးဖိတ်တာဆိုတော့ လူနည်းမယ်လေ၊ ဖြူး လာခဲ့ ပါလား"

ဖြူး စကားမဆိုဖြစ်။

"Rose Queen (နှင်းဆီဘုရင်မခြံ)ထဲမှာ လုပ်မှာ လေ"

"အားရင်လာခဲ့မယ်၊ ဒါပဲနော်"

ဖြူးက စကားဖြတ်ပြီး ဖုန်းချပစ်သည်။'

ဆက်ပြီး သည်းခံနားထောင်နိုင်စွမ်း မရှိတော့။

သတင်းစာကို လေးခေါက်ခေါက်ပြီး တယ်လီဖုန်း အောက်ထဲ သွင်းထည့်ထားရင်း ရွက်လှပင်ညိုညိုကြီးကို ကြည့်နေမိသည်။

ရွက်လှဆိုသည့်အတိုင်း လှချင်တိုင်း လှနေသည့် အရွက်ကြီးတွေ။ ဖြူးတစ်ရပ်နီးပါး မြင့်သော ရွက်လှအိုးကြီး တွေကို ကြိုက်နှစ်သက်တာကြောင့် အိမ်အဝင်ဝမှာ ဘယ်ညာ စီချထားသည်။

သက်ပြင်းမောတစ်ချက်ရှိုက်ရင်း ဓာတ်ညွှန်းတစ်ခု ဖတ်ရမှာ သတိရသည်။



"ရွက်လှတစ်ပွင့်"

ဆိုသည့် အမည်ဆန်းဆန်းကလေးကိုတော့ စိတ်ဝင် တစားရှိပြီးသား။ ဓာတ်လမ်းကလေးကတော့ ဘယ်လိုရှိမည် မသိ။

ရို့နှင့် ဝင့်အကြောင်းကို တစ်ခန်းဖြတ်ထားရင်း အလုပ်ထဲစိတ်နှစ်ဖို့ပဲ ကြိုးစား၏။

သူတို့ ကျေနပ်ပျော်ရွှင်နေကြမလားဟုတော့ မကြာ ခဏတွေးမိရင်း ရှူးရှူးမိုက်မိုက် ရို့နှင့်လိုက်ပြေးခဲ့ဖူးသော ရင်ခုန် စရာ အချိန်လေးတွေကို ပြန်တွေးမိတော့ ရင်ထဲဟာကျသွား တာ ဘာနှင့်မှမတူ။

ရို့ကိုမှ ...

ဖြူးနှင့် ကျွမ်းတဝင်ရှိခဲ့ဖူးသည့် တစ်ချိန်က ဖြူး ခင်ပွန်းသည်ကိုမှ ဝင့်က လိုလိုချင်ချင် လက်ထပ်ရသတဲ့လား။

ဘာသဘောလဲ ဝင့်ရယ်။

ပြီးတော့ ဖုန်းဆက်ပြီး ဖိတ်ခေါ်တာကကော ဘာ အဓိပ္ပာယ်လဲ။

ဘာတွေသာတယ်ထင်လို့ ဘာတွေ ကြားချင်နေရ တာလဲ။

ဝင့်ရယ် မင်း အခု ခမ်းခမ်းနားနား လက်ထပ်လိုက် တာ ဟိုတုန်းက တို့ယောကျ်ား။

မင်းက ဘာတွေ သဘောကျကြည်နူးနေတာလဲ။

တို့ကိုယ်တိုင်က လိုလိုလားလား ကွာရှင်းပေးထားခဲ့ တဲ့ လူတစ်ယောက်ပါကွာ။

ဝင့်အမြဲ ရနေတဲ့အဆင့် 'တစ်' ဆိုတဲ့ နေရာလေးကို

တို့ကလုယူခဲ့ဖူးတာနှင့် ဝင့်က တို့နှင့်ကွဲကွာပြီးသား ယောကျ်ားသားကို ယူတာ တခြားစီပါပဲ။

ဖြူး ကျေနပ်စွာ ပြုံးလိုက်၏။

ဝင့်၏အသံက ဖြူး နှလုံးသားကို အားဆေးသွင်းပေးလိုက်သလို ပိုမိုမာကျော အားပြည့်သွားရတော့သည်။

အထင်မကြီးပါဘူး ဝင့်ရေ ...

"သမီး"

"ဟင် ...ဘာလဲ မေမေ"

ဖြူး ဘေးနား ရောက်လာသော မေမေက ခေါ်လိုက်တာကြောင့် ရှက်လှပင်ပေါ် အကြာကြီး ရပ်တန့်နေသော အကြည့် မေမေ့ဘက် ရွေ့လာ၏။

"ဘာဖြစ်လို့လဲ သမီး"

ဘယ်လောက်ပဲ သရုပ်ဆောင်ပညာ တော်တော်မေမေ့ရှေ့မှာတော့ ဖြူး ဟန်မဆောင်နိုင်ပါ။

ဖြူးကို မွေးထုတ်ထားခဲ့သော မိခင်မို့လားမသိ။ ဖြူးရင်ထဲကို ထွင်းဖောက်ကြည့်လိုက်သလို သိနေတတ်သည်။

"ဝင့် လက်ထပ်လိုက်ပြီ မေမေ"

"ဟင် ...ဟုတ်လား၊ ဝမ်းသာစရာပဲကွယ်၊ အင်းလေ ဆရာဝန်ဖြစ်နေပြီပဲ၊ လက်ထပ်သင့်ပြီပေါ့"

မေမေက ပြုံးယောင်သမ်းသော မျက်နှာနှင့်ပြော၏။

"ရှီနဲ့ လက်ထပ်လိုက်တာ မေမေ"

"ဟော"

မျက်လုံးအပြူးသားနှင့် မေမေက ဖြူးကို ငုံ့ကြည့်သည်။



"သမီးကို ဘယ်သူပြောတာလဲ၊ ဟုတ်ရဲ့လား"

မယုံသလိုထပ်မေးသော မေမေ့ကို တယ်လီဖုန်းအောက်မှ သတင်းစာလေး ဆွဲထုတ်ပြလိုက်၏။

မေမေက လှန်လှောဖတ်ကြည့်ပြီးမှ ...

"အင်းလေ ...ကံတရားပေါ့၊ သမီး စိတ်မကောင်းဖြစ်သွားသလား"

ဖြူး ပွင့်လင်းစွာပြုံးရင်း ခေါင်းယမ်းမိသည်။

"မဖြစ်ပါဘူး မေမေ၊ ခုလဲ ဝင့်က မနက်ဖြန်ညနေညစာစားပွဲလုပ်မယ်၊ လာခဲ့တဲ့"

မေမေ့မျက်နှာက တင်းခနဲဖြစ်သွားပြီး ညှိုးရော်ကျသွားသည်။

"သမီးသွားမှာလား"

"ဟင့်အင်း ...မသွားချင်ဘူး မေမေ၊ သမီး ဘာသွားလုပ်ရမှာလဲ"

"မျက်နှာပြောင်တိုက်တယ်ဆိုတာ ခုမှကြုံဖူးတယ်"

"ရှိပါစေတော့ မေမေရာ၊ ရှီအပေါ် သမီးစိတ်ကုန်တာ ကြာပါပြီ၊ ခုလိုဖြစ်သွားတာ ကောင်းပါတယ်"

မေမေက ခေါင်းညိတ်ငြိမ်သက်ရင်း ...

"သမီး မခံစားရဘူးဆို ပြီးတာပါပဲကွယ်"

မေမေ့မျက်နှာက ပကတိ ကြည်လင်လာလျက်အေးငြိမ်းမှုလွှမ်းသွား၏။

ဝင့်ရယ် ...

အငြိုးအတေးတွေရှိလည်း ပြေပါစေတော့။

သိပ်ခင်ခဲ့ဖူးတဲ့ သူငယ်ချင်းတွေပဲ။ ဖြူးဘက်က

တော့ ခွင့်လွှတ်လိုက်ပြီ။

ရှိက ဝင့်ကိုမယူလည်း တခြားတစ်ဦးကို ယူချင်ယူဦး
မှာပဲ။

နားလည်မှုများစွာနှင့် ကျေနပ်လိုက်ပေမယ့် ဖြူ
စိတ်ဓာတ်က အဆပေါင်းများစွာ ပိုပြီး ရှုတပြတ်သားလာ
တော့သည်။

ဘာကိုမှ သိပ်ဂရုမစိုက်ချင်တော့။

တရားတာ၊ မတရားတာ၊ မျှတတာ၊ မမျှတတာ
ဘာ မှမတွေးချင်။

ကိုယ့်အတွက်ပဲ ကြည့်တတ်သော အတ္တစိတ်လွှန်ကဲ
လာ၏။ ဖြူးရဲ့ နူးနူးညံ့ညံ့စိတ်ထားကလေးတွေ မရှိတော့ဘူး။

ဖြူး ဆက်နွှယ်ပတ်သက်ခဲ့ရတဲ့လူတွေ ယူသွားကြ
ပြီ။

ဖြူးမှာ သူတို့ပုံသွင်းပြုပြင်ပေးခဲ့တဲ့ မာကျောအေး
စက်ခြင်းတွေပဲ ရှိနေခဲ့ပြီ။

စိတ်မာ၊ ခေါင်းမာ၊ အသည်းမာ၊ 'မာ'ခြင်းများစွာနှင့်
ဖြူး ကြမ်းတမ်းလာရသည်။

ကိုယ့်အတွက် ကောင်းဖို့ဆို လူတစ်ဦးကို အသုံးချ
လိုက်ရလည်း ဝန်မလေး။ သူများဘဝ ဖျက်ဆီးပစ်ရမှာလည်
မတွန့်ဆုတ်တော့ဘဲ ကြောက်စရာကောင်းသော အပြုံးတစ်
'ကို တစ်ဦးတည်းရှိချိန်မှာ ပြုံးတတ်ကျင့် ရှိခဲ့ရသည်။

ချစ်စရာကောင်းလွန်းသော ...

စွဲမက်တမ်းတချင်စရာ ကောင်းလွန်းသော ...

အပြုံးလှလှကလေးတွေ၏ နောက်ကွယ်မှ ရက်စ



ကို ဘယ်သူမှ မသိစေရ။

ရက်စက်နာကျင်မှုတွေနှင့် အက်ရာပြင်းလွန်းသော
အပြုံးတစ်ခုကိုတော့ မှန်သားပြင်မှာပဲ ပြုံးကြည့်ဖူးသည်။

ရင်ထဲကခံစားချက်တွေ ဘယ်သူမှ မသိစေရပါ။

ဖြူး၏ အကောင်းတစ်ကွက်မှမပါသော ဘဝရုပ်ရှင်
ကားကိုလည်း ပရိသတ်လက်ထဲ ချမပြချင်တော့ပါ။

ဖြူးကို ဖြူစင်နူးညံ့သိမ်မွေ့ယဉ်ကျေးသော မင်းသမီး
ကလေးတစ်ဦး အဖြစ်ပဲ သိပါစေတော့။ အကယ်ဒမီ ဖြူး
ဘဝ မလှခဲ့တာလည်း ဖြူး တမင်ဖန်တီးခဲ့တာမှ မဟုတ်ဘဲ
ကွယ်။

## အခန်း (၁၇)

"ဟသ်ာ"

"ဘာလဲ ဇော်"

ဟသ်ာက တီဗွီဆီမှာ အကြည့်ရပ်တန့်လျက် ဇော့်ကို ပြန်ထူးသည်။

"ငါ မေးစရာရှိလို့ကွ"

"မေးပေါ့"

"ဟာ …မင်းက ငါ့စကားကို စိတ်မပါသလိုကြီး"

"ပါတာပေါ့၊ မင်းမေးမှာလဲ ငါသိတယ်"

"သိရင် မေးစရာမလိုဘဲ ပြောကွာ"

"အဲဒီအကြောင်းတွေ ငါမှမပြောချင်တာ၊ မင်းသိထားတာတွေလဲ အမှန်အကန်ပဲ"

"မင်း ခေါင်းညိတ်ပြလိုက်ပြီလား"

"နီး …လုံးဝငြင်းထားတယ်"

"မင်းမေမေ စိတ်ဆင်းရဲမှာပဲ"

"မတတ်နိုင်ပါဘူးကွာ"

ဟသ်ာက လည်ပင်းကို လက်နှင့် အမိပွာယ်မဲ့ ပွတ်သပ်ရင်း မျက်နှာမှာ စိတ်ရှုပ်ထွေးဟန်က အထင်းသား ပေါ်လွင်နေ၏။



"မင်း တွေ့ဖူးလား"

ဇော့်အမေးကို ဟသ်ာ ခေါင်းယမ်းသည်။

"တွေ့ဖူးအောင်ကော မလုပ်တော့ဘူးလား"

"စိတ်မပါတဲ့ကိစ္စတွေ၊ ငါ့ခေါင်းထဲ မထည့်ထားချင်ဘူး"

ဇော်က သက်ပြင်းတစ်ချက် မသိမသာ ရှိုက်၏။

"မင်းမေမေက နောက်ဆုတ်မယ်လို့ မင်းထင်သလား"

"ရှေ့တိုးမယ်လို့ပဲ ထင်တယ်"

"ဒါဆို မင်း ဘာလုပ်မလဲ"

"ခရီးထွက်ဖို့ အားလုံးစီစဉ်ထားပြီးပြီ"

"မဟုတ်သေးပါဘူး"

ဇော်က တီဗွီဇာတ်လမ်းထက် ဟသ်ာကိုပဲ ပိုမိုအာရုံရောက်နေသည်။

ဇာတ်လမ်းထဲမှ မင်းသား သည်းထိတ်ရင်ဖို လှုပ်ရှားနေမှုသည် ဟသ်ာ၏ အေးစက်စက် စကားများလောက် စိတ်ဝင်စားဖွယ် မကောင်း။

"ဇော် …မင်းလိုက်မလား"

"တော်ကြာ ငါ့ပါ အလိုတူအလိုပါဆိုပြီး မင်းမား သားကြီး မုန်းသွားဦးမယ်"

"ငါ မေမေ့ကို အပြတ်သားဆုံးပြောထားပြီးသား၊ ဆက်ပြီး ရှေ့တိုးလာရင်တော့ ငါလစ်မှာပဲ"

ဟသ်ာမျက်နှာက တင်းမာလွန်းနေ၏။

ငယ်ရွယ်သူမို့ နုပျိုလန်းဆန်းခြင်းတွေနှင့် ဟသ်ာက

ချောချင်တိုင်း ချောနေသည်။

"ငါ တစ်ခုမေးရဦးမယ်"

"မင်းကလဲ ရှည်ပြန်ပြီ၊ တစ်ခု တစ်ခုနဲ့ ဘယ်နှစ်ခု ရှိနေပြီလဲ၊ ခေါင်းရှုပ်ရတဲ့အထဲ မင်းက ပြဿနာရှာနေပြီ"

ဟသ်ာ၏ မျက်နှာ ပိုပြီး သုန်မှုန်ခက်ထန်လာသည်။

"ဒီတစ်ခုတည်းပါကွာ၊ ငါ သိချင်လို့၊ မင်းသေချာ စဉ်းစားဖြေ"

"ဘာလဲ . . မေး"

"အဲဒီကောင်မလေးမှာ ဘာအပြစ်ရှိလို့လဲ"

ဇော်စကားကြောင့် ဟသ်ာ ငြိမ်သက်သွား၏။

စိတ်ရှုပ်ထွေးမှုကို သည်းမခံနိုင်တော့ပုံဖြင့် တီဗွီကို ပိတ်ပစ်လိုက်ပြီး ခြံထဲဆင်းသွား၏။

ဇော်လည်း ဟသ်ာနောက်မှ ကပ်လိုက်လာခဲ့သည်။

ခြံဝင်းအတွင်း ချထားသော ခုံပုကလေးတွေမှာ ကိုယ်စီထိုင်မိကြတော့ ဟသ်ာ့မျက်နှာပြင်မှာ တင်းမာမှုတွေ လျော့ပါးစပြုနေပြီမို့ ဇော် အားတက်သွားရသည်။

သည်ကိစ္စ စဉ်းရုံးကြည့်ဖို့ပဲ တစ်နေ့လုံး ကုန်ချင် ကုန်ပါစေဆိုပြီး ရောက်လာခဲ့တာ။

"ဟသ်ာ"

"ဟင်"

"ဖြေတော့လေ"

"ဖြေစရာမှမလိုဘဲ"

ဟသ်ာက ဇော့်ကိုမကြည့်ဘဲ အဝေးတစ်နေရာကို ငေးကြည့်နေ၏။



"အပြစ်မရှိဘဲနဲ့ မင်းက ဒီလိုကြီး ရှောင်ထွက်သွားမယ်ဆို သူ ကြေကွဲမှာပေါ့၊ မင်းကိုလဲ မုန်းသွားလိမ့်မယ်"

"မုန်းပေါ့၊ ဂရုမစိုက်ပါဘူးကွာ၊ ငါဖြင့် သူ့ကို မြင်ဖူးတာတောင် မဟုတ်ဘူး"

"တစ်ခါလောက်တော့ သွားကြည့်သင့်တယ်၊ လက်ခံတာမခံတာ တခြားပေါ့"

"မင်းက စည်းရုံးရေးဆင်းနေတာကိုး"

ဇော့်ကိုကြည့်ပြီး ဟသ်ာက ရယ်မောသည်။

"ငါ့ကို ဘာလို့ အဲဒီဟာလေးနဲ့ မင်းက သဘောတူနေရတာလဲ၊ မေမေက မင်းကို မှာထားလို့လား၊ ငါ့ကို နားချ တိုက်တွန်းဖို့၊ ဒါမှမဟုတ် ခရီးထွက်ရင် အလုပ်ဖျက်ပြီး လိုက်ခဲ့ရမှာစိုးလို့လား"

"နှစ်ခုစလုံး မှားတယ်"

"ဟင်"

ဟသ်ာက ဇော့်ကို အံ့ဩသလို ကြည့်၏။

"ဒါဖြင့် ဘာလို့ ငါ့ကို တိုက်တွန်းနေရတာလဲ"

"ငါ မတိုက်တွန်းမိပါလား"

ဇော့်မျက်နှာက ပြုံးစိစိ။

"အဲဒီကောင်မလေးကို လက်ထပ်လိုက်ပါကွာလို့ ငါ တစ်ခွန်း ပြောသေးလို့လား"

"တိုက်ရိုက်မပြောပေမယ့် . . ."

"နေပါဦး၊ သွယ်ဝိုက်ပြီးပြောနေတယ်လို့ မင်း ယူဆထားပြီလား"

"မဟုတ်လို့လား"

"မဟုတ်ဘူး"

ဇော်က ငြင်းသည်။

"လက်ခံတာ မခံတာ၊ ခေါင်းညိတ်တာ မညိတ်တာ မင်းတစ်ဦးတည်းနဲ့ဆိုင်တဲ့ ကဏ္ဍပါကွာ၊ ငါ ဝင်မပါချင်ပါဘူး"

"ဒါနဲ့များ"

ဟသ်ာက ဇော့်ကို စိတ်ပျက်စွာ ကြည့်မိ၏။

"ဒါပေမယ့် ဒီလောက်ကြီး ပစ်စလက်ခတ် မလုပ်သင့်ဘူးလို့ထင်တယ်"

"ဟင်"

"အဲဒါ မင်းကို ဝေဖန်ချင်တာ၊ တစ်ဖက်က မိန်းကလေး၊ မင်း ဒီလိုလုပ်ရင် ဟိုက အထိနာသွားမှာပေါ့၊ ပြီးတော့ မင်းမေမေက အပိုင်ပြောထားလို့သာ ကောင်မလေးက ခေါင်းညိတ်တာနေမှာပေါ့"

"တော်ပြီကွာ ... ဒီအကြောင်းတွေ ပြောမနေနဲ့တော့၊ စိတ်ရှုပ်တယ်၊ ရေမိုးချိုးပြီး ဆံပင်သွားညှပ်မယ်ကွာ၊ မြို့ထဲ ဘက်သွားတာပေါ့"

ပေါ်ပေါ်ထင်ထင် စကားစဖြတ်သွားသော သူငယ်ချင်းကို ဇော် စိတ်ပျက်မိ၏။

ဘယ်လို စကားဆက်ရမှန်းပင် မသိတော့။

သည်ကောင် ဘာလို့ ခုလောက်ခါးသီးနေမှန်း မသိပါ။

ကောင်မလေးကို မမြင်ဖူးသေးတာကြောင့်လည်း ဖြစ် နိုင်၏။



ဇော်ကတော့ ငယ်စဉ်ကတည်းက ခင်မင်လာခဲ့သော ဟသ်ာကို 'နွဲ့သာလှိုင်းဦး' ဆိုသော ယဉ်ကျေးသိမ်မွေ့လွန်းသူကလေးနှင့် အရမ်းပဲ သဘောတူသည်။

သူမ အရည်အချင်းတွေ၊ ရင့်ကျက်တည်ငြိမ်မှုတွေက မျက်လုံးအိမ်ထဲမှာ အထင်အရှား တွေ့မြင်နိုင်သည်ပဲ။

ဟသ်ာအတွက် ပါရမီဖြည့်ဖက်ကောင်းတစ်ဦး ဖြစ်နိုင်သည်ဟု ဇော် ယုံကြည်သည်။

အဲဒါတွေကြောင့်လည်း သည်ကိစ္စ ဟသ်ာကို စိတ်ဝင်တစား ရှိစေချင်တာ။

ဇော်က မကျေနပ်သလို ငြိမ်သက်နေတော့လည်း ဟသ်ာ တင်းမခံနိုင်။

"ဇော်"

"ဘာလဲကွာ"

"ဘာဖြစ်နေတာလဲ၊ မင်းပုံစံကြီးက"

ဇော် ခေါင်းခါပြဖြစ်၏။

"မင်းက တစ်မျိုး"

ဟသ်ာက ဆံပင်တွေဖွပစ်ရင်း ဇော့်ဘေးမှာ ပြန်ထိုင်သည်။

"ခက်တာပဲ၊ ကဲ ... ပြော၊ မင်းက ဘာတွေဖြစ်စေချင်သလဲ၊ ဘာတွေ ဆန္ဒရှိနေလဲ"

"တော်ပြီကွာ၊ မင်း စိတ်မပါတာကို ငါ မပြောချင်တော့ဘူး"

ဇော်က မျက်နှာညှိုးနှင့်ပြောတော့ ဟသ်ာက ...

"မင်းပဲ မိန်းမဖြစ်လိုက်ရင် ကောင်းမယ်၊ ငါ

မင်းကို ပဲ ယူတော့မယ်"

ရှုံ့မဲ့သွားသော ဇော့် မျက်နှာက ရယ်ချင်စရာ။

"မင်းက စိတ်လဲကောက်တတ်တယ်၊ အထာလဲ ကိုင်တတ်တယ်၊ စိတ်မကောင်းဖြစ်တဲ့ ပုံစံလေးလဲ လုပ်တတ်တယ်၊ မဆိုးဘူး၊ တချို့ကောင်မလေးတွေ မင်းလောက် ရမှာ မဟုတ်ဘူး၊ ဆီလား"

ဟသ်ာက ဇော့်ကိုကြည့်ပြီး ပေါ့ပါးစွာပဲ ရယ်နေ၏။

ခုနတုန်းကလို စိတ်နောက်ကျိ ရှုပ်ထွေးခြင်းတွေ ရှိနေ ပုံမရတော့ပါ။

"မင်းလိုကျွမ်းကျင်တဲ့ ကောင်မလေးတစ်ယောက် ဆိုရင်တော့ လက်ထပ်ရမှာ ပျော်စရာလေးပဲ"

ကြည်နူးမှုနှင့် ချိုသာနေသော ဟသ်ာဟန်ပန်က အဆ ပေါင်းများစွာ ပိုပြီး ကြည့်ကောင်းသွားရသည်။

နဂိုကတည်းက ခန့်ညားချောမောတာကြောင့် သည်လို ရယ်မောရွှင်ပျနေတော့ ယောကျ်ားချင်းပင် မနာလိုချင်စရာပါ။

"စိတ်ကောက်တတ်တယ်၊ အားငယ်တတ်၊ ချွဲနွဲ့တတ်၊ ရန်တွေ့တတ်၊ မထိတထိလေးပြောတတ်၊ စိတ်ထိခိုက် သလိုပြုံးတတ်၊ အဲဒီလို 'တတ်' ကလေးဆိုရင်တော့ ငါ့ဘဝ ဒီထက်အများကြီး စိုပြည်လာမှာပဲကွ၊ နော် ...ဇော်"

ဇော်က ခေါင်းညိတ်၏။

"နှံ့သာလှိုင်းဦးကတော့ အဲဒီပုံစံလေးလား"

ဇော်က ခေါင်းယမ်းပြတော့ ဟသ်ာက စိတ်ဓာတ်ကျ သွားသလို မျက်လုံးတွေ ညိုသွား၏။



ဟသ်ာမျက်လုံးတွေက တကယ်အသက်ပါသည်။ စိတ်ခံစားမှုက ချက်ချင်း မျက်ဝန်းထဲ အရိပ်ထင်လာတတ်၏။

ပြီး မျက်ရိပ်က အညိုရောင်သမ်းနေပြီး ရှဲဒိုးညိုညို ဆွဲထား သည့်နှယ်။

ဟသ်ာ မျက်လုံးအစုံကို ကောင်မလေးတွေ သတိပြု မိစွာ လိုချင်စိတ် ပြင်းပြ၏။

"မျက်ရစ်လေးက ဆွဲထားသလိုပဲ"

ဟု နှုတ်မှ ဖွင့်ဟချီးကျူးရသည်အထိပါ။

သူ လူတစ်ဦးကို ကြည့်လိုက်ပြီဆို အဲသည်လူ ချက်ချင်းပဲ သူ့ကို မှတ်မိသိရှိသွားတတ်တာလည်း အဲသည် မျက်လုံးတွေကြောင့်ဟု ဇော် ထင်သည်။

"နှံ့သာလှိုင်းဦးက ဏှခြေရတယ်၊ ရင့်ကျက်ပုံလဲ ရှိတယ်၊ ပြီးတော့ အရည်အချင်းလဲ ရှိပုံပဲကွာ"

"ဟာ ...အဲဒါတွေ ငါမလိုချင်ပါဘူး"

ဟသ်ာက ဇော့်စကားများကို မနှစ်သက်သလို ပြော၏။

"ဟ ...အဲဒါ ယောကျ်ားတိုင်း လိုချင်တဲ့ အရည် အချင်းပဲ"

"ငါတော့ မလိုချင်ပါဘူးကွာ၊ ငါက မိန်းကလေးဆို စောစောကပြောသလို ငါ့ကို အားကိုးပြီး နူးနူးညံ့ညံ့လေးရှိ နေမှ ကြိုက်ချင့်တာ"

"ကျွတ်"

"မင်းပြောတဲ့အတိုင်း ဆိုရင်တော့ ငါ အဲဒီကောင်မ လေးကို ကြိုက်လို့ရမယ် မထင်ဘူး"

"တွေ့ဖူးအောင် လုပ်ပါဦး"

"ကဲ ... ဒီလောက် မင်းဆန္ဒပြင်းနေမှတော့ သွားကြည့်မယ်၊ ခုပဲ သူ့အိမ်သွားလည်လိုက်မယ်ကွာ၊ မေမေ့ဆီက လိပ်စာတောင်းလိုက်မယ်၊ ဘယ့်နှယ်လဲ"

"အရမ်းကောင်းတာပေါ့"

ဇော်က ဝမ်းသာအားရ မတ်တတ်ရပ်၏။

"ဒါပေမယ့် တွေ့ဖူးပြီးမှ ငါကြိုက်သလို ဆုံးဖြတ်ရင် ကောင်းပါ့မလား"

"ဒါကတော့ ဘာဆိုင်လဲ"

"အစကတည်းက သွားမပတ်သက်တာပဲ ကောင်းမယ်ထင်တယ်ကွာ"

တွေဝေစွာ ပြောလာတော့ ဇော်က မကျေနပ်သလို စိုက်ကြည့်ပြီး အကြည့်လွှဲသွားလျက် ...

"မင်းသဘောပဲ"

ဟု ဘာမှမဖြစ်သလို ဆို၏။

"ငါရေချိုးမယ်၊ ပြီးရင် သွားကြရအောင်"

ဇော့်ပုံစံကြောင့် ဟံသာ ဆုံးဖြတ်ချက်က ခိုင်မာစွာ ကျသွားရတော့သည်။

"ငါ အားတော့မနာချင်ဘူး၊ အားနာတာကြောင့် လက်ခံလိုက်ရမှာမျိုးလဲ မလိုချင်ဘူး"

"အဲဒါက မင်းကဏ္ဍလို့ ပြောထားပြီးသားပဲလေ"

ရေချိုးခန်းထဲမှာ ရေစိမ်ချိုးရင်း ဟံသာ စိတ်လှုပ်ရှားနေမိသည်။

တစ်သက်လုံးက သားလိမ္မာလုပ်ခဲ့တာမို့ ခုတစ်ခါ



ငြင်းဆိုရမှာ တော်တော်ခက်သည်။ မေမေ့ကို ...

"သားမကြိုက်ဘူး၊ မယူချင်ဘူး"

ဟု ပြောရတာပင် မျက်နှာကပူ။ အားနာလှပြီ။

ဖေဖေ မေမေတို့ လုပ်ငန်းတွေ အားလုံးကို သူပဲ ဦးစီးကြိုးစားနေရတာ။

သူ့စိတ်ထဲမှာ နှစ်သက်မှုဖြစ်ပေါ်သော မိန်းကလေးလည်း ခုထိ မရှိလာသေး။

နောက်ပိုင်းရှိလာဖို့လည်း မလွယ်ကူ။

သူက အလုပ်ထဲမှာ စိတ်နှစ်ထားလျက် အားလပ်လျှင် ဝါသနာပါရာလေးတွေနှင့် အချိန်ကုန်တတ်၏။

ဘယ်ကောင်မလေးအတွက်မှလည်း သူ့အချိန်တွေ ဖဲ့မပေးခဲ့ပါ။

သူ့ကိုဇိုးလားမှုပြသော မိန်းကလေးတွေနဲ့ချည်း ဆုံတွေ့ခဲ့ရတာကြောင့်လည်း သူ ကောင်မလေးတွေကို ဂရုမစိုက်ချင်တော့တာ ဖြစ်လိမ့်မည်။

သူ့ကို အထင်တကြီး မက်မောလိုချင်သော ကောင်မလေးတွေကို သူမုန်းသည်။ အလိုလိုနေရင်း 'ချဉ်'စိတ်ပဲ ဖြစ်နေရ၏။

သူ့မှာရှိနေသော ဂုဏ်တွေကို ခေါင်းနှင့်တွက်ချက်ပြီး သူ့ဘဝထဲ ဝင်လာချင်သူတွေကို သူ ရွှတ်ချအထင်သေးမိ၏။

နှံ့သာလှိုင်ဦးဆိုသော မိန်းကလေးကတော့ ဘယ်လိုရှိမည် မသိပါ။

သူမကကော သူ့ကိုဘာလို့ လက်ခံခေါင်းညိတ်ရပါ

လိမ့်။

သူ့ကို မြင်ဖူး၊ တွေ့ဖူးထားပြီးသား။

"မိန်းကလေးဘက်မှ ခေါင်းညိတ်သည်"

ဆိုသော စကားသည် သူ့အတွက် အတော်ပဲ အခက်အခဲတွေ့စေ၏။

ဘာ့ကြောင့် မင်းလေးက တို့ကို ခေါင်းညိတ်ချင်ရတာလဲ ဟင်။

နုံ့သာလှိုင်းဦးဆိုသော မိန်းကလေးကို မြင်တွေ့ချင်စိတ်တွေ လွန်ကဲလာရ၏။

သူငယ်ချင်း ဇော်ကတော့ သူ့ကို အဲသည်ကောင်မလေးနှင့် ဇွတ်သဘောတူနေပုံရသည်။

ဘယ်လိုပုံစံလေးမို့ ဇော်က တိုက်တွန်းနေရတာပါလိမ့်။ ဟသ်ာ တွေးမရအောင် ရှိသည်။

သူကတော့ အစကတည်းက စိတ်မဝင်စားခဲ့တာကြောင့် အဲသည် မိန်းကလေးအကြောင်း ဘာမှမသိခဲ့ပါ။

သူ ရေချိုးပြီး ထွက်လာတော့ ဇော်က သူ့အခန်းထဲမှာ ခေါင်းဖြီးနေ၏။

"ဟိုတ်ကောင် …မင်းမချိုးဘူးလား"

"ပျင်းတယ်ကွာ"

"ဟာ …ချိုးလိုက်ပါ"

ဇော်က သူ့ကိုယ်သူငုံ့ကြည့်ပြီး …

"တော်တော်ညစ်ပတ်နေလို့လား"

"ရေချိုးတော့ လန်းဆန်းတာပေါ့"

ဟသ်ာပြောမှ ဇော်က ရေချိုးဖို့ ပြင်ဆင်၏။



"ဟသ်ာ"

"ဟင်"

"အဝတ်အစား သေချာရွေး"

ဇော်က ဟသ်ာကို ရယ်ကျဲကျဲနှင့် စနေ၏။

"မင်း အရမ်းပီပြင်နေဖို့ အရေးကြီးတာ"

"ရပါတယ်ကွာ၊ အဲဒါ အပေါ်ယံတွေပါ"

ဟသ်ာက ခေါင်းခါပစ်သည်။

ရှပ်အင်္ကျီအဖြူတစ်ထည်နှင့် ဝတ်နေကျ ပုဆိုးတစ်ထည်ကို ဝတ်ပြီး ဆံပင်ကိုတော့ သေချာဖြီးသည်။

မှန်ရှေ့ ရပ်နေသော သူ့မျက်နှာသွင်ပြင်က အရမ်းပဲ တည်တည်ထန်ထန်ရှိနေ၏။

ဇော်မောင်းသော ကားလေးထဲမှာ တိတ်တဆိတ်လိုက်ပါလာရင်း ဟသ်ာ တစ်မျိုးကြီး ဖြစ်နေရ၏။

မေမေ့ဆီမှ လိပ်စာတောင်းတော့ အံ့ဩသလို ကြည့်ပြီးမှ မျက်နှာဝင်းလက်စွာ ပြုံးလျက် သူ့ပခုံးလေးကို ပုတ်ရင်း

"မေမေ အရမ်းဝမ်းသာတယ်"

ဟု ဆို၏။

"နုံ့သာလေးက သားနဲ့ အသင့်တော်ဆုံးပါ"

ဟုလည်း ထပ်ဆင့်ဖြည့်ပြော၏။

"အရမ်း မိန်းမပီသတယ်၊ သား စိတ်ချမ်းသာမှာ

ပါ''

''သား လက်ခံတယ်လို့ မပြောသေးဘူးနော်''

''အင်းပါ သားရဲ့''

''သား သွားကြည့်မှာ မြင်ဖူးအောင်လို့လား''

''အင်း ...ငြင်းစရာရှိရင်တော့ အပြတ်ငြင်းမှာပဲ''

''အင်း ...သားသဘော''

မေမေကတော့ အရမ်းဝမ်းသာနေပုံရသည်။

''မေမေက ငါ စိတ်ပါသွားပြီ ထင်လားမသိဘူး၊ မင်းလုပ်တာနဲ့ ငါ မလုပ်သာမရှန်းသာ ဖြစ်တော့မှာပဲ''

ဟသ်ာက ရင်လေးသလို ပြော၏။

''မင်းက ခေါင်းမာပါတယ်ကွာ၊ မကြိုက်ရင် ရွတ်ငြင်းမယ့်ကောင်ပါ၊ မင်း နေရာတကာ အားမနာတတ်တာ ငါ သိသားပဲ''

''မင်း နားလည်ထားဖို့ အရေးကြီးတာ''

''ငါတော့ မင်းငြင်းမယ် မထင်ဘူး၊ နှံ့သာကို မင်း နှစ်သက်မှာပါ''

''အာမခံလှချည်လား''

''တန်ဖိုး နားလည်တော့ အာမခံရတာပေါ့''

''နေပါဦး၊ မင်းက အဲဒီတစ်ယောက်အကြောင်း သိလှချည်လား''

''ငါက မင်းနဲ့ ပတ်သက်တာဆို စိတ်ဝင်တစား လေ့လာတတ်တာကိုး''

''မင်း ရိုးရဲ့လား''

''အဟား ...ခုကတည်းက သဝန်တိုချင်ပြီလား



ကွ''

''ခုရှုပ်မှနောင်ရှင်းလေ''

''ခုလဲ ရှင်းတယ်၊ နောင်လဲ ရှင်းတယ် အမြဲတမ်း ရှင်းပါတယ်ကွာ၊ စိတ်ချ''

''မင်းက အိမ်အားပေး တိုက်တွန်းနေတော့ ငါ တောင် သံသယဖြစ်ချင်လာပြီ''

''ငါက မင်းအတွက် ပြောတာပါ၊ နှံ့သာအရည် အသွေးတွေကိုသိလို့ မင်းနဲ့သဘောတူတာ''

ဟသ်ာ အကြာကြီး ငြိမ်သက်စဉ်းစားနေ၏။

''ဟသ်ာ''

''ဟင်''

''ဟိုရှေ့ကတိုက်ပဲ''

''ဩော် ...ဟုတ်လား၊ သူတို့က ချမ်းသာတယ်လား''

''မင်းတို့လောက်ပဲ''

''ငါတို့လောက် ချမ်းသာတယ်၊ ဟုတ်လား''

ဟသ်ာ မယုံသလို မေးတာကို ဇော်က ခေါင်းညိတ်၏။

ဇော့်နှုတ်မှ ...

''မင်းတို့လောက်ပဲ''

ဆိုတာ သည်တစ်ကြိမ်သာ ကြားဖူးသေးသည်။

''မင်းတို့လောက် မရှိပါဘူး''

ဟုသာ အမြဲပြောတတ်ခဲ့တာ။

''အဲဒီကောင်မလေးက မာနမကြီးဘူးလား''

"ကြီးတာပေါ့၊ တော်ရုံလူ လှည့်တောင်မကြည့်ဘူး"

"ငါ့ကို ဘာလို့လက်ခံတာလဲ"

"အဲဒါတော့ သူ့အကြောင်းနဲ့ သူပေါ့၊ ငါလဲ မေး မကြည့်မိဘူး"

"မင်းနဲ့ စကားပြောဖူးလား"

"တစ်ခါပဲ ပြောဖူးတယ်၊ လမ်းမှာဆုံလို့ နှုတ်ဆက် တာပါ"

"ခုကော ရှိပါ့မလား"

"မသိနိုင်ဘူးလေကွာ"

"တစ်ခါက နှစ်ခါသွားကြည့်ဖို့တော့ မစဉ်းစားဘူး"

"ကန့်သတ်ချက်နဲ့ပေါ့"

"အင်း"

"ဒါဆို မတွေ့မချင်း ထိုင်စောင့်ရုံပဲရှိတယ်"

"ဟာကွာ ...အဓိပ္ပာယ်မရှိတာ"

ဟသ်ာ စကားကြောင့် ဇော်က အော်ရယ်သည်။

"ကိုဟသ်ာရယ်၊ ခင်ဗျားကို ဟိုဘက်က ဒီလောက် အထိ အလိုရှိနေတာ ကောင်းကောင်းမွန်မွန် ဧည့်မခံဘဲ နေ လား၊ သူတို့ သမက်လောင်းကို ပျာနေအောင် ဂရုစိုက်မှာပဲ ဟိုကောင်မလေးကကော မင်းကို မြင်ဖူးချင်မှာပဲ၊ မင်းအစား ငါ ရင်ခုန်နေပြီ"

နောက်ရွတ်ရွတ်စကားကြောင့် ဟသ်ာ မျက်နှာ ပြုံးကျသွားရသည်။

"မင်း ဘယ်လိုမှ မနေဘူးလား"



"နေတာပေါ့၊ တစ်မျိုးတော့ တစ်မျိုးပဲ၊ ငါ့လောက် လဲ ချမ်းသာတယ်ဆိုတော့ ငါ့ကို လက်ခံတာ ဘာလို့လဲလို့ သိချင်စိတ်ပြင်းလာတယ်"

"မင်းကို မြင်ဖူးပုံလဲ မရပါဘူး"

"အဲဒါ စဉ်းစားစရာပဲ"

"ချစ်တော့ ချစ်စရာလေး"

"အရမ်းချောလား"

"သိပ်တော့မချောဘူး၊ တွေ့ရတော့မှာပဲကွ"

ဟသ်ာကတော့ ဘာရယ်ညာရယ်မဟုတ်။ စိတ်ဝင် စားစရာ အထူးအဆန်းလေး ဖြစ်နေရ၏။

"ငါ တစ်ယောက်ကိုမှ မသိဘူး"

"ကိစ္စမရှိဘူး၊ သူတို့ မင်းကို သိကြမှာပါ"

"မိသားစု ဘယ်နှစ်ယောက်လဲ"

"အဲဒါတော့ ငါလဲမသိဘူး"

"မင်းက အားမကိုးရဘူး"

"ဒီလောက် ဖြူနီးစားကြီး မင်း စိတ်ပါလာမယ်လို့ ငါမှမထင်ထားတာ"

"စိတ်ပါလာတာမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် အိမ်ရှေ့ရောက်နေပြီလေ"

ဟသ်ာက ခြံပြင်ဘက်မှ လှမ်းတွေ့ရသော တိုက် ပြာပြာကြီးဆီ လှမ်းကြည့်မိ၏။

"လူတွေရှိရဲ့လား"

"မသိဘူးကွ၊ မိသားစု နည်းလို့များလား"

ဇော်ကလည်း ဇွေဝဲအကဲခတ်ရင်း ပြော၏။

"ကားပွန်းတီးလိုက်မယ်"

"တီးလေ၊ မသိတဲ့လူဆို ဖွင့်ပေးပါ့မလား"

"အကျိုးအကြောင်းပြောရင် ရပါတယ်"

ဇော်က ပွန်းတစ်ချက်တီးပြီး ခဏစောင့်ကြည့်ပေမယ့် အကျိုးမထူးတာကြောင့် သုံးလေးချက် ဆင့်တီးသည်။

အသက်ခပ်ကြီးကြီး အမျိုးသားတစ်ဦးက တံခါးဖွင့်ပေးပြီး …

"ဘာကိစ္စလဲ"

ဟု မာမာပဲ မေး၏။

"ဟသ်ာလို့ ပြောပေးပါ"

"ခဏစောင့်"

ခြံတံခါး ပြန်ပိတ်သွားတော့ ဇော်က မကျေမနပ်နှင့် ကျန်ရစ်၏။

လူကြီးက ပျာပျာသလဲ ပြန်ရောက်လာပြီး ခြံတံခါးကို အလျှင်စလို ဆွဲဖွင့်ပေးတာကြောင့် ဟသ်ာ ပြုံးမိသည်။

ပေါ်တီကိုအောက်မှာ ကားရပ်တော့ …

"လာ …လာ၊ သားလာမယ်ဆို ကြိုပြောထားရောပေါ့၊ ခုတော့ အကြောင်းမကြား ဘာမကြားနဲ့"

ပြုံးချိုနေသော မျက်နှာပိုင်ရှင် အမျိုးသမီးကြီးကတော့ သူ့ယောက္ခမလောင်း ဖြစ်နိုင်သည်ဟု သူတွေးမိသည်။

သူ့ကိုသားဟု ခေါ်လိုက်တာကြောင့်လည်း သူ့ရင်ထဲ ရင်းနှီးမှုတစ်မျိုး ဖြစ်လာရသည်။

"လမ်းကြုံလို့ ဝင်လာတာလား"



"မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဒီကိုပဲ လာခဲ့ကြတာပါ"

ဇော်က တလေးတစား ဝင်ပြောပေးသည်။

"လာကွယ် …လာ …လာ၊ ထိုင်ကြဦး"

အမျိုးသမီးကြီး အိမ်အတွင်းဘက် ဝင်သွားတော့ ဇော်က သူ့ဘက် လှည့်ကြည့်သည်။ ပြီးတော့ ခပ်တိုးတိုး ပြော၏။

"နံ့သာအမေပဲဖြစ်မယ်ကွ"

"အင်း …ဟုတ်မယ်"

"မင်းလိုလူမျိုး တော်တော်ရှားမှာပဲ၊ ဘာကိုမှ မသိတာ"

"မသိတာ ပိုမကောင်းဘူးလား"

"ဘယ်မှာ ကောင်းလို့လဲ၊ အူတူတူနိုင်လွန်းတယ်"

"အခုတောင် မင်းဆန္ဒနဲ့ လိုက်လာရတာ၊ မင်းသိပါတယ်"

ဇော်က မျက်လုံးပြူးကြည့်၏။

"သားတို့ ကော်ဖီသောက်"

အမျိုးသမီးကြီးက ကော်ဖီချပေးရင်း ဟသ်ာ မေမေကို မေးနေ၏။

"မေမေ မပါဘူး အန်တီ၊ ကျွန်တော် ဒီကိုလာမှာတော့သိပါတယ်"

"ဩော် …အေး …အေး၊ သမီးလေးဖေဖေကတော့ အပြင်ကို ခုပဲထွက်သွားတယ်၊ သမီးလေးက ဈေးဘက်သွားတယ်၊ ပြန်လာမှာပါ၊ ရောက်တုန်းရောက်ခိုက် သမီးလေးနဲ့

လဲ တွေ့သွားပေါ့"

"ဟုတ်ကဲ့"

အဆင့်အတန်းမြင့်စွာ ပြင်ဆင်ထားသော ဧည့်ခန်းကို ကြည့်ရင်း ဟာသ်ာ ခေါင်းညိတ်မိသည်။

"ရပါတယ်အန်တီ၊ ကိစ္စရှိတာ ဆောင်ရွက်ပါ၊ ကျွန်တော်တို့ အေးအေးဆေးဆေး စောင့်ပါ့မယ်"

ဇော့်စကားကို သဘောကျသလို ပြုံးရင်း ဧည့်ခန်းထဲမှ ထွက်သွား၏။

ဇော်နှင့် ဟာသ်ာ စကားပြောရင်း စောင့်သည်။

နောက်တော့ ပျင်းလာသည်မို့ စားပွဲပေါ်တွင် ရှိနေသော ဓာတ်ပုံအယ်လ်ဘမ်ကို ယူကြည့်သည်။

"ဘယ်ဟာလေးလဲ မင်းပြောတာ၊ ငါ့ကို ပြစမ်းပါဦး"

အယ်လ်ဘမ်တစ်ခုလုံးမှာ နှံ့သာလှိုင်းဦး ဓာတ်ပုံက တစ်ပုံမှမပါ။

"ဒါ ဟိုတုန်းက ပုံတွေထင်တယ်၊ နှံ့သာ ပုံတစ်ခုမှမပါဘူး"

ဇော်က လက်လျှော့သလို ပြော၏။

ဟာသ်ာလည်း အယ်လ်လမ်ကြီးကို ပြန်ချထားလိုက်သည်။

ပြီးတော့ ဇော်နှင့် ဟာသ်ာ ခပ်တည်တည် ခြံဝင်းထဲ ဆင်းလျှောက်၏။

နှံ့သာလှိုင်းဦးကတော့ ရောက်မလာသေးပါ။

"ပြန်ချင်ပြီကွာ၊ ငါ့မှာ အလုပ်ကိစ္စလဲရှိသေးတယ်"



ဟာသ်ာက စိတ်မရှည်နိုင်တော့သလို ပြောတော့ ဇော်က သက်ပြင်းချရင်း ...

"ခဏသည်းခံပါကွာ၊ ရောက်လာမှာပါ"

"တကူးတက စောင့်ကြည့်ရမယ့် ကိန်းမျိုးကြီး"

"မင်းကလဲ တွက်နေလိုက်တာ၊ စောင့်ကြည့်ရတော့ ကော မင်းမှာ ဘာလျော့သွားသလဲ"

ဟာသ်ာက ဘာမှပြန်မပြော။

"ဒီလောက် မာနမတက်စမ်းပါနဲ့ကွာ၊ သူက တမင်မလာတာဆို တစ်မျိုးပေါ့၊ ခုဟာက သူမှမသိတာ၊ မင်းလာမယ်မှန်းသာသိရင် သွားချင်မှသွားမှာ သိလား"

ဇော့်စကားကြောင့် နည်းနည်း နေသာထိုင်သာရှိသွား၏။ ရင်ထဲမှာလည်း အနှာရှိန် လျော့စပြုသည်။

"သားတို့ရေ"

နှံ့သာမိခင်က သူတို့ရှိရာ ခြံဝင်းထဲအထိ ဆင်းလိုက်လာပြီး ...

"သမီးလေးက သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ရုံ ရောက်နေပြီတဲ့၊ စိတ်ပူမှာစိုးလို့ ဖုန်းဆက်တာတဲ့လေ"

ဟာသ်ာမျက်နှာ မသိမသာ ပျက်ယွင်းသွားရသည်။

"အန်တီကတော့ အိမ်မှာ ဧည့်သည်ရောက်နေတယ် ပြောလိုက်ပါတယ်၊ ရုပ်ရှင်ပြီးမှ ပြန်လာမယ်ထင်ပါရဲ့"

"ရပါတယ် အန်တီ၊ ကိစ္စမရှိပါဘူး"

ဟာသ်ာက စိတ်ခံစားမှုကို ဖုံးကွယ်လျက် ရယ်ရယ်မောမောပြောလိုက်၏။

"ဒါဆို ကျွန်တော်တို့ ပြန်ပါဦးမယ် အန်တီ"

"အေးကွယ် ... လာကြဦးပေါ့"

ဟသ်ာက ခေါင်းညိတ်သည်။

လမ်းရောက်တော့မှ ဟသ်ာ မျက်နှာက အေးစက်မာကျောလျက် မျက်လုံးတွေက မာနရောင် လက်ဖြာနေတော့သည်။

"အဓိပ္ပာယ် လုံးဝမရှိဘူး"

စောစောကနှင့် ဆက်စပ်လို့ မရအောင်ကို ပြောင်းလဲသွားသည့် ပုံသဏ္ဍာန်ပါ။

သည်ကောင်တော်တယ်လို့ နာမည်ကြီးတာ ဒါတွေကြောင့်ထင်ပါရဲ့၊ လူမှုရေး ရေလည်ညတ်ညောင်းသည်။

ပျက်သွားသော မျက်နှာထားကို ချက်ချင်းပြင်နိုင်သလို အဖုအထစ် မရှိအောင်လည်း ပြေလည်ချောမွေ့စွာ ဆက်ဆံနိုင်၏။

သူ့ရင်ထဲ ဘာတွေဖြစ်နေပြီဆိုတာ တစ်ဖက်လူ လုံးဝ မသိစေရပါ။

"ရုပ်ရှင်ရုံရှေ့ရောက်နေပြီးမှ အိမ်မှာ မင်းရောက်နေပြီဆိုပြီး ပြန်ပြေးလာရမလား၊ မင်းဆိုရင်ကော အဲဒီလို လုပ်နိုင်မှာလား၊ ကြိုတင်ချိန်းထားပြီးပျက်တာဆို တစ်မျိုး၊ သူ့အနေအထားလဲ နားလည်ပေးရမှာပေါ့"

"ဇော်ရာ ... ငါသိပါပြီ၊ မင်းကို သူငှားထားတာ မဟုတ်လား"

ဟသ်ာက ဇော့်ကို နံ့သာလှိုင်းဦးရှေ့နေဟု တည့်တည့်ပြောချ၏။

"အင်းလေ ... မင်းကတော့ မာနခပ်မြင့်မြင့်ဆိုတော့



အမှန်ကို ဘယ်တွေးနိုင်မလဲ"

ဟသ်ာက ကျောင်းသားဘဝကတည်းက မာနကြီးတာ။ ခုလည်း ဘယ်သူ့ကိုမှ အောက်ကျနောက်ကျ မျက်နှာချ မဆက်ဆံတတ်ပါ။

ဘဝမှာ သည်နေ့ကတော့ အမှတ်ထင်ထင်ရှိနေမှာ မလွဲမသွေ။

မိန်းကလေးတစ်ယောက်ကို နေ့တစ်ဝက်မက အချိန်ပေးပြီး ထိုင်စောင့်ရလိုက်သည့်အဖြစ်။

မမြင်ဖူးခင်ကတည်းက မာနနှစ်ခု ထိပ်တိုက်တွေ့သွားသလိုပါ။

နံ့သာလှိုင်းဦးဆိုသော မိန်းကလေးသည် သူ့လို ခေါင်းမာမာ တစ်ဇွတ်ထိုးပဲနေမှာဟု တွေးမိ၏။

## အခန်း (၁၈)

မေမေကတော့ ဟိုတုန်းကထက် ပိုမိုခါးသီးသွားပုံရသော ဟသ်ာကိုကြည့်ရင်း စိတ်မသက်သာ ရှိနေပုံပါ။

"ဇော် …မင်း တစ်ခွန်းမှ မတိုက်တွန်းနဲ့တော့၊ တော်ပြီ ငါ လုံးဝစိတ်မဝင်စားတော့ဘူး၊ ခရီးထွက်တာပဲ ကောင်းတယ်"

ဆိုတော့ ဇော်က ငေးငေးငိုင်ငိုင်နှင့် သူ့ကိုကြည့်နေပြန်သည်။

သူကတော့ နှံ့သာလှိုင်းဦးဆိုတာလေးကို စိတ်ကုန်သွားရပါပြီ။

သူနှင့်မပြေလည်နိုင်သော မိန်းကလေးဟု သတ်မှတ်ယူဆထားလိုက်ပြီ။

ဘယ်လိုပုံစံလေးဟု သိချင်စိတ် စူးစမ်းစိတ်ကလေးလည်း လွင့်စဉ်သွားရပြီ။

ပြတ်သွားသော သူ့စကားကြောင့် ဇော်လည်း မတိုက်တွန်းဝံ့တော့။ အဲသည်အကြောင်း စကားစတာနှင့် သူ စိတ်ပြောပစ်သည်။

သူနှင့် နှံ့သာလှိုင်းဦး ဘယ်လိုမှ မဆုံစည်းနိုင်ဟုလည်း ထင်မိသည်။



တစ်နေ့တော့ မမျှော်လင့်ဘဲ အဲသည်ကောင်မလေးနှင့် တွေ့ရသည်။ အဲသည်နေ့က တနင်္ဂနွေနေ့။ မှတ်မှတ်ရရ မနက်ပိုင်းပါပဲ။

"ဒီနေ့ သား တစ်ရက်နားမယ်"

ဟု မေမေ့ကို ကြိုပြောထားခဲ့တာကြောင့်လည်း သူမတို့သားအမိ ရောက်လာခြင်းဖြစ်လိမ့်မည်။

အလုပ်နားပေမယ့် သူက အိမ်မှာမနေဘဲ ဇော့်ဆီသွားနေခဲ့၏။ ဇော်နှင့်အတူ သွားချင်သည့် နေရာလေးတွေလျှောက်သွားရင်း ဝယ်စရာတွေ ဝယ်မိ၏။

ဇော်တို့အိမ်မှာ နေ့လယ်စာ စားသောက်ပြီးမှ ဟသ်ာတစ်ဦးတည်း ပြန်လာခဲ့တာ။

ခြံထဲမှာ ကောင်မလေးတစ်ဦး စာအုပ်တစ်အုပ်နှင့် ထိုင်နေတာတွေ့တော့ တစ်ချက်ပဲကြည့်မိသည်။

သူတို့အိမ်ကို ကောင်မလေးတွေ လာနေကျမို့ သူ့အတွက် အထူးအဆန်းလည်းမရှိ။

အဲသည်ကောင်မလေးကို နှံ့သာလှိုင်းဦးဟုတော့ ယောင်၍မျှပင် မတွေးမိခဲ့ပါ။

မေမေက ပြောဖူးသည်။

"ရင့်ကျက်တယ်၊ တည်ငြိမ်တယ်၊ ဣန္ဒြေရတယ်၊ အရည်အချင်းရှိတယ်"

ဆိုတော့ သူ့စိတ်ထဲမှာ နှံ့သာလှိုင်းဦးပုံစံသည် အေးဆေးတည်ငြိမ်သော မိန်းမကြီးတစ်ဦးပမာ ရှိနေခဲ့သည်။

အခုတော့ သည်ကောင်မလေးက စကပ်ရှည် အနက်ဖြောင်လေးနှင့် ချိုင်းပြတ်ဆွယ်တာ အနက်ကလေးနှင့်။

ကျောလယ်မရောက်တရောက်ရှိသော ဆံပင် စင်းစင်း ပျော့ပျော့ကလေးတွေကို ပန်းနုရောင် ကလစ်လေးနှင့် စုစည်းထားသည်။

မျက်နှာပြင်မှာတော့ ဘာခြယ်သမှုမှ မရှိ။ ရှူးဖိနပ် အနက်ကလေးကို စီးထားသော သူမပုံစံက ကလေးသာသာ ပွင့်လင်းနုးညံ့သော အနေအထားမျိုးလေး။

သူ တစ်ချက်လှမ်းကြည့်တော့ စာအုပ်ကလေး ပေါင်ပေါ်တင်ပြီးထိုင်နေသော သူမက သူ့ကို တအံ့တဩ ငေးစိုက်ကြည့်နေ၏။

နံ့သာလှိုင်းဦးဟု လုံးဝမထင်ပါဘဲ။

"ချစ်စရာလေး"

ဟု တွေးမိ၏။

ကားပေါ်မှဆင်းပြီး သူမဆီ လျှောက်သွားမိတော့ သူမက မယုံနိုင်သလို နှုတ်ခမ်းဖွင့်ပြုံးလျက် မတ်တတ်ရပ်ကြိုသည်။

သူနှင့်လက်ထပ်ပေးဖို့ မေမေ ရည်ရွယ်ထားသော ကောင်မလေးဟု သူ နည်းနည်းမှ မထင်။

ရုတ်တရက် မျက်စိရှေ့မှ ကောင်မလေးကို နှစ်သက်စိတ်ဖြစ်ပေါ်၏။

"ပြန်လာပြီလား ဦးဟသ်ာ၊ သာတို့ရောက်နေတာ မနက်ကတည်းက၊ မေမေကတော့ အန်တီနဲ့စကားပြောနေလို့ ပျင်းမှာမဟုတ်ဘူး၊ သာကတော့ အရမ်းပျင်းနေပြီ"

စာအုပ်ကလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ပြောလာတော့ သူ အံ့ဩရသည်။



"ကျွန်တော့်ကိုစောင့်နေတာ"

"အင်း ..."

ကောင်မလေးက ခေါင်းကလေး ငုံ့စောင်းရင်း 'အင်း' ဟုဆို၏။

"ကိစ္စရှိလို့လား"

"ဟင့်အင်း ...သာက ဦးဟသ်ာကို မြင်ဖူးချင်လို့ပါ၊ ဟိုတလောက ဦးဟသ်ာလာတော့ သာက ရှိမနေဘူးလေ"

"ဟင် ..."

ခုမှပဲ ဟသ်ာ မျက်လုံးပြူးကျယ်လျက် အံ့ဩလွန်း၇၏။

"မင်းက နံ့သာလှိုင်းဦးလား"

ကောင်မလေးက ပြန်မဖြေဘဲ သူ့ကို စူးစိုက်ကြည့်၏။

ခဏကြာမှ ...

"ဟုတ်တယ်"

ဟု ပြတ်တောင်းတောင်းဆိုလျက် ခေါင်းငုံ့သွားသည်။

သူ အားမနာတမ်း ကြည့်နေမိသည်။

ဖော် ပြောသလို သူမမျက်လုံးလေးတွေက ရင့်ကျက်တည်ငြိမ်မှုရှိနေတာ ပုံစံလေးနှင့်ပင် မအပ်စပ်။

နှုတ်ခမ်းလေး တင်းစေ့နေပုံက အရည်အချင်းကိုပေါ် လွင်စေသည်။

မင်းလေးဟာ တကယ်ပဲ ထူးဆန်းလွန်းပါလား။

ဟသ်ာ မှတ်ချက်ချမိသည်။

ကလေးတစ်ဦးလို နူးညံ့အပြစ်ကင်းစင်လျက် မျက်လုံးတွေက တလက်လက် တောက်ပလို့နေသည်။

ဘာလို့များ ငါ့လိုလူကို လက်ထပ်ချင်ရတာလဲ။

ပြီးတော့ သူမပုံစံလေးက အရမ်းပဲ ငယ်ရွယ်လွန်းသည်။

သူမက ရုတ်တရက် ခုံကလေးမှာ ပြန်ထိုင်ချတော့မှ သူ ငေးမောနေမိတာ သတိရသည်။

သူလည်း ခုံတစ်လုံးမှာ ဝင်ထိုင်မိသည်။

"အဲဒီနေ့ သာ ရုပ်ရှင်ရုံရောက်မှ မေမေ စိတ်မှ မလား ဆိုပြီး ဖုန်းဆက်တာ၊ ညွှန့်သည်ရောက်နေတယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ပြန်လာဖို့ မဖြစ်ဘူးလေ၊ သူငယ်ချင်းတွေလဲ ပါနေတယ်၊ ဒါပေမယ့် သာ့မှာ အပြစ်မရှိဘူးလို့ သာ ထင်ပါတယ်၊ ကြိုပြောထားတာမှ မဟုတ်ဘဲ၊ ခုလဲ အကျိုးအကြောင်း ရှင်းပြတာ"

သူမက စကားကို ခဏရပ်ထားပြီးမှ …

"သာ့ကို တကူးတကလာစောင့်နေပြီး ပြန်သွားရတာ အားနာလို့ပါ၊ အပြစ်မဟုတ်ပေမဲ့လဲ သာက မလုံခြုံသလို ခံစားရလို့"

သာ ဟု ထည့်ပြောတတ်တာလေးက တကယ် စွဲမက်ဖွယ်ကောင်းနေ၏။

ပြီးတော့ ပွင့်ပွင့်လင်းလင်းပြောဆို နေထိုင်တတ်ပုံလည်းရ၏။

"ကျွန်တော့်ကိုမြင်ဖူးလား"

"ဟင့်အင်း …ခုမှမြင်ဖူးတာ"



"မမြင်ဖူးဘဲ ခေါင်းညိတ်တယ် ဟုတ်လား"

ဟသော်အမေးကို သူမက …

"အင်း"

ဟု ဖြေ၏။

"တစ်မျိုးပဲကွ"

"သာက မေမေ့ကို သိပ်ချစ်ပါတယ်၊ မေမေ့စကားကို တစ်ခုတလေမှ မငြင်းဖူးပါဘူး"

"ဩော်"

သူမက ပေါင်ပေါ် လက်ကလေးထောင်တင်၊ လက်ကလေးပေါ် မေးစေ့လေး မှေးတင်ထားရင်း မျက်လုံးလေး ထောင့်ကပ်ပြီး ကြည့်၏။

"မေမေက သာ့ကို အသက်နဲ့ရင်းပြီး မွေးခဲ့ရတာ၊ မေမေ့အစီအမံဆို ဆိုးဆိုးကောင်းကောင်း သာ လက်ခံမိမှာပဲ၊ မေမေ ရွေးချယ်ပေးတဲ့ လမ်းကြောင်းပေါ်မှာပဲ လျှောက်ချင်တယ်"

သူမ စကားလေးတွေက ပြတ်သားလွန်းလှ၏။

"မေမေကလဲ သာ့ကို မကောင်းတာဆို ဘယ်ဖြစ်စေ ချင်မှာလဲ"

သူမက သူ့ကို တစ်ချက်ကြည့်ပြီး ရယ်လိုက်၏။

"မေမေက အိမ်ထောင်ပြုစေချင်ပြီဆိုတော့ သာ အံ့ဩတယ်၊ သာ့ အသက်က ခုမှ ငယ်ငယ်လေးရှိသေးတာပဲ၊ သာ ငြင်းရင် မေမေ စိတ်ထိခိုက်မှာလားဆိုတော့ မေမေက အင်းတဲ့၊ သာ ဘာတတ်နိုင်မှာလဲ၊ မေမေ့ဆန္ဒကို ခေါင်းညိတ်ရတာပေါ့"

အနက်ရောင်ဝတ်စုံလေးနှင့် ထင်းလင်းစွာ စိုပြည် လှပနေသော မိန်းကလေးကို လိုချင်စိတ်တော့ ဟသ်ာရင်ထဲ ဖြစ် ပေါ်လာ၏။

“သာ့မှာက မောင်နှမ အရင်းအချာလဲ မရှိတော့ မမေတို့က စိတ်ပူတယ်လေ၊ ရင်မအေးနိုင်ဘူးတဲ့၊ သာက တော့ ဒါတွေ မစဉ်းစားချင်သေးပါဘူး၊ ဒါပေမယ့် တကယ့် ဖြစ်လာရင်လဲ အိမ်ရှင်မကောင်း ပီသအောင်တော့ သာ ကြိုးစားမှာပါ”

ကြည်လင်ဝင်းပနေသော မျက်နှာလေးကိုကြည့်ရင်း

“ကျွန်တော့်ကို ချစ်နိုင်လား”

မေးတော့ ရှက်ရှက်ရွံ့ရွံ့ကလေး ပုံစံနှင့် ခေါင်းငုံ့ သွား၏။

“ဦးဟသ်ာက သာ ထင်ထားတာထက် ပိုချော ပိုခန့် ပါတယ်”

“ဘာစားမလဲ”

“ဟင့်အင်း …သာ တကယ်ပြောတာပါ၊ ထင်တော့ ထင်ပါတယ်၊ မမေရွေးချယ်ပေးတဲ့လူက ဘာတစ်ခုမှ ညံ့နေ မှာမဟုတ်ဘူးလို့”

“ဟာ …ဒုက္ခပဲ၊ ကျွန်တော် အရမ်းကြိုးစားရတော့ မယ်ထင်တယ်”

သူမက နှုတ်ခမ်းလေးစူပြီး မပွင့်တပွင့်ပြုံး၏။

“သာ့ကိုကြည့်ရတာ အရမ်းငယ်သေးသလိုပဲ”

“မမေကမှ ငယ်တယ်မထင်တာ”

ဟသ်ာက ခပ်ကြာကြာ တိတ်ဆိတ်လျက် သူမကို



ကြည့်နေပြန်သည်။

“ကျွန်တော့်ကို ဦးဟသ်ာလို့ ခေါ်တာကကော”

“ဘာရယ်ကြောင့်မဟုတ်ပါဘူး၊ မကြိုက်ရင်လဲ ပြင် ခေါ်ပါ့မယ်၊ ကြိုက်နှစ်သက်တဲ့ ခေါ်ပုံလေးကို ပြောထား ပေါ့”

“အင်း …စဉ်းစားရဦးမယ်”

သူမက ဖျတ်ခနဲ မတ်တတ်ရပ်လျက် ဘာစကားမှ မဆိုဘဲ အိမ်ရှိရာဘက် လျှောက်လှမ်းသွားတော့ သူလည်း နောက်မှပါလာခဲ့ရသည်။

“မှန်မှန်ဖြေမလား”

သူမအသံလေးက စောစောကလိုမဟုတ်ဘဲ ပြတ် ပြတ်သားသား ရှိနေ၏။

“ဘာ့ကိုလဲ”

“သာ မေးစရာရှိလို့ပေါ့”

“အင်း …ဖြေမယ်”

သာက စာအုပ်ကလေးကို လက်နှစ်ဖက်ဖြင့် ပွေ့ပိုက် ထားလျက် တစ်လှမ်းချင်း လျှောက်နေသည်။

“မျက်နှာချင်းဆိုင်မေးရမှာ အားနာလို့”

“ရပါတယ်၊ မေးပါ”

“မှန်မှန်ဖြေရမယ်လို့ ပြောတယ်နော်”

“အင်းလေ”

“သာ့ကို ဘာကြောင့်ငြင်းတာလဲ”

“ဗျာ”

သူမစကားကြောင့် သူ ခြေလှမ်းတွေ တုံ့ခနဲ ရပ်၏။

သူမက ဆတ်ခနဲလှည့်ပြီး သူ့ကို အသေအချာကြည့်သည်။

“အမှန်အတိုင်းဖြေနော်”

အမိန့်ဆန်ဆန်ဆိုလာတော့ သူ မျက်နှာပူသွားရ၏။

“မျက်နှာချင်းဆိုင် ဖြေရမှာလား”

“မပြောရဲရင် နောက်ကြောင်းပြန်လှည့်လျှောက်လေ”

ဟသ်ာက သူမမျက်နှာကို စေ့စေ့ကြည့်ရင်း ...

“ခု မငြင်းတော့ဘူး”

ဟု တိုးဖွဖွဆိုမိသည်။

“မငြင်းတော့ဘူး၊ ဟုတ်လား”

“အင်း”

“ဒါဆို လက်ခံလိုက်မယ်ပေါ့”

“အင်း”

သူမက ငြိမ်ကျတိတ်ဆိတ်သွား၏။

“ဒါဆို သာ တကယ်ပဲ အိမ်ထောင်ကျတော့မှာပေါ့နော်”

တုန်တုန်လှုပ်လှုပ်လေးမေးရင်း သူမက မျက်ရည်တွေ ဝဲတက်လာ၏။

စိုစွတ်လာသော သူမ၏ မျက်ဝန်းလေးတွေကို ကြည့်ရင်း ဟသ်ာ တစ်မျိုးကြီး ဖြစ်သွားရသည်။

ကရုဏာလို့ ခေါ်မလားမသိ။

“သာက ကျွန်တော့်ကို လက်မထပ်ချင်ဘူးလား”

“သာ ဦးဟသ်ာကို မယုံရဲဘူး”

“ဟင် ...ဘာဖြစ်လို့လဲ”



“ဦးဟသ်ာက သာ့ကိုချစ်တာမှ မဟုတ်ဘဲ၊ မိဘပေးစားတာဆိုတော့ တစ်ချိန်ချိန်မနှစ်သက်တော့ရင်ကော”

“သာ့ကိုချစ်တယ်”

နှစ်ပေ၊ သုံးပေအကွာတွင် ရပ်နေသော အနက်ရောင် ဝတ်စုံလေးနှင့် ကောင်မလေးကို ဟသ်ာ လှမ်းယူပွေ့ဖက်မိသည်။

သူ့ခြေလှမ်းတွေ ဘယ်လိုလုပ် သူမနား ရောက်သွားသည်မသိ။ သူမက သူ့ရင်ခွင်ထဲ ခေါင်းတိုးဝှိုက်သည်။ ပြီးတော့ သူ့ကို မယုံမရဲ မော့ကြည့်၏။

“ကျွန်တော့်ကိုယုံပါ သာရယ်၊ သာ့ကို ကျွန်တော် တကယ်ပဲ ချစ်သွားရပြီ၊ သာက အရမ်းဖြူစင်ရိုးသားတယ်၊ သာ့မျက်လုံးလေးတွေက အရွယ်လေးနဲ့မလိုက်အောင် ရင့်ကျက်တည်ငြိမ်တယ်၊ သာ့လို မိန်းကလေးကို ကျွန်တော် ဘယ်ငြင်းရက်မှာလဲ”

သူမက သူ့ရင်ခွင်ထဲမှ ရုန်းထွက်လျက် ခေါင်းလေး တစ်အားငုံ့ချလျက် ရပ်နေသည်။

“သာ”

“ဟင့်အင်း”

ပခုံးပေါ် တင်လာသော လက်ကလေးတွေကို ဖယ်ချပစ်လျက် သူ့ရှေ့မှ ပြေးထွက်သွားသည်။

အဲသည်တစ်ကြိမ်သာ နံ့သာလှိုင်းဦးကို သူ တွေ့ခွင့်ရခဲ့တာ။ နောက်ရက်တွေ သာ့ဆီ သွားသော်လည်း သာက လုံးဝထွက်မတွေ့ပါ။ သူ့ကိုမတွေ့အောင် ရှောင်ပုန်းနေတာလေးကို အသည်းယားလှ၏။

ဇော်ကတော့ သူ့အဖြစ်ကို ဟားတိုက်နေပြီ။

"အစကတော့ မင်းပဲ မကြိုက်ဘူး၊ မချစ်ဘူးဆို တစ်ခါပဲ ရှိသေးတယ်၊ နှစ်ခါလောက်များ တွေ့ရင် မင်း ဘယ်လိုနေမလဲ"

ဇော် လှောင်တော့လည်း ဟင်္သာ ခံရခက်သည်။

နံ့သာလှိုင်ဦးကတော့ တကယ်ပဲ မာကျောပြတ်သားခဲ့၏။

လက်ထပ်ရက်မတိုင်ခင် လုံးဝ တွေ့ခွင့်မပေးခဲ့တော့ပါ။

ရုံးမှာလက်မှတ်ထိုးသည့် မနက်ပိုင်းမှပဲ နံ့သာလှိုင်ဦးကို မြင်တွေ့ခွင့်ရသည်။

ဒုတိယအကြိမ် မြင်ရတာတော့ အဖြူရောင်ဝတ်စုံလေးနှင့်။ ဖိနပ်ကလေးကလည်း ဖြူဆွတ်ဆွတ်လေး။

သူ့ကို လုံးဝမကြည့်ဘဲ ခေါင်းငုံ့လျက် လက်မှတ်ထိုးတော့ သူ ရင်ခုန်နေခဲ့မိတာ ငြင်းမရပါ။

မိခင်လက်မောင်းကို တင်းတင်းဆုပ်ကိုင်ထားရင်း မျက်နှာငယ်လေးနှင့် ရှိနေသော ဇနီးကလေးကို နောက်မှ ကြည့်ရင်း သူ ကျေနပ်နေမိသည်။

ညနေပိုင်း သူ့အိမ်လိုက်ခဲ့ဖို့ခေါ်တော့ ခေါင်းခါငြင်းဆန်၏။ လူကြီးတွေ ဝိုင်းပြောပေးပေမယ့် သူမကတော့ ပေကတ်နေခဲ့သည်။

"နောက်နေ့မှလိုက်သွားမယ် မေမေ"

ဟု ပြောတော့ သူ ရယ်ချင်မိသည်။

"မဟုတ်တာ သမီးရယ်"



ဟု သူမမိခင်က တစ်နာရီနီးပါး စိတ်ရှည်လက်ရှည် တိုက်တွန်းရသည်။

နံ့သာလေးဟာ သူထင်ထားတာထက် ပိုပြီး သန့်စင် နူးညံ့လွန်းပါလားဟု ဟင်္သာ တွေးမိတော့သည်။

## အခန်း (၁၉)

လူကြီးသူမလေးလို အိမ်ထောင်မှုတွေ နိုင်နင်းတာ မြင်ရတော့ သူ စာအံ့တသြ ငေးကြည့်ယူရသည်။

သူ့အပေါ် ကလေးတစ်ဦးလို ခိုကပ်ချွဲနွဲ့နေချိန်ကျပြန် တော့လည်း တကယ့်ကို ချစ်စရာလေး။

ပက်လက်အိပ်နေသော သူ့ရင်ဘတ်ပေါ် ခေါင်းလေး မှီချရင်း အလိုမကျတာလေးတွေ ဖွင့်ဟပြောတတ်ကျင့်လည်း ရှိသည်။

တစ်ခါတစ်ရံကျတော့လည်း စီးပွားရေးလုပ်ငန်းတွေ ထဲ ဝင်ပါလာကာ အကြံပေးနေတတ်ပြန်၏။ အဲသည်လိုအခါ မျိုးမှာတော့ သူ ဂုဏ်ယူစိတ်နှင့် ဝမ်းသာမိလျက် နောက်ပိုင်း မှာ အခက်အခဲရှိလျှင် ဇနီးသည်ကို ဖွင့်ဟတိုင်ပင်လျက် အကြံဉာဏ်ယူတတ်ကျင့် ရှိလာခဲ့၏။

သူ့ထက်ပင် တစ်ခါတလေ အတွေးအခေါ် ကောင်း နေတတ်သူလေးမို့ သူ လေးစားရတော့သည်။

အစကတည်းက နှစ်ဖက်စလုံး ပြည့်စုံကြွယ်ဝပြီး သားမို့ ဟသ်ာနှင့် နံ့သာတို့ လက်ထက်မှာ ပိုပြီး စီးပွားတက် လာခဲ့၏။ သူတို့မိသားစုကို လူတိုင်းက အားကျလာရသည်။ တချို့ဆို မလိုတမာပင် ဖြစ်လာခဲ့၏။



နံ့သာနှင့် သူ့ အိမ်ထောင်ရေးကတော့ အဆင်တပြေ ပဲ ရှိခဲ့သည်။

မေမေ ရွေးချယ်ပေးခဲ့သော မိန်းမ၏ အရည်အချင်း တွေကို မြင်ရတိုင်း မေမေ့ကို ကျေးဇူးတင်ရသည်။

ကျန်းမာရေး မပြည့်စုံပေမယ့် နံ့သာက သူ့အတွက် သားတစ်ယောက် သမီးတစ်ယောက် မွေးဖွားပေးခဲ့သည်။

အမွှာရခဲ့တာကြောင့် သူ တစ်အားစိတ်ချမ်းသာ၏။

နံ့သာကတော့ ကလေးနှစ်ဦးနှင့် ပင်ပန်းနွမ်းနယ်ခဲ့ရ သည်။

သားနှင့် သမီးကလည်း သူ့ကိုသိပ်ချစ်သည်။

နံ့သာရယ်၊ သားရယ် သမီးရယ် သူ့ကို နွေးထွေးစွာ ရစ်နှောင်ထားလျက် သည်ကြိုးသုံးကြိုးကြားမှ သူ ရုန်းမထွက် နိုင်တာ နားလည်လာရ၏။

သားနှင့်သမီးက စာလည်းတော်သည်။ လိမ္မာမှု လည်း ရှိသည်။

သွန်သင်ဆုံးမစရာမလိုဘဲ အလိုက်တသိ တာဝန် ကျေကြတာ နံ့သာရော သူပါ ဝမ်းသာကြ၏။

မင်္ဂလာဦးညမှ စခဲ့သော "မောင်"သည် သားနှင့် သမီး အရွယ်ရောက်လာချိန်မှာ နံ့သာ မခေါ်ဖြစ်တော့။

နှစ်ဦးတည်းရှိချိန် ဆိုလျှင်တော့ မောင်ပဲ ပြောဖြစ်နေ တုန်း။ ဟသ်ာကတော့ ဘယ်သူ့ရှေ့ဖြစ်ဖြစ် မောင်ဟုပဲ နာမ် စားသုံးပြောတတ်သည်။

ပြောနေကျမို့လား၊ နားယဉ်နေလို့ပဲလား မသိ။

သူတို့ဖေဖေက မောင်ဟု ထည့်ပြောလျှင် သားနှင့်

သမီးက ရယ်မောဖို့လည်း သတိမရ။ နောက်ပြောင်ဖို့လည်း မတွေးမိဘဲ ဘာမှမဖြစ်သလို နေတတ်ပေမယ့် နံ့သာက မောင် ဟု ယောင်ယမ်းခေါ်မိလျှင်တော့ တခစ်ခစ် ဘဟား ဟားနှင့် ရယ်မောမဆုံးတော့။

အဲသည်လိုအချိန်မျိုးဆို မောင်ကလည်း ပြုံးနေတတ်မြဲ။

တစ်စတစ်စနှင့် မောင်ဆိုတာလေး ပြယ်လွင့်လျက် 'ဖေဖေ' ဟုပဲ သားနှင့်သမီး ခေါ်သလို၊ လိုက်ခေါ်ကျင့် ရခဲ့တော့သည်။

မောင်နှင့် နှစ်ဦးတည်း ရှိနေခဲ့သော အချိန်တွေသည် ခုတော့ လွမ်းမောစရာလေးလိုလို၊ နှမြောစရာလေးလိုလို။

ပထမဆုံးအကြိမ် မောင့်ရင်ခွင်ထဲ ငိုရှိုက်ခဲ့ဖူးသော နေ့ကလေးကတော့ အမြဲတမ်း သစ်ခွင်ရင်ခုန်စရာလေး ဖြစ်နေခဲ့သည်။

အဲသည်နေ့တုန်းက နံ့သာ အနက်ရောင်ဝတ်စုံလေးနှင့် ဆိုတာရော …

'သာ' 'သာ' ဟု တုန်ဆတ်ဆတ်လေး ပြောလျက် မောင့် မျက်လုံးလှလှကြီးတွေကို ရှင်ခုန်လွန်းစွာ ကြည့်ရင်း လှုပ်ခတ်နေခဲ့မိတာသည် ခုချိန်မှာတော့ ကြည်နူးစရာလေး။

မောင်ကတော့ နံ့သာ စိတ်မချမ်းမြေ့အောင် သည်နေ့အထိ ဘာတစ်ခုမှ မလုပ်ခဲ့ဖူးပါ။

မောင့်တစ်ဦးတည်းကိုသာ အားကိုးတွယ်တာစရာ အဖြစ် သဘောထားလျက် မောင့်အရိပ်အောက်မှာ ငြိမ်းအေး လွန်းစွာ နေခဲ့သည်။



"မောင် …သာ့ကို မမုန်းရဘူးနော်"

ဟု အကြိမ်များစွာ ဆိုဖြစ်လျက် အေးစက်သွားမည့် အနေအထားကို နံ့သာ စိုးရိမ်နေတတ်ခဲ့၏။

မောင်ကတော့ နံ့သာကို ရယ်ချင်စိတ်သာရှိလျက် နံ့သာ စိုးရိမ်နေတာလေးကို ဖေးမနှစ်သိမ့်တတ်၏။

တစ်ခါတုန်းကတော့ မောင့်ကို သေချာစူးစိုက်ကြည့်ရင်း …

"မောင် ဘာလို့ ဒီလောက်ချောနေရတာလဲ၊ ကောင်မလေးတွေက အိမ်မှာ မိန်းမရှိတာ သိမှာမဟုတ်ဘူး၊ တိတ်တိတ်ကလေး ကြိုက်ချင်ကြိုက်နေမှာ"

အညိုရောင်သမ်းသော မျက်လုံးတွေနှင့် ချစ်မဝ သလို ကြည့်ရင်း မောင်က နံ့သာကို တင်းကျပ်စွာ ဖက်ထွေး လျက်…

"မောင်ကတော့ သာမှသာပဲ၊ သာ့ကလေးကို ခုထိ ချစ်မဝသေးဘူး"

ဟု ဆိုသည်။

နံ့သာရင်ထဲ ငြိမ်းအေးကျသွား၏။

"တကယ်ပဲလား မောင်ရယ်၊ တစ်ချိန်ချိန် ခွဲသွားရင်"

"မဟုတ်တာ၊ မောင်က ဘယ်လိုလုပ် ခွဲသွားနိုင်မှာလဲ၊ ဟိုမှာ …ကြည့်စမ်း"

စာကြည့်စားပွဲနှစ်လုံး ယှဉ်ချရင်း အပြိုင်အဆိုင် စာကျက်နေသော သားနှင့်သမီးကို လက်ညှိုးညွှန်ပြ၏။

"မောင့်ကို သာ ချစ်ရဲ့လား"

"ဟိုတုန်းကထက်တောင် ပိုသေး"

ဟု နှံ့သာပြောတော့ မောင်က ရယ်နေ၏။

မောင်နှင့်နှံ့သာ ပထမဆုံးတွေ့ခဲ့သည့် နေ့ကလေးကို ပြန်ပြောမိလျက် ရင်ခုန်သာယာရင်း ရယ်မောမဆုံး ရှိခဲ့တာကလည်း အခါခါပါ။

"နှံ့သာနော် …မောင့်အပေါ် သစ္စာရှိ၊ တခြားကောင်လေးတွေ စိတ်မဝင်စားရဘူးနော်၊ ဈေးကို မောင်လိုက်ပို့မယ်၊ တစ်ယောက်တည်း မသွားရဘူး ကြားလား၊ မောင့်မိန်းမက ချောနေလိုက်တာ၊ မောင် စိတ်မချချင်ဘူး"

မောင် သည်လိုဆိုလျှင်တော့ နှံ့သာ ဝမ်းသာဝမ်းနည်းဖြစ်လျက် မျက်ရည်လေးတွေ လည်လာရသည်။

နှံ့သာကို မယုံကြည်မှာလည်း စိုးတယ်။

အဲသည်လို သဝန်တိုတတ်တာကိုလည်း ကျေနပ်တယ်။

အစတုန်းကတော့ မေမေတို့သဘောနှင့် လက်ထပ်ခဲ့တာပါ။ တဖြည်းဖြည်းနှင့် မောင့်အပေါ် သံယောဇဉ်တွေ တိုးသည်ထက် တိုးလာရသည်။

မောင့်ကိုပဲ နှံ့သာ တွယ်တာခဲ့ရ၏။

နှံ့သာဘဝမှာ တခြားတစ်ဦးလည်း မရှိခဲ့တာကြောင့် မောင့်ကိုပဲ ခိုင်မြဲစွာ ချစ်သည်။

မောင်နှင့်ပဲ တစ်သက်လုံး နေထိုင်သွားချင်သည်။

သားနှင့်သမီးနှင့် အတည်တကျဖြစ်နေသော ဘဝလေး ယိမ်းယိုင်သွားမှာ စိုးရိမ်မိ၏။

မောင်က သားနှင့်သမီးကို တစ်အားပဲ ဂရုစိုက်ချစ်



လွန်းတာကြောင့် အနည်းငယ် သွက်သာရာရသည်။

ကိုယ်က ခံမင်မက်မောသော အနေအထားလေးမို့ ပျက်ယွင်းသွားမှာ အမြဲပဲ ထိတ်နေတတ်ခဲ့၏။

မောင်ကတော့ တည်ငြိမ်ရင့်ကျက်စွာ ရှိနေခဲ့ပြီ။

နှံ့သာကသာ ပြန်ပူပန်နေတာ၊ မောင်ကဖြင့် မိသားစုအပေါ်သာ အာရုံထားလျက် ရှိနေပုံပါ။

ပုံမှန်လှုပ်ရှားမြဲအတိုင်း ရှိနေသော မောင်သည် နှံ့သာတို့ သားအမိအပေါ် ဘာတစ်ခုမှ မလစ်ဟင်းခဲ့။

မောင့် အသုံးအဆောင်ပစ္စည်းတွေကို စစ်ဆေးရ။

မောင့်အလုပ်ကို ဖုန်းဆက်ပြီး မသိမသာ မောင့်အကြောင်းတွေ စုံစမ်းရနှင့် နှံ့သာကတော့ ရင်မအေးနိုင်ရှာခဲ့ပေမယ့် …

နောက်ပိုင်းကျတော့လည်း မောင့်ကို ယုံကြည်မှုတွေ ရလာခဲ့ပြီး စူးစမ်းစစ်ဆေးမှုတွေ မလုပ်တော့ပါ။

မောင်က နှံ့သာ ကွယ်ရာမှာလည်း သည်အတိုင်း ရှေ့တင်မှာလည်း သည်အတိုင်း ရှိနေခဲ့၏။

သစ္စာရှိသော မောင့်ကို အယုံကြည်မဲ့မိခြင်းကို နှံ့သာ စိတ်မကောင်းနိုင်။

မောင့်ကို တိုးချစ်ရလျက် စိတ်ချလက်ချလည်း ရှိသွား၏။

သွားချင်ရာသွား လာချင်ရာလာ နှံ့သာ စိတ်မပူတော့ပါ။

မောင်က စိတ်ပူရမည့်သူမျိုးမှ မဟုတ်ခဲ့ဘဲ။

ငယ်ငယ်လေးကတည်းက မောင့်အပေါ် စိုးရိမ်ဖို့

တစ်ခုတည်း သိခဲ့သော နံ့သာ ခုတော့ မောင့်ကို စိတ်ချလက်ချထားလိုက်ပြီ။

အိမ်ထောင်သက်တမ်းလည်းကြာ၊ နံ့သာနှင့် မောင့်ကြားမှာလည်း စိတ်ချင်းဆက်သွယ်နားလည်မှုတွေ ရှိသင့်သလောက် ရှိခဲ့ပြီမို့ . . .

နံ့သာ ယုံကြည်မှု လွန်ကဲနေရတော့သည်။

သန့်ပြန့်ခန့်ထည်သော မောင့်ကို ငေးကြည့်ရင်း ဂုဏ်ယူကျေနပ်စိတ်ကလေးပဲ ရှိနေခဲ့၏။

မောင့်အခင်ဆုံးသူငယ်ချင်း ဇော်ကတော့ နံ့သာကို အစကတည်းက လေးစားရင်းနှီးပြီးသားမို့ ဘာမဆို မောင့်အကြောင်း ဖွင့်ဟပြောတတ်၏။

ဇော်က တစ်ခါတလေ နောက်ပြောင်ပြောတတ်တာလေးကိုပင် နံ့သာက တကယ်ခံစားရလျက် ညပိုင်းဆို မောင့်ဘေးနား တိတ်တိတ်ကလေးထိုင်ပြီး မျက်ရည်ကျနေတတ်သည်။

အလကား ဒီကောင်ရူးတာ၊ ဆိုတတ်ပြီး ဇော့်ကိုလည်း တားမြစ်တတ်သည်။

"ဒီလိုမစနဲ့ကွ၊ သူက မရဘူး၊ တကယ်ငိုတာ"

ဆိုတော့ ဇော်က နံ့သာကို ခပ်တွေတွေ စိုက်ကြည့်လျက် စတတ်ကျင့် ပျောက်သွားရတော့သည်။

အဲသည်လောက်တောင် မောင့်ကို ချစ်ရတာ။ မောင်ဘယ်လိုလုပ် တခြားတစ်ယောက်ကို ချစ်နိုင်ပါ့မလဲ။ မဟုတ်ဘူးလား။

"နံ့သာက ဒီလောက်ချစ်စရာကောင်းတာ၊ မောင်က ဘယ်သူ့ သွားချစ်ရဦးမှာလဲ"

ဟု ဆိုတတ်ခဲ့သော မောင်။

တကယ်လည်း အနေတည်ခဲ့သည်။

မောင်နှင့် နံ့သာ အသံတိတ်ရန်ဖြစ်ကြတာကို သားနှင့်သမီးလည်း မသိ။

နှစ်ဦးတည်းရှိချိန်မှသာ ရှုပုပ်စိတ်ကောက်ပစ်တာ။ ကလေးတွေရှေ့ဆို ပုံမှန်အတိုင်း ဆက်ဆံနေမိသည်။

ချော့မရလျှင် မောင်က စိတ်တိုပြီး မချော့ဘဲ နေပစ်တတ်သည်။ အဲသည်လိုအခါမျိုးဆိုလျှင်တော့ နံ့သာက သည်းသည်းရှိုက်ရှိုက် ငိုယိုပြီး ထုရိုက်မိခဲ့တာ။

အကြီးအကျယ် သားနှင့်သမီးသိအောင် တစ်ခါမှ ရန်ဖြစ်စကားများတာမျိုး မရှိခဲ့ဖူးပါ။

မကျေနပ်တာရှိလျှင် ဖွင့်ချဆွေးနွေး ညှိနှိုင်းယူသည်။

မောင်ကတော့ နံ့သာ ဆန္ဒဆို ဘာတစ်ခုမှ မငြင်းဆန်။

နံ့သာ လိုချင်တာဆို ရအောင်ဝယ်ပေးတတ်၏။

အသေးအဖွဲ့ အစားအသောက်ကလေးက အစ။

"ခေါက်ဆွဲကြော် စားချင်တယ်"

ဟု အမှတ်တမဲ့ပြောပြီး ကိုယ်တိုင်ပင် မေ့ချင်မေ့သွားမည်။ မောင်က မေ့မပစ်တတ်ဘဲ ဝယ်ကျွေးတတ်၏။

တကယ် ဝတ္တရားကျေလွန်းသော မောင်။

တစ်ခါတစ်ရံ မလွဲသာ၊ မရှောင်သာ မောင် ခရီးထွက်ရလျှင် နံ့သာ ငိုရှိုက်ကျန်ရစ်တတ်၏။

သားနှင့်သမီးက ဘာမှမဖြစ်ဘဲ နံ့သာကသာ မဖြေ

နိုင်မဆည်နိုင်။

မောင်ပြန်ရောက်လာလျှင် ကလေးတစ်ဦးလို နံ့သာ ပျော်နေတတ်ခဲ့သည်။

မောင်ရယ် ...

အသက်အရွယ်အရ၊ အနေအထားအရ၊ အခြေအနေ အရပ်ရပ်ကြောင့်သာ လူကြီးမကြီးတစ်ဦးလို ဟန်ဆောင် မျိုသိပ်နေခဲ့ရတာ။

မောင် ခရီးထွက်ရာမှ ပြန်ရောက်သည့် နေ့မျိုးဆို နံ့သာရင်ထဲ ဆယ်ကျော်သက်တုန်းကလို နွေးခန့်၊ အေးခန့် လှုပ်လှုပ်ခတ်ခတ်ရှိနေတုန်း။

မောင့်ကို ဖက်လဲတကင်း။ ကြိုဆိုနှုတ်ဆက်နေ သော သားနှင့် သမီးကို ခပ်လှမ်းလှမ်းမှာ ငေးကြည့်ရင်း ငြိမ်သက်နေခဲ့ပေမယ့် ...

ရင်ထဲမှာကျတော့ မောင့်ရင်ခွင်ထဲ ပြေးဝင်၊ အားပါး တရငိုရှိုက်ရင်း အော်ရယ်ပစ်ချင်သည်။

မောင့်ကို ဘာလို့ သည်လောက်ချစ်မိမှန်း မသိပါ။

အားကိုးမှု၊ အထင်ကြီးတွယ်တာမှု၊ ရင်ခုန်လှုပ်ခတ် မှုနှင့် ချစ်ပြီးရင် ချစ်နေရသည့်အဖြစ်။

သားနှင့်သမီး အရှေ့မှာဆို အောင့်အည်းထိန်းချုပ်ခဲ့ရ သော ဆန္ဒတွေသည် ညပိုင်းမှာတော့ အားလုံးပွင့်ထွက်တတ် သည်။

မောင်နှင့် မလှမ်းမကမ်းမှာ ထိုင်ရင်း နှုတ်ခမ်းရှု ရင်း ...

"ကြာလိုက်တာ"



"ဖုန်းမဆက်ဘူး"

"မောင် ရိုးရဲ့လား"

ဟု အပြစ်တင်စွဲချက်တွေနှင့် စတင်ပြီး နောက်ဆုံး မှာတော့ ...

"နောက်တစ်ခါဆို နံ့သာ လိုက်ခဲ့မှာ၊ ဒါပဲ"

ဟု အမိန့်ဆန်ဆန်ပြောရင်း အဆုံးသတ်တတ်၏။

အဲသည်လို ညမျိုးဆိုရင် မောင့်ရင်ခွင်ထဲ အတင်း တိုးဝှေ့ရင်း ...

"မောင့်ကို နံ့သာ အရမ်းချစ်တယ်၊ မောင်မရှိတော့ လွမ်းလိုက်ရတာ"

ဟု ဆွေးဆွေး မြည့်မြည့် စကားတွေဆိုရင်း ...

"မောင် တခြား ဘယ်သူ့ကိုမှ မချစ်ရဘူးနော်"

ဟု စိုးရိမ်စွာ တားမြစ်ရင်း ...

တစ်နာရီကျော်၊ နှစ်နာရီနီးပါး ကြာလာမှ ပြောစရာ တွေ ကုန်သလောက်ရှိပြီး ရင်ထဲပေါ့သွားချိန်ကျမှ ကိုယ့်အဖြစ် ကိုယ် ရှက်ရွံ့ကာ ရယ်နေမိတော့သည်။

မောင် အိမ်မှာမရှိဘဲ ခရီးသွားနေချိန်ဆို သားနှင့်သမီး အပေါ် နံ့သာ စိတ်မရှည်ဘဲ အော်ငေါက်ပစ်တတ်သည်။

သားနှင့်သမီးက မောင်နှင့်တူလွန်းတာမို့ သူတို့လေး တွေမြင်လျှင် မောင့်ကို ပိုသတိတရနှင့် တမ်းတမိသည်လေ။

မောင့်ဆီမှဖုန်းကို အချိန်ပြည့် စောင့်နေတတ်လျက် ညပိုင်းဆိုလည်း ကြောက်စိတ်နှင့် အိပ်မပျော်နိုင်အောင် ရသည်။

မောင်ရှိနေမှ ပြည့်စုံသည်ဟု ခံယူထားတာကြောင့်

မောင်ရှိမနေခြင်းက ဘာနှင့်မှ နှိုင်းစာမရအောင် လစ်ဟာ
လွန်းရ၏။

မောင်ရှိလျှင် နံ့သာက ကလေး။

မောင်မရှိတော့ နံ့သာက လူကြီး၊ သားနှင့်သမီးရှေ့
မှာ မားမားမတ်မတ် ရပ်ရပြီ။

နံ့သာ အားငယ်ရတာ စိုးထိတ်ရတာတွေကိုတော့
သားနှင့်သမီး မသိစေရဘဲ ကြိတ်မှိတ်ခံစားသည်။

မောင် ပြန်ရောက်လာမှ ခံစားရတာတွေကို ဖွင့်ပြော
ပြလျက် နံ့သာ ငိုရှိုက်မိတတ်၏။

နံ့သာ သဘောထားကို သိသောမောင်က တော်ရုံ
တန်ရုံ ကိစ္စ၊ လူလွှဲလို့ရသည့်ကိစ္စဆို ကိုယ်တိုင်မသွားတော့ဘဲ
တစ်ဆင့်ခိုင်းတတ်ကျင့် ရခဲ့၏။

"မောင်မသွားပါဘူးကွာ၊ နံ့သာလေး စိတ်ဆင်းရဲမှာ
စိုးလို့"

ဟု ပြောလျှင် နံ့သာက ...

"ဟင့်အင်း ...နံ့သာနဲ့ မခွဲနိုင်လို့လို့ ပြောပါလား"

ဟု စကားပြင်တတ်၏။

မောင်နှင့်သာ ဤအိမ်ထောင်ရေးခရီးက အစစအရာ
ရာ ဖြောင့်ဖြူးသာယာလှပလို့ နေခဲ့၏။



## အခန်း (၂၀)

"ဦးဟသ်ာနဲ့ ပြောချင်လို့ပါရှင်"

ဖြူးက ချိုအေးသော အသံလေးနှင့် ပြောလိုက်ပြီး
ခေါင်းကို ဒရင်းဘက်ပေါ် မှီလှဲအိပ်လိုက်သည်။

"မရှိပါဘူး၊ အပြင်သွားပါတယ်"

ညပိုင်းမို့ အိမ်မှာရှိနေမှာဟု ဖြူး ထင်ထားခဲ့တာ။

ကိုယ့်အထင် မှားသွားသဖြင့် ဘာဆက်ပြောရမှန်းပင်
မသိတော့။

"ဘာမှာထားဦးမလဲ"

တစ်ဖက်မှ အမျိုးသမီး၏ အသံက ချိုသည်လည်း
မဟုတ်၊ မချိုဘူးလည်း မဟုတ်။ ပုံမှန်အသံနှင့် မေးလာ၏။

"ဖြူးဆီ ဖုန်းဆက်လို့ မှာပေးပါ"

"အင်း"

"ဘယ်အချိန်လောက် ပြန်ရောက်မလဲ"

"မပြောတတ်ပါဘူး"

"မိုးချုပ်နေရင်တော့ မနက်မှဆက်ခိုင်းပေါ့၊ ဖြူးလည်း
အိပ်ရာဝင်တော့မှာလေ"

တစ်ဖက်မှ အသံတိတ်သွား၏။

"ဒါပဲနော်၊ ဆက်ဆက်ပြောပေးပါ"

"စိတ်ချပါ၊ ပြောပေးပါ့မယ်"

ဖြူး ဖုန်းမချခင် ဟိုဘက်မှ အရင်ချသွား၏။

ဆံပင်လေးတွေကို သပ်တင်ရင်း ဖြူး ပြုံးမိသည်။

ဖြူးနှင့် စကားပြောဖြစ်တာ ဦးဟသ်ာဇနီးပဲ ဖြစ်လိမ့်မည်။

ထက်မြက်တယ်၊ ဇနီးကောင်း ပီသတယ်လို့ နာမည်ထွက်နေတာ ဖြူး ကြားရသည်။

ဦးဟသ်ာကလည်း ထူးဆန်းသားနော်။

အနီးအနားမှာ သည်လောက်ပါရမီဖြည့်ဖက်ကောင်းတစ်ဦးရှိနေတာ ဖြူးကို ဘာလို့ စိတ်ဝင်စားနေရတာလဲ။

အတည်တကျဖြစ်နေသည့် ဘဝလေးကို ဖျက်ဆီးပြီး သားနှင့်သမီး သံယောဇဉ်ကိုဖြတ်တောက်ကာ ဖြူးကို လက်ထပ်မယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။

သည်လို တကယ်သာ ဖြစ်ခဲ့လျှင်တော့ ဦးဟသ်ာ၏ ဖြူးအပေါ်ထားရှိသော မေတ္တာထုထည်က အံ့သြချင်စရာ။

ဖြူးကို အဲသည်လောက် မြတ်နိုးနိုင်မည့်သူမျိုး တကယ်ရှိပါ့မလား။

ဦးဟသ်ာအပေါ် နားလည်ရ ခက်လွန်းလှပါသည်။

ပြီးတော့ အံ့သြဆုံးက သည်လောက်နက်ရှိုင်းသည့် မေတ္တာမျိုး လောကမှာ ရှိသတဲ့လား။

ဟိုတွေးသည်တွေးနှင့် ဖြူး အိမ်ငိုက်စပြုလာ၏။

တဖြည်းဖြည်းနှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

အိပ်မက်ထဲမှာ ဦးဟသ်ာက ဖြူးကို ဖြူဖွေးသော



ပန်းကလေးနှစ်ပွင့် လှမ်းပေး၏။

ပန်းကလေးနှစ်ပွင့်က ဖြူးလက်ထဲ ရောက်မလာဘဲ လမ်းခုလတ်မှာ ပြုတ်ကျသွားသည်။

မြေကြီးပေါ်ကျနေသော ပန်းကလေးတွေကို နှမြောတသစွာ ကောက်ယူပြီး ရင်ခွင်ထဲ ပိုက်ထားမိတော့ ဦးဟသ်ာက ပြုံးနေ၏။

ဦးဟသ်ာ၏ အပြုံးက အေးမြသန့်စင်လွန်းလှသည်။ မွန်မြတ်ထည်ဝါလွန်းလှ၏။

ဦးဟသ်ာ၏မျက်နှာကို ငေးမောကြည့်ရှုရင်း အေးငြိမ်းခြင်းတွေ ကူးစက်ကာ ဖြူးဆီ ကြည်နူးမှုလေး ရောက်ရှိလာ၏။

"ဦးဟသ်ာရယ် ...ဦးဟသ်ာက ကျက်သရေရှိလိုက်တာ"

ဖြူးက ဝမ်းသာလှိုက်လှဲစွာပြောတော့ ဦးဟသ်ာက ပြုံးမဲ့မဲ့ပြုံးနေသည်။

"ဦးဟသ်ာနဲ့နေရမှာ ဖြူး ပျော်တယ်"

ဦးဟသ်ာက ခေါင်းညိတ်သည်။ ပြီးတော့ ဖြူး ပခုံးလေးကိုဆုပ်ကိုင်လျက် ...

"ဖြူးဆီမှာ နူးညံ့ခြင်းတွေ ရှိလာပြီနော်"

ဟု အင်အားတစ်မျိုးပါသော အသံနှင့် တိုးတိုးသက်သက်ဆိုလာသည်။

"ဟုတ်တယ် ဦးဟသ်ာရယ်၊ ဦးဟသ်ာရဲ့ မျက်ရစ်သိုညိုတွေက ဖြူးကို နူးညံ့ညင်သာ သိမ်မွေ့ပျော့ပျောင်းလာအောင် သင်ပေးလိုက်ပြီထင်ပါတယ်"

ဦးဟင်္သာ ပခုံးပေါ် ခေါင်းလေးမှီချရင်း ငြိမ်သက်နေမိခိုက်မှာပဲ အိပ်မက်က လွင့်ပြယ်သွား၏။

အိပ်ရာက နိုးလာတော့ ဖြူး ရယ်နေမိသည်။

ဦးဟင်္သာရယ် ...ဖြူး ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်အောင်တော့ လုပ်နိုင်မှာ မဟုတ်ပါဘူး။

'ချမ်းသာကြွယ်ဝခြင်း' ဆိုတာ တစ်ခုတည်းနဲ့ ဦးဟင်္သာအပေါ် ခေါင်းညိတ်ဖို့ အကြိမ်ကြိမ်စဉ်းစားမိတာ သိလျှင် ဘယ်လိုများ နေမှာပါလိမ့်။

ပိုက်ဆံဆိုတာ ကိုယ်တိုင်ရှာဖူးတော့ သိနေပြီ။

ဖြူး ဘယ်လောက် ကြိုးစားကြိုးစား ဦးဟင်္သာကို မမီနိုင်ဘူးဆိုတာ နားလည်နေပြီ။

အခြေအနေမဲ့နှင့် အခြေအနေရှိဆိုတာ ဘယ်တော့မှ မတူနိုင်ပါဘူးလေ။

ဦးဟင်္သာက ရှိနေတဲ့ တစ်ဘဝလုံးကို ထားရစ်ခဲ့ပြီး ဖြူးဆီ လာရဲသည့်ဆိုလျှင် ဖြူးကကော ဘာတွေ တုံ့ဆိုင်းတွေဝေနေရမှာလဲ။

ဖြူး ခင်ပွန်းကိုတောင် ဖြူး သိပ်ခင်ခဲ့ဖူးတဲ့ သူငယ်ချင်းက မျက်နှာပြောင်တိုက် ယူဝံ့သေးတာ။

ဖြူးက ဘာလို့ ဦးဟင်္သာကို မယူရဲရမှာလဲ။

ဒေါ်နှံ့သာဆိုတာ ဖြူးနှင့် တစ်ခါမှ သိကျွမ်းခြင်းမရှိဖူးသည့်မိန်းမ။ အားနာစရာ ငဲ့ညှာစရာ ဘာလိုမလဲကွယ်။

ဖြူးရဲ့ ရိုကိုတောင် ဝင့်က မထောက်မထား လက်ထပ်ဝံ့သေးတာ။ ကိုယ့်အပေါ်ကျတော့ ဘယ်လိုလူမျိုးက သနား စာနာတတ်ခဲ့လို့လဲ။



ဖြူးကတော့ ဘယ်သူ့အပေါ် ညှာတာနေရမှာလဲ။

ဦးဟင်္သာက ဖြူးကို နှစ်သက်မြတ်နိုးလို့ လက်ထပ်မှာပဲဟာ။

ဖြူးက ဘာအကြောင်းကြောင့် သူများဘဝတွေကို ကိုယ်ချင်းစာနားလည်ပေးစရာလိုမလဲ။

သည်ဇာတ်လမ်းကို ဖြူးက စတင်ခဲ့တာလည်း မဟုတ်။

ဦးဟင်္သာဘက်က တောင်းဆိုမှုကို ဖြူးက လက်ခံခဲ့တာပဲ ရှိချင်ရှိမှာ။

ဖြူးမှာ အပြစ်မရှိနိုင်ပါဘူး။

ဦးဟင်္သာက ကျေနပ်နိုင်မှာပဲလေ။

နံနက်ပိုင်းလင်းတော့ ဖြူး အိပ်ရာထပြီး ရှူတင်သွားဖို့ ပြင်ဆင်နေမိသည်။

ဦးဟင်္သာဆီမှ ဖုန်းအလာကို မသိမသာ စောင့်ကြည့်နေခဲ့ပေမယ့် လုံးဝမလာ။

ဒေါ်နှံ့သာကပဲ ပြန်မပြော၍လား၊ ဦးဟင်္သာကပဲ တမင်မဆက်ချင်တာလား။

ဖြူး နည်းနည်းပါးပါး တွေးကြည့်သည်။

"သမီးရေ ...ဖြူစိမ်းလေးတွေကို ရောထည့်မှာလား"

"အင်း ...ထည့်မှာပေါ့၊ မနေ့က ရွေးလာတဲ့ ထဘီအစိမ်းလေးတွေရော အင်္ကျီအဖြူလေးတွေပါ ထည့်ယူသွားရမှာ၊ ဒီနေ့ ကျောင်းတက်ခန်းတွေ ဆက်တိုက်ရိုက်ရမှာလေ မေမေ"

"အင်း ...အင်း"

မုန့်တင်ခိုရှေ့မှာရပ်ရင်း အဝတ်အစားလဲထားသော ပုံစံကို ပြန်ကြည့်မိသည်။ မျက်နှာကိုတော့ ဘာမှလုပ်မထားပါ။ ရိုက်ကွင်းထဲကျမှ မိတ်ကပ်ဆရာက လိုအပ်သလို လုပ်ကိုင်ပေးလိမ့်မည်။

အနက်ရောင်ပေါ် အဖြူမိုးစက်ကလေးတွေပါသည့် ပြောင်ချောလက်ဖြာသော ဝမ်းဆက်ကလေးက ဖြူး၏ ဝင်းပသော အသားအရေနှင့် လိုက်ဖက်လှသည်။

ဆံပင်ကိုတော့ ဖဲပွင့်အနက်ကလေးနှင့် စုချည်ထား၏။

ဖြူး၏ နဂိုဆံပင်က သိပ်မရှည်ဘဲ ကျောလယ်ပင် မရောက်ချင်။ သည်နေ့ သရုပ်ဆောင်ရမည့် ဆယ်တန်းကျောင်းသူမလေးက ဆံပင်အရှည်ကြီးမို့ ဆံပင်တုလည်း တပ်ရဦးမည်။

သရုပ်ဆောင်ခြင်း အလုပ်အပေါ် ဝါသနာပါ၍လား မသိ။

ဘယ်လောက် ခက်ခက်ခဲခဲ ဖြူး ပင်ပန်းသည် မထင် မိ။

ပြီးတော့ ကောင်းသည်ထက်ကောင်းအောင် သရုပ်ဆောင်ချင်သည်။

ဖြူး ရုပ်ရှင်ကားတွေကို အရမ်းအားပေးမှ ဖြူးက ကျေနပ်သည်။

ပရိသတ် ကျေနပ်နိုင်လောက်အောင်လည်း ဖြူး ကြိုးစားသည်။



ဖြူး ကြိုးစားသလောက်လည်း အားပေးမှုကို ရချင်ပါ သည်။

"သမီးရေ ...ဖုန်းလာတယ်ကွယ့်"

"ဘယ်သူ့ဆီကလဲ မေမေ"

မုန့်တခါးကို ဆွဲဖွင့်ရင်း ဆံပင်တုကြီး ထုတ်ယူနေရာမှ ဖြူး ပြန်မေးမိသည်။ ပြီးတော့ ဆံတုကို ဖြန့်ကြည့်သည်။

"အဲဒီလောက်အရှည်ဆို ရပါ့မလားမသိဘူး"

မေမေက ...

"ရမှာပေါ့သမီးရဲ့"

ဟု ပြောလာ၏။

ဖြူးက အစစပြည့်စုံအောင် ကိုယ့်ကိုယ်ကို ကြိုးစားထားသည်။

ဒါရိုက်တာလည်း တာဝန်မပိုစေရ၊ မိတ်ကပ်ဆရာလည်း ဦးနှောက်မစားစေရ။

"မရရင်တော့ မတတ်နိုင်ဘူး၊ ဖြူးမှာရှိတာ ဒါ အရှည်ဆုံးပဲ"

မေမေက ခေါင်းညိတ်ရင်း ...

"ဖုန်းသွားပြောလိုက်ဦးလေ"

ဟု တိုက်တွန်း၏။

"ဦးဟာသ်လား"

ထင်မြင်ချက်ကို ချမေးတော့ မေမေက ခေါင်းညိတ် ပြသည်။

ဖြူး တယ်လီဖုန်းဘေးမှာ ဖျတ်ခနဲရောက်လာသည်။

"ဦးဟာသ်လား၊ ပြောလေ"

ချထားသော ခုံပုပုလေးတွင် ထိုင်ချလျက် ဖြူးမေးမိ၏။

"ဟုတ်တယ်"

ဦးဟသ်ာ၏အဖြေက တုံးတိတိ။

"ညက ပြန်ရောက်တော့ ဆက်ကြည့်သေးတယ်၊ ခေါ်လို့မရဘူး"

"ဖြူး အိပ်ပျော်သွားလို့နေမှာပါ"

သက်ပြင်းရှိုက်သံတစ်ချက်က ပီသစွာ ဖြူးနားထဲစီးဝင်လာ၏။

"ဖြူး"

"ရှင်"

"ညနေလာခဲ့မယ်လေ"

"ညမှလာ၊ ဖြူးက ခုနစ်နာရီလောက်မှ ပြန်ရောက်မှာ"

"ဒီနေ့ရှူတင်ရှိလား"

"အင်း"

"ဒါဆိုလဲ ညပိုင်းမှလာမယ်၊ ဖြူး စောင့်နေမှာလား"

"အင်း ...စောင့်နေမှာပေါ့"

"ညတုန်းက ဖုန်းဆက်တာ ကိစ္စရှိလို့လား ဖြူး"

"လာမှပြောမယ်"

ဖြူးက အနိုင်ပိုင်းသံလေးနှင့် ပြောတော့...

"ရပါတယ်၊ ဒါပေမယ့် ကြားချင်နေပြီ"

"သိရတော့မှာပဲဟာ"



"ဝမ်းသာစရာလား"

"ဟင် ...အဲလိုကြိုပြောထားရင် ဘယ်ကောင်းမလဲ"

"အဟား ...ရပါတယ်၊ လာမှပြောချင်ပြော"

ဦးဟသ်ာ အသံက လူငယ်လေးတစ်ဦးလို ရွှင်လန်းတက်ကြွနေ၏။

"ဟိုလေ ...ဒေါ်နုံ့သာက ဘာပြောလဲဟင်"

"ဘာမှမပြောဘူး၊ ဖြူးဆိုတာ 'ဖုန်းဆက်တယ်တဲ့၊ အဲဒါပဲပြောတယ်"

"အစစ်အဆေးမလုပ်ဘူးလား"

"မလုပ်ပါဘူး"

"တစ်မျိုးပဲနော်"

"ဘာတစ်မျိုးလဲ"

"ဖြူးဆို အဲဒီလိုမရဘူး"

"သူက ကိုယ့်ကိုယုံတယ်လေ"

"အယုံလွယ်ရင် မှားတာပဲ"

"ခုတကူညီးက လန့်နေရပါလား"

"ဟင် ...ဦးဟသ်ာကို ဖြူး ဘာပြောသေးလို့လဲ"

"ဘာမှမပြောလဲ နားလည်ပြီးသား"

"ပိုင်လှချည်လား"

ဦးဟသ်ာက ခပ်ကြာကြာတိတ်ဆိတ်သွား၏။ ပြီးမှ...

"ပိုင်တာမဟုတ်ပါဘူး ဖြူးရယ်"

ဟု ညည်းညည်းညူညူ ဆိုသည်။

“ကိုယ့်မေတ္တာထုက ဖြူးကို ထွင်းဖောက်နိုင်မှာ ကြိုသိနေတယ်၊ ‘ကိုယ့်ဘက်က သိပ်ဆန္ဒပြင်းနေတယ်လေ၊ ဖြူး ဘယ်ငြင်းနိုင်ပါ့မလဲ”

“ဦးဟာသ်ာက တကယ်ကော သစ္စာရှိလို့လားဟင်”

“ဘာကိုလဲ”

“အစစအရာရာအတွက်ပေါ့”

“ပြောပြီးသား စကားတစ်ခွန်းကို အကြောင်းမဲ့ မပြင် ဆင်တတ်ဘူး”

ပြတ်သားသော စကားကြောင့် ယုံကြည်မှုလေး ကပ်ငြိလာရသည်။

ဦးဟာသ်ာက ဖြူးကို တကယ်ပဲ အတည်တကျ လက်ထပ်မလို့တဲ့လား။ ဟုတ်လား။

ဖြူးဖြင့် အံ့သြလွန်းမက အံ့သြရလွန်းလို့ တုန်လှုပ်ခြင်းဆိုတဲ့ တစ်ဖက်ကိုတောင် ရောက်လာပြီ။ ချောက်ချားနေရပြီ။

“ဖြူးကို မယုံလို့လား”

“မသိဘူးလေ၊ ဦးဟာသ်ာက အဲဒီလောက် ဖြူးကို ချစ်နိုင်မယ်လို့ မထင်ဘူး”

“မိုက်တယ်လို့ ပြောချင်တာလား”

“အဲဒီလိုတော့ မဟုတ်ပါဘူး”

“ဖြူး နားမလည်သေးပါဘူးကွာ”

“ဘာကိုလဲ”

“မေတ္တာတရားကို”

“ဟုတ်တယ်၊ ဝန်ခံပါတယ်၊ ဖြူးက အဲဒီလောက်



နက်ရှိုင်းလိမ့်မယ် မထင်ဘူး”

“ဖြူး မသိတာတွေ တဖြည်းဖြည်းတော့ သိလာမှာပါ”

“ဦးဟာသ်ာကို ဖြူး အံ့သြနေတယ်”

“အင်း”

“ပြီးတော့လေ ဖြူးကိုယ်ဖြူး ဂုဏ်ယူချင်တယ်”

“ဘာလို့”

“ဖြူးဘဝမှာ ဖြူးအပေါ် ဒီလောက်ချစ်နိုင်မယ့်လူ ရှိမှာမဟုတ်ဘူးလို့ ယုံကြည်ထားတာ”

“အခု မှားသွားပြီလား”

“သေချာတော့ မသိသေးဘူးလေ”

“နောက်တော့ သိလာမှာပါ”

“ပြီးတော့ စိုးရိမ်တယ်၊ သိပ်တော့ မဟုတ်ဘူး၊ နည်း/ နည်းပါးပါးပါ”

“ဘာကိုလဲ”

“ဖြူးနဲ့ လက်တွဲပြီးမှ တခြားတစ်ယောက်ဆီကိုလဲ ခုလိုပဲ ...”

ဖြူး အားနာစွာနှင့် စကားစ ဖြတ်ထားမိသည်။

“အဲဒါကတော့ အချိန်ယူရမှာပေါ့၊ ဖြူး ခံစားမှုတွေ အားလုံး ကိုယ်နားလည်ထားပြီးသားပါ၊ အံ့သြမယ်၊ ဂုဏ်ယူကျေနပ်မယ်၊ ပြီးတော့ ပျော်မယ်၊ နောက်ဆုံး စိုးရိမ်ခြင်းနဲ့ ဂိတ်ဆုံးမယ်ဆိုတာ သိတယ်၊ ဒါပေမယ့် ရင်ထဲရှိတာကို ဒီလောက် ပွင့်ပွင့်လင်းလင်း ချပြောလိမ့်မယ်လို့ မထင်ဘူး”

ဦးဟာသ်ာစကားတွေက တစ်ခွန်းချင်းတစ်ခွန်း လေး

နက်ပြတ်သားစွာ ထွက်မော်နေသည်။

"ဒေါ်နှံ့သာကို အမှန်တကယ်စွန့်လွှတ်နိုင်တာ ဟုတ်ရဲ့လား"

"ဖြူးကော ရှိဆိုတဲ့လူကို အခု မေ့ထားနိုင်ပြီလား"

"သူက လက်ထပ်သွားပါပြီ"

"သိတယ်လေ၊ ကိုယ်မေးတာဖြေ၊ မဖြေချင်လဲနေ၊ ဒါပေမယ့် ကိုယ်နဲ့နှံ့သာအပေါ် ဘယ်လိုသဘောထားရှိမလဲ၊ ခံစားနေရမလဲဆိုတာ ဖြူး မေ့လျော့ထားသင့်တဲ့ အချက်တစ်ခုပဲ"

"အခု ဒေါ်နှံ့သာ မရှိဘူးလား"

"ဈေးသွားတယ်"

"ဦးဟသ်ာရယ် ...ဖြူး ဘာပြောရမှန်းတောင် မသိဘူး"

"မသိရင်လဲ စဉ်းစားထားလေ၊ ညပိုင်းတွေ့မှ ပြောပေါ့"

"အင်း ...ကောင်းပါပြီ"

ဖုန်းခွက်ကို အသာချထားရင်း ရင်ထဲ မွန်းကျပ်လှိုက်နင့်နေသည်။

တော်တော်နှင့် ခုံမှ မထနိုင်တော့ဘဲ ခေါင်းထဲရှုပ်ထွေးနောက်ကျိနေရတော့သည်။

ဦးဟသ်ာစကားတွေက ဖြူး၏ မြူးသွက်လန်းဆန်းခြင်း၊ ပေါ့ပါးကြည်လင်ခြင်း ခံစားချက်နည်းစွာ ပျော်ရွှင်နေတတ်ခြင်းတို့ကို ရိုက်ချိုးဖျက်ဆီးပစ်သည့်နှယ်။

ရုံးတင်သွားဖို့ နီးကပ်လာချိန်အထိ တွေဝေငေးမော



နေမိဆဲ။

သည်နေ့တစ်ရက် အိမ်မှာပဲ အနားယူပစ်ချင်ပြီ။

တစ်ခါမှ သည်လို ပျက်ကွက်တာမျိုး မရှိခဲ့။

မှော်လင့်ချက် မြင့်မားစွာ စောင့်နေကြမည့် ရိုက်ကွင်းကို မျက်စိထဲ မြင်ယောင်ပြန်သည်။

"မေမေ"

"ဘာလဲ သမီးလေး၊ အချိန်နီးနေပြီ"

မေမေ သတိပေးစကားဆို၏။

"သမီး ...ဒီနေ့ နားလိုက်မယ်မေမေ"

"ဟင် ...ကြိုလဲမပြောထားဘူး"

"အင်း"

"စောင့်နေကြမှာ အားနာစရာကြီး"

"ဒရိုင်ဘာလွှတ်ပြီး ပြောခိုင်းလိုက်မယ်လေ"

"သမီးလေး ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"ဟုတ်ကဲ့"

"အင်းလေ ...ဘာတတ်နိုင်မှာလဲ၊ အဲဒီလိုပဲ လွှတ်ပြောခိုင်းရတော့မှာပေါ့"

"တော်ကြာ သမီးကား ဝင်လာတာမြင်လို့ မီးသမားမှန်သမားတွေ ပျော်သွားဦးမယ်"

နေ့စားသမားတွေကတော့ တစ်ရက်မရိုက်ဖြစ်လျှင် တစ်ရက်နစ်နာသည်။

"ကဲ ...သမီး အနားယူချင်ယူလေ၊ မေမေ သွားပြောခိုင်းလိုက်မယ်"

မေမေက ဖြူး မျက်နှာကို နားမလည်နိုင်သလို

ကြည့်သည်။

ဦးဟသ်ာဆီက ဖုန်းလာပြီး ဖြူး သည်လိုငိုင်ကျ တိတ် ဆိတ်သွားတာ၊ စောစောတုန်းကတော့ အဝတ်အစားလဲ အဆင်သင့်ပြင်လို့၊ ဆံပင်တုတွေ ဘာတွေတောင် သေချာ ထည့်သိုပြီးသား။

"သေချာပြောပြလိုက်ပါ မေမေ၊ သမီး နေမ ကောင်းလို့ပါလို့"

"အင်း"

မေမေ ထွက်ခွာသွားတော့ ထိုင်နေဆဲ ခုံပုကလေးမှာ ပဲ ဆက်ထိုင်နေဖြစ်၏။

ဦးဟသ်ာရယ် ...

မတ်တတ်ရပ်လျက် ခုတင်ဘေးနားကို လျှောက်လာ ချိန်အထိ ခေါင်းထဲ ရှုပ်ထွေးနောက်ကျိနေဆဲ။

ဘယ်လိုမှ နေသာထိုင်သာ မရှိပါ။

ညဆို ဦးဟသ်ာ ရောက်လာတော့မည်။

ဖြူးက လက်ခံခေါင်းညိတ်လျှင် ဦးဟသ်ာ ပျော်ရွှင် နေတော့မည်။

ပြည့်စုံကြွယ်ဝသော ခရီးလမ်းမှာ ဦးဟသ်ာနှင့် လက်တွဲလျှောက်လှမ်းရမှာ ရင်ခုန်ချင်စရာ။

ဖြူး၏ မင်းသမီးသက်တမ်းတစ်လျှောက်မှာ ဒါမျိုး တစ်ခါမှ မကြုံဖူးခဲ့။ ခုလို ရှုတင်ကို ကြိုတင်အကြောင်း ကြားထားခြင်းမရှိဘဲ ဖျက်လိုက်တာမျိုး မရှိဖူးပါ။

လူတစ်ကိုယ်လုံး နုံးခွေမောပန်းကာ ဘာမှ လုပ်ကိုင် ချင်စိတ်မရှိ။ ခုတင်ပေါ်လှဲချရင်း ဦးဟသ်ာကို မြင်ယောင်



နေမိ၏။

ဦးဟသ်ာရယ် ...

ဖြူးကတော့ ဆုံးဖြတ်ချက်တွေ ပိုင်နိုင်နေပြီ။

ဦးဟသ်ာဘက်မှလည်း ခိုင်မာတိကျနေပုံပါ။

ဒါဆို ဦးဟသ်ာနှင့် ဖြူး တကယ်ပဲ လက်ထပ်ဖြစ် ကြတော့မည်။

ဖြူးကို သည်မျှလောက် ပြင်းပြင်းထန်ထန် မြတ်နိုး သော ယောကျ်ားသားကို ဘာလို့ ပထမလူအဖြစ် မဆုံစည်း ခဲ့ရတာလဲ။

ဒုတိယလူအဖြစ်ပဲ တွေ့ဆုံခွင့်ရတာ ဖြူး ကံနည်း လွန်းလှသည်။

ဖြူးကလည်း ဦးဟသ်ာကို ပထမဆုံး ...

ဦးဟသ်ာမှာလည်း နံ့သာဆိုတာမရှိခဲ့ဘဲ ဖြူးသာ ပထမဆုံးဆို ဘယ်လောက်ကျေနပ်စရာကောင်းမလဲ။

အင်းလေ ...ခုလည်း ဖြူးတို့ဘဝ ဖြောင့်ဖြူးသာ ယာမှာပါ။

မျက်စိကိုမှိတ်ထားရင်း ဖြူး နှစ်ခြိုက်စွာ ပြုံးနေမိ သည်။

## အခန်း (၂၂)

ညပိုင်း ဦးဟာသ်ာ ရောက်လာတော့ ဖြူး ရေချိုးနေတုန်း။

"ဧည့်ခန်းမှာ ဦးဟာသ်ာ ရောက်နေပြီ"

ဟု ကြားသိရတော့ ရေပန်းအောက်မှာ ထိုင်နေသော ဖြူး ရင်ထဲ စိမ့်အေးသွားရသည်။

ဦးဟာသ်ာ့ကို ရင်မဆိုင်ရဲ။ မျက်နှာချင်းဆိုင်ရမှာ ရှက်ရွံ့ ထူပူသည်။ သူများတွေလို ...

"တွေ့ခွင့်"

ကို အမိက မထားဘဲ လက်ထပ်ဖို့ချည်း အကြိမ်ကြိမ် တောင်းဆိုခဲ့တာ ထူးဆန်းလှသည်။

ဖြူးကို မြတ်နိုးတာတွေ ဖြူး မြင်တွေ့ခွင့်ရပါတယ် ဦးဟာသ်ာရယ်။

ဦးဟာသ်ာ့ကို မတွေ့ခင်ကတည်းက ဖြူး ရင်ခုန်လေးစားနေမိသည်။ ကမန်းကတန်း အဝတ်အစားလဲ၊ ဆံပင်တွေ သုတ်ပစ်ရင်း...

"ခဏစောင့်ဖို့ပြောထားလိုက်၊ ကော်ဖီလည်း ချထားပေး ကြားလား"

ဟု ကောင်မလေးကို မှာမိသည်။



"ဟုတ်ကဲ့"

ဟု ကောင်မလေး ထွက်သွားတော့ မှန်တင်ခုံမှာ ထိုင်ပြီး ဆံပင်ဖြီးသည်။

ဘာတစ်ခုမှ လိမ်းခြယ်မထားသော မျက်နှာပြောင်ပြောင်လေးက ချောမွေ့တင်းရင်းနေ၏။

အခန်းတံခါးကို ညင်သာစွာဖွင့်ပြီး ထွက်ခဲ့တော့ တံခါးက ဂျိမ်းခနဲ ပြန်ပိတ်သွားသည်။

ဖြူး ဝတ်ထားသော ပန်းဆီရောင်ဖျော့ဖျော့ ဂါဝန်ရှည် ပါးပါးက လွင့်နေသည်။

ပျော့တော့တော့အစမို့ ကိုယ်မှာတစ်ကာ အိကျနေသည်။ လှေကားထိပ်မှ ဧည့်ခန်းကိုငုံ့ကြည့်တော့ ဦးဟာသ်ာကို လှမ်းတွေ့ရ၏။

ဆိုဖာမှာ ခပ်မတ်မတ်ထိုင်ပြီး ဖြူး ဆင်းအလာကို စောင့်မျှော်နေပုံနှင့် မျက်နှာကလည်း တင်းတင်းမာမာ ရှိနေ၏။

အမြဲတမ်း တည်ကြည်နေတတ်သော ဦးဟာသ်ာ၏ မျက်နှာသွင်ပြင်က အားကိုးမှီတွယ်ချင်စရာကောင်းသလို မျက်ရစ်ညိုညိုတွေကတော့ ရင်ခုန်သာယာချင်စရာ။

လှေကားကို တစ်ထစ်ချင်း ခြေဖွနင်းပေမယ့် ဦးဟာသ်ာက ဖျတ်ခနဲ မော့ကြည့်လာသည်။

ဖြူး ခေါင်းငုံ့ရင်း ဦးဟာသ်ာ့ဆီ တရွေ့ရွေ့ တိုးဝင်သွားမိ၏။

"ဖြူး...ခုမှ ရေချိုးလား"

"အင်း"

အနေမခက်ရအောင် စကားစလာပေမယ့် ဖြူး ရှက်ရွံ့နေမိတာတော့ အမှန်တကယ်ပါ။

ယောကျ်ားတစ်ဦးနှင့် သုံးနှစ်ကျော် အိမ်ထောင်ကျဖူးခဲ့သည့် တစ်ခုလပ်မိန်းမဆိုပြီး အရှက်နည်းပါးလိမ့်မည်ဟု မထင်ထားလိုက်ပါနှင့်။

ရှိနှင့် အိမ်ထောင်သာကျရော။

လက်ထပ်ပါ့မယ်လို့ ခေါင်းညိတ်ဖူးတာ မဟုတ်။

ဖြူးဘဝ တစ်လျှောက်မှာ ယောကျ်ားတစ်ဦးကို သွေးအေး ခေါင်းအေးစွာ စဉ်းစားပြီး လက်ထပ်မည်ဟု ဆုံးဖြတ်ဖူးတာ ဒါ ပထမဆုံးအကြိမ်။

သည်လို ခေါင်းညိတ်ရမှာ ဖြူး ရှက်သည်။ မျက်နှာတွေ ထူအမ်းလျက် ဦးဟာသ်ာကို မော့မကြည့်ရဲ။

ခုံတစ်လုံးမှာ ဝင်ထိုင်ချရင်း ကိုယ့်အိမ် ကိုယ့်ဧည့်ခန်း မဟုတ်သလိုလို အနေခက်နေရသည့်အဖြစ်။

"ဖြူး"

"ရှင်"

"ဘာလို့ ခေါင်းငုံ့ထားရတာလဲ"

ဦးဟာသ်ာက လှပတောက်ရှန်းသော မျက်လုံးညိုညိုတွေနှင့် စူးစိုက်ကြည့်လာတော့ ဖြူး ရင်ထဲ တဒိတ်ဒိတ်နှင့် လက်ဖျားလေးတွေ အေးစက်လာရသည်။

ရိုက်ကွင်းထဲမှာတော့ မင်းသားတွေနှင့် ချစ်ကြိုက်ကြည်နူးခန်းတွေ အသက်ပါစွာ သရုပ်ဆောင်နေကျ။

အခု ဘာလို့များ သည်လောက် မလုံမလဲနှင့် ထူပူရှက်ရွံ့နေဖြစ်တာမှန်း မသိပါ။



"ဖြူး"

"ဦးဟာသ်ာ"

ဖြူးကို သူ မော့ကြည့်ခေါ်မိသည်။

"ဘယ်နေ့လက်ထပ်ကြမလဲ ပြော"

"ဟင့်အင်း"

"ဟာ...ဘာလို့ ဟင့်အင်းရတာလဲ၊ လက်ထပ်ကြရအောင်ပါ ဖြူးရယ်"

ဦးဟာသ်ာက ဖြူး လက်ကလေးကို ဆွဲယူဆုပ်ကိုင်ထားပြီး လေသံတိုးနှင့်ပြောလာ၏။

ဖြူး သူ့ပခုံးစွန်းပေါ် မျက်နှာမှောက်ချလျက် အင်္ကျီစတွေကို ဆုပ်ကိုင်ထားမိသည်။

"ကိုယ့်ကိုချစ်လား"

ဖြူး ဘာမှပြန်မဖြေရဲဘဲ တိတ်ဆိတ်နေမိသည်။

"ပြောလေ"

"ဦးဟာသ်ာ သဘောပါ"

"ဟာ...ချစ်လားမေးတာ၊ ဘယ်က ကိုယ့်သဘောရမှာလဲ"

"အဲဒါတွေ ဖြူး မပြောချင်ပါဘူး၊ ဦးဟာသ်ာကို ဖြူး လက်ခံတယ်၊ ပြီးရောပေါ့"

"အိုကေ"

ဟာသ်ာက ဖြူး ကိုယ်လုံးကလေးကို တင်းကျပ်စွာ ပွေ့ပိုက်ထားလျက် မွန်းကျပ်စိတ်အိုက်လာသည်အထိ အကြင်နာတွေပေးသည်။

ဖြူး မငြင်းဆန်မိဘဲ ငြိမ်သက်ရင်ခုန်နေရင်း

ဦးဟသ်ာကို ဖက်ထားမိ၏။

"ဒီလထဲမှာ လက်ထပ်လိုက်ရအောင်၊ သတင်းတွေ ထွက်လာရင် မကောင်းဘူးလေ"

"အင်း"

ဖြူး ခေါင်းညိတ်တော့ ဦးဟသ်ာက ဖြူး မျက်နှာလေးကို အကြာကြီး ငေးကြည့်ပြီး စွဲမက်မြတ်နိုးရတာတွေ ပြောပြနေတော့ ဖြူး ဘယ်လိုကြည်နူးမိမှန်းမသိ။

ယုံကြည်ပါပြီ ဦးဟသ်ာရယ်။

ယုံကြည်ရာ အရိပ်မှာပဲ ခိုနားဖို့ ဖြူး ရဲရဲဝံ့ဝံ့ ဆုံးဖြတ်မိပါပြီ။

ရို့တုန်းက ဖြူးကို မကြင်နာခဲ့ဘူး။

ပြီးပြီးရော အဖြစ်သောက်သာ သဘောထားခဲ့တာ။

ဦးဟသ်ာနဲ့ ရိုနဲ့ ယှဉ်မရအောင် ကွာခြားလွန်းတာ နားလည်ပါပြီ။ ဦးဟသ်ာကို မချစ်နိုင်ရင်တောင် ပြေလည်ကြည်မွေ့စွာ နေသွားဖို့ ဆန္ဒပြင်းရပါပြီ။

"ဒေါ်နဲ့သာကို မေ့ပစ်ရမယ်နော်"

မနာလို သဝန်တိုခြင်းများစွာ ရင်ထဲပြည့်ကျပ်လာလျက် သိုသိပ်မရစွာ ပွင့်အန်ထွက်လာရသည်။

"အင်း…ဖြူးလေးကိုချစ်တယ်၊ ဖြူးလေးနဲ့ နေရမှ ပြည့်စုံသာယာတဲ့ဘဝလို့ ထင်တယ်၊ အဲဒါ ကိုယ် ဘာလုပ်ရမလဲ"

ဖြူးကိုလည်း မခွဲနိုင်လွန်းစွာ…

တစ်ဖက်မှ သားနှင့်သမီးကိုလည်း မဖြတ်နိုင်စွာ…

ဒွိဟစိတ်နှင့် ဝေ့မြည့်နေသော မျက်ဝန်းညိုညိုတွေ



က ကရုဏာသက်ချင်စရာ။

"ဦးဟသ်ာ အခက်အခဲကို ဖြူး နားလည်ပါတယ်"

အလိုလို ခွင့်လွှတ်နိုင်စိတ်နှင့် သက်သာရာစကားကိုပဲ ဆိုမိသည်။

"ဘာပဲဖြစ်ဖြစ် ဖြူးကို ကိုယ်လက်ထပ်မယ်ကွာ"

"ဝမ်းသာပါတယ် ဦးဟသ်ာရယ်"

ကိုယ် အသာစီးရဖို့တစ်ခုပဲ တွက်ချက်ထားခဲ့ပြီ။ ဘာခံစားချက်မှမရှိခဲ့သော ဖြူးပါ။ ဘာလို့ ဦးဟသ်ာအပေါ် အလျှော့ပေး လိုက်လျောခြင်းတွေနှင့် မောက်မာမှုတစ်ခုမှ ထုတ်မပြနိုင်ခဲ့တာပါလိမ့်။

အို…ဖြူး ဦးဟသ်ာကို ချစ်မိပြီလား။

ဦးဟသ်ာ၏ နက်ရှိုင်းကြီးမားလွန်းသော မေတ္တာတွေသည် ဖြူး နှလုံးသားလေးကို အရည်ပျော် နူးညံ့စေခဲ့ပြီလား။

ဟင့်အင်း…မချစ်ပါဘူး၊ လက်ထပ်တာလည်း ခေါင်းတစ်ခုတည်းနဲ့ ဆုံးဖြတ်တာ။

ဇွတ်အတင်း ကိုယ့်အဖြစ်ကိုယ် ငြင်းဆန်ပစ်သည်။

လူတစ်ဦးကို လွယ်လွယ်နှင့် ဖြူးနှလုံးသားက ချစ်တတ်မှာလား။ နာကျင်စွန်းထင်းခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေ ပြန်ပြောင်းတွေးကြည့်စမ်းပါဦး။

ဖြူး သည်တစ်ခါတော့ အနာမခံနိုင်တော့ပါ။

ကိုယ်ပဲ အနိုင်ရချင်သည်။ အပြုံးဆိုတာကိုပဲ လိုချင်သည်။ မျက်ရည်ကိုမုန်းသည်။

ဦးဟသ်ာနှင့် ပတ်သက်လျှင်လည်း ဖြူးစိတ်တွေ မာကျောပြတ်သားချင်သည်။

ချစ်မိခြင်းသည် ရှုံးခြင်း၏မူလဇစ်မြစ်။

အရှုံးကိုကြောက်လျှင် အချစ်ကိုလည်း ခေါင်းမာမာနှင့် မောင်းထုတ်နိုင်ရမည်။

ဦးဟင်္သာနှင့်တွေ့မှ အရာရာကို တလေးတနက် ခံစား နားလည်တတ်ချင်သော ဖြူး၏နူးညံ့သိမ်မွေ့မှုကို ဖြူး မနှစ် သက်ပါ။

ခုလိုပုံစံမျိုးပဲ နေသွားချင်သည်။

ဖြူးရဲ့ ဗီဇစိတ်ကြမ်းကြမ်းကိုတော့ နူးညံ့ညင်သာလာအောင် မဖန်တီးပါနဲ့ ဦးဟင်္သာရယ်။

နူးညံ့ညင်သာရင် လောကကြီးမှာ ခေါင်းမော့လို့ရမှာ မဟုတ်ဘူး။

ဘဝနှင့်ယှဉ်သည့် သင်ခန်းစာကြောင့် ခေါင်းမာ၊ သွေးအေး၊ စိတ်ပြတ်ဖို့ ဘယ်လောက်ကြိုးစား...ကြိုးစား...

ဦးဟင်္သာ၏ အကြင်နာတရားက ဖြူးကို ယဉ်ကျေးသိမ်မွေ့ နူးညံ့ညင်သာသော မိန်းကလေးတစ်ဦးအဖြစ် ပုံသွင်းနေသလိုပါ။

ဦးဟင်္သာရယ်...

ဦးဟင်္သာ စိတ်ဓာတ်၊ ကိုယ်ကျင့်တရားနှင့် မေတ္တာက လေးစားကြည်ညိုစရာပါ။

ဖြူးကို ချစ်လွန်းလို့သာ ရူးရူးမိုက်မိုက် ဆုံးဖြတ်ပစ်ချင်ပစ်မှာ၊ နံ့သာနှင့် အမြွှာသားသမီးအပေါ် ဦးဟင်္သာ မေ့ပျောက်မာကျောနိုင်စွမ်း ရှိမှာမဟုတ်ပါဘူး။

သည်အတွေးက ဖြူးကို နှိပ်စက်လွန်းလှ၏။

ဦးဟင်္သာမှာ နွေးထွေးသော မိသားစုလေးရှိနေတာ



ဖြူး လုံးဝ မရှုဆိတ်နိုင်ပါ။

ကျယ်ပြန့် အဖိုးတန်လွန်းသော ဦးဟင်္သာ၏အချစ်တွေကို ဖြူး တစ်ဦးတည်းပဲ အပိုင်ရချင်သည်။

ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ခွဲဝေမပေးချင်ပါ။

နံ့သာဆိုသော အမျိုးသမီးကို ဦးဟင်္သာ ခေါင်းထဲက အပြီးတိုင် ဆွဲထုတ်ပစ်ချင်သည်။

ရှိကို လက်ထပ်သွားသော ဝင့်ထက် ဦးဟင်္သာ၏ ဇနီး နံ့သာကို ဖြူး ပိုမုန်းသည်။

ဦးဟင်္သာ၏ သားနှင့်သမီး ဆိုတာကိုလည်း ဖျောက်ဖျက်ပစ်ချင်သည်။

ဦးဟင်္သာ၏ခေါင်းထဲမှာ ရင်ထဲမှာ အတွေးထဲမှာ ဖြူး တစ်ယောက်ပဲ နေရာယူထားချင်သည်။

အဲသည်လိုဖြစ်မှန်းသိလေ ပိုဒေါသဖြစ်ရလေ။

ဦးဟင်္သာရယ်...ဖြူး ဘာဖြစ်သွားလဲ။

ဖြူးကိုယ်ဖြူး စိတ်မာလှပြီထင်တာ။

နံ့သာ ဆိုသော မိန်းမကိုရော၊ အမြွှာမောင်နှမကိုရော ခပ်အေးအေးကလေး သရော်သလို ကြည့်ရှုနိုင်မယ် ထင်ထားတာ။

ဘယ့်နှယ်...မနာလို၊မရှုဆိတ်နိုင်စိတ်တွေ အလုံးအရင်းနှင့် ဝင်လာရတာပါလိမ့်။

ပိုက်ဆံကြောင့် လက်ထပ်မှာဆို...

မေတ္တာတွေ၊ အချစ်တွေ ဘာတွေးနေစရာရှိလဲ။

ဦးဟင်္သာ ချစ်ချစ် မချစ်ချစ်...

နံ့သာထက် ပိုလျှင်ပို မပိုလျှင်နေ...

ဖြူးက ဘာကို ဂရုစိုက်ရမှာလဲ။

ဖြူး စိတ်တွေက သာမန် မိန်းကလေးတစ်ဦးလို မေတ္တာလောဘကြီးစွာ မျှော်လင့်နေမိပါလား။

အဲသည်လို တမ်းတမျှော်လင့်တတ်လို့ ဖြူး ဘယ်လောက် သောကဖြစ်ခဲ့ရသလဲ။ ဘယ်လောက်နိမ့်ကျခဲ့သလဲ။

ရှိနှင့် ဖြစ်ပျက်ခဲ့သမျှ ပြန်တွေးပြီး စိတ်ကိုတင်းသည်။

ဦးဟသ်ာ ရင်ခွင်ထဲမှ ရုန်းထွက်ရင်း အားငယ်ညှိုးကျချင်သော စိတ်ကို မတ်အောင်ကြိုးစား၏။

"ဖြူး"

"ဟင်"

"အရာရာထက် ဖြူးကို ပိုမက်မောလို့ ဖြူးကို လိုချင်တာပေါ့၊ ဖြူးက ကိုယ့်ကို ဘာကြောင့်ပဲ လက်ထပ်လက်ထပ် ကိုယ်ခွင့်လွှတ်နားလည်တယ်၊ ကိုယ့်ဘဝမှာ ဖြူးကို ပိုင်ဆိုင်ရရင် တော်ပြီကွာ"

ဦးဟသ်ာစကားတွေက ဖြူးရင်ကို နှင့်ခနဲကြွေစေသည်။

"ဒေါ်နဲ့သာထက် ဖြူးကို ပိုချစ်တာပေါ့နော်"

အရှင်းကြီးပေမယ့် ဦးဟသ်ာ ဖွင့်ပြောတာ ကြားချင်မိသည်။

"ဖြူး ကိုယ့်ကို ချစ်တတ်လာပြီပဲ"

ဦးဟသ်ာက ဖြူး မျက်လုံးတွေထဲ စူးစမ်းရှာဖွေစွာ ကြည့်ရင်း...

"ဖြူးကို အရမ်းချစ်ပါတယ်ကွာ...ယုံ၊ ဘာမှလည်း



စိတ်မဆင်းရဲနဲ့နော်၊ ကိုယ် ဖြူးကိုချစ်တာ စိတ်ချမ်းသာစေချင်တယ်၊ ဖြူး မပျော်မှာစိုးတယ်၊ ဒီလောက်မြင့်မြတ်တဲ့ အချစ်တစ်ခု ပေါ်ထွန်းလာလိမ့်မယ်လို့ ကိုယ် မထင်ဘူးကွာ"

ကိုယ်တိုင် အုံ့သြကြေကွဲနေရတာကြောင့် ဖြူး လည်ချောင်းထဲ ဆို့နင့်နေရသည်။

"ဖြူးကို အစစပြည့်စုံစေချင်တယ်၊ ဘာတစ်ခုမှ စိတ်ဒုက္ခရာမဖြစ်စေချင်ဘူး၊ စိတ်ရော၊ လူရော အင်အားအပြည့်နဲ့ လှပသာယာနေတဲ့ ဘဝလေး ရရှိစေချင်တယ်၊ ကိုယ့်ကြောင့် ဘယ်တော့မှ စိတ်မညစ်စေချင်ဘူး၊ အဲဒါတွေ ဖြူး နားလည်ထား၊ သံသယလည်း မထားနဲ့၊ မယုံမရဲလည်း မဖြစ်ပါနဲ့နော်"

ပွေ့ပွေ့ပိုက်ပိုက်နှင့် တစ်ခွန်းချင်းဆိုလာတော့ ဖြူး မျက်လုံးတွေ စိုစွတ်စပြုလာသည်။

ဟင်...ဖြူး ငိုမိပြီလား။

အထိတ်တလန့်နှင့် မျက်တောင်အခတ်မှာ မျက်ရည်စက ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။

"ဟာ"

စိတ်ထိခိုက်စွာ ဟာဟု ရေရွတ်သံက ထွက်ပေါ်လာမှန်း ဖြူး သိသည်။

ငွေကြေးကြောင့် ဖြူး ဦးဟသ်ာကို လက်ထပ်မှာလည်း သိနေတယ်။ ပြီးတော့ ခွင့်လွှတ်တယ်တဲ့။

စိတ်ရော လူရော အင်ပြည့်အားပြည့်နဲ့ လှပသာယာတဲ့ ဘဝလေး ရရှိစေချင်သတဲ့လား ဦးဟသ်ာရယ်။

မြင့်မြတ်လွန်းတဲ့ ဦးဟသ်ာရဲ့စိတ်ထား၊ စေတနာတွေ

အောက်မှာ ညစ်ထေးစွန်းဆင်းနေတဲ့ တစ်ကိုယ်ကောင်းဆန် စိတ်ယုတ်တွေ သန့်စင်လာပါပြီ။

ဖြူး မပျော်မှာ စိုးပါတယ်တဲ့။

သူစိမ်းယောကျ်ားသားတစ်ဦး ဖြူးအပေါ် သည်လောက် တွယ်တာချစ်ခင်လိမ့်မည်လို့ ကိုယ်တိုင်သာမကြုံရရင် ယုံနိုင်မှာမဟုတ်ဘူး။

ဖြူး မျက်ရည်တွေကို သုတ်ပေးတော့ ဖြူး စိတ်ကို လျှော့ချလိုက်ပြီး ဦးဟာသ်ာ ရင်ခွင်ထဲ ခေါင်းတိုးငိုရှိုက်မိသည်။

ဦးဟာသ်ာရယ်...

ဖြူးအတွက် သည်လောက် နွေးထွေးလုံခြုံတဲ့ ရင်ခွင်ကျယ်မှာ ဘာလို့ အရင်ဦးသူ ရှိနေခဲ့ရတာလဲ။

တနုံ့နုံ့ခံစားရင်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။

လူပျို အပျိုဘဝ ဆယ်ကျော်သက်ကနေ ဘဝကို ပြန်စချင်တယ် ဦးဟာသ်ာ။

ဖြူး စိတ်ကူးယဉ်မိပြီ ထင်ပါရဲ့။

ပြီးတော့ ရှုံးပြီ၊ ဦးဟာသ်ာကို ဖြူး ရှုံးပါပြီ။

သေချာလှပါတယ်။



# အခန်း(၂၂)

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ သာ တွေးပြီးသားပါ မောင်၊ ရက်[illegible]လိုက်တာ [illegible]ရယ်၊ 'ပြောရက်လိုက်တာ"

နှံ့သာက စားပွဲပေါ် မျက်နှာမှောက်[illegible]ပြီး ငိုရှိုက်သည်။

သားနှင့်သမီးကတော့ ခပ်ဝေးဝေးမှာ ချောင်ကပ်တိတ်ဆိတ်လျက် မျက်နှာငယ်နှင့်ရှိနေသည်။

"ဖြူးလို မိန်းကလေးမျိုးနဲ့ သာ [illegible]ယှဉ်ဝံ့ပါဘူး၊ သာ အရှုံးပေးထားပြီးသားပါ၊ သာ့အပေါ် ငဲ့[illegible]တွက်ရင်တောင် သားနဲ့သမီးကို မောင် စဉ်းစားလိ[illegible]မယ်[illegible]ထင်တယ် မောင်ရယ်... ပြတ်သားလိုက်တာ၊ မောင့်ရင်ထဲ သာတို့အပေါ် စိမ်းမာနိုင်ပြီပေါ့"

နှံ့သာမျက်နှာက ဖျတ်ခနဲ မော့လာသည်။

ကြောက်စရာကောင်းလောက်အောင် အေးစက်မာကျောနေသော နှံ့သာမျက်ဝန်းတွေ၊ အစဉ်သဖြင့် နူးညံ့နေတတ်သော ချစ်စရာ မျက်ဝန်းကလေးတွေ။

သည်တစ်ကြိမ်တော့ နာကျင်မှုနှင့် မှိန်ဖျော့နေရသည်။

"ရပါတယ် မောင့်ရယ်၊ နှံ့သာ လက်မှတ်ထိုးပေး ပါ့မယ်၊ မောင် စိတ်ချမ်းသာရစေမယ်၊ နှံ့သာတို့ကို တစ်သက် လုံး လာတွေ့စရာ မလိုတော့ဘူး"

နှံ့သာအသံက တိုးတိမ် ပြတ်တောက်နေသည်။

ခရီးထွက်လျှင်ပင် မနေတတ်ရှာသော ဇနီးသည်က သည်လောက် တင်းမာနိုင်လိမ့်မည်ဟု သူ ထင်မထားခဲ့။

"သိပါတယ်၊ နှံ့သာနားထဲ လျှံနေအောင် ကြားထား ပြီးသား သတင်းပဲလေ၊ ဒါပေမဲ့ မောင် ဒီလောက် ဝေါတင် ကျလိမ့်မယ်လို့ မထင်ခဲ့ဘူး"

သမီးက နှံ့သာဆီပြေးလာပြီး ဖက်တွယ်ငိုရှိုက်၏။

"ပျော်ပျော်ရွှင်ရွှင် တည်ဆောက်ထားတဲ့ မိသားစု လေးကို ဖျက်ရက်လေခြင်းလို့ ဖြူးအပေါ် အပြစ်မတင်ပါဘူး၊ မောင့်ကိုပဲ မုန်းတယ်၊ သိလား၊ မောင် အဓိက၊ မောင် သစ္စာမဲ့တာ"

နှံ့သာက ဝုန်းခနဲထရပ်ပြီး သမီးကိုတွန်းပစ်သည်။

ပြီးတော့ သူ့ထံ လွှားခနဲရောက်လာပြီး လက်တစ် ဖက်ကို အားကုန်မြှောက်လျက် ရိုက်ချသည်။

"ဖြန်း"

"နှံ့သာ"

ဟသ်ာ အော်ငေါက်သံက တစ်ခန်းလုံး လျှံထွက်သွား ၏။

ကိုယ့်ကို ပါးရိုက်ဖို့မပြောနဲ့၊ စကားပင် မာမာမဆို ဖူးသော ဇနီးသည် နှံ့သာကို တအံ့တဩ ကြည့်မိ၏။

"တရားရုံးကို လိုက်ခဲ့ပါ့မယ်၊ လက်မှတ်ထိုးပေး



ပါ့မယ်၊ ကျေနပ်ပြီမဟုတ်လား"

အေးစက်သော စကားလုံးများက ထိခိုက်ကြေကွဲ ဟန်အပြည့်။

သမီးက ဟသ်ာဆီပြေးလာပြီး ငိုရှိုက်သည်။

သားနှင့်သမီးက အရွယ်ရောက်စပြုပြီမို့ နားလည်နေ ကြပြီ။

နှံ့သာက သမီးကို သူ့ရင်ခွင်ထဲမှ ဆွဲထုတ်ပြီး ရိုက် ပြန်သည်။

"သွား...သွား.. လူမဆန်တဲ့အဖေကို ညည်းက ကိုးကွယ်ခင်သေးလို့လား"

နှံ့သာစကားက ရင့်သီးလွန်းလှသည်။

ဧည့်ခန်းမှဆင်းသွားသော နှံ့သာက ကားနောက်ခန်း ထဲမှာ သွားထိုင်စောင့်နေ၏။

ရှေ့ခန်းတွင် ကားမောင်းနေသော ယောကျ်ားသား သည် နှစ်ပေါင်းများစွာ နှံ့သာ ချစ်ခဲ့ရသော၊ အားကိုးတွယ်တာ ခဲ့ရသော ခင်ပွန်းသည်ပါ။

အခုတော့ နှံ့သာ အထင်သေးဆုံး၊ အရွံရှာဆုံး လူ သားတစ်ဦး။

နှံ့သာတို့ သားအမိတွေအပေါ် စာနာထောက်ထားမှု ကင်းကင်းနှင့် ရက်စက်ပစ်ခွာနိုင်သည်။

မောင်ရယ်...မောင်ရယ်ဟု မချိမဆံ့ ညည်းရင်း နှံ့သာအသည်းတွေ တစ်စစီကြွေသည်။ ရင်တစ်ခုလုံး လောင် မြိုက်လျက် လူက ယိုင်နဲ့နေရပြီ။

သွေးအေးလိုက်တာ မောင်ရယ်။

နှံ့သာရဲ့ခံစားမှုကို လျစ်လျူရှုနိုင်ပြီလား။

ရှူးမတတ်ခံစားရရင်း ကားမောင်းနေသော မောင့်သဏ္ဍာန်က နှံ့သာ၏အာရုံမှာ ဝေဝါးလာသည်။

မောင့်ကို ပီပြင်သဲကွဲစွာ မမြင်ရတော့။

ယုံကြည်မှုလွန်ကဲစွာ စိတ်ချထားခဲ့၍လည်း သည်လိုကြုံဆုံရတော့ ပိုခံစားရသည်။

မောင်ကတော့ နှလုံးသွေးနှင့် ရေးထိုးပေးမည့် ကွာရှင်းစာချုပ်ကိုသာ တောင့်တမျှော်လင့်နေပုံပါ။

သည်စာချုပ်က ဖြူးအတွက် အရေးအကြီးဆုံးလေ။

ဖြူးဆိုတဲ့ မင်းသမီးကိုမြင်ယောင်ရင်း ရင်ထဲမောလာရသည်။

မပေးဘူး။

သိပ်လိုချင်နေကြတဲ့ စာချုပ်၊ မပေးဘူး။

လက်မှတ် မထိုးပေးဘူး။

နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ကိုက်ထားရင်း အိမ်မှာကျန်ရစ်သော သားနှင့်သမီးကို ပြေးမြင်သည်။

လူတွေ ဘယ်လိုပြောကြမလဲ။

မနာလိုသူတွေ ဘယ်လောက် လှိုက်လှဲဝမ်းသာကြမလဲ။

သည်သား သည်သမီးနဲ့ ရှေ့ရေးခရီးကို ဘယ်လိုဆက်ရမလဲ။

သာ ဘယ်လိုမျက်နှာထားရမလဲ မောင်။

ကူရှင်ကို မှီချထားရင်း တလှုပ်လှုပ်တုန်ခါနေသောရင်ကို လက်နှင့်ဖိထားမိသည်။



"နှံ့သာ"

ကား တန့်ခနဲရပ်တာ သိသည်။

မောင့်ခေါ်သံကို သဲ့သဲ့လေး ကြားသည်။

ပြီးတော့ နှံ့သာ ကမ္ဘာတစ်ခုလုံး မှောင်အတိကျသွား၏။

မောင်လိုချင်တဲ့ ကွာရှင်းစာချုပ်ကို မပေးဘူး၊ မပေးဘူး သိလား။ လုံးဝ မပေးဘူး။

နှံ့သာ မသိစိတ်က ဇွတ်အတင်း ငြင်းဆန်နေ၏။

မောင်နဲ့ ဖြူးနဲ့ မယူရဘူး။

လုံးဝကို မယူရဘူး။

"နှံ့သာ ဆုံးသွားပြီ၊ ဟုတ်လား"

ဖြူး ခေါင်းထဲ မိုက်ခနဲဖြစ်ရသည်။

"ဘာမှမဖြစ်ဘဲနဲ့ ချက်ချင်းဆုံးသွားတာ"

ကြက်သီးဖုလေးတွေထရင်း ဖြူး 'သက်ပြင်းရှိုက်မိ၏။

ဦးဟသ်ာ ဘယ်လိုနေရှာမလဲ။

ပြီးတော့ နှံ့သာကို ပြတ်စဲကြဖို့ ပြောဖြစ်လိုက်ရဲ့လား။

ဦးဟသ်ာဆီ ဖုန်းဆက်တော့ ဦးဟသ်ာနှင့် တွေ့ခွင့်မရ။

"သမီးသွားရင် ကောင်းမလား"

မမေ့ကို မေးကြည့်တော့၊ မမေက···

"သမီး သဘော"

ဟုဆိုသည်။

ဖြူးက ဝေခွဲမရစွာ ဆုံးဖြတ်ရခက်နေသည်။

အဆုံးမှာတော့ လိုက်သွားဖို့ကိုပဲ စဉ်းစားဖြစ်တော့သည်။

ဦးဟသ်ာတို့အိမ်ကို ဖြူး တစ်ခါမှမရောက်ဖူးခဲ့ပါ။

ခြံဝင်းထဲ ကားချိုးကွေ့ပြီး တိုက်ရှေ့မှာရပ်လိုက်တော့ ဖြူး ကားထဲမှမဆင်းဖြစ်သေးဘဲ ချီတုံချတုံဖြစ်နေ၏။

ဦးဟသ်ာက ခြေလှမ်းကျဲကြီးများနှင့် ဖြူးဘေးနားကို ရောက်လာသည်။

"ဖြူး...လာ၊ ဆင်းလေ"

ကားတံခါးကို ဆွဲဖွင့်ပြီးဆင်းတော့ ဦးဟသ်ာ၏ နွမ်းရော်သော မျက်နှာကို မြင်ရ၏။

"ဦးဟသ်ာ"

လက်မောင်းတစ်ဖက်ကို အားပေးစွာ ဆုပ်ကိုင်နှစ်သိမ့်မိသည်။

"နေ့လယ် တစ်နာရီ ချမယ်"

"ဩော်"

"လူတွေများလာရင် ဖြူး နေရခက်မယ်၊ အပေါ်ထပ်ပဲ တက်သွားလိုက်နော်"

"အင်း"

ဦးဟသ်ာက ဖြူးကို အပေါ်ထပ်အရောက် လိုက်ပို့သည်။

"ဘယ်လိုဖြစ်တာလဲဟင်"



"တရားရုံးကို သွားကြတာ"

"ဩော်"

ဖြူးရင်ထဲ ထုံကျဉ်သွားရသည်။

"ဦးဟသ်ာ...တော်တော်ခံစားနေရပြီလားဟင်"

မျက်ခုံးလေးတွန့်ချိုးလျက် နှုတ်ခမ်းလေး ဖွင့်ဟပြီး မေးမိသည်။

ဦးဟသ်ာက ဘေးချင်းယှဉ်လျက်ရှိသော ဖြူးကို စောင်းကြည့်၏။

ဘာစကားတစ်ခွန်းမှမဆို၊ ဖြူး မေးတာကိုလည်း ပြန်မဖြေပါ။

ဖြူး တစ်ယောက်တည်း အပေါ်ထပ်မှာ ထားရစ်ပြီး ပြန်ဆင်းသွားတာ အကြာကြီးပါပဲ။

နောက်ကျတော့ တစ်ခေါက် တက်လာသည်။

"ဖြူး"

"ရှင်"

"ကိုယ် မှားသလား"

"ဟင့်အင်း...မမှားပါဘူး"

ချက်ချင်းပဲ ခေါင်းယမ်းပြဖြစ်သည်။

ဖြူးကသာ မှားတယ်လို့ ပြောလိုက်လျှင် ဦးဟသ်ာ ရင်ထဲ ဘယ်လောက်ထိခိုက်ရှာမလဲ။

"ဦးဟသ်ာ...စိတ်ကိုထိန်းပါနော်၊ ဖြေပါ"

"အင်း...သားနဲ့သမီးအတွက် စိတ်မကောင်းဘူး"

"ဖြူးရော အပြစ်ကင်းရဲ့လားဟင်"

မျက်ရည်တွေ ဝေ့ဝဲတက်လာလျက် ပြောတော့

ဦးဟာသ်ာက ဖြူးလက်ကလေးကို သူ့လက်နှင့် အုပ်မိုးဖိရင်း…

"ဘာတွေလျှောက်တွေးနေတာလဲကွာ၊ မဟုတ်တာ"

ချောင်ကျနေသော ဦးဟာသ်ာမျက်နှာက ဆွေးမြည့်ကြေကွဲဟန်တွေ၊ စိတ်ရှုပ်ညစ်ထွေးဟန်တွေ ရောထွေးလျက် သက်ပြင်းငွေ့ငွေ့ကို မကြာခဏ ချ၏။

"ဖြူး ပြန်ချင်ပြီ"

"ဖြူးလေး"

မျက်ဝန်းညိုညိုတွေကို မော့ကြည့်ရင်း ငြိမ်သက်နေမိသည်။

"ဖြူးလေး အပြစ်လုံးဝမပါဘူး၊ သံသယတွေ မရှိပါနဲ့၊ ကံအတိုင်းပေါ့"

ဖြူးကို ဘာဝေဒနာမှ မခံစားစေချင့်ပုံနှင့် နှစ်သိမ့်နိုင်သေးသည်။

များပြားစည်ကားနေသော လူတွေကြားမှ ဖြတ်ကျော်လျှောက်လာရင်း ဦးဟာသ်ာက ဖြူးကို ကားနားအရောက် လိုက်ပို့ပေးသည်။

"ဖြူးဆီ လာပါနော်၊ ဖြူး စောင့်နေမယ်၊ ဖုန်းလည်း ဆက်ပါ့မယ်"

"အင်း"

ခေါင်းငိုက်စိုက်ချ ကျန်ရစ်ခဲ့သော ဦးဟာသ်ာ၏ သဏ္ဍာန်ကြောင့် ဖြူးစိတ်ကလေး သူ့ဆီမှာ ငြိတွယ်နေရစ်ခဲ့ရတော့သည်။

ဦးဟာသ်ာ ဖြူးအပေါ် ခွင့်လွှတ်ရဲ့လား၊ ချစ်သေးရဲ့



လား၊ ဖြူးကြောင့် ဦးဟာသ်ာရဲ့ဇနီး ဆုံးခဲ့ရပြီလေ။

သည်ကိစ္စမှာ ဖြူး စနက်များ အများကြီးပါခဲ့တာပဲ မဟုတ်လား။ ခွင့်လွှတ်နားလည်ပါ ဦးဟာသ်ာရယ်။

ဖြူး အစွမ်းကုန် ဦးဟာသ်ာအပေါ် အနစ်နာခံ ပါရမီဖြည့်ပါတော့မယ်။

နံ့သာထက် မပိုလျှင်တောင် မလျော့စေရပါဘူး။

ဦးဟာသ်ာ စိတ်ချမ်းမြေ့ရစေမယ်ကွယ်။

ဖြူးရဲ့ အေးမြတဲ့မေတ္တာရိပ်မှာ ဦးဟာသ်ာ နံ့သာကို ရော သည်အဖြစ်ဆိုးတွေကိုရော မေ့ဖျောက်ထားပြီး ငြိမ်းချမ်းသာယာနိုင်ပါစေလေ။

ဖြူးကိုလည်း ခုထက် အဆပေါင်းများစွာ ပိုမြတ်နိုးတတ်ပါစေ။ ဆုတွေ အကြိမ်ကြိမ်တောင်းရင်း ဖြူးရင်ထဲ မောပန်းနွမ်းနယ်နေရသည်။ ညပိုင်းကျတော့လည်း ဦးဟာသ်ာဆီ ဖုန်းဆက်သည်။

ပြတ်သားကြည်လင်သောအသံနှင့် တစ်ခွန်းချင်းဆိုနေသော ဦးဟာသ်ာ စကားသံတွေက ဖြူး နားထဲ မသဲကွဲ။

ဦးဟာသ်ာက ဖြစ်ပျက်ခဲ့သမျှ အသေးစိတ် ပြန်ပြောပြသည်။

အသံတိတ်ငိုရှိုက်ရင်း နားထောင်နေတာ သိသွားတော့ ဖြူးကိုအော်ပစ်သည်။

"အဓိပ္ပာယ်မရှိတာ၊ ကိုယ့်စိတ်ကိုယ် ဘာလို့ ဒုက္ခခံနေရတာလဲ"

အပြစ်တင်ချင်သလိုဆိုတော့ ဖြူး အငိုရပ်သည်။

"ငိုတာမကြိုက်ရင်လည်း မငိုတော့ပါဘူး"

"မကြိုက်ဘူး"

ဦးဟာသ်ာက စကားစဖြတ်ပြီး ဖုန်းချသွားပေမယ့် ဖြူးက ဖြူးဆီရောက်လာစေချင်သည်။

လာဖို့ စကားတစ်ခွန်းမှ မဟတော့ ဖြူး ဆွေးကျသွားရ၏။

ဖြူးဆီ မလာချင်တော့ဘူးလားဟင်။

ဖြူးကို မတွေ့ချင်တော့ဘူးလား။

ဖြူးနှင့်တွေ့ဖို့ရော ဆန္ဒမရှိတော့ဘူးလား။

ဖုန်းပြောနေချိန်ကထက် ပိုငိုချင်သည်။

ဖြူးကို ဂရုတစိုက် မရှိတော့ဘူးလား။

ဦးဟာသ်ာအတွေးထဲမှာ ဘာတွေရှိနေပြီလဲ။

သူများမိသားစုကို ဖျက်ဆီးရက်သူအဖြစ် မျက်မျက်ကျင်ကျင် နာသွားပြီလား။

အိပ်ရာထက်မှာ လူးလိမ့်ရင်း ဦးဟာသ်ာကို အပြေးသွားတွေ့ချင်စိတ်က မွန်းကျပ်လွန်းစွာ ဖြစ်ပေါ်သည်။

ကိစ္စတွေ ရှုပ်နေလို့ မလာတာဖြစ်မှာပါဟု တွေးရင်း ကိုယ့်ကိုယ်ကို အားပေးရသည်။

တစ်ပတ်လုံးလုံး ဖြူးဘက်ကသာ ဖုန်းဆက်လျက် ဦးဟာသ်ာဘက်မှ ဘာတစ်ခုမှ ဆက်သွယ်ခြင်းမရှိ။

စိမ်းသက်သွားသော အနေအထားကို စိတ်ဓာတ်ကျအားငယ်နေမိချိန်မှာပဲ ဦးဟာသ်ာ ရောက်လာခဲ့၏။

ဘွားခနဲ တွေ့လိုက်ရသော ဦးဟာသ်ာကို အကြာကြီးငေးစိုက်ကြည့်ရင်း ရင်တွေ တဒိန်းဒိန်းခုန်သည်။ ပြီးတော့လိုက်ခနဲပျော်ပြီးမှ ဆို့နင့်ကြေကွဲစွာ ခံစားရသည်။



အပြေးကလေးလည်း သွားမကြိုမိဘဲ ငူငူငေါင်ငေါင်ကလေး ပေတေရပ်နေမိသည်။

"ဖြူး"

သူက ဖြူးဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး လက်နှစ်ဖက်ဆန့်တန်းလျက် ဖြူးကိုယ်လေးကို ပွေ့ထားလိုက်၏။

"ချစ်လိုက်ရတာ ဖြူးရယ်"

ဦးဟာသ်ာ ကိုယ်ကိုမှီချထားလျက် ခေါင်းလေးငုံ့ရင်း မျက်ရည်ကျသည်။

တိတ်တဆိတ် မျက်ရည်ကျနေမိတာကို ဦးဟာသ်ာ လုံးဝမသိသေးပေ။

ဦးဟာသ်ာရယ်...

ဖြူးဆီ ရောက်လာသေးတယ်နော်၊ ဖြူးကို စိတ်ကုန်သွားတာ မဟုတ်ဘူးပေါ့။

"မြန်မြန်ပဲ လက်ထပ်ကြရအောင် ဖြူးရယ်"

အမျှော်လင့်ဆုံးစကားကို တိတိကျကျ ကြားလိုက်ရတော့လည်း ရင်ထဲ နင့်ရပြန်သည်။

အရည်အချင်းပြည့်ဝပြီး ဖြူးအပေါ် အတိုင်းမရှိအတာမရှိ မြတ်နိုးသူတစ်ဦးကို ပိုင်ဆိုင်ခွင့်ရတော့မည်။

ဒေါ်နွဲ့သာ ဆုံးသွားတာကို ဝမ်းမနည်းသာပေမယ့်လည်း ဖြူး အတွက်တော့ ဦးဟာသ်ာကို အနှောင့်အယှက်ကင်းစွာ...

ဦးဟာသ်ာကိုယ်တိုင်လည်း သိက္ခာရှိစွာ...

လက်ထပ်လက်တွဲနိုင်ပြီလေ။

"ချက်ချင်းကြီး လက်ထပ်လို့ ကောင်းပါ့မလား

ဟင်"

မိန်းမသားဆိုတော့ ရှက်ရွံ့ဖို့ သတိရသည်။

"ဘာလို့မကောင်းရမှာလဲ"

"ကိုယ့်ဘဝကို ကိုယ်ကြိုက်သလို စီမံဖန်တီးခွင့်ရှိပါတယ်၊ ပတ်ဝန်းကျင်ကို ကိုယ် သိပ်ဂရုမစိုက်ဘူး"

ဖြူး ဘာမှပြန်မပြောနိုင်။

"ဟင်...ဖြူး ငိုနေတယ်"

စိတ်မသက်သာပုံဖြင့် သက်ပြင်းရှိုက်လျက်...

"ကိုယ့်အပေါ် တကယ်မေတ္တာစစ်နဲ့ဆို အမြန်ဆုံးလက်ထပ်ခွင့်ပေးပါကွာ၊ နော်...ဖြူးလေး"

ဖြူး မငြင်းရက်တော့ပေ။

"ဦးဟင်္သာ သဘောပါ"

သူက ဖြူးလက်ကလေးကို ဖျစ်ညှစ်ပစ်၏။

"အရမ်းလိမ္မာတာပဲ"

ဖြူး ပွင့်လင်းစွာ ပြုံးနေမိသည်။

ဦးဟင်္သာသည် ဖြူးဘေးမှာ မားမားရပ်နေမယ်ဆို အရာရာကို ဖြူး ရင်ဆိုင်ရဲမှာပါ။

အားကိုးမြတ်နိုးစိတ်များစွာနှင့် ဖြူး ဦးဟင်္သာကို တွယ်တာမိပါပြီ။

"သားနဲ့သမီးကရော"

ဖြူးအမေးကြောင့် သူ ဆတ်ခနဲဖြစ်သည်။

"သူတို့ကတော့ ဖြူးအပေါ် လိုလားကြည်ဖြူမှာ မဟုတ်ဘူး"

"အင်း"



အောင့်သက်သက်နှင့် ခံရခက်ပေမယ့်လည်း မိဘသဘောတူသည့် ရှိနောက်ကိုတောင် ဖွတ်လိုက်ပြေးခဲ့သေးတာ။

သားနှင့်သမီး သဘောမတူတာလောက်တော့ စာရင်းပင် မရှိ။ ဂရုစိုက်စရာလည်း လိုမည်မထင်။

"သားနဲ့သမီးကတော့ ဘာမှတော့ ဝင်မပြောကြရှာပါဘူး"

ဦးဟင်္သာ မျက်နှာက ညှိုးကျသွား၏။

အင်းလေ...ဘာပဲပြောပြော သည်ကလေးနှစ်ဦးက သူ့ရင်မှဖြစ်သည့် သွေး။

သူ ချစ်ရှာမည်။ ပြတ်ပြတ်တောက်တောက်လည်း လုပ်ပစ်နိုင်မည်မထင်။

သူ့ကို မြတ်နိုးမှတော့ သူ့သွေးသားလေးတွေကိုလည်း ချစ်နိုင်အောင် ကြိုးစားရမည်။

ဖြူးကိုယ်တိုင်က ကလေးတွေကို လိုလားကြည်ဖြူပုံပြရမည်။ အဲသည်လို ပြေလည်မှုတစ်ခုရရှိခဲ့လျှင် သူ ဘယ်လောက် ပျော်ရှာမလဲ။

သူ့အပေါ် ဖြူး မေတ္တာတွေက အတိုင်းအဆမဲ့စွာ သက်ရောက်လွှမ်းခြုံနေခဲ့ပြီ။

အချိန်တိုတိုအတွင်းမှာ သည်မျှအထိ သူ့အပေါ် တလှိုက်တနှင့် ချစ်သွားမိတာ အံ့ဩချင်စရာ

ဦးဟင်္သာကို ဖက်တွယ်ထားရင်း ကလေးတစ်ဦးလို ကိုယ့်ကိုယ်ကိုထင်မိလျက် ချွဲနွဲ့စိတ်ကောက်ချင်စိတ်၊ အယုအယနှင့် အလိုလိုက်ခံချင်စိတ်၊ အရာရာကို ဖြည့်စွမ်းပေး

နိုင်မည့် သခင်အရှင်ကို လေးစားကြည်ညိုစိတ်တွေနှင့် ဖြူး ကိုယ်ထဲရှိ သွေးတွေ အလိုလို နွေးလာရသည်။

ဦးဟသ်ာနှင့် ပတ်သက်လာလျှင် အသေးအဖွဲကလေး ကအစ ခံစားချက်ပြင်းထန်မိသည်။

ဘယ်ကိစ္စကိုမှ ပေါ့ပေါ့တန်တန် လုပ်မပစ်ရဲ။ လုပ်မပစ်နိုင်။

"မနက်ဖြန် လက်ထပ်ကြရအောင်"

"ဟင့်အင်း…တစ်လလောက်တော့ နေကြဦးမယ် နော်၊ ဖြူး တောင်းပန်ပါရစေ"

ဦးဟသ်ာက ဖြူးစိတ်တိုင်းကျ ခေါင်းညိတ်သည်။

"ဦးဟသ်ာ…ဖြူးဆီ နေ့တိုင်းလာနော်"

မျက်လွှာချထားရင်း ပြောတော့ ခေါင်းညိတ်ပြ၏။

"သားနဲ့သမီးကိုလည်း ဖြူး မြင်ချင်သေးတယ်၊ ဟိုး တစ်နေ့က တစ်ချိန်လုံး အပေါ်ထပ်မှာဆိုတော့ မတွေ့ခဲ့ရ ဘူး"

"ကိုယ်နဲ့တူတယ်"

"အဲဒါဆို ဖြူး ချစ်မှာပဲ"

"ကိုယ့်ကိုချစ်တယ်ပေါ့၊ ဟုတ်လား"

"သိသားနဲ့များ"

မျက်စောင်းလေး ဝေ့ဝဲရင်းပြောတော့ ဦးဟသ်ာ ပြုံး၏။

သူ့အပြုံးဆီမှ ကြည်နူးလဖ်ဆတ်ခြင်းတွေ ဖြူးဆီ ရောက်ရှိလာသလို စိတ်ထဲ အေးမြချမ်းမြေ့သွားရသည်။

"ဘာကြောင့်မှ မခွဲတော့ဘူး ဦးဟသ်ာရယ်နော်"



## အခန်း(၂၃)

သည်နေ့ ဖြူးဘဝ၏ အထူးခြားဆုံး ရက်တစ်ရက် ပါ။

ဦးဟသ်ာနှင့် ဖြူး လူကြီးတွေရှေ့မှာ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး လက်ထပ်လိုက်သည်။

ပြီးတော့ မင်္ဂလာဆွမ်းကျွေးကို အိမ်မှာပဲလုပ်သည်။

ဦးဟသ်ာက တက်ကြွလန်းဆန်းလျက် ပြုံးတုံ့တုံ့ ရှိနေ၏။

ဖြူးကတော့ ဦးဟသ်ာလက်မောင်းကို မလွှတ်တမ်း တွဲထားရင်း ခေါင်းတမော့်မော့် ဖြစ်နေရ၏။

ပျော်တယ် ဦးဟသ်ာရယ်…

သည်လိုဘဝမျိုးကို သည်တစ်သက် ပိုင်ဆိုင်ရလိမ့် မယ်လို့ ထင်တောင်မထင်ခဲ့ဘူး။

ဖြူး ကုသိုလ်ကံ ကောင်းလိုက်တာ။

ဦးဟသ်ာက ဖြူးကို အရိပ်လိုကြည့်ပြီး ချစ်နိုင်မယ့် လူပါ။

ဖြူးတို့ ညစ်ခံပွဲကို ဦးဟသ်ာ၏မိတ်ဆွေကြီးတွေ အများဆုံး လာရောက်အားပေးချီးမြှောက်ကြ၏။

ဖြူးကတော့ ဘယ်စာနယ်ဇင်းကိုမှ အသိမပေးဘဲ

တိတ်တဆိတ်ပဲ ဖြစ်မြောက်စေခဲ့သည်။

"ဖြူးလေး…ပျော်ရဲ့လား"

"ပျော်ပါတယ်"

"အရမ်းပျော်လား"

"ပျော်တာပေါ့၊ အရမ်းကိုပျော်တာ"

ဦးဟင်္သာ အင်္ကျီလဲဖို့ ကြယ်သီးတွေဖြုတ်ပေးရင်း ရယ်မောပြောမိသည်။

နို့နှစ်ရောင် တီရှပ်တစ်ထည်ကို ထုတ်ယူပေးတော့…

"ခဏနေဦး…ရေချိုးဦးမယ်လေ"

ဖြူး ခေါင်းညိတ်ပြရင်း အင်္ကျီကို ခုတင်ပေါ် ချထားမိသည်။

"အမြဲတမ်း ဒီလို ဂရုတစိုက် လုပ်ပေးနိုင်မှာမဟုတ်ဘူးနော်၊ ဖြူးက အလုပ်တစ်ဖက်နဲ့"

စိတ်ပျက်သလို ပြောသော စကားကြောင့် ဖြူး ကမန်းကတန်း ဖြေမိသည်။

"ရတဲ့အချိန်လေးမှာတော့ အတတ်နိုင်ဆုံး ဂရုတစိုက် ပြုစုမှာပါ ဦးဟင်္သာရယ်"

ဦးဟင်္သာက ဖြူးကိုယ်လေးကို လှမ်းဖက်ထားရင်း…

"သားသား မီးမီးတွေလည်း နှစ်ယောက်လောက် ဖြစ်ဖြစ် လိုချင်တယ်"

"အင်းပါ"

မျက်နှာပူ အနေခက်စွာနှင့်ပဲ အင်းလိုက်ရသည်။

"ကြည့်စမ်း…ကိုယ် ဘယ်လောက်ကံကောင်းလိုက်သလဲကွာ၊ ကိုယ်သိပ်ချစ်ရတဲ့ ကောင်မလေးက ကိုယ့်ကို



သားသမီးတွေ မွေးပေးမယ်တဲ့"

ဖြူး မကြားရဲသလိုဖြစ်မိတာမို့ ပခုံးပေါ်တင်ထားသော လက်တစ်ဖက်ကိုဖယ်ချရင်း ရေချိုးခန်းထဲ ဝင်လာဖြစ်၏။

မျက်နှာ၊ လက်၊ ခြေထောက် ဆေးကြောရင်း ရင်ထဲ တဒိတ်ဒိတ်နှင့် ခေါင်းပင်မူးဝေချင်၏။

ရှိနှင့်လိုက်သွားတုန်းကထက်ပင် အခုလှုပ်ခတ်မှုက သာချင်သေးသည်။ ဦးဟင်္သာနှင့် မျက်နှာချင်းဆိုင်ရမှာ ဘာလို့ သည်လောက်လန့်နေမိပါလိမ့်။

ဖြူး ရေချိုးခန်းထဲမှ ထွက်လာတော့ ဦးဟင်္သာက ဖြူးဆီလျှောက်လာပြီး ပွေ့ဖက်နမ်းရှိုက်၏။

"ကိုယ်ရေချိုးမယ်၊ ပြီးရင် ထမင်းစားကြရအောင်"

"အင်း"

ထမင်းလည်း စားမဝင်မှာ ကိုယ်တိုင်သိသည်။

"သန်ဘက်ခါ သွားမှာနော် ဖြူး၊ လေယာဉ်လက်မှတ်ယူထားပြီးပြီ"

"ဟုတ်ကဲ့"

ပျားရည်ဆမ်းခရီးဟုပဲ ပြောရမလား။

အင်းလေ…လက်ထပ်ပြီး သွားမှာဆိုတော့ အဲသည်လိုပဲ ပြောရတော့မှာပေါ့။

ရင်ထဲမှာ အပျော်တွေဖြည့်လျက် မှန်တင်ခုံမှာ ထိုင်သည်။ ခရင်မ်တစ်ခုကို အသာအယာပွတ်လိမ်းရင်း ဖြူး အရာအားလုံးကို မေ့လျော့နေမိသည်။

ရှိကိုရော၊ ဦးဟင်္သာ၏ အမြွာသားသမီးနှစ်ယောက်

ကိုရော ပြီးတော့ ဖြူး၏ အောင်မြင်ကျော်ကြားမှုရော …

အကုန်လုံး အကုန်လုံး ဘာတစ်ခုမှ သတိမရမိဘဲ ဦးဟာသ်ာနှင့် ရှေ့ဆက်လျှောက်လှမ်းရမယ့် အနာဂတ်လှလှကိုပဲ တွေးနေမိတော့သည့်အဖြစ်။

ဦးဟာသ်ာကို ဖြူး သိပ်ချစ်သွားရပြီ။

ဖြူး သက်တမ်းတစ်လျှောက်မှာ ဘယ်သူ့ကိုမှ သည်လောက် နက်ရှိုင်းကြီးမားစွာ တွယ်တာမိခြင်း မရှိခဲ့ပါ။

"ဖြူး"

မပီမသ ထွက်ပေါ်လာသော အသံကြောင့် ဖြူး ဆတ်ခနဲဖြစ်ရသည်။ မှန်တင်ခုံမှ ဖျတ်ခနဲထရပ်လျက် ရေချိုးခန်းဆီ လျှောက်သွားမိသည်။

"ဦးဟာသ်ာ …ဖြူးကိုခေါ်လား"

"အင်း"

စေ့ထားသော တံခါးကို တွန်းဖွင့်ဖို့ ဖြူး ဝန်လေးတုံ့ဆိုင်းနေမိ၏။

"ဖြူး"

အသံလေးလေးကြီးကို ထပ်ကြားတော့ ခေါင်းထဲ ထူပူသွားရပြီး တံခါးကို ဝုန်းခနဲဖွင့်မိသည်။

"ဟင် …ဦးဟာသ်ာ"

ပုံပျက်ပန်းပျက် လဲကျနေသော ဦးဟာသ်ာကို ပြေးပွေ့ထားရင်း ဖြူး ဘာလုပ်ရမှန်းမသိ။

"ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ"

ဖြူးအသံစူးစူးက ချောက်ချားလွန်းစွာ …

မျက်လုံးကလေး ပြူးထွက်လျက် တခြားစကား ပြော



မရနိုင်အောင် ရှိသည်။

"ဖုန်းဆက်၊ ဆရာဝန်ခေါ်"

လုံးထွေးနေသော စကားသံကြောင့် ခေါင်းထဲမိုက်ခနဲဖြစ်ရသည်။ ဦးဟာသ်ာ ကိုယ်ကြီးကို ဖြူးလည်း မ,မနိုင်ပါ။

ကမန်းကတန်း ဆရာဝန်ဆီရော မေမေတို့ဆီပါ ဖုန်းဆက်ပြီး ဦးဟာသ်ာအနားမှာ ထိုင်ငိုနေမိသည်။

ဖြူး ရင်ထဲမှာ ဘာမှမရှိတော့သလို လစ်ဟာကျ၏။

ပူလောင်ကျွမ်းမြည့်ခြင်းတွေက တစ်ကိုယ်လုံး ဝါးမျိုထားသည်။ မနည်းကြီး စိတ်ထိန်းထားလို့သာ သည်လောက်ရှိနေတာ။ စိတ်လျှော့ချလိုက်လျှင် ဖြူး ပျော့ခွေမေ့မြောသွားမှာ သေချာလှသည်။

"လေဖြတ်သွားတာ သမီးရဲ့၊ အောက်ပိုင်းတစ်ခုလုံးလေဖြတ်သွားတာ"

"အမယ်လေး"

မေမေ့စကားကြောင့် ဖြူးတစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထစေသည်။

ဟင့်အင်း …မဟုတ်ဘူး။

ဦးဟာသ်ာ ဘာမှမဖြစ်ပါဘူး။

ဖြူး မယုံနိုင်ဘူး။ မယုံနိုင်ဘူး။

အသံကုန်အော်ဟစ်ရင်း မေမေ့ရင်ခွင်ထဲ ယိုင်ကျသွားရ၏။

"ဖြူး"

ဦးဟာသ်ာ၏ စိုးရိမ်တကြီး ခေါ်သံကို ဖြူး ကြားလိုက်ပြီး ဘာတစ်ခုမှ သတိမရတော့။

ဖြူးကို ပျော်စေချင်တယ်ဆို။
အရာခပ်သိမ်း ပြည့်စုံချမ်းမြေ့စေချင်တယ်ဆို။
ဦးဟာသ်ာရယ် ··· ဖြူးဘယ်လို ပျော်နိုင်တော့မှာလဲ။
ဖြူး နှလုံးသားလေး မှောင်အတိကျသွားပါပြီ။

လောကကြီးနှင့် လူတွေအကြောင်းကို ဖြူး နားလည်ရပါပြီ။

ဝဋ်ဆိုတာကိုလည်း ဖြူး ယုံပါပြီ။

ဒေါနံ့သာ၏ အသည်းကို ရက်စက်စွာ ဖွကြေစေခဲ့သလို ဖြူး နှလုံးသားလေးလည်း စိစိညက်ညက် ကြေမွခဲ့ရပြီ။

ဇနီးကောင်းတစ်ဦးအပေါ် အသားလွတ် ဖြတ်တောက်မာကျောခဲ့သော ···

သားနှင့်သမီး၏ မျက်နှာကိုပင် ငဲ့ညှာမှုကင်းမဲ့စွာ

လူမဆန်အောင် ပြတ်သားပြခဲ့သော ဦးဟာသ်ာ ···

ခုတော့ ဖြူးနှင့် သာယာဖြောင့်ဖြူးသော ဘဝလမ်းကို မလျှောက်နိုင်တော့။

ခုတင်ပေါ်မှာ ဒရင်းဘက်ပေါ်မှာ အချိန်တွေကို ကုန်လွန်စေခဲ့သည်။ သွားချင်ရာမသွားနိုင်တဲ့ အနေအထား။

အချစ်ရဆုံး ပူပူနွေးနွေး ဇနီးသည်လေးကိုလည်း



တယုတယ ကြင်နာခွင့် မရတော့။

ကိုယ့်အဖြစ်ကို နာကျင်ခံခက် ဖြစ်ရလျက် နောင်တလည်းရသည်။ ဖြူးလေးကို သနားမိတာကတော့ မိုင်ကုန်။ ကမ်းကုန်ပါ။

သူ့ခမျာ ကိုယ့်အတွက် ထိခိုက်နေရှာသည်။

လူမမာနှင့် အမြဲနေသွားရမှာ ဘယ်လောက် စိတ်ဆင်းရဲစရာ ကောင်းလိုက်မလဲ။

ကိုယ့်ဘဝက အစစပြည့်စုံနေလျက် ရှင်သန်ရတာ ငရဲကျနေသူလို။

စိတ်၏ချမ်းမြေ့လွတ်လပ်ခြင်းကို ကိုယ်မခံစားနိုင်တော့။ ဘည်စည်းစိမ် ဉစ္စာတွေလည်း မမက်မောချင်တော့။

ဖြူးလေးနှင့် စိတ်သွားတိုင်းကိုယ်ပါ လျှောက်လှမ်းနိုင်ခွင့် ရမည့်ဘဝလေးကိုပဲ တောင့်တမိသည်။

ဖြူး မျက်နှာလေးက ခါတိုင်းလိုမဟုတ်ဘဲ ညှိုးရိပ်သမ်းနေတတ်သလို မျက်လုံးအိမ်မှာ မျက်ရည်က ပြည့်လျှံအရည်လဲ့နေတတ်သည်။

ညသန်းခေါင် သူ မသိအောင် တိတ်တဆိတ် ငိုရှိုက်နေတတ်တာလည်း သူသိသည်။

ကိုယ့်အဖြစ်အတွက် ရင်မချိအောင် ခံစားနေရှာသော ဇနီးသည်။

"ဘုရားရိုက်တာလား မသိဘူးနော်"

ဟု ယူကျုံးမရသလိုလေး ပြောတိုင်း သူ့ရင်ထဲနင့်သွားရ၏။

"ဖြူးလေး ဘာတစ်ခုမှ မလိုချင်တော့ဘူး၊ ဦးဟာသ်ာ

ကျွန်းမာလာရင် တော်ပြီ၊ အရာရာကို ဆုံးရှုံးခံရဲတယ်၊ ကြွယ်ဝမှုရော၊ အောင်မြင်မှုရော၊ အိုလေ …အကုန်လုံး ဘယ်ဟာမှ ဖြူး မမက်မောတော့ဘူး''

ဖြူး စကားသံလေးက တိမ်တိမ်တိုးတိုးလေး။

''ဦးဟသ်ာရယ်၊ ဖြူးရယ် သားသမီးတွေရယ် လွတ်လွတ်လပ်လပ် အေးချမ်းပျော်ရွှင်နေရရင် တော်ပြီ''

ဖြူး အမြဲ တမ်းတတတ်သော ဘဝလေး။

''ဖြူး …ကိုယ့်ကိုကွာပစ်လိုက်''

ပျောက်ကင်းဖို့ မလွယ်ကူမှန်းသိတော့ ဖြူးကို သူ ပြောမိ၏။

သိပ်ချစ်လွန်းလို့ ပြောရတာပါ ဖြူးလေးရယ်။

ကိုယ့်ကို မြင်နေ၊ တွေ့နေရရင် ဇနီးသည်လေး စိတ်ဆင်းရဲနေရှာမည်လေ။ ဖြူးက သူ့ကို ဒေါသဖြစ်စွာ ရန်တွေ့သည်။

''ဖြူးကို မစော်ကားပါနဲ့ ဦးဟသ်ာရယ်၊ ဖြူး မေတ္တာ တွေကို နားလည်ပေးပါ''

ဦးဟသ်ာက ဘာမှပြောခွင့်မရတော့။

ရှုံတင်မှ ပြန်ရောက်လာတာနှင့် သူ့အနီးအနားမှာသာ ပေတေပူးကပ်နေလျက် အရာရာကို မေ့နေတတ်ခဲ့သော ဖြူး။

''ဖြူးဘဝမှာ ဦးဟသ်ာမရှိလို့ မဖြစ်ဘူး၊ ဖြူးကို မာမာကျောကျော မပြောပါနဲ့နော်''

မျက်နှာငယ်လေးနှင့် တောင်းပန်တတ်ခဲ့သော ဖြူး။

''တစ်နေ့နေ့တော့ ဖြူးတို့အတွက် ကံကောင်းမယ့် အချိန်ဆိုတာ ရောက်လာဦးမှာပါ၊ ဝဋ်ကြွေးရှိလို့ ပေးဆပ်ရ



တယ်ပဲ မှတ်တော့တယ်၊ ဦးဟသ်ာ နေပြန်ကောင်းလာတဲ့နေ့ ဆိုတာလဲ ရောက်လာဦးမှာပါ၊ ဖြူး ယုံတယ်၊ သိလား''

မျက်လုံးလေးတွေ လက်လက်ဖြာလျက် ပြောနေသော စကားသံလေးတွေ။

''ဖြူး အဲဒီနေ့ကို စောင့်နေတာ၊ အဲဒီနေ့ဟာ ဖြူး ဘဝရဲ့ အပျော်ဆုံးနေ့ဖြစ်မှာပဲ''

မျက်ရည်လေးတွေ စီးကျနေတာကို ငေးကြည့်ရင်း သူ့ရင်ထဲ ဘယ်လိုမှ မဖြေနိုင်။

''နေကောင်းချင်တယ် ဖြူးရယ်၊ ကိုယ့်အတွက် မဟုတ်ဘူး၊ ကိုယ့်ကို သိပ်အားကိုးမျှော်လင့်နေတဲ့ ဇနီးသည်လေးအတွက်''

ဦးဟသ်ာစိတ်ထဲ တကယ်ပဲ ပကတိလူကောင်း ဖြစ်ချင်လာရသည်။

ဖြူးလေးပြောသလို ဝဋ်ကြွေးဆိုတာလည်း မြန်မြန်ကုန်ခန်းပါစေတော့။ ဖြူးကတော့ သူ့အပေါ် အသည်းနှင့်အောင် ချစ်ရှာ၏။

''အစကလေ ငွေတစ်ခုတည်းကြောင့် ဦးဟသ်ာကို ခေါင်းညိတ်ခဲ့တာ၊ ခုတော့ ဖြူး နားလည်ပါပြီ၊ ငွေရှိပြီး မပြည့်စုံနိုင်တာတွေ အများကြီးပါ''

ဖြူးက ပွင့်လင်းစွာ ဝန်ခံလာ၏။

''အခု ဖြူး ဘယ်လောက်ပဲချမ်းသာချမ်းသာ အောင်မြင်ကျော်ကြားမှု ဘယ်လောက်မြင့်မြင့်''

ဖြူးက အံလေးကြိတ်ထား၏။

''ဖြူး ဘဝကအလကားပဲ၊ သာမန်အမျိုးသမီး

တစ်ယောက်လောက်တောင် ဖြူး ကုသိုလ်မကောင်းဘူး၊ ဖြူး ခင်ပွန်းသည်က အိပ်ရာပေါ်မှာ ပက်လက်၊ ဖြူး အဖြစ်က ဘယ်လောက်ဆိုးရွားလိုက်သလဲ၊ ဘာကိုမှ မလိုချင်တော့ပါဘူး၊ ဦးဟသ်ာရယ်၊ ဖြူး ဘာမှလိုချင်တပ်မက်စိတ် မရှိတော့ပါဘူး”

ငိုရှိုက်ရင်း မချိမဆံ့ရေရွတ်သော စကားသံလေးတွေက ဦးဟသ်ာ အသည်းကို တစ်စစီ ကြွေစေသည်။

“ဖြူး လိုချင်တာ တစ်ခုတည်းပဲ၊ ဦးဟသ်ာကို လက်တွဲပြီး ခေါင်းမော့လမ်းလျှောက်ချင်တယ်၊ ဖြူးအနားမှာ ဖြူး ခင်ပွန်းအဖြစ် မားမားမတ်မတ် ရပ်နေစေချင်တယ်၊ ဦးဟသ်ာ နေပြန်ကောင်းလာဖို့ဆို ဘာပဲပေးရပေးရ ဖြူး ပေးနိုင်ပါတယ်၊ ဖြူး လိုချင်တဲ့အနေအထားကို ဘယ်တော့ရမှာလဲဟင်”

ဖြေမရ၊ နေမရစွာ အကြိမ်ကြိမ်အခါခါ ညည်းညူတတ်သော ဖြူး။ နောက်ပိုင်းမှာတော့ အနည်ထိုင် ရင့်ကျက်စပြု၏။

ဖြူးပုံစံလေးက အရာအားလုံးကို မဟုတ်သည့်တိုင် အရာတော်တော်များများကို နားလည်ခံစား သဘောပေါက်ပုံနှင့် တည်ငြိမ်စပြုလာ၏။

ပြည့်လျှံနေသော ရေအိုးတစ်လုံးကို ဘောင်ဘင်ခတ်မှု နည်းပါးလာသည်။ ချီးကျူးလျှင်လည်း မမြောက်တော့၊ ကဲ့ရဲ့လျှင်လည်း မဖြုံတော့။

ပူပြင်းဆုံး ဒဏ်ရာတစ်ခုကို ရရှိခဲ့ဖူးပြီမို့ တော်ရုံတန်ရုံဝေဒနာကိုလည်း ခံနိုင်ရည်ရှိခဲ့ပြီ။



ဖြူး အာရုံတစ်ခုလုံးထဲမှာ ဦးဟသ်ာ နေပြန်ကောင်းဖို့ဆိုတာ တစ်ခုပဲ ကြီးမားစွာမျှော်လင့်ထားမိသည်။

ဦးဟသ်ာအတွက် ရည်စူးပြီး အလှူအတန်းမျိုးစုံ လှူသည်။ ဦးဟသ်ာကလည်း ဖြူး လှူတန်းသမျှ သာဓုခေါ်၏။ ကြည်ဖြူမှုလည်း ရှိ၏။

အလှူတစ်ခု ပြီးမြောက်တိုင်း ခင်ပွန်းသည် ကျန်းမာဖို့ပဲ ဆုတောင်းမိ၏။

ပြီးတော့ ဘဝဆက်တိုင်းဆက်တိုင်း သားသမီးတွေနှင့် အေးချမ်းပျော်ရွှင်စွာ နေရခွင့်ကို တမ်းတဆန္ဒပြုမိသည်။

ဖြူးရင်ထဲမှာ အပျော်ဆိုတာ မရှိတော့။

စက်ရုပ်တစ်ရုပ်နှယ် လှုပ်ရှားနေရပေမယ့် ခံစားချက်အစုစုက ရင်မှာ နာကျင်အုံခဲနေခဲ့သည်။

## အခန်း (၂၄)

ရှုတင်အပြီး အပြန်လမ်းမှာ ကူရှင်ကို မှီချလိုက်ပါလာရင်း စိတ်အစဉ်က အိမ်ပဲရောက်နေသည်။

သည်အချိန်လောက်ဆို ဦးဟသ်ာ နေ့လယ်စာ စားပြီးလောက်ပြီ။ စိတ်လိုလက်ရ အားပါးတရမှ စားရဲ့လား။

ဖြူး အနားမှာရှိနေပြီး တဖွဖွပြောမှ စားဖို့သောက်ဖို့ စိတ်ပါတတ်သော ခင်ပွန်းသည်။

ဦးဟသ်ာ အနားမှာပဲ နေနိုင်အောင် ဖြူး ကြိုးစားပါ့မယ်။

"ဖြူး ရုပ်ရှင်မရိုက်တော့ဘူး"

ဟု ပြောတော့ ဦးဟသ်ာက မနှစ်သက်လှပုံနှင့်တား မြစ်သည်။

"အဓိပ္ပာယ်မရှိတာကွာ၊ ဖြူး ဝါသနာပါတာကို ဘာလို့ဖျက်ဆီးပစ်ရမှာလဲ၊ ကိုယ့်ကိုချစ်ရင် ထိပ်ဆုံးရောက်အောင် ကြိုးစားပြကွာ" တဲ့။

ဦးဟသ်ာရယ် ··· ဖြူး ကြိုးစားပါ့မယ်။

ဖြူးနဲ့ ဦးဟသ်ာတို့ရဲ့ စစ်မှန်တဲ့မေတ္တာတရားကြောင့် အရာရာဟာ အောင်မြင်ခြင်းနဲ့ပဲ အဆုံးသတ်ရမှာပေါ့။

"သမီး ···ကြည့်လိုက်စမ်းပါဦး၊ ရုပ်ရှင်ရုံရှေ့မှာ



လူတွေ ကြိတ်ကြိတ်တိုးပါလား"

မေမေကပြောတော့ ဖြူး လှမ်းကြည့်မိသည်။

ကားကလည်း မီးပွိုင့်ရှေ့မှာ ရပ်တန့်သွားတာကြောင့် ကြာကြာကြည့်ခွင့်ရ၏။

ဖြူးကို အားပေးနေလိုက်ကြတာ။

ဦးဟသ်ာ ဖြစ်စေချင်သလို ဖြစ်လာအောင် ကြိုးစားပြခဲ့ပြီနော်။

ဖြူးဖြူးဇော်မောင်ဆိုပြီး နံပါတ်တစ်နေရာမှာ ရပ်ပြခဲ့တာ။ ဒါပေမယ့်လေ ဖြူးတော်လို့၊ ထက်လို့ အဲသည်လိုတစ်ခုတည်း မယူဆထားပါဘူး။ ပါရမီရယ်၊ ကံရယ်၊ ပြီးတော့ ကြိုးစားမှုရယ်၊ နောက်ပြီး ···

တစ်ဖက်မှ အနိမ့်ဆုံးရောက်အောင် ရှုံးနေရသူမို့ အခြားတစ်ဖက်မှာ ဖြေသိမ့်နိုင်စရာ အောင်မြင်မှုလေးတစ်ခု ပေးထားတာနေမှာပါ။

သည်လောက် အောင်မြင်ကျော်ကြားနေတဲ့ အနေအထားကို ဖြူး ဘယ်မှာပျော်လို့လဲ၊ ဘယ်မှာ ကျေနပ်နိုင်လို့လဲ။

ဖြူးရဲ့ အသည်းနှလုံးမှာက ဝေဒနာဆိုးတွေနဲ့ ပြည့်နှက်ထိရှနေရပြီ ဦးဟသ်ာရယ်။

အောင်မြင်မှုဆိုတာကိုရော၊ စည်းစိမ်ဥစ္စာ ဆိုတာကိုရော၊ ဖြူး အရင်တုန်းကလောက်ကြီး ငမ်းငမ်းတက် မလိုချင်တော့ပါဘူး။

ငွေရှိတိုင်း အရာရာပြည့်စုံမယ်ဆိုတာလည်း ဖြူး မယုံ တော့ပါဘူး။ လောကကြီးမှာ ပြည့်စုံ သာယာခြင်းဆိုတာ

ရှိဖို့ အင်မတန်ခက်ခဲပါလိမ့်မယ်။

“ဒီဘက်ရုံမှာလဲ သမီးကားပဲ၊ ပြီးခဲ့တဲ့တစ်ပတ်က တင်တာမဟုတ်လား”

“ဟုတ်တယ် မေမေ”

လက်ထဲတွင်ကိုင်ထားသော ချိုရည်ဘူးလေးကို ဖောက်သောက်ရင်း ခေါင်းညိတ်မိသည်။

“ခုထိ လူများနေတုန်းပဲ၊ သမီးကားဆို လူမဝင်တာ မရှိဘူးလို့ ဦး ...က ပြောနေသေးတယ်”

“အင်း”

မေမေ့ကိုငေးကြည့်ရင်း ဖြူး ငိုချင်နေမိသည်။

ဖြူး မပျော်ပါဘူး မေမေရယ်။

ဦးဟသ်ာက ဖြူးဘေးမှာ အမြဲရှိမနေနိုင်ဘူးလေ။

ဖြူးကတော့ သွားလာလှုပ်ရှား သွက်လက်လို့။

သူ့မှာတော့ အိပ်ရာပေါ်မှာ။

ဖြစ်ချင်တာတွေ၊ လိုချင်တာတွေ၊ မက်မောတာတွေ။

ဘာဆန္ဒတစ်ခုမှ ရှိရှာမည်မထင်။

ဦးဟသ်ာ ဘဝကြီး အဓိပ္ပာယ်မဲ့နေတာ ဖြူး ဘာလုပ်ပေးရမလဲ။ ဘာကူညီရမလဲ။

သက်ပြင်းတစ်ချက်ကို ရှည်လျားစွာရှိုက်ရင်း မျက်လုံးတွေ မှိတ်ထားမိသည်။

အိမ်ရောက်တော့ မဂ္ဂဇင်းသမားနှစ်ဦးက ထိုင်စောင့်နေသည်။ ဒါရိုက်တာဆီမှ ဖုန်းခေါ်သံလည်း ဝင်လာ၏။

များပြားလှသော အလုပ်တွေကြားထဲ စိတ်နှစ်ထားရပေမယ့် ဦးဟသ်ာဆီ ရောက်ချင်စိတ်ပဲ များနေရ၏။



“ဦးဟသ်ာရော”

“ခြံထဲမှာ”

“ခြံထဲဆင်းတယ်၊ ဟုတ်လား”

“ဟုတ်ကဲ့”

လှိုက်ခနဲပျော်သွားတာ ဘာနှင့်မှမတူ။

ဧည့်သည်တွေကို လက်ခံစကားပြောပြီး ဒါရိုက်တာဆီမှ ကားတစ်ခုကို လက်ခံခေါင်းညိတ်ပြီး ဖြူး ကမန်းကတန်း ရေချိုးသည်။

ရေချိုးပြီးထွက်လာတော့ အပေါ်ထပ်ဝရန်တာမှ ခြံထဲကို ငုံ့ကြည့်မိ၏။ အေးအေးလူလူထိုင်ရင်း ငေးမောနေလိုက်တာ။

အနီးအနားမှာ ဦးဟသ်ာကိုပြုစုဖို့ ခေါ်ထားသည့် အမျိုးသားကူ ရပ်နေသည်။

သွက်လက်စွာ အဝတ်အစားလဲရင်း ဆံပင်ပင် မဖြီးနိုင်သေးဘဲ ခြံထဲ ပြေးဆင်းလာမိသည်။

ခြံထဲရောက်တော့ ဦးဟသ်ာက လှမ်းကြည့်သည်။

မယောင်မလည် ရပ်နေသော ကောင်လေးက ကျောခိုင်းလှည့်ထွက်သွား၏။ ဖြူးရော်နေသော ဦးဟသ်ာ ပုံစံက အရမ်းပိန်ကျုလို့နေသည်။

မျက်လုံးညိုညိုတစ်စုံသာ မပြောင်းမလဲ ရှိနေ၏။

“ပြန်လာပြီလား”

“ဟုတ်ကဲ့”

အပြုံးနှင့် လှမ်းမေးတာကြောင့် ခြေလှမ်းတွေ သွက်သွားရ၏။

"နေကောင်းတယ်နော်"

"ကောင်းတယ်၊ ဒီနေ့ စိတ်လန်းဆန်းလို့ လာထိုင်တာ"

"အင်း . . .ဆရာဝန်က ဘာပြောသေးလဲဟင်၊ ဒီနေ့ မနက်လာသွားတယ် မဟုတ်လား"

"မလွယ်ဘူးတဲ့"

ဖြူး မျက်နှာလေး မဲ့ကျသွားသည်။

အဲသည်ဆရာဝန်က သိပ်တော်တယ်ဆိုလို့ ဖြူးက မျှော်လင့်တကြီး အားကိုးထားမိတာ။

"စိတ်ထိခိုက်သွားလား"

သက်ပြင်းရှိုက်ရင်း ပြန်မဖြေဖြစ်ပါ။

"ဖြူးလေးကို အကယ်ဒမီ တစ်ကြိုပေးထားတယ်ဆို၊ အသံတွေထွက်နေပြီ၊ ကိုယ် အရမ်းကျေနပ်တယ်"

ဖြူးက ဦးဟသ်ာဘေးမှာထိုင်ချရင်း လက်မောင်းကလေးကို ဆုပ်ကိုင်မှီထားမိသည်။

"ဘဝဆိုတာ ဒီလိုပေါ့ ဖြူးရယ်၊ အားငယ်နေပြီလား"

"ဟင့်အင်း"

ခေါင်းယမ်းပြပေမယ့် မျက်ရည်စတွေက ဦးဟသ်ာလက်မောင်းပေါ် လွင့်စဉ်ကျသည်။

"ဖြူးလေး ငိုပြန်ပြီ"

မကြိုက်မှန်းသိတာကြောင့် မျက်ရည်တွေကို သုတ်ပစ်သည်။

"ကိုယ့်ဘဝက လောကကြီးထဲမှာ ရှင်နေလျက်နဲ့



လောကအပြင်ဘက်ကို ရောက်နေသလိုပဲ"

"ဖြူး နားလည်ပါတယ် ဦးဟသ်ာရယ်၊ ဖြူး ခံစားတတ်ပါတယ်"

"ဒါပေမယ့် ဖြူးကို အဲဒီလိုမျိုး မဖြစ်စေချင်ဘူး၊ ပျော်နေစေချင်တယ်၊ ဖြူး ရယ်နေတာလေးကိုပဲ ကိုယ်မြင်ချင်တယ်၊ အဲဒါကြောင့် ဖြူးကို အလုပ်ထဲ စိတ်နှစ်ကြိုးစားခိုင်းတာ၊ ကိုယ့်အနားမှာ နေချိန်များလေ ဖြူး ပိုစိတ်ညစ်ရလေဖြစ်မှာပဲ"

"တော်ပါတော့ ဦးဟသ်ာရယ်၊ မကြားချင်တော့ဘူး"

သည်းသည်းလှိုက်လှိုက် ငိုရှိုက်ရင်း တားမြစ်မိသည်။

သည်လောက် ခါးသီးပြင်းထန်လွန်းတဲ့ ဒဏ်ရာကို ဖြူး ဘာလို့ခံစားနေရတာလဲ။

အပျော်ရက်တွေ ဘယ်တော့ ရောက်ရှိလာမှာလဲ။

သည်တစ်သက်အဖို့ ဖြူး ခေါင်းမော့ပြုံးနိုင်မယ့် အချိန် ရရှိပါဦးမလား။

ဖြူးရဲ့ မျှော်လင့်ချက်လေးတွေ အရာထင်လာပါ့မလား။

မသေချာသော အနာဂတ်ခရီးက မျက်ဝန်းထဲမှာ ထင်ရှားစွာ ပုံဖော်ကြည့်မရနိုင်။

"ဘယ်လိုပဲဖြစ်ဖြစ်၊ ကျေနပ်ရောင့်ရဲတဲ့စိတ်ကို မွေးပါ ဖြူးရယ်"

ဦးဟသ်ာက အားပေးနှစ်သိမ့်သည်။

"ဖြူး ငိုတာ မမြင်ချင်ဘူး၊ နောက်တစ်ခါ မငိုနဲ့နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ဦးဟာသ်ာရယ်"

ရှိနေတဲ့ဘဝကိုပဲ ကျေနပ်ရောင့်ရဲနိုင်အောင် ဖြူး ကြိုးစားပါတော့မယ် ဦးဟာသ်ာ။

ဦးဟာသ်ာ ပခုံးပေါ် ခေါင်းမှီချတင်ထားရင်း ရင်ထဲ နူးညံ့ကြည်မွေ့ခြင်းတွေ ဝင်လာရ၏။

ပူလောင်ပြင်းပြခြင်းကင်းတဲ့ ...

အေးမြသော၊ သန့်စင်သော၊ မြင့်မြတ်သော၊ နွေးထွေးသော ...

တခြား လူတစ်ဦး ဘယ်လိုမှ လိုက်မမှီနိုင်သော...

အထူးခြားဆုံး အချစ်နှင့် ...

ဖြူးတို့နှစ်ဦး တစ်ယောက်ကို တစ်ယောက် ရစ်နှောင်ထားကြတာ ဘုရားသခင်ပဲ အသိနိုင်ဆုံးဖြစ်မည်။

ဟာသ်ာဆိုသော လူမမာကို စည်းစိမ်တွေထက် ကျော်ကြားမှုထက် ဖြူးဘဝထက် ...

အိုလေ ...အရာရာတိုင်းထက် ပိုမိုပြီး ...

မက်မောသည်။

မြတ်နိုးသည်။

ချစ်ရပါသည်။

ဖြူး နှလုံးသားလေး အလင်းရောင် ရရှိလာမည့် အချိန် ကို အမြန်ဆုံး ပေးသနားပါတော့။

ရှိစုမဲ့စုအင်အားလေးနဲ့ ဖြူး ရှင်သန်နေရတာပါ။



"သမီး ...သမီးလေး"

"အင်"

လူးလှိမ့်ရင်း ဖြူး အိပ်ချင်မပြယ်နိုင်အောင်ရှိသည်။

"ကိုယ်တွေနွေးနေပါလား၊ အိပ်နေတာလဲ အကြာကြီးပဲ"

ဖြူး မျက်လုံးတွေ ဆတ်ခနဲ ပွင့်လာရ၏။

ငေါက်ခနဲထထိုင်ပြီး အခန်းထဲကို ဝေ့ဝဲကြည့်မိသည်။

"ဘာဖြစ်လို့လဲ သမီးလေး၊ နေမကောင်းဘူးလား"

နဖူးပြင်လေးကို စမ်းသပ်ကြည့်ရင်း မေမေက စိုးရိမ်တကြီးမေး၏။

"ရှုတင်ကို မလာဖြစ်တာ ပြောခိုင်းလိုက်တယ်လေ၊ သမီးက ဒီလိုမပျက်ဖူးတော့ အံ့သြနေတာ၊ နေမကောင်းဘူးဆိုတော့ စိုးရိမ်နေရှာသတဲ့"

"ဟုတ်လား မေမေ"

နဖူးပေါ်ကျနေသော ဆံပင်တွေကို လက်နှစ်ဖက်ဖြင့် သပ်တင်ရင်း ...

"ဦးဟာသ်ာရော"

"ညမှလာမှာဆို"

"ဟင် ..."

ဖြူး မျက်လုံးလေးတွေ အံ့သြမှုနှင့် ဝိုင်းစက်သွားရ

သည်။

"ဒေါနုံ့သာလဲ မသေဘူးနော်"

မေမေက ဖြူးကို ကြောင်အမ်းစွာ ငေးကြည့်နေ၏။

"သမီး အိပ်မက်မက်နေတာ မေမေရဲ့"

"ဟုတ်လား၊ ကဲ …ကဲ ထတော့၊ ရေချိုးရင် ချိုးလိုက်ပါလား၊ ကိုယ်တော့ နည်းနည်းနွေးနေတယ်"

"ချိုးလိုက်မယ် မေမေ၊ ခေါင်းထဲမကြည်ဘူး"

မေမေထွက်ခွာသွားတော့ ခုတင်ပေါ်မှာ မေးလေးထောက်ထိုင်နေရင်း ရင်ထဲ ပေါ့ပါးသွားရသည်။

အိပ်မက်တဲ့။

တော်ပါသေးရဲ့။

ခေါင်းလေးကို ခါယမ်းပစ်လျက် ရှုပ်ထွေးနောက်ကျိနေသမျှ ထုတ်ပစ်သည်။

အိပ်မက်ထဲမှာ …

"နင့်နဲ့သော ခံစားမှု"

က ခုထိ ထင်ကျန်နေတုန်း။

အဲသည်လို တကယ်သာဆို ဖြူး ရူးသွားနိုင်သည်။

ကြံကြံဖန်ဖန် မက်လည်းမက်တတ်တဲ့ အိပ်မက်။

တစ်ကွက်ချင်း တစ်ကွက်ချင်း ရုပ်ရှင်ရိုက်နေသလို။

အို …ကြောက်စရာကောင်းလိုက်တာ။

ဖြူး ရေချိုးပြီးချိန်အထိ လှန့်စိတ်မပြယ်နိုင်။

တစ်ကိုယ်လုံး နုံးချွေမွန်းကျပ်လျက် ဝေခွဲရခက်စွာ ခြံထဲဆင်းထိုင်နေမိ၏။

ညဆို ဦးဟာသ်ာ ရောက်လာတော့မည်။



ဖြူး သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။

သေချာဆုံးဖြတ်ပြီးသား အဖြေတစ်ခုက အိပ်မက်ဆိုးကြောင့် ဝေဝါးလာရသည်။

ဖြူး လက်ခံခေါင်းညိတ်လိုက်လျှင် …

ဒေါနုံ့သာဆီမှ ဦးဟာသ်ာက ကွာရှင်းစာချုပ်တောင်းလျှင် …

မိသားစုတစ်ခုကို ဖြိုခွဲပြီးမှ ဖြူးတို့နှစ်ဦး ရယ်မောလက်တွဲလျှင် …

အို …မဖြစ်သေးပါဘူး။

တစ်အိမ်မှာ မီးငြိမ်းမှ ဖြူးအိမ်မှာ မီးလင်းရမယ့်အဖြစ်မျိုး။

ဒေါနုံ့သာရင်ထဲ ဘယ်လိုရှိရှာမလဲ။

အမြွှာလေးနှစ်ဦးကကော၊ ဘယ်လောက် ခံစားရမလဲ။

ဖြူး ကိုယ်တိုင်ကော၊ ဦးဟာသ်ာ ကိုယ်တိုင်ကော…

ဖြူး ဆက်မတွေးဝံ့တော့ပါ။

အိပ်မက်ထဲမှာတောင် ရင်ထဲ တနင့်နင့်နဲ့ အသက်ရှူမဝအောင် ခံစားငိုရှိုက်လိုက်ရတာ။

ဦးဟာသ်ာရယ် …ဖြူး ဘယ်လိုဆုံးဖြတ်ရတော့မှာလဲ။

ခြံထဲမှာလည်း ကြာကြာထိုင်နေမရဘဲ အိမ်ပေါ်ပြန်တက်လာခဲ့သည်။

ဦးဟာသ်ာ၏ ဖုန်းနံပါတ်ကို အလိုလိုနှိပ်မိသည်အထိ တစ်စုံတစ်ရာ ဘာတစ်ခုမှ တိတိကျကျ မဆုံးဖြတ်နိုင်သေး။

"ဦးဟသ်ာ ရှိပါသလားရှင်"

ဖြူး အမေးကို တစ်ဖက်မှ ချက်ချင်းမဖြေသေးဘဲ ခဏကြာမှ …

"မရှိပါဘူး၊ ကလေးတွေ ကျောင်းသွားကြိုပါတယ်"

"ဪ"

ဖြူး ရင်ထဲမှာ မြားတစ်စင်း လာရောက်ထိမှန်သလို စူးရှသွားရ၏။

"ဘယ်တော့လောက် ပြန်ရောက်မှာလဲ"

"ကျောင်းကြိုပြီး ဈေးလဲဝင်မယ် ပြောပါတယ်"

"ဟုတ်ကဲ့"

"မှာစရာရှိရင် မှာခဲ့ပါ၊ ကျွန်မ သူ့ဇနီးပါ"

နှုတ်ခမ်းကလေးကို ဖိကိုက်ထားရင်း ဖြူး ဘာဆက်ပြောရမှန်းမသိ။

"ဒီနေ့ ကျွန်မ နေမကောင်းတာနဲ့ ဈေးမသွားနိုင်ဘူးလေ၊ မနက်ဖြန်အတွက် အဆင်သင့်ရအောင် ကြိုဝယ်ထားမှာ၊ မနက်ကတော့ ကျွန်မ ထွက်သေးတယ်"

ဖြူးရင်ထဲ တင်းကျပ်မောပန်းလာရသည်။

"ဘာမှာထားခဲ့မလဲ၊ ဘာပြောပေးရမလဲ"

နူးသာအသံက အေးငြိမ်းချိုသာလွန်းလှသည်။

"ဟင့်အင်း …ဘာမှမမှာတော့ဘူး"

ဖုန်းခွက်ကို ခပ်ဖြည်းဖြည်းချရင်း လက်ဖျားလေးတွေ အေးစက်လာရသည်။ မျက်လုံးလေးတွေ ညှို့မှိုင်းလာလျက် ခပ်တောင့်တောင်ကလေး ထိုင်နေမိသည်။

ဖြူးကြောင့် နွေးထွေးသာယာ စိုပြည်နေသော မိသားစုလေး …ဖြူး ခေါင်းယမ်းမိသည်။

အပြစ်ကင်းကင်းနဲ့ ဖြူစင်ခြင်းကိုပဲ ဖြူး လိုချင်ပါတယ်။ ရှိနေတဲ့ အနေအထားအပေါ်မှာပဲ ကျေနပ်ရောင့်ရဲနိုင်အောင် ကြိုးစားကြရအောင်လား ဦးဟသ်ာ။

ဖြူး မျက်နှာလေး ဝင်းပကြည်လင်လာရသည်။

## အခန်း (၂၅)

ဧည့်ခန်းမှာထိုင်နေရင်း ဦးဟသ်ာကို စောင့်နေမိသည်။

မျက်နှာပြင်က ပကတိ ကြည်စင်နေပေမယ့် ရင်ထဲမှာတော့ အရှုံးတစ်ခုကို ခံစားရရှိလိုက်သလို နင့်နေရသည်။

ဦးဟသ်ာ ကားသစ်သစ်ကလေး အိမ်အဝင်ဝမှာ တုံ့ခနဲ ရပ်တော့ ဖြူးရင်ထဲ ဒုတ်ခနဲမြည်ရသည်။

မျက်ရည်တွေက ဘယ်လိုကဘယ်လို ဝေ့ဝဲတက်လာမှန်းမသိလိုက်ပါ။ တစ်လှမ်းချင်း လျှောက်လာနေသော ဦးဟသ်ာ ခြေလှမ်းတွေအောက်မှာ ဖြူး မာနတရားတွေ ပိပြားကုန်ရပြီ။

"ဟင်"

ဖြူးရှေ့မှာ မတ်တတ်ရပ်လျက် အံ့သြသလိုကြည့်တော့ ထူပူရှက်ရွံ့စိတ်နှင့် ခေါင်းငုံ့ထားဖြစ်၏။

ဖွေးသန့်သော ခြေထောက်တစ်စုံက မျက်ရည်တွေကြားမှာ ဝိုးတဝါးမြင်ရသည်။

"ဖြူး"

လက်ထဲတွင် ဆုပ်ကိုင်ထားသော ရှုပ်ပဝါစလေးနှင့် မျက်ရည်တွေ သုတ်ပစ်သည်။

ရှုပ်ပဝါစလေးမှ ကြယ်ပွင့်ကလေးတွေက ဖြူးကို ရယ်မောလှောင်ပြောင်နေမှာလား။



စေ့စေ့စပ်စပ် မတွေးဘူးဆိုလျှင်တော့ ...

ဘယ်သူ ဘာဖြစ်ဖြစ် ကိုယ်ကောင်းရင် ပြီးရော သဘောပိုက်နိုင်လျှင်တော့ ...

ပေါ့ပေါ့တန်တန်နှင့် အရာရာကို ရင်ဆိုင်ကျော်ဖြတ်ရဲလျှင်တော့ ...

စည်းစိမ်ဥစ္စာနှင့် ဂုဏ်ပကာသန တစ်ခုတည်းကိုသာ ကြည့်လျှင်တော့ ...

ရှိလို ဘယ်သူနှင့်ဖြစ်ဖြစ် လက်တွဲလိုက်ဖို့ ဝန်မလေးတတ်လျှင်တော့ ...

ဖြူး ခုလိုငိုရမှာမဟုတ်ဘူး ထင်တယ်နော်။

ဒေါ်နန့်သာကိုရော အမြွှာကလေးနှစ်ဦးကိုရော၊ ပတ်ဝန်းကျင်ကိုရော အားလုံး အားလုံး မျက်နှာပြောင်တိုက်ဝံ့လျှင် ခေါင်းငုံ့မျက်ရည်ကျရမှာ မဟုတ်ဘူး။

ငွဲ့သွာစိတ်၊ စာနာစိတ်၊ အကြောက်တရားနှင့် ယှဉ်သည့်မေတ္တာစိတ် ...

နေ့ခင်းက အိပ်မက်က ဖြူး ဆုံးဖြတ်ချက်တွေကို ဖျက်ဆီးပစ်လိုက်နိုင်ပြီ။

မနေ့တုန်းကအထိ ...

"ဂရုမစိုက်ပါဘူး၊ လုံးဝပဲ"

ဟု မျက်နှာမော့ နှုတ်ခမ်းစေ့ထားနိုင်ခဲ့သော မာကျောခက်ထန်သည့် စိတ်ရိုင်းတွေ ဖြူးရင်မှာ မရှိတော့။

ရောင့်ရဲတင်းတိမ်ကြပါစို့ ဦးဟသ်ာရယ်။

ဖြူးလည်း သူများဘဝကို မဖျက်ဆီးပစ်ရက်ပါဘူး။

ဦးဟသ်ာကိုလည်း ဖြူး မယူတော့ပါဘူး။

ခေါင်းညိတ်လက်ခံဖို့ ဖုန်းဆက်ခေါ်ခဲ့ပေမယ့်

ရှေ့မှောက်ရောက်လာချိန်မှာတော့ ခေါင်းယမ်းငြင်းဆန်ဖို့ပဲ အင်အားမွေး ပြင်ဆင်ထားမိပြီ။

ဖြူးအပေါ် ဦးဟသ်ာ နားလည်နိုင်ပါစေ၊ အမြင်ကြည်လင်ပါစေ။

တစ်ဦး၏အချစ်ကိုရဖို့ သုံးဦး၏ အမုန်းအမျက်ကို ထိရောက်ခံစားရမယ်ဆို …

အဲသည်တစ်ဦးရဲ့ မေတ္တာကိုလည်း ဖြူး မလိုချင်တော့ပါဘူး။

ဒေါ်နှံ့သာဆိုတာ ဦးဟသ်ာကို အဦးဆုံးပိုင်ဆိုင်ခဲ့တဲ့ ဇနီးသည်ပါ။

အိပ်မက်ထဲမှာလို နောက်မှ နောင်တမရချင်ဘူးကွယ်။ တစ်နည်းမဟုတ် ဆိုးရွားတဲ့ ရိုက်ချက်ကို ခံစားရမှာပဲဆိုတာ ဖြူး ကြိုသိနေမှတော့ ဘယ်လိုလုပ် ရှေ့ဆက်တိုးဝံ့ပါ့မလဲ။

"ဖြူး"

ဦးဟသ်ာအသံက နားထဲမှာ ဝေးဝေးသွားသည်။

ဖြူး ဘယ်လိုစကားစရမှာလဲ။

မျှော်လင့်ချက်တွေ ပြည့်လျှံဖိတ်ကျနေပေမယ့် မျက်ဝန်းညှိုညှိုတစ်စုံကို ယှဉ်ကြည့်ပြီး ခေါင်းယမ်းပြနိုင်မယ့် စွမ်းအားမျိုး ဖြူးမှာ မရှိဘူး။

မဖြစ်နိုင်တဲ့ ဘဝတစ်ခုကို ဘာလို့စကြမလဲ ဦးဟသ်ာ ရယ်လို့လည်း မေးမထွက်ပါဘူး။

ဦးဟသ်ာကို ဖြူး နားလည်တယ်။

ဦးဟသ်ာရဲ့ အချစ်ကိုလည်း ဖြူး တစ်အားယုံပါတယ်။



ကံမကောင်းဘူးနော်။

ရှိနှင့်တုန်းကလည်း အနှစ်ပါတဲ့ ချစ်ခြင်းမေတ္တာကို မရခဲ့ဘူး။ အခု ဖြူးကို နှင့်နှင့်နဲ့နဲ့ချစ်ရတဲ့လူနဲ့ ဆုံလာပြန်တော့လည်း ဖြူးက နောက်ဆုတ်ကျန်ရစ်ခဲ့ရပြီ။

ဖြူး ပျော်ရွှင်အနိုင်ရမယ့် အလှည့်ဆိုတာကော ရှိလာပါ့မလား။

အရှုံးတွေနှင့်ချည်း ဆက်တိုက်ကြုံလာရတော့ ဖြူးရင်ထဲ ဝေဒနာတွေ တိုးလာရသည်။

"ဖြူး"

"ထိုင်ပါ ဦးဟသ်ာ"

ရှေ့တည့်တည့်မှခုံကို ညွှန်ပြရင်း ပြောမိသည်။

"ဖြူး ငြင်းပါရစေ"

ခက်ခဲကြာမြင့်စွာ ရင်မှာတေးထားရသော စကားတစ်ခွန်းက ပြောချလိုက်တော့လည်း ဘာမှ ထူးခြားမနေ။

"ငြင်းမယ်"

"ဟုတ်ကဲ့"

"ဘာလို့လဲ ဖြူး"

"အဲဒါတွေ ဖြူး ရှင်းပြစရာလိုမလား ဦးဟသ်ာရယ်"

"ဪ"

ဦးဟသ်ာက ဖြူးကို တွေတွေကြီး ငေးစိုက်ကြည့်နေသည်။

အချိန်ကြာမြင့်စွာ တိတ်ဆိတ်မှုက ကြီးစိုးထား၏။

ဖြူးရင်ထဲမှာ ဘာတစ်ခုမှ ပြောစရာမရှိတော့သလို ဟာကျနေလျက် တကယ်တမ်းပြောမည်ဆိုလည်း တစ်ညလုံး

ထိုင်ပြောလျှင်ပင် စကားတွေ ကုန်နိုင်မည်မဟုတ်တာ သေချာ၏။

ဘာအကြောင်းအရာတွေကို ထွေထွေထူးထူး ပြောပြနေရဦးမှာလဲ။

ဖြူးရော ဦးဟာသ်ာရော သိထားပြီးသားကိစ္စတွေပါ။

ရှေ့တိုးမလာဝံ့တာ ရယ်ချင်ရယ်လိုက်ပါ ဦးဟာသ်ာရယ်။

ဘာကိုမှ အရေးမထားသလို ပေါ့ပေါ့ပါးပါးလေးနေတတ်ခဲ့ပေမယ့် အမှန်တကယ်ကျတော့ ဖြူးက သူများတကာတွေထက်တောင် ခံစားတတ်ပါသေးတယ်။

အပြင်ပန်းကသာ မာကျောခက်ထန်သယောင်၊ ကြမ်းတမ်းရိုင်းပျသယောင် ထင်ကောင်းထင်ရပေမယ့် အတွင်းစိတ်သန္တာန်အမှန်က ဖယောင်းလို ပျော့ပျောင်းနူးညံ့ပြီးသားပါ။

လျှောက်လှမ်းခဲ့ရတဲ့ ဘဝခရီးလမ်း ကြမ်းကြမ်းရယ်

ထိတွေ့ဆက်ဆံ ပတ်သက်ခဲ့ရတဲ့ လူတွေရဲ့စရိုက်ရိုင်းရိုင်းရယ် ...

ခံရဖန်များလွန်း၍ နာကျင်မှုတွေ စွန်းထင်းခဲ့ရသောနှလုံးသားရယ် ...

အဲဒါတွေက ဖြူးကို ခေါင်းမာဖို့ သင်ပေးခဲ့တာပါ။

"ဖြူး"

ဦးဟာသ်ာ၏ ခေါ်သံတိုးတိုးက ဖြူးကို တုန်ခိုက်သွားစေသည်။

"သေချာဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့"

ကိုယ့်စိတ်ကိုယ်တင်းကာ ဖွတ်ပ် ခေါင်းညိတ်ပစ်



သည်။

နာကြည်းချင်လည်း နာကြည်းလိုက်ပါ။

အပြစ်တင်ချင်လည်း တင်လိုက်ပါ။

လှောင်ပြောင်သရော်ချင်လည်း သရော်လိုက်ပါ။

အထင်သေးရှုတ်ချချင်လည်း ရှုတ်ချလိုက်ပါ။

ရယ်စရာလေးတစ်ခုလို သဘောထားချင်လည်း ထားလိုက်ပါတော့။

ဦးဟာသ်ာရဲ့ တိုက်ခိုက်မှုလေးတစ်ခုက ဖြူးကို မယိမ်း ယိုင်စေနိုင်တော့ပါဘူး။

အိမ်ကြီးတစ်ခုလုံးတောင် မီးလောင်ပျက်စီးသွားမှတော့ အိမ်ထဲက ပစ္စည်းလေးတစ်ခု ဆုံးရှုံးသွားတာ မဆန်းတော့ပါဘူး။

ဦးဟာသ်ာနှင့် မျက်လုံးချင်း မဆုံရဲဘဲ အကြည့်လွှဲထားမိ၏။

"ကိုယ် လာခဲ့ရဦးမလား"

ပြန်တော့မည်ဆိုသည့် အသိက နှလုံးသားကို မီးရှို့သည့်နှယ်။

"လာချင်တဲ့ဆန္ဒရှိတဲ့အခါ လာခဲ့ပါ"

"ဖြူး အဖြေကကော့ ပြောင်းလဲမှု ရှိနိုင်မှာလား"

"ဟင့်အင်း"

ဘာမှမဖြစ်သလို မျက်နှာလေးမော့ထားရင်း ပြောမိသည်။

"တစ်သမတ်တည်းရှိမယ့် အဖြေမျိုးကို ဖြူး ပေးပြီးသားပါ"

"ရပါတယ်၊ ဖြူးကို နားလည်တယ်၊ ဖြူး အဖြေကို

လဲ ကျေနပ်တယ်၊ ဖြူး ဆုံးဖြတ်တာ မှန်တယ်''

အမယ်လေး ...

ဖြူးကို မချီးကျူးလိုက်ပါနဲ့။

ဖြူး မျှော်လင့်ထားပြီး ကြိုတင်ပြင်ဆင်ထားတာက ပြစ်တင်ရှုတ်ချ လှောင်ပြောင်စကားတစ်ခုခုပါ။

တမြတ်တနိုး တလေးတစားနဲ့ ဆုံ့ရှုံးလိုက်ရတာ တသသဖြစ်သလိုတော့ မပြောပါနဲ့နော်။

အဲဒီလိုစကားမျိုးအတွက် ဘာပြင်ဆင်မှုမှ မထားခဲ့ဘူး။

ဖြူးကို နားမလည်ပါနဲ့။

ဖြူး အဖြေကိုလည်း မကျေနပ်လိုက်ပါနဲ့။

ဖြူး ဆုံးဖြတ်ချက်ကိုလည်း တလေးတစား မချီးကျူးပါနဲ့ကွယ်။

''ဖြူး''

''ရှင်''

''ကိုယ်ပြန်တော့မယ်၊ ဘာပြောဦးမလဲ''

''မရှိတော့ပါဘူး''

သူက ဖြူးရှေ့ရှိ ထိုင်ခုံမှ ဖျတ်ခနဲ ထရပ်သည်။

ဖြူးလည်း သူနှင့်အတူ လိုက်ရပ်မိသည်။

သူ့ခြေလှမ်းစတော့ ဖြူးလည်း စသည်။

ဘယ်အရပ် ဘယ်ဒေသကိုဖြစ်ဖြစ် သူနဲ့အခုလို ဖဝါးထပ်လိုက်ချင်မိတာ ရူးမိုက်သောဆန္ဒများလား။

အတူလိုက်ခွင့်ကို ပေးထားပါလျက် ကိုယ်က ငြင်းဆန်ကျန်ရစ်ခဲ့ရမှာ။

ကမ်းလာသော လက်တစ်ဖက်ကို ဆုပ်ကိုင်ယူလျက်



ပျော်ချင်ပေမယ့် ကိုယ်တိုင်က လက်မခံဘဲ ခေါင်းယမ်းပြကာ ...

ဆိုးရွားလွန်းတဲ့ ဒဏ်ရာတွေပါလား။

တခြားလူတစ်ဦးဦးရဲ့ အမိန့်အာဏာနဲ့ နောက်ဆုတ်လိုက်ရတာက ခံစားရ သက်သာဦးမယ်။

ကိုယ်တိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ်တိုင်နေရစ်ခဲ့ရတာ ဘယ်လောက်ငိုချင်စရာ ကောင်းမလဲ။

''သွားမယ်''

ကားတံခါးတစ်ဖက်ကို ဆွဲငင်လျက် ခေါင်းငုံ့ရပ်နေသော ဖြူးကို သူ နှုတ်ဆက်သည်။

တဖြည်းဖြည်းနှင့် ခေါင်းမော့ရင်း မျက်ရစ်ညိုညို တွေ ဝန်းရံထားသော ရှားပါးသော တောက်ပလွန်းသည့် မျက်ဝန်းတစ်စုံကို ရင်ဆိုင်ကြည့်သည်။

မှန်းသွားပြီလား ဦးဟာသ်ာရယ်။

ဦးဟာသ်ာက ငြိမ်ကျိုင်တွေသွားလျက် ဖြူး မျက်ဝန်းတွေထဲ စူးစမ်းရှာဖွေစွာ ကြည့်လာ၏။

''ရှိနေတဲ့ဘဝလေးကိုပဲ ရောင့်ရဲကျေနပ်ပါတော့နော်''

အိပ်မက်ထဲမှာ ဦးဟာသ်ာပြောခဲ့သော စကားတစ်ခွန်း။

ဖြူးရင်ကို ငြိမ်းမြေ့မှုများစွာ ပေးစွမ်းနိုင်ခဲ့သည်။

အပြင်ဘက် လက်တွေ့မှာတော့ ဖြူး ပြောခွင့်ရသည်။

ဦးဟာသ်ာရင်ထဲ သောကကင်းပြီး ပျော်ရွှင်နိုင်ပါစေတော့။

ဦးဟာသ်ာက ဖျော့တော့စွာပြုံးရင်း ခေါင်းညိတ်ပြ၏။

အပြုံးမှာ အမဲ့စွက်သော ဦးဟာသ်ာ မျက်နှာသွင်ပြင်

က အိပ်မက်ထဲမှာလိုပဲ ဖြူးအပေါ် မြတ်နိုးခြင်း၊ အားပေးခြင်း၊ တလေးတနက်ထားရှိခြင်းတွေ ပေါ်လွင်နေ၏။

ကားထဲကို ညင်သာစွာဝင်ထိုင်ပြီး ကားတံခါးကို ဆွဲပိတ်သည်။ ဖြူးကို လက်ဝါးပြင်လေးတစ်ဖက် မြှောက်ထောင်ပြလျက် နှုတ်ဆက်၏။

ဖြူး ခေါင်းညိတ်ပြတော့ ကားမီးလေးတွေ လင်းခနဲ ပွင့်လာပြီး ဖြည်းညင်းစွာ ဘီးလိမ့်လာသည်။

ခြံဝင်းထဲမှ ကားလေး ကွေ့ထွက်ပျောက်ကွယ်သွားတော့ သံပန်းတံခါးကိုမှီချထားရင်း မျက်လုံးတွေ မှေးစင်းလာရ၏။

မျက်လုံးအိမ်ထောင့်မှ မျက်ရည်နှစ်စက လိမ့်ဆင်းကျလာသည်။

ဘာတစ်ခုမှ မစားထားမိဘဲ လည်ချောင်းထဲ နင်နေသလိုရှိတာမို့ မျိုချပစ်ရသည်။

လူမသိ သူမသိ။

အခန်းထဲမှာ တစ်ဦးတည်းရှိနေတုန်း ပြုံးတတ်ခဲ့သော အပြုံးကလေးတစ်ခု သည်နေ့ကစပြီး ပြုံးဖြစ်တော့မည်ဟု မထင်တော့။

လောကကြီးမှာ နိုင်လျက်သားနဲ့ ရှုံးနိုင်တာ ဖြူးသိပါပြီ။

ရက်စက်ခွင့်ကိုလည်း ရသည်။ မာကျောခွင့်ကိုလည်း ရသည်။

ဖြူး လုပ်ချင်သလိုလုပ်နိုင်သော အခွင့်အရေးကို ရပါလျက် ဖြူးကပဲ အရှုံးပေး ငိုရှိုက်လိုက်ရသည်။

ပန်းသီခိုင်